ရာဇဝင်သုတေသီ ရွှေဘိုဦးဘဦး ပြုစုစီရင်ရေးသားသော

ရွှေမန်းအနှစ်တစ်ရာပြည့်

# မြန်မာမွတ်စလင်

# တို့၏



# အတ္ထုပ္ပတ္တိ

ဒုတိယအကြိမ်

ဖြန့်ချိရေး

ကျော်လေးစာပေ

၈၃/အောင်မေတ္တာ ၁-လမ်း

(၁) ရပ်ကွက်၊ လှိုင် ရန်ကုန်

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုအမှတ်—၃၇၉/၉၂(၉)
စာမူခွင့်ပြုချက်အမှတ်—၉၁၇/၉၂ (၁၀)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်—၂၃၆/၉၂(၁၀)

ဒုတိယ အကြိမ်

၁၉၉၂

အုပ်ရေ—၂၀၀၀

တန်ဖိုး-၅၀ ကျပ်

ရာဇဝင်ပါမောက္ခ ရွှေပြည်ဆရာဦးဘတင်
တည်းဖြတ်၍

ရာဇဝင်သုတေသီ

ရွှေဘို ဦးဘဦး
ပြုစုစီရင်ရေးသားသော

# ရွှေမန်းနှစ်(၁၀၀)ပြည့်
# မြန်မာမွတ်စလင်

တို့၏

## အတ္ထုပ္ပတ္တိ


သက္ကရာဇ် ၁၃၂၁ ခု ၁၉၅၉ ခု၊
မူပိုင်ရှင် ဦးဘဦး

---

(ဒုတိယအကြိမ်)

မျက်နှာဖုံးပန်းချီ — သပြေဆွေမြင့် ၁၃၅၄

မျက်နှာဖုံးကာလာခွဲ— သန်းမိုး


မျက်နှာဖုံးရိုက် —ဦးခင်စိုး (မြ ၀၃၀၇၉)
ခင်စိုးပုံနှိပ်တိုက် ၁၇၁၊ ၃၁ လမ်း
ရန်ကုန်။

ထုတ်ဝေသူ —ဦးသောင်း (၈၁၁၁၄)
ရွှေပင့်ကူစာပေ၅၂၀/ခ၊ဂ ရပ်ကွက်
ဒဂုံမြို့သစ်မြောက်ပိုင်း

ပုံနှိပ်သူ —ဦးလှသောင်း (၀၄၃၁၆)
အောင်ဝင်းသိန်း ပုံနှိပ်တိုက် ၂၃၊
မြရာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်။

ဖြန့်ချိရေး — ဦးစိန်-ဒေါ်ခင်ပို (ရာဇဝင်သုတေသီ
ရွှေဘိုဦးဘဦး၏သမီး) ဂ၃၊ အောင်
မေတ္တာ ၁လမ်း၊ (၁)ရပ်ကွက် လှိုင်၊
ရန်ကုန်။

ဦးသိန်းစိုး (L.L.B) (ရာဇဝင်
သုတေသီ ရွှေဘို ဦးဘဦး၏ သား)
၉၅/၇-၇၇လမ်း နှင့် ၂၆ x ၂၇
လမ်းကြား ဟေမာဇလရပ် မန္တလေး။



"ရွှေမန်းနှစ်တရာပြည့် မြန်မာမှတ်စလင်တို့၏အတ္ထုပ္ပတ္တိ"
စာအုပ်ကို ပြုစုစီရင်ရေးသားသူ–သီဟဲ့ဥဒ္ဒွယ်(သီရိလင်္ကာ)
ရွှေဘို ဦးဘဦး
(နိုင်ငံခြားသွားခဲ့စဉ်က Passpoart ခေါ် နိုင်ငံကူးလက်မှတ်
စာအုပ် ဓာတ်ပုံမှ ကူးယူထည့်လိုက်သည်။)



# ကျေးဇူးတင်ရှိပါကြောင်း

ဤ "ရွှေမန်း အနှစ်တစ်ရာပြည့် မြန်မာ မှတ်စလင်တို့၏ အတ္ထုပ္ပတ္တိ" စာအုပ် ဖြစ်မြောက်ရေးအတွက် အားပေးကူညီကြသော အောက်ပါပုဂ္ဂိုလ်တို့ကို အထူး ကျေးဇူးတင်ပါကြောင်း။

(၁) ဦးဘတင် ရာဇဝင်ပါမောက္ခ
(၂) ဦးလှ လူထု
(၃) ဦးထွန်းရှင် ကုန်သည်
(၄) ဦးဘအေး ။
(၅) ဦးဘဇော် ။
(၆) ဦးဘသိန်း ။
(၇) ဦးစိန် ။
(၈) ဦးခင်မောင် ။
(၉) ထွန်းသင်းဘရားသား ။
(၁၀) ဦးခင်မောင်ကြီး ကန်ထရိုက်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မင်းတုန်းမင်းတရားကြီးနှင့် ညီတော် ကနောင်မင်းတို့ ရွှေဘိုမြို့သို့ ထွက်ခွာသောအခါ နောက်တော်ပါ သုံးရာခန့်တို့တွင် မြန်မာ မွတ်စလင်များ ပါရှိခြင်းအကြောင်း | ၁ |
| ၂။ | အမရပူရမြို့ နန်းတွင်းတွင် မင်းတုန်းမင်းတရားကြီးက မြင်းတပ်ဗိုလ်နှင့် မြင်းတပ်သားအသီးသီး တို့ကို ပုဆိုး, ခေါင်းပေါင်းဝေငှ ပြီးဘာသာထမင်းချက်ကျွေးသောအခါ မြန်မာ မွတ်စလင် မြင်းတပ်ဗိုလ် ဝလီခံနှင့်မြင်းတပ်သား များ ပါရှိခြင်းအကြောင်းနှင့် | ၅ |
| ၃။ | အဘယ်ကြောင့် မန္တလေး မြို့ တည်ရသည့် အကြောင်း | ၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | မန္တလေး ရတနာပုံ မြို့တည် နန်းတည်ရန် ခြိုးခုတ် မြေညှိသောအခါမှစ၍ မြန်မာ မှတ်စလင် စစ်ဗိုလ်ကြီးများနှင့် တပ်သားများ ပါဝင် ကြည့်ကြပ် ဆောင်ရွက်ရသည့် အကြောင်း | ၉ |
| ၅။ | မန္တလေး နန်းတော်အတွင်း မင်းတုန်းမင်းတရားကြီးက ရွှေးလက်ယာ တပ်သားများအတွက် ရွှေပန္နက် ဗလီတော် ဆောက်လုပ်ပေးခြင်း | ၁၄ |
| ၆။ | ရွှေးလက်ယာတပ်မှ စစ်ဗိုလ်များနှင့်စစ်သားများ မိန့်ကြားချက် | ၁၇ |
| ၇။ | သက္ကရာဇ် ၁၂၁၉ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့၊ အမရပူရမြို့မှ မန္တလေးမြို့သို့ မင်းတုန်းမင်းတရားကြီးနှင့် မြို့သူမြို့သားများ ပြောင်းရွှေ့လာသောအခါ မြန်မာ မှတ်စလင် စကြာ အမြောက်တပ်နှင့် အမြဲစက်တပ်သားများ တပ်ဦးတော်က လိုက်ပါခြင်းအကြောင်း | ၂၇ |
| ၈။ | သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆-ရက်နေ့၊ ရတနာပုံ မန္တလေး နေပြည်တော် သတ္တဌာနနှင့်တကွ တည်တော်မူသော အကြောင်း | ၃၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | အသုံးတော်ခံ ဂျမ်းဗလီတကာ ဟာဂျီ ဦးဘိုး အကြောင်း | ၄၁ |
| ၁၀။ | မြင်းတော်ခံ ဦးယော အကြောင်း | ၄၈ |
| ၁၁။ | အသုံးတော်ခံ ကုန်သည်တော် ခေါင်းမင်း အိုးဘိုဗလီတကာ ဦးချွန်အကြောင်း | ၅၃ |
| ၁၂။ | အသုံးတော်ခံ ကုန်သည်တော် ဟာဂျီ မှုန် အကြောင်း | ၆၀ |
| ၁၃။ | ကုန်သည်တော် ခေါင်းမင်း ဦးနဲ့နှင့် သား ဦးစံခြူအကြောင်း | ၇၈ |
| ၁၄။ | ကာဘူလ် မော်လဝီကြီးအကြောင်း | ၈၀ |
| ၁၅။ | ဦးစိုး ခရုသင်းနှစ်လုံး ယူဆောင် လာသည့် အကြောင်း | ၈၂ |
| ၁၆။ | အဝယ်တော် ရွှာစားမင်း ဦးရွှေငုံ အကြောင်း | ၈၃ |
| ၁၇။ | ရေတွင်းတကာ ဦးတုပ်ကြီးအကြောင်း | ၈၅ |
| ၁၈။ | မြင်းတပ်ဗိုလ်-ဗိုလ်စုအဘော မြင်းတပ်ဗိုလ်ဝလီခံ နှင့် ဘိုး ဗိုလ်တို့အကြောင်း | ၈၅ |
| ၁၉။ | ဂျမ်းအမှုထမ်းအစုရေး ဦးမြ အကြောင်း | ၉၉ |
| ၂၀။ | ကျောက်ကုန်သည်ပွဲမင်း ဦးရွှေသီး အကြောင်း | ၁၀၁ |
| ၂၁။ | ကုလားဝန်မင်း မဟာမင်းခေါင် သီဟသူ အကြောင်း | ၁၀၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | ရွှေမားဗိုလ် ဦးဘိုးမင်း အကြောင်း | ၁၀၄ |
| ၂၃။ | ရန်ကုန်မြို့ဗမာ ပြည်လုံးဆိုင်ရာ ဗမက ၄၁ နှစ်ချုပ်တွင် ဒေါ်ထွေးထွေး အတွင်းရေးမှူး အမှုဆောင် လုပ်ခဲ့သော ယခု ပြည်သူ့ လွှတ်တော် အမတ် ဆရာ ဦးဘိုးချယ် ၁၉၃၉ ခုနှစ်က ပြုစုစီရင် ရေးသားခဲ့သော မြန်မာမှုထုံးစံလင်တို့၏ရှေးဟောင်း အတ္ထုပ္ပတ္တိ စာမျက်နှာ ၇၃ မှ ၇၆ ထိ ကောက်နုတ်ဖော်ပြချက် | ၁၀၅ |
| ၂၄။ | အသုံးတော်ခံ အဝယ်ရေတော် ဦးအုန်းပွင့် အကြောင်း | ၁၀၈ |
| ၂၅။ | ကျောက်ကုန်သည် ဦးနှစ်အကြောင်း | ၁၁၀ |
| ၂၆။ | အသုံးတော်ခံ မမစီအကြောင်း | ၁၁၁ |
| ၂၇။ | ကျောက်ကုန်သည် ဦးယော အကြောင်း | ၁၁၄ |
| ၂၈။ | မုန့်တော်ခေါင်းမင်း ဦးရွှက် အကြောင်း | ၁၁၆ |
| ၂၉။ | အသုံးတော်ခံ ရွှေဘိုဗလီတကာ ဆရာမှတ်ခေါ် စရက်အဟာမတ် အကြောင်း | ၁၂၄ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀။ | မင်းတုန်းမင်းတရားကြီးက ကျောက်ကုန်သည် ဟာဂျီ ဦးရွှေပေါ်ကို မကာမြို့သို့ ကုသိုလ်တော် ဇရပ်တော်ကြီး ဆောက်လုပ်ရန် လွှတ်တော်မူခြင်း အကြောင်း | ၁၂၈ |
| ၃၁။ | မင်းတုန်းမင်းတရားကြီးက 'ကျောက်ထင်ဂုန္ဒရတ်' ဘွဲ့ရ အဝယ်တော် ခလီဖွာသခင်ဟာဂျီဦးဘိုးမြကိုပါ ကုသိုလ်တော် ဇရပ်တော်ကြီး ဆောက်လုပ်ရန် လွှတ်တော်မူခြင်း အကြောင်း | ၁၃၂ |
| ၃၂။ | အဝယ်တော်ဦးဘိုးညွန့် အကြောင်း | ၁၄၂ |
| ၃၃။ | ဆင်ဖြူမရှင်အပျိုတော် မခင်လေး အကြောင်း | ၁၄၃ |
| ၃၄။ | လူပျိုတော် ဦးထွန်းမောင် အကြောင်း | ၁၄၅ |
| ၃၅။ | ငွေတိုက်အရာရှိ ဦးခင် အကြောင်း | ၁၄၇ |
| ၃၆။ | အပျိုတော် မမသန့် အကြောင်း | ၁၄၉ |
| ၃၇။ | စာတော်ဖတ် ဦးဘိုးလှ အကြောင်း | ၁၅၂ |
| ၃၈။ | အသုံးတော်ခံ ဗလီအမ စိန်မမချို အကြောင်း | ၁၅၃ |
| ၃၉။ | 'နေမျိုး မင်းထင် ရာဇာ' ဘွဲ့ရ အသုံးစာရေး ဦးကင်း အကြောင်း | ၁၅၄ |
| ၄၀။ | ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး တတိယအုပ်တွင်ပါရှိသော ဘွဲ့အမည်နှင့်ရာထူး စာရင်းပါသူတို့ အကြောင်း | ၁၅၅ |

ဦးရေ အကြောင်းအရာ စာမျက်နှာ


၄၁။ 'မင်းလှမင်းခေါင်ရာဇာ' ကုလားဝန်မင်း ဦးဒွန်နှင့် ခေါ် ဦးနေထွန်းအကြောင်း ၁၅၇

၄၂။ 'မဏ္ဍလာကမဟာသူရ' ဘွဲ့ရ သူကြွယ်မင်း ဦးစံပျော် အကြောင်း ၁၅၂

၄၃။ 'မဟာသီရိသုခသေဋ္ဌ အနုဘာဝပိဋက' ဘွဲ့ရသူဌေး မင်းဦးစိန် အကြောင်း ၁၆၀

၄၄။ 'မဟာဓနသုဝဏ္ဏသေဋ္ဌ' ဘွဲ့ရ သူဌေးမင်း ဦးမောင်ကြီး ခေါ် ဦးအိဆပ်အကြောင်း ၁၆၀

၄၅။ 'မဟာဘောဂနေသေဋ္ဌသီရိရာဇာ' ဘွဲ့ရ သူဌေးမင်း ဦးရန်အောင် အကြောင်း ၁၆၁

၄၆။ 'ကျောက်ရဲမြို့စား အကောက်ဝန်၊ အခွန်ဝန် လောကဗိမာန် လှေတော်အုပ် မဟာ ဘောဂ သီရိနေရာဇာ' ဘွဲ့ရ ကုလားဝန်မင်း မှူးလှ အိစမန်အင်အကြောင်း ၁၆၂

၄၇။ သီပေါမင်းနှင့် မိဖုရား ရွှေတော်တွင် စစ်ကြီး ခင်းကျင်းပြသရာ မြန်မာမှတ်စလင် အမှုထမ်း စစ်တပ်များ အကြောင်း ၁၇၂

၄၈။ သက္ကရာဇ် ၁၂၄၇ ခု၊ အင်္ဂလိပ်နှင့် မြန်မာ မွတ်စလင် အမြောက်တပ်များ မင်းလှခံတပ် တွင် တိုက်ခိုက်ရခြင်း အကြောင်း ၁၈၈

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | **သ**က္ကရာဇ် ၁၂၄၇ ခု၊ အင်္ဂလိပ်နှင့်တိုက်ခိုက်ရန် မြန်မာမှတ်စလင်ဗိုလ်၊ မန္တ**လေး**မြို့ဝန်၊ **အ**က္ကပတ်မြင်းဝန်၊ ပင်လယ်မြို့**စား မင်းကြီး** မဟာ **မင်းထင်** ရာဇာ **ဦး**ချုံကို တောင်တွင်းကြီး ကြောင်း ဗိုလ်ချုပ် ခန့်၍ **စစ်ထွက်** စေခြင်း အကြောင်း | ၁၉၄ |
| ၅၀။ | အပျိုတော် မမခင် **အ**ကြောင်း | ၂၀၂ |
| ၅၁။ | **သီ**ပေါမင်း ပါတော်မူပြီးသည့်နောက် ယနေ့ ထိ မြန်မာမှတ်စလင်များ၏ အ**ကြောင်း** အတိုချုပ် | ၂၀၃ |
| ၅၂။ | မသိသေးသောသူများ သိစေကြရန်နှင့် သိပြီး သောသူများ ထပ်၍သိကြစေရန် နန်းစံ သက္ကရာဇ်၊ အိမ်နိမ့်စံ၊ စည်းစိမ်၊ **နံ**တော်၊ သက္ကရာဇ် မြို့နှင့် မြို့တည်သက္ကရာဇ်အကြောင်း | ၂၁၁ |
| ၅၃။ | ကုန်းဘောင်ဆက် ခေါ် မုဆိုး ဆယ့်တစ်ဆက် တေးထပ်နှင့်အဓိပ္ပာယ် | ၂၁၆ |
| ၅၄။ | ကုန်းဘောင်ဆက် ခေါ် မုဆိုး ဆယ့်တစ်ဆက် အိမ်နိမ့်စံ၊ နန်းစံနှင့်သက်တော်များအကြောင်း | ၂၃၃ |

# နိဒါန်း

သက္ကရာဇ် ၁၃၂၁ ခု ကဆုန်လဆန်း ၄ ရက်နေ့ ဗဟိုရ်စည် သတင်းစာ စာမျက်နှာ ၅ တွင် "အသက်ရှည်စေလိုမန်းရာပြည့်ကို" ရေးသူ (ကြည်မြဆိုသူ) ဆောင်းပါးရှင်က "မင်းတရားကြီးဟာ ဗုဒ္ဓဘာသာတွေ အတွက်သာ သာသနာပြုခဲ့တာ မဟုတ်ဘဲ၊ သိတဲကျောင်းတို့၊ အိုးဘိုဗလီ တို့ကို ကြည့်ခြင်းဖြင့် ခရစ်ယန် သာသနာ မဟာမေဒင် သာသနာတွေကိုလဲ ဦးစားပေးခဲ့လို့ မန္တလေးမှာရှိတဲ့ ဘာသာခြားများဟာလဲ ရာပြည့်မန္တလေးအတွက် ဆိုယ်ဆိုတ် မနေသင့်ဘူး ခင်ဗျ" ဟူ၍ ရေးသား ဖော်ပြသွားပါသည်။

သို့အတွက် ရာဇဝင်သုတေသီ ကျွန်တော် (ရွှေဘို)ကိုဘဦးက ၎င်း အနှစ်တစ်ရာပြည့် အထိမ်းအမှတ် ပွဲတော်တွင် မြန်မာမှတ်စလင်များ သိုက်သိုက်မြိုက်မြိုက် ညီညီညာညာ စိတ်ရောကိုယ်ပါ ဆင်နွှဲကြရန် အောက်ပါ ရာဇဝင်နောက်ကြောင်းတို့ကို ကိုးကားညွှန်ပြ ဖော်ထုတ်၍ လေးလေးနက်နက် ထောက်ခံပါသည်။

မြန်မာမွတ်စလင်တို့ကား လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာ ပုဂံပြည် ကောင်းစားစဉ် အခါမှစ၍ ယနေ့ထက်တိုင် မင်းမှုထမ်း၍သော် လည်းကောင်း၊ ကုန်သည်ပွဲစား လုပ်ကိုင်စားသောက်၍သော် လည်းကောင်း နေထိုင်၍ လာခဲ့ကြလေ၏။

# နိဒါန်း

မန္တလေး ရတနာပုံ နေပြည်တော်–မြို့တည် နန်းတည် အနှစ် တစ်ရာပြည့် အထိမ်းအမှတ် အဖြစ်နှင့် ဤစာအုပ်ကို ထုတ်ရပါသဖြင့် ဟိုရှေးအခါ ပုဂံခေတ်၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ် အစတို့ကို ရေးရန်လိုမည် မထင်ပါ။

သို့အတွက် ကုန်းဘောင်ခေတ် အပါအဝင် မန္တလေး ရတနာပုံနေပြည်တော် ပထမ မြို့တည်နန်းတည် ပဉ္စမ သင်္ဂါယနာတင် မင်းတုန်းမင်း တရားကြီးနှင့် သားတော် မန္တလေး ရတနာပုံ နေပြည်တော် ဒုတိယနန်းစံ သီပေါမင်း လက်ထက်တော် အခါတွင် မြန်မာမှတ်စလင် မင်းမှုထမ်းများ၊ ပညာရှိများ၊ သူဌေး သူကြွယ်နှင့် ကုန်သည် အဝယ်တော်များ အတ္ထုပ္ပတ္တိကိုသာ ရေးသားရန် လိုအပ်ပါသဖြင့် ၎င်းတို့ကိုသာ ဖော်ထုတ်ရေးသားလိုက်ရပါသည်။ ဘာသာရေးနှင့် နိုင်ငံရေး လုံးဝ မပါ ပါ။

ဤရွှေမန်း အနှစ်တစ်ရာပြည့် စာအုပ်ကို အလွန်ခိုင်မာသော ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးမှ ဖော်ထုတ်၍ ရေးသားရခြင်း ဖြစ်ပါသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကား အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင်မင်းတရားကြီးတို့ လက်ထက်တော် အခါတွင် ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစနှဲဦနှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်


# နိဒါန်း

တော်မူသော ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဖြစ်ပါသည်။

ထို့ပြင် မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းတရား လက်ဟက်တော်အခါတွင် ရွှေတော်၌ ခစား၍ အမှုတော်ထမ်းရသော ရွှေဘိုမြို့ မင်းရပ်နေ အဝေးရောက်မင်းခေါ် "နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ" အမတ်ကြီး (ငယ်မည် ဦးအောင်ကြီး)၏ မိန့်ကြားချက်များနှင့် မင်းနှစ်ဆက်တို့ကို မှီသောသူများအပြင် သက်ကြီးစကားသက်ငယ်ကြားဆိုသော စကားနှင့်အညီ ကြားဖူးနားဝ ဗဟုသုတ ရှိသူများထံမှ မိန့်ကြား ပြောပြချက်များကိုပါ ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

လူတို့မည်သည် အမေ့အမှားနှင့် မကင်းပါ၊ အကယ်၍ အမေ့အမှား ပါရှိပါက ပညာရှိတို့ ပြင်ဆင်၍ ဖတ်ကြပါရန် ရှိသေလေးစားစွာ တောင်းပန်ပါ၏။

မြို့စုစီရင်ရေးသားသူ
သီဟိုဠ်နွယ် ရာဇဝင်သုတေသီ
[illegible] ရွှေဘိုမောင်ဘဦး
၁၃၂၁-ခု ကဆုန်လပြည့်ကျော် ၆ ရက်နေ့။



မင်းတုန်းမင်းတရားကြီးလက်ထက်တည်ဆောက်သည့်
တောင်ဘလူဗလီမှ မိုနရဟ်ခေါ်မြော်စင်။

# ရွှေမန်းရာပြည့် မြန်မာမှတ်စလင်များ

### (၁) မင်းတုန်းမင်းတရားကြီးနှင့် ညီတော် ကနောင်မင်း တို့ ရွှေဘိုမြို့သို့ ထွက်သွားသောအခါ နောက်တော်ပါ ၃၀၀ ခန့်တို့တွင် မြန်မာမှတ်စလင်များ ပါရှိခြင်းအကြောင်း

အမရပူရမြို့တွင် ရွှေဘိုမင်း သားတော် ပုဂံမင်း ထီးဖြူ အုပ်မိုး စိုးစံလျက်နေတော်မူစဉ်၊ သက္ကရာဇ် ၁၂၁၄ ခု၊ နတ်တော်လအတွင်း အနောက်ပြင် မာတ်နန်းရပ်၊ ပုဂံမင်း ငယ်ရွယ်စဉ်အခါက အထိန်းတော် ဟင်္သာတမြို့စား မယ်ရွှေ ညီမ မယ်ဘဲအိမ်ကို ဓားပြတိုက်ခိုက်ရာ၊ ဓားပြတို့ကို ဖမ်းဆီးမိသည်နှင့် ရဲဘက် မြင်းတပ်ဗိုလ် ဦးဘိုးဘ က မင်းတုန်းမင်း အိမ်တော်နှင့် ညီတော်ကနောင်မင်း အိမ်တော်မှ အမှုထမ်း လူပေါင်းတစ်ဆယ်ကျော်တို့ကို ပေးရမည်ဆိုပြီး၊ မင်းတုန်းမင်း စာရေးကြီး ဦးပေ၊ ကနောင်မင်းသား စာရေးကြီး ဦးရေး၊

ဦးနှင်း၊ ကုမ်းရေတော်ခေါင်း ဦးရွှေအောင်တို့ကို ချုပ်ထားသည်တွင်၊ ကနောင်မင်းက နောင်တော် မင်းတုန်းမင်းတရားကြီးအား၊ နောင် မိပိတ္တိညီနောင်နှစ်ပါးကိုပါ အမှုရှာဖမ်းဆီးမည်ကို စိုးရသဖြင့် နောက်တော်ပါတို့နှင့် ရတနာသိခ်ရွှေဘိုမြို့သို့ထွက်သွားရန် တိုင်ပင်ပြီး၊ သက္ကရာဇ် ၁၂၁၄ ခု၊ ပြာသိုလဆန်း (၈) ရက်နေ့၊ အမရပူရမြို့တော် ရွှေ့မျက်နှာ မြောက်စွန် လေးကျွန်းတံခါးက ထွက်သွားတော်မူကြလေ၏။ ထိုသို့ ထွက်ခွါသွားသောအခါ သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမ။ နောက်တော်ပါ ကျွန်တော်မျိုး နှစ်ရာကျော် သုံးရာခန့် ရုံးမိသမျှလူတို့ ပါရှိလေ၏။ ထို နောက်တော်ပါများထဲတွင် ကျွန်တော်၏ ဘေးအေ, မုန့်တော်ခေါင်း ဦးရွှက်၊ ဂျမ်းဗလီ တကာ ဦးဘိုးနှင့် အခြား မြန်မာ မွတ်စလင် အချို့တို့ လိုက်ပါလာကြလေ၏။ (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ စာမျက်နှာ ၁၂၁ ကို ရှုပါ။)

ခရီးစဉ်ကား.... အမရပူရမြို့မှ မတ္တရာမြို့၊ ၎င်းမှ မြောက်သို့ စကျင်တောင်ကြား၊ ၎င်းမှမြောက်သို့ စဥ့်ကူးမြို့၊ ၎င်းမှ ဧရာဝတီမြစ် အနောက်ဘက်ကမ်းသို့ကူးပြီး ကျောက်မြောင်းမြို့မှ ရတနာသိခ် ရွှေဘိုမြို့သို့ ဆိုက်ရောက်ကြလေ၏။

ထို့နောက် ရွှေဘိုနှင့် ရွှေဘိုခရိုင်မှ လူစုရ၍ အမရပူရသို့ ချီတက်တိုက်ခိုက်စေရာ။ အမရပူရမြို့ကို မင်းနှင့်တကွ အလွယ်

တကူ အောင်တော်မူပြီးသောအခါ နောင်တော် ပုဂံမင်းကို ဉဒေါင်းဘောင်နှင့် တင်ဆောင်ပြီး ကနောင်မင်းမှာ ကရဝိက် ဖောင်တော်စီး၍ ရတနာသိခ် ရွှေဘိုမြို့သို့ ကျောက်မြောင်းမြို့မှ တစ်ဆင့် ဆောင်ယူလာခဲ့ပြီး ရွှေနန်းတော် အရှေ့တောင် တောင့်တွင် အိမ်တော်ဆောက်လုပ်၍ ခမည်းတော်ကဲ့သို့ မပြတ် ပြုစုတော်မူ၏။

မင်းတုန်းမင်းသည် ရွှေဘိုမြို့၌ ပုဂံမင်း၏ နှမတော်အရင်း "သီရိပဝရတိလောကရတနာဒေဝီ" (စကြာဒေဝီ)ကို တောင် ညာစံဒေဝီ မဟေသီ တင်တော်မူပြီး၊ ရွှေဘိုမြို့တွင် နန်းတက် တော်မူ၏။ ထို့ပြင် သီဟတော် ကနောင်မင်းကို ခမည်းတော် ရွှေဘိုမင်းနှင့် အနောက် နန်းမတော် မမြကလေးတို့မှ မွေးဖွား သော သမီးတော် "သီရိသုမြတ်စွာ ရတနာဒေဝီ" (လှိုင်ထိပ် ခေါင်တင်) နှင့် စုလျားရစ်ပတ် လက်တပ်ပြီး အိမ်ရှေ့ပေး တော်မူ၏၊ မင်းတုန်းမင်းတရားကြီးသည် ရတနာသိခ် ရွှေဘိုမြို့ တွင် ရှစ်လကျော် နန်းစံတော်မူပြီး သည့်နောက် အမရပူရမြို့သို့ ပြန်လည် ပြောင်းရွှေ့ စံနေတော်မူ၏။ (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၁၅၀ မှ ၁၆၁ ထိ ရှုပါ။)

ထိုသို့ ရွှေဘိုမြို့တွင် မင်းတုန်းမင်း တရားကြီးသည် ရှစ်လ ကျော် နန်းစံနေစဉ် အခါက၊ ကျွန်တော်၏ ဘေးဘော ဦးရွက် နှင့် ဇနီး အရီးမြတို့တွင် ဒုတိယ သမီး "မနှိ"ကို ရွှေဘိုမြို့

အနောက် ဈေးရပ်တွင် မွေးဖွားပါသည်။ ၎င်းကလေးမှာ အသက် နှစ်လနှင့် ရွှေဘိုမြို့တွင် အနိစ္စ ရောက်ပါသည်၊ ဘေးအေ ဦးရွက် ဇနီး အရီးမြတို့သည် အနောက် ဈေးရပ်တွင် နေထိုင်၍ ဈေးဘန်းလမ်း၌ အထည် ရောင်းကြပါသည်။ ထိုသို့ ရောင်းနေစဉ် တစ်နေ့သ၌ တောမှ အဘိုးကြီး တစ်ယောက်သည် စိပ်ပုတီးများကို အဝတ်နှင့် ထုပ်ပြီး လာရောင်းသဖြင့် ဘေးအေ ဦးရွက်က တစ်ထုပ်လုံး ဝယ်ပြီး သီကုံး၍ ရောင်းရာ အသမတန် မြတ်ကြောင်း ပြောပြပါသည်။ အနောက်ဈေးရပ်တွင် ထိုအခါက မိုးရွာသောအခါ အိမ်တံစက်မြိတ်တို့၌ ရွှေတို ရွှေစများ၊ မိုးကုတ် ကျောက်များ၊ ရွှေလက်စွပ်များ ရွှေဖက်လိပ် နားဒွေါင်းများ၊ ရွှေပြောင်း နားဒွေါင်းများ၊ နော်ဇာကုံးစေ့ ခေါ် ရွှေပုတီးစေ့များ ကောက်၍ရကြောင်း ပြောပြပါသည်။ "မင်းတို့ ရွှေဘိုက အဟုတ် ရွှေပိုသည်" ဟု ပြောပါသည်။ အနောက်ဈေးရပ်မှ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် သားတော်များ လက်ထက်တော်အခါက နန်းမြို့တော်တွင်း ဒေသဖြစ်၍ ကျန်ရစ်ခဲ့သော ရွှေတိုရွှေစနှင့် မိုးကုတ် ကျောက်တို့ကို ယခုကဲ့သို့ ကောက်ရကြခြင်း ဖြစ်သည် ဆို၏။

ကျွန်တော်၏ ဘေးအေ ဦးရွက်နှင့် ဇနီး အရီးမြတို့သည် အထည်နှင့် ပုတီးရောင်း၍ အမြတ်အစွန်းရသည်က တစ်မျိုး၊ ရွှေတို ရွှေစ ရွှေထည်များနှင့် မိုးကုတ်ကျောက်များ ကောက်ရသည်က တစ်မျိုးဖြင့် စီးပွားတိုးတက် နေခဲ့ကြပါသည်။ သို့

နေယင်းဖြင့်မင်းတုန်းမင်းနှင့် ညီတော် ကနောင်မင်းတို့ ရွှေဘို မြို့မှ အမရပူရမြို့သို့ ပြောင်းသောအခါ အမရပူရမြို့သို့ လိုက်ပါ ပြောင်းရွှေ့ကြလေ၏။ အမရပူရမြို့ နန်းတော်တွင်းတွင် နောက်တော်ပါတို့ကို စာရင်းစစ်၍ ရာထူး ဂုဏ်ထူးပေးသော အခါ ကျွန်တော်၏ဘေးအေ ဦးရွက်မှာ စာမတတ်သည့် အတွက်၊ ဝန်၊ မှူးမတ်စသည့် ရာထူးမျိုး မရပါ။ မုန့်တော် ခေါင်းမင်း ရာထူးကိုသာရပါသည်။ (အထက်ပါ အကြောင်း များကို ကျွန်တော်၏ဘေးအေ ဦးရွက်၏ စတုတ္ထသမီး ဘွားစာ မှ တစ်ဆင့် ပြောပြ၍ သိရပါသည်။ မန္တလေးသူ မန္တလေး သားတို့က မုန့်တော်ခေါင်း မင်းကတော်ကို "အရီးမြ" ဟု ခေါ်ကြသဖြင့် အရီးမြဟု ရေးသားလိုက်ရပါသည်။)

## (၂) အမရပူရမြို့ နန်းတွင်းတွင် မင်းတုန်းမင်း ဟာဇူးကြီး ကမြင်၊ တပ်ဗိုလ်နှင့် မြင်းတပ်သား သသီး သီးတို့ကို ပုဆိုးခေါင်းပေါင်း၊ ငွေပြား၊ ဘာသာ ထမင်း ချက်ကျွေး သောအခါ မြန်မာမွတ်စလင် မြင်းတပ်ဗိုလ်ဝလီခံနှင့် တပ်သားများ ပါရှိခြင်း

မင်းတုန်းမင်းတရားကြီးသည် အမရပူရမြို့ နန်းတွင်း၌ မှူးတော် မတ်တော်တို့နှင့် မြေနန်းတော်သို့ ထွက်တော်မူပြီး လျှင် သံဃာတော်ရှစ်ပါးပင့်၍ ဥပုသ်ယူတော်မူ၏။ အကြပ်တော် မြင်း၊ စာထိုးမြင်း၊ ဝါဒီခံမြင်း၊ ကသည်းမြင်းကလေးကိုး၊ တပ်ဗိုလ် စင်ကဲ မြင်းခေါင်း မြင်းစီးအမှုထမ်း လူခုနစ်ရာ

ကျော်တို့ကို ပုဆိုးခေါင်းပေါင်း ပေးဝေ၍ ပြဟ္မာ၊ ပုဏ္ဏား လေးရာ၊ ခတ္တိယပုဏ္ဏား တစ်ရာ့ငါးဆယ်၊ ရခိုင်ပုဏ္ဏားတစ်ရာ၊ သုဒ္ဒိယပုဏ္ဏားငါးရာ့သုံးဆယ့်လေးတို့ကို လည်းခေါင်းပေါင်း၊ ပိတ်ပုဆိုး စသည်များ အလိုက်အလိုက် ပေးဝေတော်မူပြီးလျှင် ဘာသာထမင်း ချက်ပြုတ် ကျွေးမွေးတော်မူ၏။ (ကုန်းဘောင်ဆက် မဟာရာဇဝင် တတိယအုပ် စာမျက်နှာ ၁၇၀ ကို ရှုပါ။)

စာအားချပ်။ ။ဝလီခံ မြင်းတပ်ဗိုလ်၏ အဘကား ဘကြီးတော် စစ်ကိုင်းမင်း လက်ထက်တော် အခါတွင် ရမူးပန်းဝါ အရပ်၌ အင်္ဂလိပ်တို့နှင့် တိုက်ခိုက်ရသော အခါ အင်္ဂလိပ်တို့က အရှုံးပေးရသော ဝါ အင်္ဂလိပ် တို့ကို နိုင်လိုက်ရသော ဗိုလ် "ခံစပ်ဗိုလ်နေမျိုး ဂုဏ္ဏရက်" တည်း။ (ရွှေထီး ရတည်း) (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ စာမျက်နှာ ၃၇၉ နှင့် ၃၉၅ ကို ရှုပါ။)

ဝလီခံ၏ တစ်ဦးတည်းသောသားကား "ဗိုလ်စု"တည်း၊ ဗိုလ်စု၏ တစ်ဦးတည်းသော သားကား "ဟာဂျီဦးမောင်ကြီး" တည်း၊ ဟာဂျီဦးမောင်ကြီး၏ တစ်ဦးတည်းသော သားကား "ကိုတင်" တည်း၊ ၎င်းကိုတင်သည် ယခုရွှေဘိုမြို့ ဆည်အရေးပိုင် တူးမြောင်းရုံးတွင် စာရေးကြီး ဖြစ်ပါသည်၊ အမရပူရမြို့မှ

မန္တလေး ရတနာပုံမြို့သို့ ပြောင်းရွှေ့လာသောအခါ ဝလီခံနှင့် ဝလီခံ မြားတပ်သားတို့ကို မင်းတုန်းမင်းတရားကြီးက ကျုံး အရှေ့ တောင်ထောင့် "မဟာဝိသုဒ္ဓါရာမ" ကျောင်းတိုက်ခေါ် အရှေ့ သက်နှင်းတိုက်၏ အနောက်ဘက်တွင် နေရာချပေးတော်မူ၏၊ ၎င်းအရပ်ကို ဝလီခံရပ်ဟု ယခုတိုင် ခေါ်ကြ၏။ ရွှေးမင်းတုန်းမင်းတရားကြီး လက်ထက်တော် အခါကစ၍ ယခုတိုင် ရုံးသုံး အရပ်သုံး ရေးမှတ်ကြ၏။ ၎င်းအရပ်တွင် ဝလီခံဗိုလ်မင်း တစ်ဦးတည်းဆောက်လုပ်လှူဒါန်းခဲ့သော "ဝလီခံ ဗလီ" မှာ ယခုတိုင်ရှိပါ၏။ သို့သော် ပျက်စီးယိုယွင်းနေသည်ကို တွေ့မြင်ရ၏။

## (၃) အဘယ်ကြောင့် မန္တလေးမြို့ကို တည်ရသည့်အကြောင်း

မင်းတုန်းမင်းတရားကြီးသည် မန္တလေးမြို့ကို တည်၍ ရွှေ့ပြောင်း စံနေတော် မူလိုသဖြင့် မြို့နန်း တည်သင့် မတည်သင့်များကို တံဆိပ်ရ ဆရာတော် သံဃာတော်တို့ကို အသီးသီး လျှောက်ထားစေ အမိန့်တော်နှင့် ဝန်ကြီး၊ အတွင်းဝန်၊ မှူးတော်၊မတ်တော်၊ လူပညာရှိ၊ ပုဏ္ဏား ပညာရှိ တို့အား လျှောက်ထားစေရာ၊ တည်သင့် မတည်သင့်များကို ကွဲပြားထွက်ဆိုကြသည့် အတွင်း မင်းတုန်းမင်းတရားကြီးသည် ညဉ့်သန်းလွဲအချိန် စက်တော်ခေါ်ရာ မိထွန်းအောင် ဆိုသူသည် မန္တလေးမြို့ တည်တော်မူမည် အကြံတော်ရှိသည်မှ ရွှေးမဆွ

အနှစ် မြင့်ရှည်စွာကပင် သိုက်၊ ခါတ် နိမိတ်၊ ဗျာဒိတ်ရှိသည် ဖြစ်၍ မင်းကောင်း မင်းမြတ်တို့သာ စံနေထိုက်ကြောင်းများ နှင့် လျှောက်ထားသည်ကို မြင်မက်တော်မူ၏။ တစ်ကြိမ်လည်း ထေင် ဆိုသူသည် မန္တလေး တောင်ပေါ်က မြက်မွေးအများ ရိတ်ယူ၍ ဆင် မြင်း ဗိုလ်ခြေနှင့်တကွ ကျေးမွေးလျှင်ဘေး ဥပဒ် အန္တရာယ် ကင်း ကြောင်း များ နှင့် လျှောက် ထား ဆက်သွင်းသည်များကို အိပ်မက် မြင်မက်တော် မူ၏။


ထို့ပြင် အမရပူရမြို့တွင် ကလေးသူငယ်များ တေးသီချင်း ဆိုကြသည်မှာ "အသက်ရှည်စေလို မန်းတောင်ရိပ်ခို၊ အသား ရယ်ညို့ ခြောက်ဆယ်ကျော် ဘုတော်စိပ်ပုတီးနှင့် ဘုန်းသာလို့ ကြီး" ဟူ၍ ဖြစ်၏။ အထက်ပါအိပ်မက်နှင့် ဤတပေါင်အရ မင်းတုန်းမင်းတရားကြီးသည် မဆုတ်မနစ် မြို့နန်းအသစ် တည် ထောင်စေလို၍ နတ်ကောင်းနတ်မြတ်တို့ ညွှန်ပြသည့်အိပ်မက် ပင် ဖြစ်ကြောင်းများနှင့် ဖတ်ယူတော်မူပြီးနောက် ရတနာပုံ မန္တလေးမြို့သစ်ကို တည်တော်မူရန် သက္ကရာဇ် ၁၂၁၈ ခု၊ တပို့တွဲလဆန်း ၈–ရက်၊ တနင်္ဂနွေနေ့ နံနက် လေးချက်တီး ကျော် လေးနာရီ ပါဒ်ပြည့်၊ တစ်ဆယ့်နှစ်ဗီဇနာ၊ လေးပြန်၊ နှစ်ခရာအချိန်တွင် နေ့ကျော်သားတို့ စ၍ မန္တလေးမြို့ တောင် ခြေရင်းကသည် တောင်ကို- မဟာမြတ်မုနိ ဘုရားကြီး မြောက် မြေမို့ရိုးထိ၊ အရှေ့တောင်ကိုအောင်ပင်လယ်ကန်၊ ကန်ပေါင် ရိုးကသည် အနောက်ကို ရွှေတစ်ချောင်း မြောင်းထိ နယ်လေး ရပ်အတွင်း ဓားခုတ်ထွင် ပြင်ဆင် သန့်ရှင်း ညီညွတ်ကြ



သီပေါမင်းတရားလက်ထက် စလီခံမြင်းတပ်မှ
တပ်သား ဦးစော
အသက်(၇၂)နှစ်
(သက္ကရာဇ် ၁၃၀၀–ပြည့်နှစ်၊ မန္တလေးမြို့အရှေ့ပြင်
ပလီခံရပ်တွင် ရိုက်ကူးနေစဉ် နေရောင်မိသွား၍မဲနေသည်)

ရ၏။ (ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတတိယအုပ် စာမျက်နှာ ၂၃၉ နှင့် ၂၄၅ ကို ရှုပါ။)

ထိုအခါ တစ်ဆယ့်နှစ်ရာသီခွင်ကား အောက်ပါအတိုင်း တည်း။




(င) မန္တလေး ရတနာပုံ မြို့တည် နန်းတည်ရန် ချုံခုတ်မြေညှိသော အခါမှစ၍ မြန်မာ မွတ်စလင် စစ်ဗိုလ်ကြီးများနှင့် တပ်သားများ ပါဝင် ကြည့်ကြပ် ဆောင်ရွက်ရသည့် အကြောင်း

ရွှေမြို့တော်ကြီး နန်းမြို့တော်ရာ မြေတွင် တောချုံများကို ခုတ်ထွင်သန့်ရှင်းစေရာ၊ ပြည်သူ ... င်းရဲသားတို့ အခန့်အထား

မရှိစေရ၊ ရွှေဖဝါးတော်အောက် အိုပ်ဖန်ရှိ အမှုထမ်း လူ ၂၀၀၀ ကျော်ကို အကြီးအကြပ် ခန့်ထား၍ အခါတော် မရောက်မီက ဆင့်ဆို အသင့်ရှိစေရမည်။

တောခုစ်ထွင် သန့်ရှင်းစေရန်လူ

နတ်ရှင့်ရွေး အမှုထမ်း ၄၀၀ ဗိုလ်မင်းလှမင်းခေါင်
(ဗိုလ်မင်းလှမင်းခေါင်မှာ ရာဇဝင် ပါမောက္ခ ရွှေပြည် ဆရာ ဦးဘတင်၏ အဘ ဘက်မှ ဘိုးအေ အရင်းဖြစ်ပါသည်။)

ရွေးလက်ယာအမှုထမ်း (မြန်မာမှတ်စလင်) ၄၀၀ ဗိုလ်မင်းထင်မင်းခေါင်
လက်ယာကြောင်းအမှုထမ်း ၄၀၀ ဗိုလ်မဟာမင်းခေါင်ကျော်
နတ်စုလက်ဝဲအမှုထမ်း ၄၀၀ ဗိုလ်မဟာဒေဝမင်းခေါင်
မြောက် ၁၅၀ အမှုထမ်း ၄၀၀ ဗိုလ်မင်းထင်ရန်အောင်

အမှုထမ်းပေါင်း ၂၀၀၀

ရွှေမြို့တော် လေးပြင် လေးရပ် မြေညီစရာ ရွှေမြို့တော် တောင်မျက်နှာ၌ မြေညှိသေသူများကို မြန်မာ မှတ်စလင် ရွေးလက်ယာတပ်က ကြည့်ကြပ်ရ၏။



ရွေးလက်ျာတပ်မှ
တပ်မှူး ဦးရွှေဂုဏ်
(ထိုးကွင်းဘောင်းဘီစွပ်ထိုးထားသည်ကို ရိုက်ကူးထားပုံ)

## ရွှေလက်ယာစုအမှုထမ်း

| | | |
|---|---|---|
| ကြည့်ကြပ်မည့်သူ | | ၄၀၀ တပ်မှူးသွေးသောက် အကြပ်တို့နှင့် |
| ခင်းထင်မင်းခေါင် | — | ၁ ရွှေလက်ယာစိုလ် |
| သောခေါင် | — | ၁ မြန်မာသိခံ |

---

| | | |
|---|---|---|
| ပေါင်း | — | ၄၀၂ |

သက္ကရာဇ် ၁၂၁၈ ခု၊ တပေါင်းလဆန်း ၃–ရက်နေ့ ကောင်းမြတ်သောအခါ၌ ရွှေမြို့တော် တည်တော်မူရာ မြေညှိစေသည်။ နတ်တင် အားလည်း ရာဇပြကတော့ဖြစ်သော အပရိဟာနိယ တရားနှင့်အညီ တင်ကြွားပသမြဲ၊ ကွမ်း၊ ဆောင်း၊ စင်ရှည်၊ ဖျင်ဖြူ၊ ဖျင်နီ၊ အုန်း၊ ကြံ၊ ငှက်ပျော၊ ထမင်း၊ မုန့်၊ ယို၊ အချို၊ အချဉ်၊ ဘောဇဉ်ရသာ၊ ဆီမီးတဖဆောင်၊ သီးမျိုး၊ ပွင့်မျိုး၊ အခိုး၊ အထုံ၊ အထူးထူးသော အဖွယ်အရာ နတ်ယမကာတို့ဖြင့် ပဉ္စင်တူရိယာ အစုံအလင် သဘင်ပွဲလမ်းဖြစ်စေလျက် တင်ကြွား ပသပူဇော်တော်မူသည်။ နတ်မြတ်တို့သည် သာသနာ့တော်မြတ် အစီးအပွား၊ ကိုယ်တော်မြတ် အစီးအပွား များစေကြောင်း ရွှေမြို့တော်ကြီး ရွှေထီး ရွှေနန်းစိုက်ဆောက် တည်ထောင်တော်မူရာ၌၊ မဟာထာဝရကြီးအလျင်ပြီးစေကြောင်း၊ တစ်ရာသော ထီးဆောင်းမင်း အပေါင်းတို့ ပျပ်ဝပ်ကျိုးနွံ ရှိသေစွာ သစ္စာတော်မြတ်ကို ခံသောက်ကုန်

လျက် မဏိဇောတ ရသပတ္တမြား ရတနာကဲ့သို့ ကြံရည်တော်မူသမျှသည် အလိုတော်အတိုင်း ပြည့်စုံအောင်မြင်စေကြောင်းကို ကောင်းသော မင်္ဂလာ ကြည့်ရှုခြင်းဖြင့် မင်္ဂလာ ကြည့်ရှုသည် ဖြစ်စေသောင်။

**အမြောက်ပစ်ဖောက်ရစရန်**

| | |
|---|---|
| အမြောက် — — — ၃ | အမြောက်ဝန်။ |
| ယမ်းပြီးချိန် — — — ၃ | လက်နက်တိုက်။ |
| အမြောက်ခါးစီး — — | ၁၅ အချုပ်တိုက်။ |
| ယမ်းထည့်ရန် တစ်တင်းဝင်အိတ် | ၃ ရင်း။ |

**ကြည့်ကြစ်ပစ်ဖောက်မည့်သူ**

| | | |
|---|---|---|
| မင်းလှသီရိမင်းတက် | — ၁ | အမြောက်ဓနန် ဦးရွှေခင်။ |
| ဦးရွှေဘော် | — ၁ | အမြောက်မှူးကောသာလီလူမျိုး (မြန်မာမှတ်စလင်) |
| ဦးစိမောင် | — ၁ | ရင်း ဘုရင်ဂျီလူမျိုး။ |
| ဦးခနိုင် | — ၁ | ရင်း ပသီလူမျိုး။ (မြန်မာမှတ်စလင်) |
| အမြောက်အစုံသား | —၃၀ | ရင်း ပသီလူမျိုး။ |

ပေါင်း —၃၄

(မြန်မာမှတ်စလင်)

အထက်ပါ အကြောင်းတို့ကို ရန်ကုန်မြို့ မြူနီစီပါယ် အဆောက်အဦ ဘာသာနဒ်ပိဋကတ်တိုက် ပုရပိုဒ်အမှတ်(၇၅၄) မှ ကူးယူဖော်ပြပါသည်။ ၎င်းပိဋကတ်တိုက်မှာ ယခုအခါ ဂျူဗလီဟော အဆောက်အဦသို့ ပြောင်းရွှေ့ထားပါသည်။

ရွှေဘိုအလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ပဌမ သားတော် ဘိုးတော်ဦးဝိုင်း အမရပူရမြို့ တည်သောအခါ တွင်လည်း ကုလားဝန် ကုလားစာရေးနှင့် ရွှေးလက်ယာ တပ်သားများ ပါကြောင်း၊ ဘာသာနဒ်ပိဋကတ်တိုက် ပုရပိုဒ် အမှတ် (၅၀၉) တွင် တွေ့ရှိ ဖတ်ရှုရပါသည်။

(သက္ကရာဇ် ၁၂၄၇—ခု၊သီပေါမင်းပါတော်မူပြီးနောက်၊ နန်းတော်တွင်း ရွှေတိုက်မှ စာရင်းများ၊ ပုရပိုဒ်နှင့် ရေးထေး သော ရာဇဝင်များ၊ ကျမ်းစာ အစောင်စောင်တို့ကို လှည်း အစီး လေးဆယ်ကျော်ဖြင့် ဂေါဝိန်ဆိပ်ကမ်းသို့ ယူဆောင်၍ သင်္ဘောနှင့် ရန်ကုန်မြို့သို့ ပို့လေ၏။ ၎င်းကို ဘာသာနဒ်ပိဋကတ် တိုက်၊ ကင်းဝန်မင်းကြီးပိဋကတ်တိုက်ဟုခေါ်တွင်စေလေ၏။)

ရွှေဘိုမြို့ကို ပဌမ မြို့တည်နန်းထည် အလောင်းမင်းတရား ကြီး ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၁၁၅ ခု ဝါခေါင် လပြည့်ကျော် ၁၃ ရက်နေ့ ... ရွှေဘိုမြို့တော် ရွှေနန်းတော် ထဲတွင် လက်ဝဲပုံချီတိုက်ကိုင်သွေးသောက်ကြီးခန့်၍ ရွှေးလက်ဝဲ၊ ရွှေးလက်ယာ၊သေနတ်သုံးဆယ့်နှစ်၊ဧဘွားသောက်တပ်ဖွဲ့တော်

မူသည်။ ရွှေလက်ဝဲ သေနတ်ပို အစုသားတို့ကို လက်ဝဲနံတွင် နံချွန်တော် အမှတ်ပေး၍ ထမ်းရွက်ရ၏။ ရွှေလက်ယာ အစု သားတို့ကို လက်ယာနံတွင် နံချွန်တော် အမှတ်ပေး၍ ထမ်း ရွက်ရ၏။ (ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ ၂၉၇ ကို ရှုပါ။)

ရွှေဘို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျမှ စ၍ သီပေါမင်းတရားတိုင် မင်း ဆယ့်တစ်ဆက် ရှိ၏။ ၎င်း မင်း ဆယ့်တစ်ဆက် တို့သည် မြန်မာ မှတ်စလင် တို့ကို ယုံကြည် စိတ်ချရသည့်အတွက်၊ စစ်တိုက်ကောင်းသည့်အတွက်၊ အဘက် ဘက်တွင် သစ္စာမဖောက်သည့် အတွက် ဘုရင်မင်းမြတ်တို့ သည် အပါးတော် လက်ယာတွင် အမှုတော် အမြဲလိုက်ပါ ထမ်းရွက်စေ၏။ နန်းမြို့တွင်းတွင် အမြဲနေထိုင်ရသော လက် ရွှေးစင် တပ်များ ဖြစ်ကြ၏။

## (၅) မန္တလေးနန်းတော်အတွင်း မင်းတုန်းမင်းတရားကြီး အား ရွှေလက်ယာ တပ်သားများ အတွက် ရွှေပန္နက်ပလီ ဆောက်ပေးခြင်း

မန္တလေးမြို့ ယခုအခါ မင်္ဂလာတံခါး ခေါ် ကျော်မိုး တံခါးအစင်စ လွှတ်လပ်ရေးကျောက်တိုင် အရှေ့မြို့ရိုး အနီး တွင် ရွှေလက်ယာ အမှုထမ်းတို့ကိုအမြဲ နေထိုင်စေပြီး ဝတ်ပြု ကြရန် မင်းတုန်းမင်းတရားကြီးက "ရွှေပန္နက်ပလီ" ဟူ၍

ရွှေပန္နက်ရိုက်ပြီး ဇလီဆောက်ပေး၏။ ၎င်း"ရွှေပန္နက်ဗလီ"၏ ဗလီထိုင် မော်လဝီဆရာကြီးကား "သခင်ကြီး" ခေါ် ဆရာဘိုင်ကြီးဖြစ်၍၊ အလွန်တည်ကြည်ဖြောင့်မတ်၏။ အကျင့်သီလ သိက္ခာ သမာဓိနှင့် ပြည့်စုံ၏။လူတိုင်းက ရိုသေကြ၏။

မင်းတုန်း မင်းတရားကြီးက မှတ်စလင်များ အတွက် သာသနာပိုင် ခန့်ထား၏။ ရွှေဘိုမြို့ပြင်ဈေးရပ်တွင် နေထိုင်သော အထူးအာဏာရ A.T.M အမှုထမ်းဟောင်း တံဆိပ်တော်ရ မှူးမင်း မြို့အုပ်မင်း ဦးဘိုးမြစ်မှာ ၎င်း "သခင်ကြီး"ခေါ် "ဆရာဘိုင်ကြီး"၏ သားအရင်းဖြစ်ပါသည်။ ဒုတိယသားမှာ ရွှေဘိုခရိုင် ထန်းကုန်းဘူတာ ထန်းကုန်းရွာကြီးတွင် အထူးအာဏာရ သူကြီးမင်း ဦးချို ဖြစ်ပါသည်။ မြို့အုပ်မင်း ဦးဘိုးမြစ်နှင့်သူကြီးမင်း ဦးချိုတို့သည် နန်းမြို့အတွင်း "ရွှေပန္နက်ဗလီ" အနီးတွင် မွေးဖွားကြပါသည်။

၎င်း "သခင်ကြီး"ခေါ် "ဆရာဘိုင်ကြီး"၏ အစ်ကိုမှာ မင်းတုန်းမင်းတရားကြီးနှင့်သားတော် သီပေါမင်း လက်ဟက်တော်အခါက "ရွှေလက်ယာတပ်"မှ တပ်မှူးဖြစ်ပါသည်။ ဘုရင်ပေးသောဘွဲ့မှာ "မင်းပျံချီ" ဖြစ်ပါသည်။ အမည်ရင်းမှာ "ဦးဟာရှင်"ဖြစ်ပါသည်။ ရွှေဘိုခရိုင် ကန်သာကုန်းရွာ မြန်မာမှတ်စလင်ပညာရှင် "မော်လဝီဆရာသီ" ပြုစု စီရင်ရေးသားသော "အစ္စလမ်သာသနာကမ္ဘာ၏မော်ကွန်းတော်" စာမျက်နှာ ၁၅တွင် ရွှေလက်ယာတို့အကြောင်းနှင့် ရွှေပန္နက်ဗလီ အကြောင်းကို အောက်ပါအတိုင်း ရေးသားထား၏။

ရတနာပုံ၌ သဒ္ဒါအဟုန် ဘုန်းရောင်လင်းခဲ့သည့် မင်းတုန်းမင်းလက်ထက်တော် အခါတွင် ရွှေးလက်ယာမှတ်စလင်တို့သည် ရွှေဟော်တွင်တစ်စု တစ်ခန်းငယ်နှင့် အမှုထမ်းဖြစ်ကြရကား မှတ်စလင်ဘာသာရေးဝတ်ပြုရန်အခွင့်ပေးပြီးလျှင် ယဉ်ကျေးမှု အရှည်ဆက်မှာကြောင့် ရွှေပန္နက် မိန့်ခိုင်းချပြီးသော် ခြေတိုင်းမ အဆင်ခံဖြင့် အတ္တလမ် အခြေမြှက်၍မို့ “ရွှေပန္နက်ဗလီတော်” ဟု ပြည်ပေါ်မှာသညာ ထားသည့်ဖြင့် စသည်ဖြင့် ဖြစ်ပေသည်။

အထက်ပါမော်ကွန်းရေးသားသူ မြန်မာမှတ်စလင်ပညာရှင်မော်လဝီဆရာသိမ်မှာ ရတု၊ ရကန်၊ အဲအန်၊ ဒချင်း၊ ဒူးကဏန်း ကြေးဂဏန်း ရာဇဝင်တို့ကိုပါ အလွန်တတ်ကျွမ်း၏။ မှတ်စလင်ဘာသာကျမ်း တို့ကို မြန်မာဘာသာ ရတု၊ လင်္ကာများနှင့် ရေးသားထားခဲ့၏။ အင်္ဂလိပ်မင်း လက်ထက်က ဘုရင်ခံများ၊ ငါးထောင်စား အမတ်ကြီးများ ရွှေဘိုမြို့သို့ လာလျှင် ဆရာသိမ်က ရတု၊ လင်္ကာတို့ကို ရေးစပ်ပြီး တပည့် ရတနာသိခေါ် ဦးထွန်းသိမ်က ပရိသတ်အလယ်တွင် ဖတ်ရ၏။ ကန်သာကုန်းရွာ ပတ်ဝန်းကျင်မှ ဗုဒ္ဓဘာသာရွာများ အလှူပေးလျှင် အလှူဖိတ်စာများ ရတု၊ လင်္ကာနှင့် ဖိတ်ကြားသဖြင့် ဆရာသိမ်၏ ထံ လာ၍ အရေးခိုင်းရကြ၏။

သို့အတွက် ကျွန်တော်က ဆရာသိမ်အား “ဆရာ ဤမျှလောက် ကဗျာ၊ လင်္ကာ၊ ရတု၊ ရကန်၊ ချင်းတို့ကို တတ်ကျွမ်းအောင် အဘယ်သူ့ထံမှ သင်ပါသနည်း” ဟု မေးကြည့်ရာ “အခြား မည်သူ့ထံမှ မသင်ရပါ။ ဆရာ့ အဖေ ငယ်စဉ်



သီပေါမင်းတရားလက်ထက် ရွှေလက်ျာတပ်မှ
တပ်မှူး ဦးရွှေဂုဏ်
အသက်(၇၆)နှစ်
(သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်၊ ရွှေဘိုခရိုင် ဘူးကြီးရွာတွင်
ရိုက်ကူးပါသည်)

အခါက ယိုးလင်းမင်းသားကြီး၏ မွေးစားသား ဖြစ်ပါသည်။ နောက် ဘုန်းကြီးကျောင်းထွက် ဖြစ်ပါသည်၊ နောက် ရွှေလက်ယာ အမှုထမ်း ဖြစ်ပါသည်။ ဆရာသည် ဆရာ့ အဖေထံမှ မြန်မာစာနှင့် ကဗျာ,လင်္ကာတို့ကို သင်ပါသည်။ ဆရာ့အဖေ၏ အမည်မှာ ဦးကျေရင် ဖြစ်ပါသည်။ နောက် ဆရာ အာရိတ်တီ ဖ်ါရ်စီနှင့် အူရ်ဒူစာတို့ကို မန္တလေးမြို့၌ မော်လဝီဆပ်ကြီးခေါ် မော်လဝီရှာဘုတ်ဒင် ခေါ် သခင်ကြီး ဦးကာလာထံမှ သင်ကြားပါသည်''ဟု ပြောပြပါသည်။

## (၃) ရွှေလက်ယာတပ်မှ စစ်ပိုလိပ်များနှင့် သားများ မိန့်ကြားချက်

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ် ရွှေဘိုမြို့ Miliary Police စစ်တပ်စုဘေဒါရ်ဗိုလ်ကြီး ဗိုလ်ဘာသာနှင့် ကျွန်တော်တို့သည် ရွှေဘိုခရိုင် ဘူးကြီးရွာသို့ ကားနှင့်သွား၍ ဤရွှေလက်ယာ တပ်မှ စစ်ဗိုလ်များနှင့် စစ်သားဟောင်းများကို တွေ့ဆုံမေးမြန်းခဲ့ကြပါသည်။ ကျွန်တော်တို့ မသိသော အကြောင်းအရာတို့ကို အောက်ပါအတိုင်းမေး၍ မှတ်သားခဲ့ကြပါသည်။ ၎င်းမေးမြန်းခဲ့သော တွေ့ဆုံရှင်တို့ အမည်ကား (၁) ဦးပေါ်ရှင်း (၂) ဦးပြောင်း၊ (၃) ဦးရွှေဂုဏ်တို့ ဖြစ်ပါသည်။ ဦးရွှေဂုဏ်မှာ သီပေါမင်းလက်ထက်က တပ်မှူးတစ်ယောက် ဖြစ်ပါသည်။ ဦးအေးဆိုသောပုဂ္ဂိုလ်ကြီးလည်းဗိုလ်ကြီးတစ်ယောက် ဖြစ်ပါသည်။

သို့သော် ဝင်းဗိုလ်ကြီး၏ ဓာတ်ပုံနှင့် အခြားသူတို့၏ ဓာတ်ပုံများ မပါပါ။ ကျွန်တော်နှင့် ဗိုလ်ဘသာတို့ ဘူးကြီးရှာတွင် ရွှေးလက်ယာတပ်မှ စစ်ဗိုလ်ကြီးများနှင့် စစ်သားများ ဓာတ်ပုံ ၁၅ ပုံ ရိုက်ကူးခဲ့ကြပါသည်။ ဆေးပြီးသော ဓာတ်ပုံ လေးပုံသာ ရပါသည်။ ဗိုလ်ဘသာမှာ ရမည်းသင်း မြို့သို့ ပြောင်းရန် အမိန့်ရသဖြင့် ချက်ချင်း ပြောင်းသွားရပါသည်။ သွားခါနီးတွင် ကျွန်တော့်ထံ လာရောက်နှုတ်ဆက်၏။

ရမည်းသင်းမှ နေ၍ ရွှေးလက်ယာတပ်မှ စစ်ဗိုလ်များနှင့် စစ်သားများ၏ ဓာတ်ပုံများနှင့် အခြား မြန်မာ မှတ်စလင်တပ်များမှ ဓာတ်ပုံများပါ ရမည်းသင်းမြို့မှနေ၍ ပို့လိုက်မည့်အကြောင်းနှင့် Negative Films များရှိကြောင်း ပြောပါသည်။ ထို့နောက် အလုပ်များသည်ကတစ်ကြောင်း၊ တစ်မြို့မှ တစ်မြို့ ပြောင်းရသည်က တစ်ကြောင်းကြောင့် မပို့ ဖြစ်နိုင်ဖြစ်နေသည့်အတွင်း ဂျပန်နှင့် အင်္ဂလိပ် စစ်ဖြစ်ကြရာ သာ၍ မပို့နိုင် ဖြစ်ရလေတော့၏။ သူနှင့် ကျွန်တော်လည်း မတွေ့ရသည်မှာ ကြာသွားလေ၏။

နောက် ဂျပန်ဝင်ခါစစစ်ကိုင်းမြို့မိုးဇာဈေးထောင့်တွင် တွေ့သောအခါ ဓာတ်ပုံများအကြောင်း မေးရာ ရွှေတောင်တိုက်ပွဲ မဖြစ်မီ ရွှေတောင်မြို့ ဘုန်းကြီးကျောင်း အောက်၌ သူစုထားသော ပစ္စည်းများနှင့် ဓာတ်ပုံများ မြှုပ်ထားခဲ့ကြောင်း ပြောပြပါသည်။

နေ့ခင်းအေးချမ်းသောအခါ ဓာတ်ပုံများ ဆက်ဆက်ပေးပါမည်ဟု ပြောပါသည်။ ၎င်း နေ့ကစ၍ ယနေ့ထက်တိုင် မတွေ့ရတော့ပါ။ ဗိုလ်ဘသာအနိစ္စရောက်ကြောင်းသာကြားရပါတော့သည်။ ထိုသို့ ကြားရသောအခါ ကျွန်တော့် စိတ်ထဲတွင် မည်သို့ဖြစ်သွားမှန်း မသိပါ။ များစွာ ထိခိုက်မိပါသည်။ ကျွန်တော်နှင့်သူသည် အလွန်ချစ်ခင်သော မိတ်ဆွေ ဖြစ်သည်က တစ်ကြောင်း၊ ရာဇဝင် သုတေသန လုပ်ငန်းများ၌ စိတ်သဘောချင်း တူညီသည်က တစ်ကြောင်းကြောင့် ညီအစ်ကို အရင်းကဲ့သို့ ခင်မင်ရင်းနှီးကြပါသည်၊ တစ်ခါတရံ ည ၁၂ နာရီ တစ်နာရီအထိ ထိုင်၍ စကားပြောတတ်ကြပါသည်။

ကျွန်တော်နှင့် ဗိုလ်ဘသာတို့ ဟလင်းကြီးသို့သွား၍ ရာဇဝင်နှင့် ပတ်သက်သည်များကို လေ့လာခဲ့ကြပါသည်။ ရွှေဘိုမြို့တွင်လည်း ရာဇဝင်နှင့် ပတ်သက်သည့် ဓာတ်ပုံများရိုက်ခဲ့ကြပါသည်။ လက်တွေ့လေ့လာကြပါသည်။ ဘူးကြီးရွာသို့ သွား၍ ဓာတ်ပုံရိုက်သောအခါ ရွေးလက်ယာတပ်မှ စစ်ဗိုလ်ဟောင်းများနှင့် စစ်သားဟောင်း ၁၅ ယောက် တွေ့ခဲ့ရပါသည်။ အချို့ကား မင်းတုန်းမင်းတရားကြီး လက်ထက်နှင့် သားတော် သီပေါမင်းလက်ထက်မင်းနှစ်ဆက် အမှုထမ်းများ ဖြစ်ကြပါသည်။ အချို့ကား သီပေါမင်း လက်ထက် အမှုထမ်းများ ဖြစ်ကြပါသည်။ ဘူးကြီးရွာမှ လူများမှာ တစ်ရွာလုံးလိုလိုပင် ၎င်းတို့၏ အဆက်အနွယ်များ ဖြစ်ကြပါသည်။ ၎င်းတို့ကို ဓာတ်ပုံရိုက်ပြီး အောက်ပါအတိုင်း ကျွန်တော်နှင့် ဗိုလ်ဘသာတို့က မေးကြပါသည်။

ဗိုလ်ဘသာ မေး။ ။ကိုးဘိုးတို့ စစ်တပ်ကို ဘယ်လို ခေါ်ပါသလဲ ခင်ဗျာ”

ရွှေလက်ယာတို့ ဖြေ။ ။“ရွှေလက်ယာ စစ်တပ်လို့ ခေါ်ပါတယ်”

သာ မေး။ ။“ဘာကြောင့် ရွှေလက်ယာလို့ ခေါ်ပါသလဲ ခင်ဗျာ”

ယာတို့ ဖြေ။ ။“လက်ရွေးစင်တပ်ဖွဲ့ပြီး ဘုရင့်အပါးတော်မှာ အမြဲခစား အမှုတော် ထမ်းရတဲ့ပြင် စစ်ရေး စစ်ရာ ရှိပါက အဝေးကိုသွားပြီး တိုက်ခိုက်ရပါတယ်။ သို့အတွက် ရွှေလက်ယာ တပ်လို့ ခေါ်ပါတယ်”

သာ မေး။ ။“ဘယ်လိုလူမျိုးကို စစ်သားအဖြစ် စုဆောင်းပါဝင် စေပါသလဲ ခင်ဗျာ”

ယာတို့ ဖြေ။ ။“စုဆောင်းရတဲ့ စစ်သားများဟာ အောက်ပါ ရောဂါများ ကင်းလွတ်မှ စုဆောင်းဖွဲ့စည်းရပါတယ်။ (၁) မျက်စိ မှုံသောသူ၊ (၂) တိမ်စွဲသောသူ၊ (၃) မျက်ခမ်းစပ်သောသူ၊ (၄) ပန်းနာရောဂါ ရှိသောသူ၊ (၅) ဒူလာရောဂါ ရှိသောသူ၊ (၆) မူးတက်ရောဂါ ရှိသောသူ၊ (၇) အိပ်ယာတွင် ယောင်ရမ်းတတ်သူ၊ (၈) ကိုယ်ထက်ဒူးရှည် ဖေါင်ရှည်၊ ခြေသိမ်၊ လက်သိမ်သောသူ၊ (၉) အသက် ၁၆ နှစ်အောက် ၅၀ အထက် ကျော်သူများ ဖြစ်ပါတယ်”

သာ မေး။ ။“တစ်တပ်လုံး မြန်မာမှတ်စလင်များ အပြင် အခြား ဘာသာခြားများ ပါသေးသလား”

ယာတို့ဖြေ။ ။"တစ်ဓာပ်လုံး မြန်မာ မွတ်စလင် များ ချည်း ဖြစ်ကြပါတယ်၊ ဘာသာခြားများ မပါ ပါ"

သာ မေး။ ။"မင်းတုန်းမင်းတရားကြီးနဲ့ သီပေါမင်းတရား တို့က လခ ပေးပါသလား"

ယာတို့ဖြေ။ ။"တပ်သားတွေကို လခ ပေးပါတယ်၊ တပ်မှူးနဲ့ ဗိုလ်ကြီးတွေကို ရွာစား၊ မြို့စား ပေးပါတယ်"

သာ မေး ။"ဘိုးဘိုးတို့ အဘတို့ကကော ဘာအလုပ် လုပ် ကိုင်ကြပါသလဲ"

ယာတို့ ဖြေ။ ။"ကျွန်တော်တို့ အဖေနဲ့ အထက် ဘိုး ဘေး ဘီ ဘင်တို့ကတော့ ရွှေးလက်ဟာ အမှုထမ်းများ ဖြစ်ကြပါတယ်"

သာ မေး။ ။"အစ ာ အသောက် ဘယ်လို ချက်ပြုတ် စားရ ပါသလဲ"

ယာတို့ ဖြေ။ ။"ငါးယောက် တစ်အိုး ချက်ပြုတ် စားရပါ တယ်၊ ငါးယောက်မှာ တစ်ယောက်က အကြီး အကဲ ဖြစ်ပါတယ်"

သာ မေး။ ။"တပ်မှူးများ ဗိုလ်ကြီးများ ပါကြပါသလား"

ယာတို့ ဖြေ။ ။"ပါရှိပါတယ်" ဟု ဖြေဆိုကြပြီး၊ တပ်သား တပ်မှူးများနှင့် ဗိုလ်ကြီးတို့သည် ကိုယ့်ရာထူး ဂုဏ်ထူးများကိုယ်စီကိုယ်ငှထ၍ပြောကြလေ၏။

သာ မေး။ ။"စစ်တပ်ကို အဘယ်ကဲ့သို့ ဖွဲ့ပါသလဲ"

ယာတို့ဖြေ။ ။"ငါ ယောက် တစ်အိုးစား၊(လေးယောက်ကို အုပ်ရပါတယ်။)

နှစ်အိုးစား—တစ်ကြပ်၊ (ဆယ်ယောက်ကို အုပ်ရပါတယ်။)
ငါးကြပ်—တစ်သွေးသောက်၊ (၅၀ ကို အုပ်ရပါတယ်။)
နှစ်သွေးသောက်—တစ်တပ်မှူး၊ (၁၀၀ ကို အုပ်ရပါတယ်။)
ဆယ်တပ်မှူး—တစ်ဗိုလ်၊ (၁၀၀၀ ကို အုပ်ရပါတယ်။)
ဆယ်ဗိုလ်—တစ်ဗိုလ်ချုပ်၊ (၁၀၀၀၀ ကို အုပ်ရပါတယ်။)
ဆယ်ဗိုလ်ချုပ်—တစ်စစ်ဘုရင်(၁၀၀၀၀၀ ကို အုပ်ရပါတယ်)

သာ မေး။ ။ "စစ်ကဲဆိုတာ ဘယ်လို စစ်မှုထမ်းရပါသလဲ"

ယာတို့ဖြေ။ ။ "စစ်တပ် တစ်တပ် စစ်ထွက် သွားတဲ့ အခါ နောက် စစ်ကဲ ရှေ့စစ်ကဲ ဆိုပြီး စစ်ကဲနှစ်ဦး လိုက်ပါရပါတယ်၊ ရှေ့စစ်ကဲက ရှေ့မှနေပြီး အမိန့်ပေး အုပ်ချုပ်ရပါတယ်၊ နောက်စစ်ကဲက နောက်မှ နေပြီး အမိန့်ပေး အုပ်ချုပ် ရပါတယ်၊ စစ်ကဲမှာ ဗိုလ်ချုပ်ကဲ့သို့ စစ်ရေးစစ်ရာ နားလည် တတ်ကျွမ်းပါတယ်၊ ဗိုလ်ချုပ်ကဲ့သို့ အခွင့်အရေး အဆောင်အရွက် ရပါတယ်၊ စစ်ကဲရာထူးတက်လျှင် ဗိုလ်ချုပ် ရာထူး ရပါတယ်၊ ဗိုလ်ချုပ်ရာထူး တက်လျှင် စစ်ဘုရင်ရာထူး ရပါတယ်၊ သို့သော် စစ်ဘုရင် ရာထူးကို အများအားဖြင့် ညီတော် သားများကိုသာ ပေးလေ့ ရှိပါတယ်"

သာ မေး။ ။ "ဘိုးဘိုးတို့ စစ်ဝတ်က ဘယ်လို အဝတ်မျိုးကို ဝတ်ဆင်ရပါသလဲ"

ယာတို့ဖြေ။ ။ "ဖျင်အင်္ကျီ ဖျင်ဘောင်းဘီများ ရပါတယ်၊ ဆောင်းရာသီမှာ သက္ကလပ် အင်္ကျီ၊ သက္ကလပ်

ဘောင်းဘီများ ရပါတယ်၊ ကြယ်သီးများမှာ ဒေါင်းတံဆိပ်၊ ယုန်တံဆိပ်များ ရပါတယ်၊ ဖိနပ်မှာ လှာဖိနပ်များရပါတယ်''

သာ မေး။ ။''စစ်ထွက်တဲ့အခါ ဘယ်လို စားသောက် နေထိုင်ရပါသလဲ''

ယာတို့ ဖြေ။ ။''စစ်ချီထွက်တဲ့အခါ ဆန်၊ ဆီ၊ ဆား၊ငရုပ်၊ ကြက်သွန်၊ ငါးခြောက်၊ ငါးပိနှံ့ အာလူးများ ရပါတယ်၊ ငါးယောက် တစ်အိုး ချက်၍ စားရပါတယ်၊ ဗိုလ်ကြီးများမှာ ထမင်းချက်နှင့် အခိုင်းအစေများ ရပါတယ်''

ထို့နောက် ဆက်လက်၍ အောက်ပါအတိုင်း ပြောပြကြပါသည်။

''တပ်သားတို့မှာ ငါးယောက် တစ်အိုးစား၊ တဲတစ်တဲစီ နေရပါသည်၊ တဲမှာ ရွက်ဖျင်မိုးကာတဲ ဖြစ်ပါသည်။

မိုးကာတဲမှာ ဝါးလုံးတိုင် နှစ်တိုင်စိုက်၍ အပေါ်က တန်းပစ်ပြီးလျှင် ၎င်းတန်းပေါ် မိုးကာ လွှမ်းချပြီး လေးဘက်အစွန်ထောင့်တွင် ကြေးကွင်းများ ပါပါသည်။ ငုပ်ရိုက်ပြီး ၎င်းကြေးကွင်းနှင့် ငုပ်ကြိုး တင်းအောင် ချည်ရပါသည်။ ဗိုလ်ကြီးအတွက်မှာ တဲကြီးများဖြစ်ပါသည်။ ငါးယောက် တစ်အိုးစား တပ်သားများ၏ တဲများအလယ်မှာ ဗိုလ်ကြီးများ၏ တဲများ ထိုးရပါသည်။ ဗိုလ်ကြီးများ၏တဲမှာ အိပ်ခန်း၊ ထမင်းစားခန်း၊ အစည်းအဝေးခန်းများ ရှိပါသည်။

စစ်စခန်း ချထားသောအခါ သစ်ပင်ရိပ် မရှိသော နေရာ စစ်စခန်း မချရ၊ သင်္ချိုင်းအနီး မချရ၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ မြစ်နှင့် ဝေးသော နေရာတွင် စစ်စခန်း မချရ၊ အထက်ပါတို့တွင် တစ်ခုခုနှင့် ညီညွတ်သော နေရာတွင်သာ စစ်စခန်း ချရပါသည်။

ထိုသို့ စစ်စခန်းမချမီ ကင်းထားကုလားပျိုတပ်မှ ကင်းတို မှာ တစ်တိုင်ခန့် မြင်းနှင့်၊ ကင်းရှည်မှာ နှစ်တိုင်ခန့် မြင်းနှင့်။ ရန်သူ ရှိမရှိ သွားကြည့်ပြီး ကင်းထားဗိုလ် အသီးသီးတို့က ဗိုလ်ချုပ်ထံ ပြန်ပြောကြရ၏။ ရန်သူမရှိမှ ဗိုလ်ချုပ်က စစ်စခန်း ချရန် အမိန့်ပေးပါသည်။ ကင်းကို တပ်သားတို့မှာ အချပ်လေး မျက်နှာ တစ်တိုင်ကွာခန့်က၊ ကင်းရှည်တပ်သားတို့မှာ နှစ် တိုင်ကွာခန့်က တပ်မရွေ့မပြောင်းခြင်း မြင်းနှင့် အမြဲ ခရူပတ် လှည့်ပြီး ကင်းစောင့် နေကြရပါသည်။

တပ်သားများ ညအိပ်သောအခါ တစ်နာရီလျှင် တစ်ကြိမ် ကျ တပ်ဆော်က "နိုးနိုးကြားကြား အိပ်ကြစေ၊ ဆင်ကြိုး မြင်းကြိုး မြဲခိုင်စေ။ ဓားလှံ သေနတ် အမြဲရှိစေ" ဟု တပ်တွင်း လှည့်လည်ပြီး ဟစ်၍ မောင်းထု ဆော်ကြရ၏။ ရန်သူ မတွေ့မီ မတိုက်ခိုက်ရမီ တပ်သားထဲမှ နှစ်ယောက် သုံးယောက် ခွဲ၍ လေးတိုင် ငါးတိုင်ခန့် မြင်းနှင့်သွားစေပြီး အလွန် မြင့်သော သစ်ပင်ပေါ် တက်၍ကြည့်လျက် တစ်ဘက်ရန်သူ စစ်တပ်သည် ခန့်မှန်းခြေ စစ်သား ဘယ်နှစ်ထောင်ပါသည်၊ ဘယ်ကဲ့သို့စစ်ချီ လာသည်ကို ဗိုလ်ချုပ်ထံ ပြန်၍ ပြောပြရ၏။

ဗိုလ်ချုပ်က စစ်ကဲ စစ်ဗိုလ်တို့ကိုခေါ်၍ ၎င်း၏ မိုးကာတဲကြီးထဲတွင် စည်းဝေးကြပါသည်။ စစ်တို့ မည်သည်မှာ စစ်ချီ၊ စစ်ကပ်၊ စစ်ထိုး၊ စစ်ခွာ၊ စစ်ဆုတ်၊ စစ်မြှု၊ စစ်ဖြန့် ဟူ၍ ချန်သူ၏ စစ်ချီမှု အခြေအနေကိုကြည့်၍ ဟိုက်ရပါသည်။

ဤသို့ အစမ်းအဖြေလုပ်၍ ခဏ ရပ်နားသောအခါ ထို အဘိုးကြီးများက "ဗိုလ်ကြီး ကုလားဖြူ ပြန်တိုက်ပါက ကျွန်တော်တို့ ပါဝင် တိုက်ပါမည်' ဟု ပြောကြ၏။ ထိုအခါ ကျွန်တော်နှင့် ဗိုလ်ဘသာတို့သည် သဘောကျ၍ ဟက်ဟက် ပက်ပက် ရယ်မောကြပါသည်။

ထို့နောက်မိုးချုပ်သွားပြီဖြစ်ကြောင်း၊ သွားရမည့်ခရီးကလည်း ဝေးသေးကြောင်း ပြောပြပြီး ဗိုလ်ဘသာက သူဝယ်လာသော ဖိနပ်တစ်ရံစီ၊ လုံချည်တစ်ထည်စီ၊ အင်္ကျီတစ်ထည်စီ၊ ဘလက် တစ်ထည်စီ၊ ငွေ ၅ ကျပ်စီ ပေးလေ၏။ (အထက်ပါ ရွေးလက်ယာတပ်မှ စစ်သားဟောင်းများကို ဘူးကြီးရွာ ကျောင်းဆရာ ဆရာရှင်က ခေါ်ပေးပါသည်။

လမ်းတွင် ကားပေါ်မှ ရွှေဘိုအရောက် ဗိုလ်ဘသာက အဘိုးကြီးများပြောသော စကားကို အလွန်ချီးမွမ်း ပါ၏။ အလွန် သဘောကျ၏။ အဘိုးကြီးများက "ကုလားဖြူ ပြန်တိုက်လျှင် ကျွန်တော်တို့ပါ ဝင်ရောက် တိုက်ပါမည်" ဟု ပြောသောစကားကိုသာ၍ သဘောကျလေ၏။ ဤမျှလောက်

အသက်ကြီးလာကြသော်လည်း ရန်သူနယ်ခွဲ ကုလားဖြူကို ယခုထက်တိုင် မုန်းလျက်ပင် ရှိကြသေး၏။ ဘုရင်မင်းမြတ်တို့၏ သစ္စာတော်ကို ယခုအက်တိုင် မဖောက်မပြန် တည်ကြည် လေးစားသူများပါတကားဟူ၍ ချီးမွမ်းမိလေ၏။

ဗိုလ်ဘသာမှာ ရန်ကုန် ယူနီဘာစီတီ ကောလိပ်ကျောင်းမှ B.Sc. အောင်ပြီးသည့်နောက်ဝါသနာအလျောက်စစ်ထဲသို့ ဝင်ပါသည်။ အိန္ဒိယနိုင်ငံ ဒါရဒွန်း စစ်ကျောင်းမှ စစ်ပညာ အောင်ခဲ့သူတစ်ယောက်ဖြစ်ပါသည်။ Roman Urdu ခေါ် အူရဒူစကားနှင့် ပန်ချာပီစကားကို ကောင်းမွန် သွက်လက်စွာ ပြောတတ် ရေးတတ်ပါသည်။

လူမမြင်ရဘဲ အခန်းထဲမှ ပန်ချာပီစကား ပြောလျှင် ပန်ချာပီ အစစ်ဟု ထင်ရပါသည်။ သူရသော လခကို ရာဇဝင် သုတေသီ လုပ်ငန်းဘက်တွင်သာ သုံးပါသည်။
သူ့ထံတွင် ရာဇဝင်ဘက်ဆိုင်ရာ ရှေးဟောင်း ပစ္စည်းများ မြောက်မြားစွာ ရှိပါသည်။

သတိုးသုခမှ မဟာဗန္ဓုလ ကိုင်သော မြင်းပေါ်မှ ပစ်သည့် သေနတ် အပျက်လည်း ရှိ၏။ ၎င်းသေနတ်သို့ ငပေရင်း ရွာမှ ရခဲ့၏။ ရာမရကာန်ရှင် ဦးကိုးစားသော ထမင်းပန်းကန်ပြား လည်း စိန်နံ့ရွာမှရခဲ့၏။ မင်းကုန်းသူကြီး ကိုစိန်ထံမှ ယိုးဒယား ရာမ ရုပ်စုံဇာတ်တန်းနှင့် စဥ့်အိုးကြီး ရခဲ့၏။

ထို့ပြင် အခြား ရာဇဝင်ဘက်ဆိုင်ရာ ပစ္စည်းများ မြောက်များစွာ ရှိ၏။ ၎င်း၏အိမ်တွင် ပြတိုက်ကဲ့သို့ နှစ်ခန်းပက်လည်ခန့်ရှိ ကျမ်းပြင်ပေါ်တွင် ခင်းထား၏။(အထက်ပါ မင်းကုန်းသူကြီး ကိုစိန်သည် ကျွန်တော်နှင့် ရွှေဘိုမြို့ S.P.G. အင်္ဂလိပ်ကျောင်းတွင် ကျောင်းနေဘက် ဖြစ်ပါသည်။)

## (၇) သက္ကရာဇ် ၁၂၁၉ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့၊ အမရပူရမြို့မှ မန္တလေးမြို့သို့ မင်းတုန်းမင်းတရားကြီးနှင့် မြို့သူမြို့သားများ ပြောင်းရွှေ့လာသောအခါ မြန်မာမွတ်စလင် စကြာအမြောက်တပ်နှင့် အမြောက်တပ်သားများ တပ်ဦးတော်က လိုက်ပါရခြင်း

သက္ကရာဇ် ၁၂၁၉ ခု၊ ဝါဆိုလဆန်း ၁၂ ရက် ကြာသပတေးနေ့ နံနက် လေးချက်တီးကျော် ခုနစ်မောင်း ●ဒိပြည့်အချိန်တွင် အခါတော်နှင့် တော်စမုခ်တော်က သက်တော်မူရာ။ ရှစ်ပါးသော ပုဏ္ဏားတို့ ဘိသိက်ဆက်သည်ကို ခံတော်မူပြီး ဆဒ္ဒန်ဆင်မင်း သခင် ဘဝရှင် မင်းတရားကြီးသည် မိဖုရားခေါင်ကြီးနှင့် အတူ တိမ်ဦးလရောင် ဆင်မတော်တွင် ရွှေစက်တော် တင်တော်မူသည်။ ရှေ့သိုးတပ် နောက်သိုးတပ် ဝင်းကိုယ်ရံတော်အခင်းအကျင်း၊ တပ်တော်ဦးက လှည်းစကြာတင် အမြောက်ကြီး တ ရာကို အမြောက်ဝန်၊ အမြောက်မှူးတို့ ကြပ်မတ်၍ အမြောက်တပ်နှင့်တကွ တွက်တော်မူ၏။

ကန်တော့ဂ် စံနန်းတော်တွင် တစ်နာရီခန့် ကုန်းထောက်တော်မူသည်။ အိမ်ရှေ့မင်းမှ စ၍ နောင်တော် ပုဂံမင်း၊

မင်းညီ မင်းသား တို့လည်း တပ်တော်ဦးက လိုက်ကြရသည်။ ကန်ကောက် စံနန်းတော်တွင် ယာစ်နာရီခန့် စံတော်မူပြီး၊ မန္တလေးစံနန်းတော်သို့ နေ့သုံးချက်တီးခန့်အချိန်တွင် ရောက်တော်မူသည်။

စံနန်းတော်တွင်လည်း တစ်ဆယ့်လေးရက်ကာစ၍ တစ်နေ့လျှင် သံဃာတော်လေးပါးစီ ပင့်ဖိတ်၍ လှူဒါန်းရန် အဖွယ်အရာများနှင့် စာကူ လှူဒါန်းပြီးလျှင် မင်း, မိဖုရား၊ မှူးတော်မတ်တော်၊ ဥပုသ်သည်တို့နှင့် တကွ ဥပုသ် ယူတော်မူသည်။ မြို့တော်ကြီး ပန္နက် မချမီ မြို့ရိုးအဘွင်း မြေဖို့ညှိရန် ရှိသည်များကို ကျုံးတော်ရာက မြေတူးသည့် မြေစာကိုယူလျက် အစုအမှုထမ်းတို့ ဖို့ညှိကြရာ၊ ၁၁၀ ရှင် မင်းတရားကြီး ဘုရားတမ် ဦး လ ရောင် ဆင် မ တော် မှာ ရွှေစက်တင်တော် မူ၍ ဝင်းကိုယ်ရံတော်နှင့် ထွက်တော်မူပြီးလျှင် မြောက်မျက်နှာ အနောက် မျက်နှာများကို ကြည့်ရှု၍ ဝင်တော်မူသည်။ နောက် ၈ါခေါင်လဆန်း ၆ ရက်နေ့တွင် မကာင်မျက်နှာ အလယ်တံခါးက (မင်္ဂလာတံခါး) ထွက်တော် မူပြီးလျှင် ဝင်တော်မူသည်။

ယင်း ဒီလအတွင်း မန္တလေးမြို့တော် မြို့တွင်း မြို့ပြင်ရွေး များနှင့် မင်း, မိဖုရား၊ ဝန်တော်အိမ်ဝင်း၊ ရပ်စု၊ ကွက်စု၊ တန်းအိမ်၊ လမ်းအိမ်ကို ပုံတော်ပါသည့် အတိုင်း ဝန်ကြီး၊ အတွင်းဝန်၊ မှူးတော် မတ်တော်တို့ အနေအသားကျအောင်

ကြည့်ရှုရသည်။(ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယ အုပ်စာမျက်နှာ ၂၅၁ နှင့် ၂၅၂ ကို ရှုပါ။)

ထိုသို့ အမရပူရမြို့မှ မန္တလေးမြို့သို့ မြန်မာမွတ်စလင်များ ပြောင်းရွှေ့ လာကြသောအခါ အမရပူရမြို့ရှိ အရပ်အမည် များကဲ့သို့ ကွက်စိပ်ရိုက်ပြီး အမည်ပေးလေ၏။

ရင်း နေရပ်အချို့တို့၏ အမည်ကား—

(၁) စစ်ကိုင်းတန်းရပ်၊
(၂) ကုန်းရိုးတန်းရပ်၊
(၃) တောင်တလုံးရပ်၊
(၄) အိုးဘိုရပ်၊
(၅) အမြောက်တန်းရပ်၊
(၆) ဝဿီခံရပ်၊
(၇) တိုက်တန်းရပ်၊
(၈) ကိုယ်ရံတော်ရပ်၊
(၉) အချုပ်တန်းရပ်၊
(၁၀) ကျွမ်းတန်းရပ်၊
(၁၁) ကုလားပျို့ရပ်၊

ဟူ၍ အမည်တူရပ်များ ဖြစ်ပါသည်။

ထို့ပြင် မင်းတုန်းမင်းတရားကြီးက ဗလီတည်ရန် မြေနေရာ ပေါင်း နှစ်ဆယ်ကျော်ကိုပါ နေရာပေးတော်မူ၏။ ဗလီအချို့၏ မြေနေရာကား–

(၁) စစ်ကိုင်းတန်းရပ် ဗလီမြေနေရာ (၎င်းစစ်ကိုင်းတန်း ရပ်မှ ပုဂ္ဂိုလ်တို့သည် ကုန်သည်တော်၊ လူပျိုတော်၊ အပျိုတော် များ ဖြစ်ကြပါသည်။)

(၂) ကုန်းရိုးတန်းရပ်ဗလီမြေနေရာ (ယခု ခေတ်မီးစက်ရှိ စက်ရုံနေရာကို မင်းတရားကြီးက တဖဝင်းလုံးပေး၏။ အင်္ဂလိပ် မင်း လက်ထက်တွင် အရောင်းခိုင်းပြီး ခေတ်မီးစက်ရုံ တည် ထား၏။ ထိုသို့ရောင်းပြီး အနောက်ကုန်းရိုး အရှေ့ကုန်းရိုး ဟူ၍ ဗလီနှစ်လုံးခွဲပြီး တည်ဆောက်ကြ၏။ ၎င်းရပ်မှ ပုဂ္ဂိုလ် တို့သည်လည်း ကုန်သည်တော်၊ လူပျိုတော်၊ အပျိုတော်များ ဖြစ်ကြသည်။

(၃) တောင်ဘလူရပ် ဗလီ မြေနေရာ (၎င်း ရပ် မှ ပုဂ္ဂိုလ်တို့သည် ကုန်သည်တော် လူပျိုများ ဖြစ်ကြသည်။)

(၄) အိုးဘိုရပ် ဗလီမြေနေရာ (အိုးဘိုရပ် ဗလီကို တစ်ဦး တည်း ဆောက်လုပ်၏။ ဗလီ တကာမှာ ကုန်သည်တော် ခေါင်းမင်း ဦးချိန် ဖြစ်ပါသည်။)

(၅) ဂျွမ်းတန်းရပ် ဗလီမြေနေရာ (၎င်းအရပ်မှ ပုဂ္ဂိုလ်တို့သည် ဘုရင့်ရှေ့တော်တွင် ကျွမ်းအမျိုးမျိုး၊ ကြိုးတန်းလမ်းလျှောက် အမျိုးမျိုး၊ တိုင်တက်၊ တိုင်ဆင်း အမျိုးမျိုး တို့ကို အမှုတော်ထမ်းရ၏။ ဂျွမ်းဗလီ ဒါယကာမှာ နောက်တော်ပါ ကျွန်တော်ရင်း ဟာဂျီ ဦးဘို ဖြစ်ပါသည်။

(၆) စကြာ အမြောက်တန်း ဗလီမြေနေရာများ၊ (၎င်းအရပ်မှ ပုဂ္ဂိုလ်တို့သည် ဘုရင့်အမြောက် တပ်မတော်သားများ ဖြစ်ကြပါသည်။ အမြောက်တပ် လေးတပ်ရှိ၏။ ၎င်းတပ်များ၏ အမည်များမှာ—

(၁) စကြာအမြောက်တပ်၊
(၂) မင်္ဂလာအမြောက်တပ်၊
(၃) ဆူးလေကုန်း အမြောက်တပ်၊
(၄) ဘုန်းအိုး အမြောက်တပ် ဟူ၍ ဖြစ်ပါသည်။

(၎င်းအမြောက်တန်း လေးရပ်တွင် ဗလီ ၇ လုံး ရှိပါသည်။)

(၇) အချုပ်တန်းရပ် ဗလီမြေနေရာ (အချုပ်တန်းရပ်မှ ပုဂ္ဂိုလ်တို့သည် ဘုရင် မိဖုရားနှင့် နန်းတွင်းသူ နန်းတွင်းသားတို့၏ အချုပ်တော်များ ဖြစ်ကြပါသည်။)

(၈) ကိုယ်ရံတော်ရပ် ဗလီမြေနေရာ (၎င်း အရပ်တွင် ဗလီ သုံးလေးလုံးရှိ၏။ ၎င်းအရပ်မှ ပုဂ္ဂိုလ်တို့သည် ဘုရင်

မင်းမြတ်များ နန်းတော်မှ အပြင်ခရီး ထွက်တော်မူသောအခါ အပါးတော်တွင် ခစား၍ အမှုတော် ထမ်းရသော ကိုယ်ရံတော်များ ဖြစ်ကြပါသည်။)

(Royal Bodyguard) (၉) ဝလီခံရပ် ဗလီမြေနေရာ)၎င်းအရပ်မှ ပုဂ္ဂိုလ်များသည် မြင်းတပ် စစ်သည်တော်များ ဖြစ်ကြပါသည်။)

(၁၀) ကုလားပျိုရပ်တွင် ဗလီမြေနေရာဟူ၍ စုစုပေါင်း ၂၀ ကျော် ပေးတော်မူ၏။

မန္တလေးမြို့တွင် မင်းတုန်းမင်း တရားကြီးနှင့် သားတော် သီပေါမင်း လက်ထက်တော် အခါတွင် ဗလီ ၃၀ ကျော်ရှိ၏။ အင်္ဂလိပ်မင်းလက်ထက် နိုင်ငံခြားသား မွတ်စလင်များ ရောက်လာကြသည့် အခါတွင် ဗလီပေါင်း ၄၆ လုံး ရှိ၏။ ဒုတိယ ကမ္ဘာစစ်ကြီးဒဏ်ကို ခံရ၍ ယခုအခါတွင် ဗလီပေါင်း ၄၀ ကျော် ၅၀ ခန့်သာ ကျန်ရှိပါလိမ့်မည်။

ထိုသို့ အမရပူရမှ မန္တလေးမြို့သို့ မပြောင်းရွှေ့မီ အမရပူရ ရွှေမြို့တော် မြောက်မျက်နှာ အရှေ့စွန် တံခါးမှ မန္တလေးမြို့တော်အရောက် အုတ်လမ်း ခင်းစေတော်မူသည်။ ၎င်းအုတ်လမ်း ဆောင်ရွက်ရာ၌ အခါက ပထမ မဟာရာမ်အုတ်တံတိုင်း နှစ်ဘက် မန္တလေးရောက် ဆောက်လုပ်စေပြီး ၎င်း တံတိုင်း နှစ်ဘက်ကြားတွင် အုတ်များကြပ်နေအောင်ထောင်၍စီစေပြီး အုတ်လမ်းခင်းပါသည်။ ၎င်းအုတ်လမ်းပေါ်မှ မင်းနှင့်တကွ တိုင်းသူပြည်သားများ ပြောင်းရွှေ့လာကြပါသည်။



သီပေါမင်းတရားလက်ထက် စကြာအမြောက်ဗိုလ်
ဗိုလ်မင်း ဦးဟာရှင် တပ်မှ
တပ်သား ဦးဟာမန်
(သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်၊ ကျောက်ဆည်ခရိုင်
ဟင်းခူရွာတွင် ရိုက်ကူးပါသည်။)

၎င်းအုတ်လမ်းဟောင်းသည် ရွှေတိဂုံဘုရား မီးရထားလမ်း အနောက်ဘက်တွင် ရှိပါသေးသည်။ မဝေးလှပါ။ မီးရထား ပေါ်မှ ကြည့်လျှင် မြင်နိုင်ပါသည်။ (အမရပူရ နန်းမြို့ မြောက် နှင့် မြို့ဟောင်း ဘုတာအထိ) ထိုသို့ ပြောင်းရွှေ့ လာကြ သော အခါ ကျွန်တော်၏ ဘေးအေ ဦးရွက်၏ဇနီး အရီးမြ တွင် သားမီး နှစ်ယောက်သာ ရှိပါသေး၏။ ၎င်းတို့မှာ ဘွားဖိုးနှင့် ဘွားစိတို့ ဖြစ်ကြပါသည်။ ဘွားဖိုးမှာ အသက် ၁၀ နှစ်၊ ဘွားစိမှာ ၅ နှစ်သာ ရှိကြသေး၏။

ဘွားဖိုးမှာ ထိုစဉ်ကအဖြစ်အပျက်များကို ကောင်းကောင်း မှတ်မိပါသည်။ ထိုသို့ ပြောင်းသောအခါ လှည်း ၃ စီးနှင့် ပြောင်းရွှေ့ လာခဲ့ကြကြောင်း၊ အိမ်သုံးပစ္စည်းများကို လှည်း ၃ စီးနှင့် သယ်၍ ၎င်းတို့မှာ ခြေလျင် လှည်းနောက်ကလိုက်ခဲ့ ကြရကြောင်း ဘွားဖိုးက ပြောပြပါသည်။ ဘွားဖိုးမှာ လွန်ခဲ့ သော ၁၁ နှစ်ခန့်က ရွှေဘိုခရိုင် ကန့်ဘလူမြို့တွင် ကွယ်လွန် အနိစ္စ ရောက်ပါသည်။

(ဂဂံ သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့ ရတနာပုံ မန္တလေးနေပြည်တော် ဘဲ ... နှင့် ... တည်ဆောက်မှုအကြောင်း

သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန် ဆန်း ၁၃ ရက်နေ့၊ ညဉ့် နှစ်ချက်တီးကျော် တစ်ဆယ့်လေးရက် တနင်္ဂနွေနေ့သို့ အဝင်

နာရီပြည့် နှစ်ပါဒ်အချိန် အမြောက်သံကြား အခါတော်နှင့် ရွှေမြို့တော်ကြီး ကျုံးတော်၊ မဟာလောက မာရဇိန် စေတီတော်၊ သိမ်တော်ကြီး၊ မဟာအတုလဝေယန် ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုမမ္မာစရပ်တော် ခုနစ်ဌာနကို ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးကြီး မတ်ကြီးတို့ အသီးသီး ကြပ်မတ်၍ စနေသား ကိုးရင်း၊ တနင်္ဂနွေသား ကိုးဖျား ကိုင်စေလျက် တနင်္လာ သားကို ရွှေပန္နက်၊ ငွေပန္နက် စိုက်မတ်စေပြီးလျှင်၊ စာရင်း ရှိထားရာပါသည့် စားတော်ကွမ်းရေးမှူးသား၊ မတ်သား၊ သူဌေး သူကြွယ် နေ့ကျော် သားတို့က တစ်ပိုင်နက် အုတ်မြစ်ချရန် ကျင်းတူးရ၏။

အခါတော် မရောက်မီ မြို့လေးထောင့် မြေတွင် တွင်းတူး၍ အုတ်အင်္ဂတေ အသေအချာ လုပ်ဆောင်ပြီးလျှင် တစ်ရာ့သုံးဆယ်ဝင် အဖုံးအပိတ်စုံ အိုးကြီးများကို အတွင်း စဉ့်သုတ် အပြင်စဉ့်သုတ် ကောင်းမွန်အောင် လုပ်ဆောင်၍ စဉ့်အိုးကြီး တစ်လုံး တစ်လုံးအတွင်း နှမ်းကြီးဆီ လေးဆယ်၊ နှမ်းလျှင်ဆီ လေးဆယ်၊ မုန်ညှင်းဆီ လေးဆယ်၊ သုံးချပ်ဆီ စာစ်ရာ့နှစ်ဆယ်ကို ထည့်သွင်းလျက် မြဲမြံ ခိုင်ခန့်အောင် ဖုံးပိတ်ပြီးမှ သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လဆန်း ၁၃. ရက်နေ့ ညဉ့် တစ်ချက်တီး ကျော် ၁၄ ရက် တနင်္ဂနွေနေ့သို့ အဝင် နှစ်နာရီ သုံးပါဒ် ငါးဗီဇနာ တစ်ပြန်ခရာပြည့်အချိန် မတိမ်းမယိမ်းစေရ ထည့်မတ်စွာ ဆီအိုးကြီးများကို မြှုပ်နှံရသည်။

သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့ ညဉ့်သုံးချက်တီးကျော် ခုနစ်ရက် တနင်္လာနေ့သို့ အဝင်

လေးနာရီ၊ နှစ်ပါဒ်၊ နှစ်ဗိဇနာ၊ ငါးပြန် ငါးခရာ အချိန်ဘင် မြို့တော်ကြီးနှင့်တကွ ခုနစ်ဌာနများကို တစ်ပြိုင်နက် အကြီး အကြပ် မှူးတော် မတ်တော် နေ့ကျော်သားတို့က စ၍ အမြောက်သံကြား အခါကော်နှင့် တစ်ပြိုင်နက် အုတ်စီခင်း လုပ်ဆောင်ပြီးလျှင်၊ မြို့တံခါး တစ်ဆယ့်နှစ်ရပ် ယွန်းဆက် သပြေ တန်ဆောင်း ပြာသာဒ်တိုင်များကို စိုက်ထူရသည်။ မြို့တော် လေးမျက်နှာ ခတ်တံခါးလေးမှာ ပြာသာဒ်ဘုံ ခုနစ်ဆင့်၊ မိတ်တံခါးရှစ်မှာ ပြာသာဒ်ဘုံ ငါးဆင့်၊ ထောင့် ပြကြီးလေး၊ ပြငယ် သုံးဆယ့်နှစ်များမှာ ပြာသာဒ်ဘုံ ငါးဆင့် လုပ်ဆောင်၍ သစ်စေးသားရိုး ဟင်္သာပြဒါး ရွှေ မှုန်းမံရ၏။

တံခါးစောင်တိုင် ထူမတ်သည့်နေ့ကစ၍ အမရပူရမြို့တံခါး ဟောင်း အမည်များကို မခေါ်စေနှင့်၊ သမုတ်တော်မူသည့် ကမ္ဘည်းသစ် အမည်များကိုသာ ခေါ်ဝေါ်ရမည် အမိန့်တော် ရှိပြီးလျှင် အရှေ့မျက်နှာ မြောက်စွန် ဝန်ထောက် ပုပ္ပားမြို့စား မဟာမင်းလှ မင်းထင်ကျော် ကြီးကြပ်သည့် မိတ်တံခါးကို လှန်ကဲတံခါး၊ မကွေးမြို့စား၊ ဝန်ကြီး သတိုးမင်းကြီး မဟာ မင်းလှသီဟသူ ကြီးကြပ်သည့် အလယ်သူရဇ္ဇ ခတ်တံခါးကို ဦးထိပ်တံခါး၊ ဝန်ထောက်ခန်းပတ်မြို့စား မဟာမင်းလှသီဟသူ ကြီးကြပ်သည့် တောင်းစွန်မိတ်တံခါးကိုသောင်းညွတ်ဘံခါး၊ တောင်မျက်နှာ အရှေ့စွန် ဝန်တောက် ခဘောင်းဝန်မြို့သစ် မြို့စား မဟာမင်းထင် သီဟသူ ကြီးကြပ်သည့် မိတ်တံခါးကို ကျွန်းလုံးယူတံခါး၊ လောင်း ရှည်မြို့စား အတွင်းဝန် မင်းကြီး

မဟာစည်သူ ကြီးကြပ်သည့် အလယ်ကောလီ ခတ်တံခါးကို ကျော်မိုးတံခါး၊ ဗန်းမော်အတွင်းဝန်မင်းကြီး မဟာမင်းလှစည်သူ ကြီးကြပ်သည့် တောင်မျက်နှာ အနောက်စွန် မိတ်တံခါးကို ရန်နည်းတံခါး၊ အနောက်မျက်နှာ တောင်စွန်းသစ်တောဝန်မင်း ကျော်မင်းလှစည်သူ ကြီးကြပ်သည့် မိတ်တံခါးကို ကြေးမုံတံခါး၊ မြဘောင်မြို့စား သေနတ်ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှကျော်သူ ကြီးကြပ်သည့် အလယ်ပါပ ခတ်တံခါးကို စည်ရှည်တံခါး၊ အတွင်းဝန် ရေနံချောင်း မြို့စား မင်းကြီး မဟာမင်းကျော်မင်းခေါင် ကြီးကြပ်သည့် အနောက်မျက်နှာ မြောက်စွန် မိတ်တံခါးကို ထင်ရှားတံခါး၊ မြောက်မျက်နှာ အနောက်စွန် ပင်းတလဲမြို့စား ပုဂံမြို့ဝန် မင်းကြီး မဟာမင်းခေါင် ကြီးကြပ်သည့် မိတ်တံခါးကို စည်သာတံခါး ပခန်းကြီး မြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူ ကြီးကြပ်သည့် အလယ်မြို့တွ ခတ်တံခါးကို သောသိန်းတံခါး၊ ကင်းဝန်မင်း မဟာမင်းလှ ဇေယျသူ ကြီးကြပ်သည့် မြောက်မျက်နှာ အရှေ့စွန် မိတ်တံခါးကို မန်းဦးတံခါးဟူ၍ သမုတ်တော်မူသည်။

ရွှေမြို့တော် အရှေ့မြောက်ထောင့်ပြကြီးကို လက်ဝဲ ဝင်းမှူး မြေထူး မြို့စားမင်းကြီး မဟာမင်းခေါင်၊ အရှေ့တောင်ထောင့်ပြကြီ ကို မြို့ဝန် နောက်တော် ပါ မြင်း ဝန်မင်းကြီး မဟာမင်းခေါင်၊ အနောက်တောင်ထောင့်ပြကြီးကို မြင်းစုကြီးဝန် မင်းကြီးမင်းလှ မင်းထင်၊ အနောက်မြောက်

ထောင့်ပြကြီးကို ရှေ့ခင်းမှူးသူရဲ ဝန်မင်းကြီး မဟာသမိန် ဘောဖြတ်စ၊ ကျန်ပြငယ် ဘုံဆယ့်နှစ်များနှင့် ရွှေမြို့တော်ကြီး ခုနစ်ဌာနအဝင် ကျုံးတော်၊ စေတီတော်၊ သိမ်တော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာစရပ်တော် များမှာလည်း အမိန့်တော်နှင့် ခန့်ထား ကြီးကြပ်စေသည့် မှူးတော် မတ်တော်တို့ အသီးသီး ကြီးကြပ်စေပြီးလျှင် အခါတော် အမြဲက်သံ ကြားသည်နှင့် တစ်ပြိုင်နက် စ၍ လုပ်ဆောင်ကြရသည်။

ဂင်း အရပ်ဌာနများမှာ ပွဲသမ်းသဘင်ကြီးကျင်းပခံရ၏။ ရွှေမြို့တော်ကြီး ခုနစ်ဌာန တည်သည့်အချိန်အခါတွင် တောင်တန်းအကျဉ်းအမြောင်း နေရသူများကို ဘေးမဲ့ ပေးတော်မူ၏။

တံခါးတော်ပြင်မီးတားရုက်ကာအနီး အုတ်ပလ္လင် သုံးဆင့်ခံ၍ မော်ကွန်းတိုင်စိုက်ထူလျက် ကမ္ဗည်းရုက် ကပ်ပြီးလျှင် သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက် ညဥ့် သုံးချက်တီးကျော် ခုနစ်ရက် တနင်းလာနေ့သို့အဝင် ဓနုဿရာရီ နှစ်ပါဒ် အချိန်တည့်၌ ရတနာပုံ ရွှေမြို့တော်ကြီး ဦးထိပ်တံခါး၊ သောင်းညွှတ်တံခါး စသော ဆိုင်ရာ တံခါးအမည်နှင့် တကွ တံခါး တစ်ဆယ့်နှစ်ရပ် ကမ္ဗည်းဘပ်မှတ်ရ၏။

မြို့ရိုး အုတ်မြစ် သံတာင်တောင်၊ အုတ်ရိုးထုတစ်တာ၊ အချပ် သံ တစ်ဆယ့်ငါးတောင်၊ သူရဲခို သုံးတောင်၊ နှစ်ခုအချပ်

တစ်ဆယ့်ရှစ်တောင်၊ အချင်းတာ ခြောက်ရာ လေးမျက်နှာ တာပေါင်း နှစ်ထောင့်လေးရာရှိသည့် အတိုင်းအတာများဖြင့် ပြုလုပ် တည်ဆောက်စေ၏။

ဤကဲ့သို့တည်လုပ်သည်မှာ သာသနာတော်နှစ် နှစ်ထောင့် လေးရာ ရောက်သောအခါတွင် တည်လုပ်ရသည် ဖြစ်သော ကြောင့်တည်း။

ရွှေမြို့တော်ကြီးမှာ တစ်ပြလျှင် တာငါးဆယ်စီ ထား၍ အရှေ့အနောက် တစ်ဆယ့်နှစ်ပြ တာခြောက်ရာ တောင် မြောက် တစ်ဆယ့်နှစ်ပြ တာခြောက်ရာ၊ အဝန်းတာပေါင်း နှစ်ထောင့်လေးရာ၊ ပြကွက်ပေါင်းတစ်ရာ့လေးဆယ့်လေးကွက် ဖြစ်သည်တွင် နန်းမြို့တော်ရာ ပြကွက်ပေါင်း သုံးဆယ့်ခြောက် ကွက်ကို နှုတ်၍၊ ကျန်ပြကွက်ပေါင်း တစ်ရာ့ရှစ်ကွက်မှာ မင်း မိဖုရား၊ အိမ်ရှေ့မင်း၊ မင်းညီ မင်းသား၊ မှူးတော် မက်တော်၊ သူဌေး သူကြွယ်၊ အမှုထမ်း ဆင်းရဲသား ကျွန်တော်မျိုးတို့ နေထိုင်ရန် ဖြစ်သည်။

ကျုံးတော်ကို အကျယ်တာ နှစ်ဆယ်ထား၍ မြို့တွင်းမြို့ပြင် တံခါးလမ်း၊ ပြလမ်း၊ ဒူးလမ်းများကိုလည်း အကျယ်ကိုးတာစီ အညီအမျှ ထားရသည်။ မြို့တည် နန်းတည် စာတမ်းစာချင်း ရှိပြီးဖြစ်၍ အကျယ်မဆိုပြီ။ (ကုန်းဘောင်ဆက် မဟာရာဇဝင် တော်ကြီး တတိယအုပ် စာမျက်နှာ ၂၇၂ မှ ၂၇၅ ထိရှုပါ။)

"ကမ္ဘာတည်ဦး မဟာသမ္မတ မင်းမှစ၍ မင်းတုန်းမင်းတရားကြီးလျှင် ၃၃၄၀၂၇-ပါးသော မင်းတို့တွင် မင်းတရားကဲ့သို့ ကြီးကျယ်ခမ်းနား ဘိုက်မြိုက်စွာ မည်သည့် မင်းမှ မစံမြန်းခဲ့ရ။ မင်းတရားကြီးသာလျှင် ဘုန်းတော် တန်ခိုးတော်ကြီးကျယ်သောကြောင့် ဝိသုကြုံ နတ်သားက ဖန်တီးပေးလိုက်သကဲ့သို့ ရွှေနန်းတော်ကြီးသည် ၄၇ ရပ်သော ပြာသာဒ်များရှိ၍ အလွန်လှပ တင့်တယ်စွာ ဆောက်လုပ်ပြီးစီးလေ၏။

ကျုံးတော်ကြီးမှာလည်း နဝဒတ် ရေအိုင်ကဲ့သို့ ရွှေနန်းတော်ကြီးကို ဝိုင်းရံထားလေ၏။ ရွှေတောင် (မန္တလေးတောင်)နှင့် ရွှေနန်းတော်ကြီးသည် ကျက်သရေရဲ မင်္ဂလာနှင့် ပြည့်စုံ တင့်တယ်ပါပေ၏။

မင်းတရားကြီးသည် ပြည်ကြီးမှန် ဖောင်ဟု ခေါ်သော ဖောင်တော်ကြီးကို စီးတော်မူ၍၊ ကျုံးတော်ကို လက်ယာရစ်ပတ် လှည့်တော်မူ၏။

ရတနာဘုမ္မိ အမည်ရ ဤမြို့တော်ကြီးသည် အလွန် စည်ကားပြီးလျှင် အထူးထူး အဆန်းအကြယ် တို့ဖြင့် ပြည့်စုံ၍ သိကြားမင်းစံရာ နတ်ပြည်နှင့်တူလေ၏ ဟူ၍ ဖြစ်လေသည်။

ထိုအခါ မင်းတုန်းမင်းတရားကြီး၏ ဖောင်တော် နောက်တွင် ရွှေလောင်းရွှေလှေများနှင့် အိမ်ရှေ့မင်း(ကနောင်မင်း)

ထို့ပြင် သတ္တဌာနနှင့် နန်းမြို့ ပြင်မြို့ တည်ပြီးသော အခါး နန်းသိမ်းပွဲကို အကြီးအကျယ် ပွဲကြီး လမ်းကြီးခင်း၍ ကျင်းပလေ၏။ ထိုအခါ စလေ ဦးပုညက အောက်ပါအတိုင်း ၁၀ ပေါ် ဘောထပ်စပ်၍ ဆက်သွင်းလေ၏။ ၎င်းမှာ....

“သုံးသိန်း သုံးသောင်း လေးထောင်ထိပ်၊
နှစ်ကျိပ်ရှစ်ဆက် မဟာဝင်၊
အတိတ်ဖြစ်ပျက် ကမ္ဘာတွင်အောင်၊
ဘယ်ရာဇာပင် မစံမြန်း။
လေးဆယ့်ရှစ်ရပ် ပြာသာဒ်ရံသည်၊
နတ်ဝိသုကံ သစ်လင်းတန်းသည့်နန်း၊
အိုင်ရေနဝဒတ် နှုန်းဘဏ္ဍီလို၊
ရွှေကျုံးဂမ္ဘီ ကာရံသန်း။
ပြည်ကြီးမှန်ဖောင် လောင်ကမန်းနှင့်၊
ရွှေတောင်ရွှေနန်း ကျက်သရေ။
ရွှေလောင်း ရွှေလှေ ထွေထွေယှက်၊
တေဇော ရွှေစက် ရေရစ်လက်ယာခွံ။
ရတနာဘုမ္မိ တိုင်းဌာနေကို၊
သမိုင်းစာရွှေ ထိန်ထိန်သစ်လို၊
နေအိန္ဒြရစ် နတ်ရှင်ခေတ်ပေ၊
အံ့မျိုးသာလို့ထွေ။
ရွှေနန်းစံသက် မဂ္ဂဒေလို၊
ပုံတောင်းစက်ရွှေ ဆိုက်ပွဲခါဖျော့လေး။
အထက်ပါ တေးထပ်၏အဓိပ္ပာယ် အတိုချုပ်ကား....

နောက်တွင် မင်းသမီး မင်းသားများ၊စစ်ဗိုလ်ကြီးများ ဝန်ကြီးများ၊ အတွင်းဝန်များ၊ မှူးတော်မတ်တော်များ စစ်သားများ၊ သူဌေး, သူကြွယ်များ၊ ကုန်သည်တော် အဝယ်တော်များ တို့မှာ သူ့နေရာနှင့်သူ အသီးသီး လိုက်ကြရ၏။

ဦးပုညစီရင်ရေးသားသော အထက်ပါ ၁၀ ပေါ် သေးထပ်ကို တူရိယာ အစုံအလင်နှင့်တကွ အမျိုးသမီးများက သီဆိုယိမ်းကချေ လိုက်ကြရ၏။

(၉) အသုံးတော်ခံ ဆွင်စလီတသား ဟာဂျီဘိုးအကြောင်း

ဟာဂျီဘိုးမှာ မင်းတုန်းမင်း တရားကြီးနှင့် ညီတော် ကနောင်မင်းသားတို့ ရွှေဘိုမြို့သို့ ထွက်သွားသော အခါက နောက်တော်ပါတည်း။

ရွှေဘိုမြို့မှ အမရပူရမြို့သို့ ပြန်လည်ရွှေ့ပြောင်း၍ ရောက်သော အခါ နန်းတော်တွင်း နောက်တော်ပါတို့ စာရင်းအရ အရည်အချင်းအလျောက် ရာထူးပေးတော်မူ၏။

ထိုအခါ ဦးဘိုးကား ကုန်သည်တော် အဝယ်တော် ရာထူးကို ရလေ၏။ ရန်ကုန်မြို့နှင့် ဘင်္ဂလားမြို့ ခေါ် ကလကတ္တားမြို့သို့ နန်းသုံးပစ္စည်းများ၊ ပိုး၊ ဖဲ၊ ကတ္တီပါများကို ဝယ်၍ ဘုရင့်ထံသို့ ဆက်သွင်းရလေ၏။

ဘုရင် အလိုရှိသော ပစ္စည်း အမျိုးမျိုးတို့ကို အမှာတော်အရ သွင်းရသောကြောင့် အသုံးတော်ခံဟု ခေါ်ကြ၏။ ဗလီတကာ ဦးဘိုးသည် အလွန်ကြွယ်ဝ ချမ်းသာသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေ၏။ ဂျမ်းဗလီကြီးကို ဦးဘိုးတစ်ဦးတည်းကပင် ဆောက်လုပ်လှူဒါန်းသည့်ပြင် ဂျမ်းဗလီ၏မြောက်ဘက် ဝင်းကြီးတစ်ဝင်းကိုပါ ဝယ်၍ လှူဒါန်းလေ၏။ ၎င်းဝင်းကို ဂျမ်းဝင်းဟူ၍ လည်းကောင်း၊ လလ္လာဝင်းဟူ၍ လည်းကောင်း ယခုထက်တိုင် ခေါ်ကြ၏။ ၎င်းဝင်းမှရသော မြေလခ အိမ်လခတို့ကို ဂျမ်းဗလီအတွက် ကုန်ကျစားရိတ် သုံးလေ၏။

ဦးဘိုးသည် နောက်တော်ပါ ဖြစ်သည့်အတွက် ဘုရင်နှင့် မိဖုရားတို့၏ ယုံကြည်မှုကို ခံယူရရှိ၏။ နေ့ညမရွေး၊ နန်းတော်တွင်းသို့ ဝင်နိုင် ထွက်နိုင်လေ၏။

တစ်နေ့သ၌မင်းတုန်းမင်းတရားကြီးကမိန့်တော်မူသည်မှာ "ဟဲ့ ဘိုး၊ မောင်မင်း တစ်နေ့လာလည်း သည်ပုဆိုးမျိုး၊ တစ်နေ့လာသည်း သည်ပုဆိုးမျိုး၊ မောင်မင်းမှာ အခြားဘူတို့ကဲ့သို့ ပိုးဖဲများ မရှိလို့လား" ဟု မေးရာ "ကျွန်တော်မျိုး ဘိုးသည် ဘုရားရွှေတော်မှာလည်း သည်ပုဆိုးမျိုးပါ ဘုရား၊ အရှင်မင်းကြီး ရှေ့တော်မှာလည်း သည်ပုဆိုးမျိုးပါ ဘုရား" ဟု သံတော်ဦးတင်သောအခါ မင်းတုန်းမင်းတရားကြီးက သဘောကျသဖြင့် ပြုံးတော်မူလေ၏။

(ဘုရားရှေ့တော်မှာလည်း သည်ပုဆိုးမျိုးပါ ဆိုသည်မှာ ဘုရားဝတ်ပြုသောအခါ မွတ်စလင် တရားတော်အရ ပိုးမဝတ်ရ၊ ဝတ်ပြုသောအခါလည်း မဝတ်ရ၊) ဂျမ်းဗလီတကာကြီး ဟာဂျီဦးဘိုးသည် ဆရာကြီး ဦးနုရေး ၃၅ ခန်း ကျမ်းကြီးနှင့် ဟာဂျီမှန် ရေး မြက်ဆု၊ လင်္ကာတို့ကို အလွတ်ရသောဟူ၏။ အလှူအတန်း၌ အလွန်ရက်ရော၏။ ဆင်းရဲသူ ဆင်းရဲသားတို့ကို အမြဲလှူဒါန်း ပေးကမ်းစွန့်ကြဲလေ့ ရှိ၏။ ၎င်းတည်ဆောက်သော ဗလီကို နံနက်အရုဏ်တက် ဘုရားဝတ်ပြုသူလူအများ အလျင် ဗလီတကာကြီးက ဦးစွာရောက်၏။ ဗလီဝေယျာဝစ္စ အထွေထွေတို့ကို ဗလီတကာကြီး ကိုယ်တိုင်လုပ်ဆောင်ထားနှင့်မြဲ ဖြစ်၏။

ဗလီတကာကြီး ဟာဂျီဦးဘိုး၏ ဇာတိမှာ မြေစူးမြို့မှဖြစ်ပါသည်။ ဆားကုန်းရွာ အာရ်ဗီ သိဖ္ဖ ကျောင်း၊ ကျောင်းတကာ ဦးထွန်းတင်၏ဇနီး ဒေါ်စိုးမင်းမှာ ဂျမ်းဗလီတကာကြီး ဟာဂျီဦးဘိုး၏ တူမတော်ပါသည်။

ရွှေဘိုမြို့နေ ဒေါ်မယ်မမှာ ဒေါ်စိုးပင်း၏ သမီး ဖြစ်ပါသည်။

မောင်အေးမောင်မှာ ဒေါ်မယ်မ၏ သားအကြီး ဖြစ်ပါသည်။ မျှားမကြာမီက မန္တလေးမြို့ ဈေးချိုတော် တောင်ဘက်တိုက်တန်း ဟာဂျီ ဦးချမ်းသာ သား မောင်ဟာစံ ဆိုးဆေး

ဆိုင်ထဲတွင် တွေ့သောအခါ၊ စကားစပ်မိ၍ ဂျမ်းဗလီ တကာကြီး ဟာဂျီ ဦးဘိုး၏ အကြောင်းကို ထပ်၍ မေးကြည့်သောအခါ အောက်ပါအတိုင်း မောင်အေးမောင်က ကျွန်တော်ကို ပြောပြပါသည်။

ဂျမ်းဗလီတကာကြီးဟာဂျီဦးဘိုးမှာ ကျွန်တော့် ဘွားအေကျောင်းအမ ဒေါ်စိုးမင်း၏ ဦးလေးအရင်း တော်ပါသည်။ ဂျမ်းဗလီတကာကြီး ဟာဂျီဦးဘိုး၏ ဘိုးအေ အထက် အဆက်ဆက်တို့မှာ မြေထူးမြို့မှ ဖြစ်ကြပါသည်။ ကင်းတား ကုလားမျိုးတပ်မှ အမှုထမ်း များ ဖြစ်ကြပါသည်။

ဟာဂျီဦးဘိုးမှာ မြေထူးမြို့သား မြေထူးမြို့ ဇာတိ ဖြစ်ပါသည်။ ငယ်စဉ်အခါက အမရပူရမြို့ ကင်းတား ကုလားပျိုရပ်တွင် နေထိုင်၍ ဘာသာရေး စာနှင့် မြန်မာစာ များကို သင်ကြားပါသည်။

ထို့နောက် ကျောင်းကထွက်ပြီး အရောင်းအဝယ် လုပ်နေစဉ်၊ သက္ကရာဇ် ၁၂၁၄ ခု၊ မင်းတုန်းမင်းဘုရားကြီးနှင့် ညီတော် ကနောင်မင်းတို့ ရွှေဘိုမြို့သို့ ထွက်သွားသောအခါ နောက်တော်မှလိုက်၍ အမှုထမ်းပါသည်။ ထို့နောက် အသုံးတော်ခံ အမှုတော် ထမ်းပါသည်။

ဤအကြောင်းများကို ကျွန်တော်၏ ဘွားအေက မကြာခဏ ပြောပြပါသည်။ ထို့နောက် ကျွန်တော့် ဘိုးအေ

ဘိုးထွန်းတင်၏ အဆက်အနွယ်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဒုတိယသားတော် ဆင်ဖြူရှင် ခေါ် မြေထူးမင်းလက်ထက် စစ်ကဲကြီး နေမျိုးဂုဏ်တရုတ်၏ အဆက်အနွယ် ဖြစ်၍၊ ကသည်းပြည်၊ ယိုးဒယားပြည် တိုက်ခိုက် အောင်မြင်ခဲ့ကြောင်း၊ ကသည်းပြည်မှ ကသည်း မှတ်စလင် ဆယ်အိမ်ထောင်ကို ကံကျေးအဖြစ် ခေါ်ယူခဲ့ကြောင်းလည်း ပြောပါသည်။

ထို့ပြင် အင်္ဂလိပ်မင်း လက်ထက် မြေထူးဆားကုန်းရွာ အာရ်ကျိကျောင်းသို့ စာမေးပွဲကျင်းပသည့်နှစ်တိုင်း ကျွန်တော် ရောက်ပါသည်။ ၎င်း ကျောင်းတကာကြီး ဦးထွန်းတင်ထံ သွား၍ ကျွန်တော် သိလိုသည်များကို မေးမြန်းပါသည်။

ကျွန်တော် "ကျောင်းတကာကြီးထံ ကျွန်တော် မသိတာ မေးလို့ လာပါတယ် ခင်ဗျာ"

ကျောင်းတကာကြီး "ထိုင်ပါ၊ ထိုင်ပါ၊ ဘာများ အလိုရှိပါသလဲ။ ကျွန်တော် သိတာ ပြောပြပါ့မယ်"

ကျွန်တော် မြေထူးမြို့မှ ဗလီဆရာကြီး ဦးရွှေတောင် ပူစူစီရင် ရေးသားတဲ့ (ရှုကျတွလ်အိမ်ကျမ်း) မှာ ရွှေဘိုမြို့မှ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက မြေထူးမြို့တွင် ဗလီကြီး လေးလုံး ဆောက်လုပ် ပေးတော်မူရာ၊ ၎င်း ဗလီကြီးများ ပျက်စီးယိုယွင်းနေတဲ့အတွက် သီပေါမင်းတရားထံ အသစ် ဆောက်လုပ်ပေးပါရန် လျှောက်လွှာတင်တဲ့ခုနှစ်ဟာ သက္ကရာဇ် ၁၂၄၅ ခုလို့ ပါရှိပါတယ်၊ မြန်မာမှတ်စလင် ရာဇဝင် တစ်

စေဝင်မှာတော့ သက္ကရာဇ် ၁၂၃၅ ခုလို့ ပါရှိတဲ့အတွက် ဘယ်သက္ကရာဇ်က မှန်တယ်ဆိုတာ သိချင်ပါတယ် ခင်ဗျာ''

ကျောင်းတကာကြီး ''ရှဲကျူတွဲလ်အိမ် ကျမ်းကို ပြုစု စီရင်ရေးသားသူ ဗလီထိုင် သာသနာ့ရှေ့ဆောင် ဦးရွှေတောင်ဆိုသူဟာ အခြားသူမဟုတ်ပါဘူး၊ ကျွန်တော့်ဇနီး မစိုးမင်းရဲ့အဖေ၊ ကျွန်တော့် ယောက္ခမ ဖြစ်ပါတယ်၊ သီပေါမင်း ပါတော်မမူမီ သက္ကရာဇ် ၁၂၄၅ ခုမှာ ကျွန်တော်နဲ့ ကျွန်တော့်ယောက္ခမတို့ ၎င်း ဗလီ ဆောက်လုပ် ပေးချန်ပါအတွက် ကျောက်လှာတင်ဖို့ မြေထူးမြို့မှ မန္တလေးမြို့သို့ လာကြပါတယ်''

ကျွန်တော် ''ဘယ်လို လာရပါသလဲ၊ ဘယ်နှစ်ရက်ကြာပါသလဲ''

ကျောင်းတကာကြီး ''မြေထူးမြို့က ရွှေဘိုမြို့ကို လှည်းကွင်းတွေ ဖြတ်ကျော်ပြီး ကုန်းကြောင်းခရီး သွားရပါတယ်၊ရွှေဘိုမြို့က ကျောက်မြောင်းကို ကုန်းကြောင်းခရီး သွားရပါတယ်၊ ကျောက်မြောင်းမှ လှေနှင့် မန္တလေးကို စုန်ရပါတယ်၊ သုံးရက်ကြာပါတယ်''

ကျွန်တော် ''မန္တလေးမြို့တွင် ဘယ်မှာ တည်းခိုပါသလဲ''

ကျောင်းတကာကြီး ''မန္တလေးမြို့တွင် ဂျမ်းဗလီ တကာဟာဂျီ ဦးကိုးဟာ ကျွန်တော့်ဇနီး မစိုးမင်းရဲ့ ဦးလေး အရင်း

တော်ပါတယ်၊ ကျွန်တော်တို့ ရောက်တဲ့ညမှာ ကျွန်တော်တို့ မြေထူးမြို့သား မန္တလေးမြို့ဝန်၊ အက္ကပတ်မြင်းဝန် ဦးချို အိမ်နဲ့ ကုလားဝန်မင်း မူလ္လာအီစမန်အင် အိမ်ကိုသွားကြပြီး သိပေါ မင်းတရားထံ လျှောက်လွှာတင်ပေးဖို့ ပြောကြပါတယ်"

ကျွန်တော် "ထိုအခါက ကျောင်းတကာကြီး အသက် ဘယ်လောက် ရှိပါပြီလဲ"

ကျောင်းဘကာကြီး "ထိုအခါက ကျွန်တော့်အသက် ၂၀ ကျော်ပါပြီ၊ သူ့သမီးနဲ့ မင်္ဂလာဆောင်ပြီး တစ်နှစ်ခန့်သာရှိပါ သေးတယ်၊ နောက်ထပ် ဘာများ မေးချင်ပါသေးသလဲ"

ကျွန်တော် "ကျောင်းတကာကြီးတို့ အဆက်အနွယ်ထဲက ရာထူး ဂုဏ်ထူးနဲ့ ပုဂ္ဂိုလ်များရှိပါက သိချင်ပါတယ် ခင်ဗျာ"

ကျောင်းတကာကြီး "အလောင်းမင်းတရားကြီး ဦးအောင် ဇေယျရဲ့ ဒုတိယ သားတော် ဆင်ဖြူရှင် ခေါ် မြေထူးမင်း လက်ထက် မဏိပူရ ကသည်းပြည်နဲ့ ယိုးဒယားပြည်ကို သွား တိုက်တဲ့ "စစ်ကဲကြီး မင်းနေမျိုးဂုဏ်ဇရတ်"ဟာ ကျွန်တော်တို့ အဆက်အနွယ် ဖြစ်ပါတယ်၊ ၎င်း စစ်ကဲကြီး မင်းနေမျိုး ဂုဏ်တရတ်"ဟာ ကသည်းပြည်က, ကသည်း မွတ်စလင်ဆယ် အိမ်ထောင်ကို သူ့အိမ်မှာ ခိုင်းစေဖို့ ကျွန်အဖြစ် ဖမ်းဆီး ခေါ်ဆောင်လာပါတယ်၊ မြေထူးမြို့ အနောက်ဘက် အုန်းပင် ခြံမှာ ထားကြောင်း ဘိုး ဘေးများ ပြောပြလို့ သိရပါတယ်"

ဤကဲ့သို့ ကျွန်တော်နှင့် ကျောင်းတကာကြီး ဦးထွန်းတင် မေးမြန်း ဖြေကြားနေကြစဉ် မောင်အေးမောင်က ဓာတ်ပုံရိုက်ခဲ့သော်လည်း၊ ၎င်းဓာတ်ပုံများမှာ ဂျပန် ဝင်ကာနီး ပျောက်ပျက်သွားကြောင်း ပြောပါသည်။

ဂျမ်းဗလီ တကာကြီး ဟာဂျီ ဦးဘိုးကား မြန်မာမှတ်စလင်များထဲတွင် အလှူအတန်းပေးခြင်း၊ တရားဘာဝနာ အားထုတ်ခြင်းနှင့် ကိုယ်ကျင့်သီလ ဆောက်တည်ခြင်းတွင် စံပြ ထားလောက် ပါပေ၏။ ဂျမ်းဗလီ တကာကြီး ဟာဂျီ ဦးဘိုးမှာ သား သမီး တစ်ယောက်မှ မရှိပါ၊ မမွေးပါ၊ ၎င်း၏မိန်းမ၊ တူများသာ ရှိကြပါသည်။

## (၁၀) မြင်းတော်ခံ ဦးယော အကြောင်း

မြင်းတော်ခံ ဦးယောကား မင်းတုန်းမင်းတရားကြီး လက်ထက်နှင့် သားတော် သီပေါမင်းတရား လက်ထက်တော်အခါတွင် မြင်းတော်ခံရာထူး အမှုတော်ကိုထမ်းရသဖြင့် မြင်းတော်ခံ ဦးယောဟူ၍ နန်းတွင်း နန်းပြင် လူအပေါင်း သိကြပြီး အလွန် ကျော်ကြားသူ တစ်ယောက် ဖြစ်လေ၏။ ၎င်းသည် မင်းတုန်းမင်းတရားကြီး စီးတော်မူသော မြင်းကို နေ့စဉ် ပြုပြင် ကြည့်ရှုရ၏။ မြင်း ကျန်းမာရေး ချို့ယွင်းနေလျှင်၊ ဆီးချုပ် ဝမ်းချုပ်နေလျှင် မြင်း ဆေးသမားတို့ကို ဆေးတိုက်ခိုင်း၏။ မြင်းကျန်းမာရေးနှင့်ညီညွတ်အောင် လမ်းလျှောက်ခိုင်း၏။ ရေချိုးခိုင်း၏။ ဝမ်းနုတ်ဆေး တိုက်ခိုင်း၏။

မြင်းထိန်းနှင့် မြင်းဆေးသမားတို့သည် ဦးယော၏အမိန့်ကို တစ်သွေမတိမ်း လိုက်နာကြရ၏။ မြင်းနှင့်ပတ်သက်၍ အလွန်နားလည် တတ်ကျွမ်းသော သူတစ်ယောက် ဖြစ်လေ၏။ သို့အတွက်မင်းတုန်းမင်းကြီးကမြင်းတော်ခံရာထူးကို ပေးထားတော်မူခြင်း ဖြစ်လေ၏။

မင်းတုန်းမင်းတရားကြီး မြင်းစီးမည့်အခါ မစီးမီ စိန်ရွှေမြ မိုးကုတ်ကျောက်တို့နှင့် ခြယ်စီထားသော အဖိုးအနဂ္ဃထိုက်တန်သော ကြိုးတန်ဆာများကို ဦးယောက ပြင်ဆင် ပေးရ၏။ မင်းတရားကြီး မြင်းပေါ်တက်သောအခါ ဦးယော၏ ပခုံးကို ကိုင်၍ မြင်းခုံပေါ်မှ မြင်းပေါ်တက်လေ၏။ မင်းတရားကြီး မြင်းစီးတိုင်း ဤကဲ့သို့ ဦးယောက အမှုတော်ကို ထမ်းရလေ၏။

တစ်နေ့သ၌ မင်းတရားကြီးကဦးယော၏ပေါင်ကို မြင်လေသော် "ဟဲ့ ငယော မောင်မင်းပေါင်က မိန်းမပေါင်လို ပေါင်ဖြူကြီးပါလား၊ အခြားသူတို့ကဲ့သို့ ထိုးကွင်း မှင်ကြောင်မပါပါလား၊ မောင်မင်း အခြားယောကျ်ားများ ကဲ့သို့ ထိုးကွင်းမင်ကြောင် အောင်းဘိစွပ် ထိုးရမည်" ဟု မိန့်တော်မူလေ၏။ ထို့နောက် ဦးယောက ထိုးကွင်းမင်ကြောင်မထိုးဘဲ နေသဖြင့် မြင်တော်မူပြန်လေသော် နောက်တစ်ဖန် မိန့်တော်မူပြန်လေ၏။

ထိုအခါ ဘုရင်မင်းမြတ်၏ အမိန့်ကို မတော်လှန်မငြင်းဆန်ဝံ့၍ ထိုးကွင်းမင်ကြောင် ထိုးရလေ၏။ (ထိုးကွင်း ဘောင်းဘီစွပ် ဆိုသည်မှာ ခါးမှ ဒူးအောက်ထိ ဘောင်းဘီ ဝတ်ထားသကဲ့သို့ ထိုးရ၏။ ဤကဲ့သို့ မင်းတုန်းမင်းတရားကြီးက အမိန့်ပေးသောအခါ အခြား မထိုးရသေးသော မြန်မာ မှတ်စလင်အပေါင်းတို့ပါ ထိုးကွင်းမင်ကြောင် ဘောင်းဘီစွပ် ထိုးကြလေ၏။)

သို့အတွက် ဦးယောက အောက်ပါအတိုင်း တေးထပ် စပ်ထားလေ၏။ ၎င်းတေးထပ်၏ အဓိပ္ပာယ်ကား—

"သူသည် အစ္စလာမ်ဘာသာဝင်ဖြစ်လျက် ထိုးကွင်း မင်ကြောင် ထိုးရကြောင်း၊ တရားတော်ကမထိုးရကြောင်း၊ နက်နဲလေးနက်စွာ တားမြစ်ထားကြောင်း၊ အလွန် ရဲကြီးကြောင်း တရားတော်ကို သိလျက်နှင့် ဘုရင့်အမိန့်တော်ကို ရိုသေလေးစားစွာ ဦးထိပ်ရွက်တင် ကြောက်ရွံ့ရ၍ မတော်လှန်ဝံ့သဖြင့် မတတ်သာ၍ ထိုးရကြောင်း၊ နောင်တမလွန် သံသရာ၌ ဖွဝိုင်လွန်ဟာဝေယာနှင့် ဂျီဟာန်နန်အမည်ရှိ ငရဲတို့၌ အမြဲခံရမည့်အကြောင်းနှင့် သူသည် ပေါင်မည်းကြီးနှင့် အစ္စလာမ်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားစပ်ဆိုထား၏။

(သို့သော် ထိုအခါက မြန်မာမှတ်စလင် တစ်ရာလျှင် ကိုးဆယ်မှာ ထိုးကွင်းမင်ကြောင် ထိုးကြ၏။ မထိုးသော ဆယ်ယောက်တွင် ဦးယော ပါနေသည် ထင်ပါ၏။)

## တေးထပ်မှာ

''အစ္စလမ် အပြင်ထွက်လို့၊
အစဉ်အဆက် ကိုယ့်ပြောအောင်၊
ဒင်ပြက်လို့ သူဘောကြောင်သည်၊
ငယောမှောင်မိုက်ငြား။

မည်းနက်စွ ရှပ်ကြောင်ပင်၊
ကျုပ်ခေါင်တွင် ထိုးမိချက်မှား၊
လမ်းမြတ်စွ မြတ်ရှုရာမှာ၊
တတ်ဖွေကာအသိသားဟာမို့။
မချိသွားဖြည်းကာ၊
ဖွဝိုင်လွန့် ဟာဝေရာမှာ။
ရှာဖွေကာ အရောက်ကျိုးသည့်ပြင်၊
ဘောက်ထိုးပ ဂျဟန်နန်၊
မြဲစေဖို့ခံ။
လမ်းမြတ်ရှိ ပိုလွန်ပြန်လျှင်၊
အစ္စလမ် ပေါင်မည်းနှင့်လေး။

....✻....

## ခက်ဆစ်အဓိပ္ပာယ်

(၁) ဒင်=သာသနာ
(၂) မြတ်ရှာရာ=မြတ်သောတရား
(၃) ဖေ့ကာ—ဖေ့ကာကျမ်း
(၄) ဖွဝိုင်လွန်=ဖွဝိုင်လွန်အမည်ရှိ ငရဲဘုံ၊
(၅) ဟာဝေရာ=ဟာဝေရာအမည်ရှိ ငရဲဘုံ။
(၆) ရှာဖေ့ကာ=ဖေ့ကာကျမ်း၊
(၇) ဂျဟန်နန်— ဂျဟန်နန်အမည်ရှိ ငရဲဘုံ၊
ငရဲဘုံ ၇နှစ်ထဲတွင် သုံးထပ်၏ အမည်။

အထက်ပါ တေးထပ်မှာ (၇၃)လမ်း၊ စစ်ကိုင်းတန်းရပ်စက်ဘီးဆရာဦးစံလင်း ရွတ်ဆိုပြသဖြင့် ရေးကူး၍ထားသည်ကို ထည့်သွင်းဖော်ပြခြင်း ဖြစ်လိုက်ပါသည်။ ဦးယော စပ်ထားသည်မှာ နှစ်ပေါင်းတစ်ရာခန့် ကြာခဲ့ပြီဖြစ်သဖြင့် တေးထပ်တစ်ပုဒ်လုံး အပြည့်အစုံ မရကြတော့ပါ။ (လက်ဝဲ့ကျောင်းကျားဘညိမ်းမှာ ဦးစံလင်း၏ တူသားဖြစ်ပါသည်။)

မင်းတုန်းမင်းတရားကြီး လက်ထက်မှစ၍ အင်္ဂလိပ်မင်းလက်ထက်တိုင် ဦးယောနေသော အိမ်ဧနေရာကား၊ ယခု အမျိုးသမီး အထက်တန်းကျောင်း မြောက်ဘက်မှာ ဖြစ်ပါသည်။ ဦးယောသည် အခြား ကဗျာလင်္ကာ မြောက်မြားစွာ တို့ကိုလည်း စပ်ဆိုရေးသားခဲ့လေ၏။ အင်္ဂလိပ်မင်း လက်ထက်မှာ ကွယ်လွန်အနိစ္စရောက်လေ၏။ သူ၏ မြေးများ မြစ်များမှာ ယခုတိုင် ရှိကြပါသည်။

## (၁၁) အသုံးတော်ခံကုန်သည်တော်ခေါင်းမင်း အိုးဘို ဗလီတကာ ဦးချိန်အကြောင်း

အသုံးတော်ခံ ကုန်သည်တော်ခေါင်း အိုးဘို ဗလီတကာ ဦးချိန်မှာ မင်းတုန်းမင်းတရားကြီး နန်းမတက်မီ အမရပူရမြို့ ပုဂံမင်း လက်ထက်မှ စ၍ မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်း တရားတိုင် နန်းတော် အိမ်တော်များသို့ ပိုးခင်များကို တပည့်အလုပ်သမားများနှင့် အရောင်အမျိုးမျိုးဆိုး၍ ဆက်သွင်းရသော အသုံးတော်ခံ ကုန်သည်တော်ခေါင်း တစ်ဦးဖြစ်ပါသည်။

အခြားသော ပိုးကုန်သည်ငယ်တို့က ခေါင်းမင်း ဦးချိန်ထံ ပို့ရ၏။ ဦးချိန်ကမှ တစ်ဆင့် ၎င်း၏ပိုးခင်နှင့် အခြား သူများ၏ ပိုးခင်များကိုပါ စု၍ နန်းတော် အိမ်တော်များသို့ပို့သွင်းရလေ၏။ (နန်းတော်သူ နန်းတော်သားများက ၎င်းတို့ကြိုက်နှစ်သက်သော အဆင်အဆန်း အမျိုးမျိုးတို့ကို ပိုးခင်ပေး၍ ရက္ကန်းတော် တို့ကို အယက်ခိုင်းလေ၏။)

မင်းတုန်းမင်းတရားကြီးသည် အမရပူရမြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့လာပြီး ဗလီမြေနေရာများ ပေးဝေသော အခါ အိုးဘို ဗလီမြေနေရာကိုပါ ပေးသဖြင့် ဦးချိန်သည် ၎င်း တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းလေ၏။ ဗလီတကာ ဦးချိန်ကား အလွန်ကြွယ်ဝ ချမ်းသာသူ, သူဌေးတစ်ယောက် ဖြစ်လေ၏။

ဤ ဗလီတကာ ဦးချိန်၏ အကြောင်းကို ၎င်း၏ မြေးအရင်း ဦးဘကြီးကို မေးကြည့်ရာ၊ ဘိုးအေ အသုံးတော်ခံ ကုန်သည်တော် ခေါင်းမင်း ဦးချိန် စာစ်ဦးတည်း ဆောက်လုပ်လှူဒါန်းခဲ့သည် ဆိုသည်ကို ၎င်း၏ဖခင် ဦးလွင်နှင့် အခြားသူများက ပြောခဲ့ကြ၍ သိရကြောင်း၊ အခြား နောက်ပိုင်း ဘာတစ်ခုမှ မသိရကြောင်းနှင့် ပြောပြ၏။

သို့သော်လည်း မန္တလေးမြို့ ၈၃-လမ်း၊ ပန်းကန် ကုန်သည်ကြီး ဟာဂျီဦးမောင်ကြီးထံသို့သွားရောက်မေးရာ အောက်ပါအတိုင်း ပြောပြလေ၏။ (ဟာဂျီ ဦးမောင်ကြီးမှာ ယခု အသက် ၉၀ တွင်းသို့ ရောက်နေပြီး ဦးချိန်၏ မြေးအရင်းဖြစ်သည်။)

ဦးဘကြီး ဟာဂျီဦးမောင်ကြီး တိုက်ပေါ် ရောက်သော အခါ—

ဟာဂျီဦးမောင်ကြီး "ဘာကိစ္စ လာပါသလဲ"

ဦးဘကြီး "အိုးဘိုဗလီအကြောင်းသိလို၍ လာရပါတယ် ခင်ဗျာ၊ အိုးဘိုဗလီကို ဘယ်သူ တည်ပါသလဲ။ ဗလီတကာ ဘယ်သူ ပါလဲ"

ဟာဂျီကြီး "မင်းရဲဘိုးအေ အသုံးတော်ခံ ဦးချိန် တည်ပါတယ်"

ဦးဘကြီး "ကျွန်တော့် ဘိုးအေ စာစ်ဦးတည်းဆောက်လုပ် လှူဒါန်းပါသလား"

ဟာဂျီကြီး ''မင်းဘိုးအေ ဦးချိန် တစ်ဦးတည်း ဆောက် လုပ် လှူဒါန်းပါတယ်။ ယခု မင်းက ဗလီဒုကာ လုပ်ချင်လို့ လာမေးတာလား''

ဦးဘကြီး ''မလုပ်လိုပါ၊ ဘိုးအေဗလီတကာ ကျွန်တော့် ဘိုးအေ ဦးချိန်အကြောင်းနဲ့ ဗလီအကြောင်းတို့ကို ဦးဘဦး ဆိုသူက ''ရွှေမန်းအနှစ်တစ်ရာပြည့် မြန်မာမှတ်စလင်''စာအုပ် တွင် ရေးသားလို၍ မေးမြန်းပေးပါ ပြောသဖြင့် ကျွန်တော် မသိတာ ယခုကဲ့သို့ ဟာဂျီကြီးထံလာမေးရခြင်းဖြစ်ပါတယ်''

ဟာဂျီကြီး ''အိုးဘိုဗလီကို မင်းဘိုးအေ ဦးချိန် တစ်ဦး တည်း ဆောက်လုပ်လှူဒါန်းထားပါတယ်။နောက်ပိုင်း အချိန် မှာ ဗလီ ပျက်စီး ယိုယွင်းနေလို့ မင်းအဖေ၊ မင်းဘကြီး၊ မင်းဘထွေးတို့က မပြင်နိုင်တာနဲ့ ဟာဂျီ ဦးမြစ်က ငါပြင်မယ် ငါ ဗလီတကာအမည်ခံလိမ့်မယ်၊ မင်းတို့တစ်တွေ ငါ့ကို လက် မှတ် ထိုးပေးရလိမ့်မယ် ပြောလို့ လက်မှတ် ထိုးပေးကြရတယ်၊ ဒန်ပေါက်ထမင်းကျွေးပြီး ဗလီလွှဲပွဲတွင် လူအများ ရှေ့မှာ မင်း အဖေ၊ မင်းဘကြီး၊ မင်းဘထွေးတို့က လက်မှတ်ထိုးပြီး လွှဲပေးကြပါတယ်။ လွှဲပွဲမှာ ငါပါ၊ ပါဝင်လို့ ဒန်ပေါက် ထမင်း စားရပါတယ်။

နောက်ပိုင်းမှာ ဟာဂျီ ဦးဘိုးမြစ်က သူ တစ်ဦးတည်း အကုန်ခံပြီး ပြင်ဆင် ဆောက်လုပ် လှူဒါန်းတဲ့ အခါ အရပ်

ထဲက အဆောက်အအုံဘက်တွင် အလွန် ကျွမ်းကျင်နားလည်သူ ဟာဂျီသိုင်းနှင့် ဟာဂျီဦးဟာရှင်တို့က ကြီးကြပ် ကြည့်ရှုစီမံပြင်ဆင်ပါတယ်။

နောက်ပိုင်းမှာ မင်း ဘာလိုသလဲ''ဟု မေးရာ ''မမေးလိုတော့ပါ၊ ယခုသောက် သိရတာ အလွန် ကျေးဇူးတင်ပါတယ်''ဟု နှုတ်ဆက်၍ ပြန်လေ၏။ (အထက်ပါ ပန်းကန်ကုန်သည်ကြီး ဟာဂျီဦးမောင်ကြီး ပြောသကဲ့သို့ အမရှေ့ ကုန်းရှိုး တန်းရပ် ကန်ထရိုက်တာကြီး ဦးမောင်ကလေး၏ညီအရှင်း ကန်ထရိုက်တာကြီး ဦးတင်ပု၏ ယောက္ခမ ဟာဂျီသင်က အိုးဘိုဗလီကို ဦးချိန တစ်ဦးတည်း တည်ကြောင်း ပြောပြဖူးပါသည်။)

မကြာမီက ကျွန်တော်သည် အိုးဘိုဗလီသို့ တရားနာနှင့် ဘုရားဝတ်ပြုရန် သွားပါသည်၊ ဘုရားဝတ်ပြုအပြီး အသက် ၉၀ တွင်းရှိ ဟာဂျီရှင်ကို အိုးဘိုဗလီ မည်သူတည်ဆောက်လုပ်လှူဒါန်း ပါသနည်းဟု မေးကြည့်ရာ၊ ၎င်းက ဟာဂျီဦးမောင်ကြီး၊ ဟာဂျီသင်တို့ ပြောသကဲ့သို့ ဦးချိန် တည်ကြောင်းပင် ပြောပြပါသည်။

၎င်းပြင် ထိုအိုးဘိုဗလီပြီး သင်္ချိုင်း နှမ်းမျိုးတို့ကို ဆေးကူးခဲ့၍ အောက်ပါအတိုင်း ထည့်လိုက်ရပါသည်။ အိုးဘိုဗလီအတွင်း ပန်းပုထုထားသော ဗလီပြီး မှက်စလင် သင်္ချိုင်းမှာ

"ဟာစ်ဂျီရီ သက္ကရာဇ် ၁၂၇၉ ခု မေဘ်ဟာရမ်လ ပြီးစီး၏" ဟူ၍ ဖြစ်၏။

ဗလီအတွင်း တောင်ဘက်တိုင်တွင် ဆိုင်းဘုတ်ရေး၍ ကပ်ထားသည်မှာ "မြန်မာသက္ကရာဇ် ၁၂၂၁ ခု တပေါင်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ ဆောက်လုပ်ပြီးစီးပါသည်" ဟူ၍ ဖြစ်၏။

သက္ကရာဇ် ၁ ၁၉ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့ မင်းတုန်းမင်းတရားကြီးနှင့်တကွ မြို့သူမြို့သားများ အမရပူရမြို့မှ မန္တလေးအရပ်သို့ ပြောင်းရွှေ့လာကြပြီး၊ ထိုမြို့ ပြောင်းစအချိန်တွင် ဆောက်လုပ်သော ဗလီဖြစ်ရာ၊ မန္တလေးမြို့ သတ္တာဌာနနှင့်တကွ မြို့တည်သောအခါ အိုးဘို ဗလီ ပြီးစီးလေ၏။

ထို့ကြောင့် ယခု သက္ကရာဇ် ၁၃၂၁ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့ဆိုလျှင် "အနှစ်တစ်ရာ ပြည့်လေပြီ"။ ပထမ ဗလီဆောက်စက ပန်းပုအနုပညာ လက်ရာများမှာ မြန်မာပြည်တွင် အလှဆုံးထဲ၌ပါဝင်သဖြင့် အခြားမြို့ရွာများမှမြန်မာမွတ်စလင်ဧည့်သည်များ မန္တလေးမြို့သို့ ရောက်လျှင် ဤ အိုးဘို ဗလီမှ ပန်းပုလက်ရာများကို လာ၍ ကြည့်ရှုကြပါသည်။ မြင်သူတိုင်း ငေး၍ မချီးကျူး မအံ့သြဘဲ မနေနိုင်ကြပါ။ ၎င်းပန်းပုလက်ရာများ မပျက်စီးသေးပါ။ မြို့ပြောင်းစက ပန်းပုထုထားသည့် အတိုင်းပင် ရှိပါသည်။

အသုံးတော်ခံ ဂျွမ်းဗလီတကာ ဟာဂျီ ဦးဘိုး ဆောက်လုပ်လှူဒါန်းသော ဂျွမ်းဗလီကြီး၏ ပန်းပုလက်ရာမှာလည်း အိုးဘိုဗလီမှ ပန်းပုလက်ရာများကဲ့သို့ပင် လှတိုင်း ချီးကျူး အံ့သြကြရ၏။ ဒုတိယကမ္ဘာစစ်ကြီးတွင် ဂျပန်တို့၏ ဗုံးဒဏ်ကြောင့် မီးထဲပါသွားသဖြင့် ယခု နောက်တစ်ဖန် အသစ် ဆောက်လုပ်ထားကြလေ၏။

မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါမင်း လက်ထက်တော်အခါက အသုံးတော်ခံ ကုန်သည်တော် ခေါင်းမင်း၊ အိုးဘို ဗလီတကာ ဦးချိန် နေသော နေရာကား—မန္တလေးမြို့၊ ၈၃ လမ်းနှင့် ၂၉—လမ်းထောင့်၊ (လမ်းလေးခွ၏ အနောက်တောင်ထောင့်) နှစ်တိုက်ခြား ယခု ဦးမှတ်စတဖွာ နေသော တိုက်နေရာ ဖြစ်ပါသည်။ အိုးဘိုဗလီတကာ ဦးချိန်၏သားများမှာ ဦးသင်၊ ဦးလွင်၊ ဦးခင်၊ ဦးသင်းနှင့် ဦးစုတို့ ဖြစ်ကြပါသည်။ ဦးလွင်၏သား ဦးဘကြီး၊ နှမ ဟာဂျီမ ဒေါ်ဆင့်၊ ကိုစမန်အင်၊ ကိုဂနီတို့ ယခု ရှိကြပါသည်။

မန္တလေးမြို့တော်တွင် တစ်ဦးတည်း ဆောက်လုပ် လှူဒါန်းသော ဗလီနှင့် ဗလီတကာတို့ကား—

(၁) မြင်းကပ်ဗိုလ်မင်း ဝလီခံ တည်ဆောက်ထားသော ၂၆ ဘီလမ်း၊ အရှေ့အင်းခန်းစိုက်အနီး ဝလီခံရပ်ရှိ ဝလီခံဗလီ။

(၂) စကြာအမြောက်တပ်မှ ဗိုလ်စိန် ခေါ် ဟာဂျီစိန် တည်ဆောက် ထားသော ၈၂ လမ်း၊ အမြောက်တန်းရပ်ရှိ အမြောက်တန်း ဗလီ။

(၃) အသုံးတော်ခံ ဟာဂျီဘိုး တည်ဆောက်ထားသော ဂျွမ်းဗလီ။

(၄) အသုံးတော်ခံ ကုန်သည်တော်ခေါင်းမင်း ဦးချိန် တည်ဆောက်ထားသော အိုးဘိုဗလီ။

(၅) ကျောက်ရဲမြို့စား၊ အကောက်ဝန်။ အခွန်ဝန်၊ လောကဗိမာန် လှေတော်အုပ် "မဟာဘောဂ သီရိမနေရာဇာ" မူလ္လာအဗ်စမန်အင် တည်ဆောက်ထားသော ဈေးချိုနာရီစင် အနီး စူလ္လတိဗလီ။

(၆) "မဟာ ဘောဂ သူဌေး" ဘွဲ့ရ သူဌေးမင်း ဦးမောင်ကြီး ခေါ် ဦးအဗ်ဆုံမှ တည်ဆောက် ထားသော ၂၄-လမ်း၊ သူဌေးတန်းရပ်ရှိ သူဌေးတန်းဗလီ။

(၇) အသုံးတော်ခံ စိန်မမချို တည်ဆောက်ထားသော ၂၃ လမ်းရှိ ကျောက်ဗလီ။

(၈) ပတ္တမြား ကျောက်ကုန်သည် သူဌေး ဦးညိမ်း တည်ဆောက်ထားသော ဆိုင်းတန်းဗလီ။

(၉) အေလမ်း၊ အမြောက်တန်းကြီးရပ်၊ ဦးအပ္ပဒူလ် မဂျစ်ဘရေးသား တည်ဆောက်ထားသော စကြာတောင်ဗလီ။

(၁၀) ဈေးချိုတော်တိုက်တန်းကြီး အနောက်မြောက် ဆင်ကျုံးဗလီ။ (တည်ဆောက်သူမှာမင်းတုန်းမင်းတရားကြီးနှင့် သွားတော် သီပေါမင်းတရား လက်ထက် အသုံးတော်ခံ ကုန်

သည်တော် ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်ကြီး၏ အမည်မှာ ဦးစံသိး ဖြစ်ပါသည်။ သူကြွယ်မင်း ဦးစံပျော်၏ တူအရင်း ဖြစ်ပါသည်။) အခြား တစ်ဦးတည်း တည်ဆောက်ထားသော ဗလီများလည်း မန္တလေးတွင် ရှိပါသေးသည်။

## (၁၂) အသိုးတော်ခံ ကုန်သည်တော် ဟာဂျီမှန် အကြောင်း

ဟာဂျီမှန်မှာ သက္ကရာဇ် ၁၁၉၆ ခု၊ ဘကြီးတော် စစ်ကိုင်းမင်း လက်ထက်၌ အင်းဝမြို့တွင် မွေးဖွား၏။ မွတ်စလင်အမည်ကား (အပ္ပဒူလ်ရဟမန်)၊ မြန်မာအမည်ကား (မောင်မှန်) ဖြစ်ပါသည်။ ဟာဂျီမှန်၏ ဖခင် အမည်မှာ မွတ်စလင်အမည် (အပ္ပဒူလ်ဟာကင်မ်) ဖြစ်၍၊ မြန်မာအမည်ကား(ဦးပေတာလူ) ဖြစ်ပါသည်။ ဦးပေတာလူကား ဘကြီးတော် စစ်ကိုင်းမင်း လက်ထက်တွင် ပုဂံမြို့ဝန် ဖြစ်ပါသည်။ ဟာဂျီမှန် အသက် နှစ်နှစ်တွင် မိဘနှစ်ပါးစလုံး ကွယ်လွန် အနိစ္စရောက်ပါသည်။

မိဘနှစ်ပါး ရှိစဉ် ငယ်စဉ်အခါက ၎င်းအား မိဘများက အလွန် ချစ်ခင်သဖြင့် ရင်ခွင်ပေါ် တင်ပြီး၊ အခါခါ နမ်းကြောင်း၊ မိဘနှစ်ပါးကိုယ်တိုင် ကျွေးမွေး ဝတ်စားဆင်မြန်းပေးကြောင်း၊ ကျေးကျွန် အခိုင်းအစေတို့နှင့် ထားကြောင်း သူများထက်သာအောင် ထားကြောင်း၊ ရွှေ ငွေ ရတနာကိုပါ ဆင်မြန်း ထားကြောင်း၊ မိဘနှစ်ပါးကို လျှပ်တပြက် မျှပင် မမေ့၍မှု မျက်ရည်များ ယိုစီးလာပြီး ဖြေ၍မဆည်နိုင်အောင်

ငိုမိကြောင်း၊ သို့အတွက် မိဘနှစ်ပါး ငရဲစောင်း၍ ကောင်းရာ မွန်ရာ ရောက်စေရန် ဘုရားရှင်ထံ ကြိုင်ပြီး လက်နှစ်ဘက်ဖြန့် ဆုတောင်းမေတ္တာ ပို့သကြောင်းနှင့် မြတ်ဆုရ လက်ာကျမ်း၊ စာမျက်နှာ (၁၃) တွင် အောက်ပါအတိုင်း ရေးသား စပ်ဆို ထား၏။

"ဖြေလျော့ကရှင် ကျေးဇူးရှင်၏၊
တစ်စလင်များစွာ ထိုက်တန်ရာကား၊
ရင်းချာမျက်ဖြေ၊ ဘသက်ဝေနှင့်၊
မွေးမေမိခင်၊ နှစ်ပါးခင်တို့၊
ငယ်စဉ်ကသော်၊ ရင်ခွင်ပေါ်၌၊
စိုက်ခေါ်ဖက်ရမ်း၊ ခုခုနမ်း၍၊
ချစ်နှန်းနှစ်ခိုင်၊ ဆုံးသက်တိုင်လျှင်၊
ကိုယ်တိုင်ကျွေးမွေး၊ ဝတ်စားပေးလျက်၊
ကျွန်ုပ် ကျေး ရွှေ ငွေ၊ မျက်ကိုထွေမှ၊
ထင်စေသုံးစွဲ၊ အနည်းနည်းဖြင့်၊
ဆက်သူငါ၊ ဘာထက်သာအောင်၊
ပြုရှာပေသည်၊ အတည်တည်ကို၊
လျှပ်ချည်တမှိတ်၊ မပြတ်စိတ်နှင့်၊
ယိုဖိတ်မျက်ရည်၊ အောက်မေ့လေက၊
စက်ဖြေမနိုင်၊ တဘုန်းလှိုင်ဝယ်၊
နှစ်ပြိုင်လက်ခံ၊ တောင်းဆုပန်သည်။
ဂျဟုံကောင်း၍ ဖြတ်ကြောင်းတည်း။

မြစ်ဆုရ လက်ာကျမ်းတွင် အောက်ပါအတိုင်း အချီအချ ပဒုတ္တရတုပိုဒ်စုံ သုံးပိုဒ် ရေးထားလေ၏။

(တစလ—ရှိကျိုးခြင်း—ကြို့ငဲ့ခြင်း၊
ဂျိုဟံ=သရဲ=အပွာယ်ဘု)

"မြောင်းရှန်းရွှေစာ မှောင်ယှင်းခွါ၍၊
ဝဟာဒါနီယက် တမလ်မြစ်ဝယ်၊
တပ်အပ်ပြည့်ထွေ၊ မြဲပစေဟု၊
သင်းဖြေလှိုင်ထု ရန့်စုံကို၊
မကြုံနိုင်ဘိ ခြားလျက်ရှိသော်၊
အသိရောက်ကြောင်း ဤနှာခေါင်းဝယ်၊
ထောင်းထောင်းမွှေးကြူ လေနှယ်ယူ၍၊
ရှုစေများစွာ ပို့သောငှာဖြင့်၊
ကျမ်းမှာထင်ရှား အပါးပါးကို၊
ဘရားနှိုးရင်း ကြွယ်ကြောင်းနှင့်၏၊
ဆိုခြင်းနာဘွယ် အဓိပ္ပာယ်ကား၊
နက်ကျယ်ခက်ထန် သိုက်တွင်းစံလျက်၊
မင်းတန်စိုးသုံး ဖိုးမဆုံးသည့်၊
အလုံးဖွဲ့ထား ပတ္တမြားသို့၊
ထံပါးရွှေ့မှောက် လွယ်လွယ်ဆောက်မူ၊
စိတ်ရောက်လိုရာ သုံးရာသာတည့်၊
နှိုက်ကာဆင့်တိုး၊ ကြံအားကိုးသော်။
တိမ်မုံးကြိုးလား မှောင်ကို တားသည်၊

ပတ္တမြားရောင်လက် ကြုံတိုင်းထွက်ရှင့်၊
ဤအက္ခရာ မအနာ၌၊
သေချာစိမ့်စိမ့် ကြင်စောငြိမ့်အောင်၊
ချိုဆိမ့်သာအေး နှလုံးကြေးကို၊
ပွတ်ဆေးပြီးလျှင် နူရိရောင်တင်သို့၊
ပျို့လက်ာထူး ညွန့်ဖူးဖူးဖြင့်၊
စိတ်ကူးကြံစည် ရေးခဲ့သည်တည့်၊
ကြည်ကြည်မနောက်၊ သဘောပေါက်မူ၊
ထက်အောက်ဆုံးတိုင် အဆိုင်ဆိုင်ကို၊
တစ်အိုင်ယှဉ်ခေါ် အသိပေါ်၍၊
မြင်မြော်ချဲ့ချဲ့ ပွစ်စွန့်ခဲ့၍၊
ထိုက်တဲ့လျော်ညီ ဝဟာဒတ်ဆီဝယ်။
ခိုမှီစိုက်စိုက် ပျော်ကြောင်းဆိုက်လိမ့်၊
စိတ်၌ပိုမို ကျမ်းစာဆိုက၊
အလိုနှောခါ ကျွန်ဘာသာလျှင်၊
မြူလွှာချမ်းမျှ မသွင်းစတည့်၊
တစ်ပါးဟောဒယတ် အရိပ်ရိပ်လျှပ်သာ၊
သူမြတ်သူစင် အာရှစ်ဝင်လျက်၊
သခင်အိုလမာ ပြိုရ်များစွာတို့၊
ရေစာလာညွှန့် ခွန်းမိန့်ကွန့်၍၊
အစွန့်ဆက်ရှည် ပြုခဲ့သည်နှင့်၊
ဘောကြည်ငြိမ်သက် နှစ်လမ်းဘက်က၊

ခွလျက်မှတ်ကြင် ချစ်နှစ်ခင်သာ၊
တွင်းပြင်အစ်ဘရပ် တွေ့တတ်အပ်ကြောင့်၊
ဆိုင်းဖြတ်ဝေဖန် လက်သံဖြင့်၊
ကြုံကြုံစည်စည် ညွန်းပေသည်ရှင့်၊
မှားမည်ယိုယွင်း ပါရှိလျှင်းလည်း၊
ဘယ်မင်းမဟူ ပြင်တော်မူလော့၊
ဆူဆူဆင့်ဆင့် ချေးထုံးဖြင့်လျှင်၊
ယူလင့်အဆော ကြိုက်လိမ့်လောဟု၊
တွေးတောစီကုံး ချီးကွဲရုံးသည်၊
မြတ်ဆုံးမြင့်ပါ စေကုန်သောဝ်။ -

တောင်ကျွန်းမွေညာ မြေလက်ယာဝယ်၊
တောဇေကန္တလိုင် ကျော်နံ့ကြိုင်သည်၊
ခရိုင်မြန်တွင်း မင်းထက်မင်း၏၊
စံခင်သာစည် နန်းမြို့ပြည်ဝယ်၊
ဝန်းလည်းဝိုက်ခြုံ ရှိနေကုန်သား၊
ယုံကြည်အစွဲလမ်း ဒင်သားမှန်တို့၊
ညွှန်သည့်တရား ဤစကားကို၊
မှတ်သားလိုက်နာ ထိုးထွင်းပါအောင်၊
ဆရာလည်းပြ သပ်ကြောင်းချ၍၊
လမ်းစတီထွင် ကျွန်ုပ်ပြင်သည်၊
လိုက်လျှင်ထုတ်ချောက် ရှယ်တိုင်းရောက်လိမ့်၊
နောင်နောက်ချမ်းသာ ရစိမ့်ငှာကို၊

ထိုစာပြုသူ မေးကြမှုကား၊
မဖြူမညို ထားမျက်ချိုနှင့်၊
နဂိုနွဲ့လျ ရွှေအင်းဝဝယ်၊
ဌာနချက်မြှုပ်၊ မကြမ်းကြုတ်သား၊
မယုတ်မျိုးနွယ်၊ ဂုဏ်သိမ်ကြွယ်လျက်၊
ကျားနွယ်မကြွား ဖားနွယ်ပြား၍၊
သနားအောက်ကြို့ မြင်တိုင်းတို့ကို၊
ကိုယ်သို့မေတ္တာ ဘောစိတ်ပါလျှင်၊
မျှားစွာထပ်လောင်း အရှင်ကောင်းဝယ်၊
မြတ်ကြောင်းဆုချွေ တောင်းမိချေရှင့်၊
ဝေသည့်ဖလံ အကျွန့်ထံကို၊
ပြန်ပါကုန်ကြ ဒိုအာသလည်း၊
နှုတ်ကအာမျိ လိုက်ဆိုပြီးသည့်၊
မဖည်စိတ်ပါ ဝါသနာကြောင့်၊
ဤစာမှုစု သက်ကို့ရှုလျှင်၊
ရှက်နုပျိုမြစ် သုံးဆယ့်တစ်တည့်၊
ဘီ ချစ် ဘေး ဘိုး စဉ်လာရိုးဖြင့်၊
ကျော်ဟိုးထင်ရှား ဘမင်းဖျားလည်း၊
တရားမတိမ် ဘုန်းတော်ထိန်သည့်၊
ရာဇိန္ဒာဘိ လောင်းမှုန်ဟု၊
ပြည်ကြီးသခင် ဆင်မင်းရှင်၏၊
ကျွန်တွင်ကျွန်ယုံ တိုင်းလုံးတုန်မျှ၊

လှဲပုံမကြွင်း ဓားပိုင်နှင်းသည့်၊
ရှေးမင်းသာလွန် ပုဂံဝန်တည့်၊
တံခွန်လွင့်ကာ နှောင်းသောခါ၌၊
ဖူးစာပါညီ သွေမဖီသည်၊
ရှုဟိဒီစစ် ထင်ရှားဖြစ်ရှင့်၊
ဘွားသစ်ငယ်သေး ကျွန်ကလေးက၊
ချစ်သွေးဘမယ် နှစ်ပါးကွယ်၍၊
ဆွေလယ်မျိုးပုံ ရှင်အားကြုံလျက်၊
ရတုန်နစီဟတ် နှလုံးမြတ်ဝယ်၊
ပျိုးလတ်ရှင်ရှင် ပန်းသစ်ပင်သို့၊
ဖြာလျှင်ဖြာခြင်း ပွားစေမင်းဟု၊
နှိုးရင်းရှေးနှုန်း ဖော်ခဲ့ရုံးသည်၊
မှတ်သုံးကျင့်ပါ စေကုန်သော်ဝ်။

နောင်ထွန်းစေရာ ကျမ်းညွှန်းဖြာသည့်၊
ရေစာလာမြတ် နှလုံးနတ်ဖွတ်၊
ဂျေဟတ်စစ်ဆင် ခုတ်ဖြတ်ထွင်စိမ့်၊
သခင်မှတ်ရရှစ် ခွန်းမိန့်စစ်ကို၊
ပေါ်သစ်ထူးစေ လျှော်ဦးရွှေသို့၊
ဘုတ်ငွေရောင်သွေး စိန်စုတ်ရေးလျက်၊
ပျံ့မွှေးသင်းကြည် ဖွင့်ခဲ့သည်ကား၊
ရိပ်ခြည်ပေါ်ချေ အသိပွေက၊
ရှာလေဆရာ သိသူမှာလည်း၊

ထပ်ခါသတိ ရရန်ရှိလိမ့်၊
ထင်မိစိတ်ဝယ် အဓိပ္ပာယ်ကို၊
နာလွယ်စေလို ရိုးရိုးဆို၏၊
ယွင်းယိုဘောထား သင့်စကားသာ၊
အလားရှေ့နောက် လိမ်ကောက်ကောက်ဖြင့်၊
မလျောက်ပတ်စွာ ရေးသောစာဟူ၊
ကွယ်ရာမှတ်မယ့် မကဲ့ရဲ့နှင့်၊
ပါတဲ့ ကဗ္ဗမတ် သဘောတတ်မှ၊
မြတ်သည့်ထုံးစံ မိုက်သူ့ထံကို၊
ပေးရန်ဟေ့ဒါယာ မရှိပါရှင့်၊
တအာလာပိုင် သူ့လက်ကိုင်တည့်၊
ထို အိုင်နေယတ် သို့ဂိရတ်မှ၊
စွေဖွပ်ကမလ် သဟ်ဖွစွလ်ကို၊
အမလ်ဘယ်သို့ လူပြိန်းတို့ဝယ်၊
လင်းဖို့သင့်ဉာဏ် ဘယ့်နှယ်ကြံလိမ့်၊
သဏ္ဌာန်ဝတ္ထု ဇာတ်နှယ်နှသား၊
ရေးလူကစွာ ကျမ်းဖွစ်ကာသို့၊
စဉ်လာမလွဲ လွန်သဲကွဲအောင်၊
ရေးမြဲမဟုတ် မြွေရွေကြုတ်ကို၊
လွယ်ရှုတ်တရက် အဖွင့်ခက်၍၊
နှုံလက်တော်တင် သဏ္ဍာဆင်လျက်၊
မြော်မြင်စက္ခု ဉာဏ်ကိုရှုလျက်၊
သုံးလူ့သက်နှင်း တုံ့မျှင်ရင်းလည်း၊

မယှဉ်းသို့ပေ ပြခဲ့ချေရှင့်၊
သဝေမခြား သိစိတ်ထား၍၊
တရားဤစာ စိန်းစိန်းရှာလေ့၊
လက်ာတင့်ရှန်း ဘိုမော်ကွန်းလည်း၊
ပတ်ဝန်းသိမ်းထုတ် နိဂုံးချုပ်သည်၊
ပုံးအုပ်ဆန်းကြွယ် ခုနှစ်ဆယ်က၊
နှစ်သွယ်စွန်းစွာ၊ ထိုကောဇာလည်း၊
ထောင်မှာဆင့်ပေါ် ခွေးနှစ်ဖော်ပြင့်၊
ကျော်သည်သတ္တ ဟောမန္တဟု၊
ချမ်းစပြုတုန်း တန်ဆောင်မုန်းတွင်၊
ပြည့်သုံးရက်ဆင့် အင်္ဂါညဉ့်ဝယ်၊
ဆော်ပင့်ပဟိုရ် တစ်ချက်ချိုက၊
နာလိုဘွယ်မျှ မြတ်ဆုရှုဟု၊
နာမသမိုင်း ရွှေဘွဲ့လှိုင်း၍၊
ကသိုင်းဆင့်ကုံး ကမ္ဗည်းထုံးသည်၊
ကပ်လုံးတင့်ပါ စေကုန်သော်ဝ်။

....✳....

## ခက်ဆစ်အဓိပ္ပာယ်

၁။ ဝဟာဒါနီယတ်=တစ်ပါးတည်း ဖြစ်ခြင်း၊
၂။ ကာမလီမြတ်စယ်=ပြည့်ဖြိုးလှမ်းမိုးခြင်း၊
၃။ မအာနာ၌=အဓိပ္ပာယ် အလို၌၊
၄။ နူရ်ရောင်=အလင်းရောင်၊
၅။ တအိုင်ယွန်ခေါ်=အဟည်ပြု သတ်မှတ်ခြင်း၊
၆။ ဝဟာဒတ်ဆိဝယ်=တစ်ပါးသော အရှင်ဝယ်၊
၇။ ဟောဒါယတ်=လမ်းမှန်ညွှန်ကြားခြင်း၊
၈။ အာရှစ်ဝင်လျက်=စိတ်၌ချိုင့်မြိုက်လျက်၊
၉။ သခင်အိုလမာ=အာလင်မခေါ် ပညာရှင်များ၊
၁၀။ ပြိုရ်များစွာဖို့=သူတော်စင်များ၊
၁၁။ ရေစာလာညွန့်=စာတော်ညွှန့်တို့၊
၁၂။ အစ်ဘာရတ်=တရားဘာဝေဂရခြင်း၊
၁၃။ ဒင်သားမှန်တို့=မြတ်သော သာသနာဝင်တို့၊
၁၄။ ပေသည့်ဆလံ=ကျွန်တော် စလံပေးပါ၏၊
၁၅။ ဒိုအာသလည်း=ဆုတောင်းခြင်း၊
၁၆။ နူတ်ကာအာမျ=ကျွန်တော်မျိုး တောင်းဆုကို
ဖြည့်စေတော်မူပါ၊
၁၇။ ရှဟီဒီစစ်=အစ္စလာမ်သာသနာအတွက် အသက်ကို
စွန့်သောသူ၊
၁၈။ နစီဟပ်=သံဝေဂ၊
၁၉။ ရေစာလာမြတ်=ကျမ်းစာတော်၊

၂၀။ နတ်ဖွဲ့ကို=နှလုံးကို၊
၂၁။ ဂေါ့ဟာဒိ=စစ်ဆင်ခြင်း၊
၂၂။ မွတ်ရရှစ်=လမ်းမှန်ပြသော ပုဂ္ဂိုလ်၊
၂၃။ ကစ္စမတ်=နဖူးစာဝေစု၊
၂၄။ ဟေဒါယာ=လမ်းမှန်ကိုပြခြင်း၊
၂၅။ တအာလာပိုင်=မြင့်မြတ်သော အရှင်ပိုင်၊
၂၆။ အိုင်နေယတ်=အရှင်၏ သဟ်တော်၊
၂၇။ ဂီရတ်=အရှက်ဘက်တော်မူခြင်း၊
၂၈။ စေ့ရွှပ်ကမလ်=ပြည့်စုံလုံလောက်သော လက္ခဏာ၊
၂၉။ သဟ်ဖွစ္စလ်ကို=သဟ်တော်၏ အကြောင်းကို၊
၃၀။ အမလ်=ကျင့်စဉ်တရား၊
၃၁။ ရှေးလူ့ကစ္စာ=ရှေးလူကြီးတို့၏ အတ္ထုပ္ပတ္တိ၊
၃၂။ ကျမ်းဖွစ်ကာကို=ဖွေကာကျမ်းစာကြီးများကို၊

ဒုတိယအပိုဒ်၌ ၎င်း၏ အကြောင်းများကို အောက်ပါ အတိုင်း ရေးသား ဖော်ပြထား၏။

"ဤမြတ်ဆုရ လက်ာကျမ်းကို မည်သူ ပြုစု စီရင်ရေးသား ပါသနည်းဟု မေးသည်ရှိသော် စာပြုသူ ကျွန်တော် ကိုမှန်ကား အသွားအရေမှာ မဖြူ မညို မျက်နှာ ခပ်ချိုချိုနှင့် အရပ် အမောင်းမှာ ခပ်နဲ့နဲ့ ဖြစ်သည့်ပြင် အင်းဝ ရွှေမြို့တော်၌ မွေးဖွားပါသည်။ အမျိုးအနွယ်မှာ ဂုဏ်ဒြပ်နှင့် မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်ပါသည်၊ ကျွန်တော်သည် ကျွားကြီး

ကဲ့သို့ တလွှားလွှားနှင့် မနေပါ၊ ဖွားကဲ့သို့ မိပိ ပြားပြား နေသည့်ပြင် လူမြင်တိုင်း သနားခံ အောက်ကျို့ပြီး ကျန်းမာ ချမ်းသာစေရန်နှင့် ဘေးဘယာ ဝေးကွာစေရန် ဘုရားသခင့်ထံ ဆုတောင်းမေတ္တာပို့သပါ၏။ ကျွန်တော်ဆုတောင်းမေတ္တာ ပို့သ သကဲ့သို့ ကျွန်တော့်ထံ ပြန်ကြပါကုန်၊ (စလန်ပြန့်ကြပါကုန်။)

ဝါသနာ အလျောက် ဤ မြတ်ဆုရ လက်ာကျမ်းကို ပြုစုပါ ၏။ ထိုအချိန်တွင် ကျွန်တော်၏ အသက်မှာ မကြီးသေးပါ။ ၃၁ နှစ် ရှိပါ၏။ ကျွန်တော်၏ ဘိုးဘေးဘီဘင် အထက် အဆက်အနွယ် တို့ကား ရာထူးဌာနန္တရနှင့် အကြီးအကဲများ ဖြစ်ကြသည့်ပြင် ကျွန်တော်၏ မွေးသဖခင်မှာ ဘုရင်မင်းမြတ် ၏ ကျွန်ယုံတော် ပုဂံဝန်မင်း ဖြစ်ပါသည်။ ဘုရင်မင်းမြတ်က ခေါ်ပိုင် ပေးထားပါ၏။ လူတစ်ယောက်ကို သတ်ပစ်နိုင်သော အာဏာ ရှိပါ၏။ ကျွန်တော်၏ မိဘ နှစ်ပါး ကွယ်လွန်အနိစ္စ ရောက်ကြသောအခါ ကျွန်တော်သည် အသက် ငယ်ရွယ်သူဖြစ် သည့်အတွက် ဆွေမျိုးများ အလယ်တွင် ကြီးပြင်းလာရ ပါသည်'' ဟူ၍ပင် ဖြစ်လေသည်။

ဟာဂျီမှန် ပြုစု ရေးသားခဲ့သော ကျမ်းတို့ကား....

(၁) မြတ်ဆုရ လက်ာကျမ်း၊
(၂) ဖွေ့ကာအပ်ကဗာရ်ကျမ်း၊

(၃) စူဠလာတွလ်အာခရေဖ္ဖီ ကျမ်း တို့ဖြစ် ပြီး ၎င်း ကျမ်းများကို မင်းတုန်းမင်းတရားကြီး လက်ထက်၌ ပြုစုစီရင် ရေးသားထား၏။ ဖေ့ကာအပ်ကဗာရ် ကျမ်းနှင့် စူဠလာတွလီ အာခရေဘီကျမ်း တို့မှာ မြန်မာစာရိုးရိုးနှင့် ရေးသားထားခဲ့၏။

မြန်မာပြည်တွင် ရှေးနှစ်ပေါင်း တစ်ထောင်ကျော်မှ ယနေ့ ထက်တိုင် "ရွှေဘိုသား ဆရာကြီး ဦးနုက လွဲလျှင် ဟာဂျီမှန်ကို စား တတိယ ပညာအရှိဆုံးတည်း။ ဝါ၊ စွယ်စုံကျော်ထင် တည်း။ (ရွှေဘိုသား ဆရာကြီး ဦးနုကား အကျင့်သီလ ဆောက် တည်၍ တရားဘာဝနာ အားထုတ်ရန်၊ ကျင့်ရန်၊ ကြဉ်ရန်နှင့် လျှော့ပါန်း ပေးကမ်း စွန့်ကြဲရန် ၃၅ ခန်း ကျမ်းကြီးနှင့် တကွ ကျမ်းပေါင်း ၆၀ ကျော် တို့ကို ပြုစုစီရင် ရေးသားထားခဲ့၏။ ယနေ့ထက်တိုင် မည်သူ တစ်ဦး တစ်ယောက်မျှ ဤနေရာ၌ မှားသည် ဤနေရာ၌ ပိုသည် လိုသည် ဟူ၍ အပြစ် အမှား မပြောပြနိုင်။ ဆရာကြီး ဦးနုကား စွယ်စုံကျော်ထင် ဖြစ်ပါ သည်။ နှစ်ဘက် ကျော်ဇော ထင်ရှား၏။)

ဟာဂျီမှန်သည် မြတ်ဆုလက်ာကျမ်းကို—

(၁) အာရ်ဘီ၊
(၂) ဖာရ်စီ (ပါရှင်း)၊
(၃) အူရ်ဒူ၊
(၄) သင်္ကရိုက်၊
(၅) ပါဠိ၊

( ၆ ) ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး၊
( ၇ ) ဗေဒင်၊
( ၈ ) ရှေးဟောင်းပေါ်ရာဇာ စကား၊
( ၉ ) ကဗျာ လင်္ကာ တို့ကိုပါ ရော၍ ပြုစုစီရင်ရေးသား ထားခဲ့၏။

သို့အတွက် ယခုကာလ ဆရာတို့သည် ဟာဂျီမှန် ရေးသော စာများကို အဓိပ္ပာယ် ကုန်စင်အောင် မပြန်တတ်ကြ၊ အပေါ်ရံကလောက်သာ ပြန်တတ်ကြလေ၏။

ဟာဂျီမှန်သည် ငယ်စဉ် အခါက အမရပူရမြို့ ရွှေကိုကုန်းဘောင်မင်း (ပုဂံမင်း၊ မင်းတုန်းမင်း၊ ကနောင်မင်း တို့၏ ခမည်းတော်) ကိုးကွယ်တော် မူသော နန်းဦး ဆည်တော်ကျောင်းတိုက်တွင် ပညာ သင်ကြားခဲ့လေ၏။ သို့အတွက် ၎င်းပြုစုသော ကျမ်းများမှာ အဓိပ္ပာယ် ရသနှင့် ပြည့်စုံ၏။ ဟာဂျီမှန်သည် မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းတို့ထံ အတည်အလိပ် အမျိုးမျိုး တို့ကို ဆက်သွင်းရသော အသုံးတော်ခံ ဖြစ်ပါသည်။

ဟာဂျီမှန်တွင် သားနှစ်ယောက်နှင့် သမီး တစ်ယောက် ရှိ၏။ သားနှစ်ယောက်၏ အမည်မှာ ( ၁ ) ဦးကြင်၊ ( ၂ ) ဦးရင်၊ ( ၃ ) သမီးမှာ ဒေါ်တင့်ဖြစ်၍၊ ဦးကြင်နှင့် ဦးရင်၏ အဆက်အနွယ်လိုမှာ ယခု မရှိကြတော့ပါ။ ဒေါ်တင့်၏ သားသမီး

များသာ ရှိကြပါသည်။ မန္တလေးမြို့ နာရီစင်အနီး တရုတ်ရုပ်ဆိုင်နှင့် ကပ်လျက် ခေတ်မီးကိရိယာအမျိုးမျိုး ရောင်းသော တိုက်ဆိုင်ရှင် ဟာဂျီ ဦးဘသော်မှာ ဒေါ်တင့်၏သား၊ ဟာဂျီမှန်၏ မြေးအရင်းဖြစ်ပါသည်။ ဟာဂျီမှန် ပြုစု စီရင်ရေးသားထားခဲ့သော ကျမ်းစာမူ တို့ကို ဟာဂျီ ဦးဘသော်နှင့် ညီအစ်ကိုတို့သာ ပိုင်ဆိုင်ပါသည်။

ဟာဂျီ ဦးဘသော်က မြတ်ဆု လက်ာကျမ်းကို ပုံနှိပ်ပြီး လှူဒါန်းချင်ကြောင်း၊ ပုံနှိပ်သောအခါ ကြီးကြပ်ဆောင်ရွက်စေလိုကြောင်းကို တွေ့တိုင်း ကျွန်တော့်အား ပြောပါသည်။

ကျွန်တော်ကလည်း တွေ့တိုင်း ဆောင်ရွက် ပေးပါမည်ဟု ပြောပါသည်။ သို့သော် ကျွန်တော့်မှာ အရောင်း အဝယ်နှင့် ပတ်သက်ပြီး အလုပ်များနေ၍ ယခုထက်တိုင် ဆောင်ရွက်မပေးရသေးပါ။

အဘယ့်ကြောင့် ဟာဂျီ ဦးဘသော်က ဤကဲ့သို့ ဆောင်ရွက် ပေးရန် တောင်းပန်ပါသနည်း ဆိုသော်၊ ကျွန်တော်ကား ရာဇဝင်သိုတေသီတစ်ယောက်ဖြစ်သည့်ပြင် ရွှေဘိုသား ဆရာကြီး ဦးနုရာဇဝင်နှင့် ရင်းဆရာကြီး ဦးနုရေး လက်ာတို့ကို အလွတ်ရသည်ကတစ်ကြောင်း၊ ဟာဂျီမှန် ရာဇဝင်နှစ့်မြတ်ဆုရ လက်ာအချို့ကို အံ့လွတ်ရသည်က တစ်ကြောင်း တို့ကြောင့် ဆောင်ရွက်ပေးရန် တောင်းပန်ခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော ၅ နှစ်ခန့်က မန္တလေးမြို့ အမှတ် (၃) အထက်တန်းကျောင်းတွင် ဟာဂျီမှန် ရာဇဝင်နှင့် မြတ်ဆုရ လက်ာမှ အဓိပ္ပာယ် တို့ကို ကျွန်ဘော် သိသလောက် ကျွန်တော့် ဉာဏ်မှီ သလောက် တစ်နာရီခန့် ဟောပြောဘူးပါသည်။

ဟာဂျီမှန် နေထိုင်သော အိမ်နေရာကား မန္တလေးမြို့ ၂၆-ဘီလမ်းနှင့် ၇၉ လမ်းထောင့် ယခု ကာကာ လက်ဖက်ရည်ဆိုင် နေရာ ဖြစ်ပါသည်။ မင်းတုန်း မင်းတရားကြီးက ပေးသော နေရာ ဖြစ်ပါသည်။ အမရပူရမြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့လာသော အခါမှစ၍ ၎င်းနေရာမှာပင်နေပါသည်။ မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါမင်း လက်ထက်တော် အခါတွင် နန်းတော် မျက်နှာပြင် ၇၃ လမ်းမှ ၈၁ လမ်းအထိ မြန်မာမွတ်စလင်တို့ နေထိုင်သော နေရာများ ဖြစ်ပါသည်။ ၎င်း အရပ်တွင် နေသော သူများမှာ ကုန်သည်တော်၊ အဝယ်တော်၊ အသုံးတော်ခံနှင့် လူပျိုတော် အပျိုတော်များ ဖြစ်ကြပါသည်။

ရွှေဘိုသား ဆရာကြီး ဦးနုက ပညတ်ခွဲတမ်း ၁၆ ပိုဒ် နိဂုံးတွင် အောက်ပါအတိုင်း ရေးသားထား၏။

''အစွန်းငါးခု၊ မုနိကော၊ ရဒ္ဓနှင့်၊ ပြိဿရာသီ၊ ရောက်သည် အသ်ာ၊ အဋ္ဌရသ၊ နေရာမဉ္ဇ၊ အစသတ်ခါ၊ လက်ာပေါင်းရုံး၊ စီကုံးပြုလိုက်၊ ၁၆ ပိုဒ်ရှင့်။''

၎င်း၏ အဓိပ္ပာယ်ကား—

(သက္ကရာဇ် ၁၁၇၅ ခု၊ ကဆုန်လဆုတ် ၃ ရက်၊ အင်္ဂါနေ့တွင် ပြုစုစီရင် ရေးသားပြီးစီး ပါ၏။) ဟူ၍ ဖြစ်ပါသည်။

ထို့အတူ ဟာဂျီမှုန်ကလည်း ၎င်း၏ မြတ်ဆုရလင်္ကာကျမ်း နိဂုံး အချုပ်အချီ ယဒုတူ ရတုပိုဒ်စုံ သုံးပုဒ်တွင် တတိယ ပိုဒ် အောက်ဆုံး၌ အောက်ပါအတိုင်း ရေးသားထား၏။

"ထိုကောဇာလည်း ထောင်မှာဆင့်ပေါ်၊
ဒွေးနှစ်ဖော်ဖြင့် ကျော်သည့်သက္က၊
ဟောမန္တဟု ချမ်းစပြုကုန်း၊
တန်ဆောင်မုန်းတွင် ပြည့်သုံးရက်ဆင်၊
အင်္ဂါညဉ့်ဝယ် ဆော်ပင့်ပဟိုရ်၊
တစ်ချက်ချိုက နာလိုဘွယ်မျှ၊
မြတ်ဆုရဟု နာမ [illegible]း၊
ရွှေဘွဲ့လိုင်း၍ ကသိုဏ်းဆင့်ကုံး၊
ကမ္ပည်းထုံးသည် ကပ်လုံးယှဉ့်ပါ စေကုန်သောဝ်။ ။

အထက်ပါ လင်္ကာ၏ ကျမ်းပြီး ရက်ချုပ်ကား သက္ကရာဇ် ၁၂၂၇ ခု၊ ဆောင်းဝင်စအခါချိန် တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့ ညပဟိုရ်စည်မှ တစ်ချက်တီး (ည ၉ နာရီ) အချိန်တွင် ဤ မြတ်ဆုရ လင်္ကာကျမ်းကို ပြုစုစီရင် ရေးသား

ပြီးစီးပါ၏ ဟူ၍ ဖြစ်ပါသည်။ မြတ်ဆုရ လင်္ကာကျမ်း နောက်ဆုံးတွင် ၎င်း အမည်ကို အောက်ပါအတိုင်း ရေးသားထားသေး၏။

"စာပြုသူကို သိကြလို၊
ဖော်ဆိုသုံးလွန်းတင်။
မြေတွင်နံ့လျား တူး၍ထား၊
အလားအင်းသွင် ရေနှင့်ပင်။
တောင်သွင်မြေဝယ် လူစားဘွယ်၊
ထီးနှယ်ပမာရှင်"

စာပြုသူ၏ အမည်မှာ ကြိုးသုံးလွန်းတင် လိမ်ကျစ်သကဲ့သို့ လိမ်၍ ထားပါသည်။ "မြေတွင်နံ့လျား တူး၍ထား၊ အလားအင်းသွင် ရေနှင့်ပင်" ဆိုသည်မှာ မြေတွင် အနံနှင့် အလျား တူးထား၊ ၎င်းအထဲတွင် ရေ ရှိသည်ဆိုရာ "ကန်" ရပါသည်။ "တောင်သွင်မြေဝတ်၊ လူစားဘွယ်၊ ထီးနှယ်ပမာရှင်" တောင်ကဲ့သို့ မို့မို့ နေရာမှာ လူစားသည့် အရာထီး ကဲ့သို့ ဆိုသဖြင့် "မှို" ရပါသည်။ ကန်နှင့်မှို ပေါင်းလျှင် ကန်မှို "ကိုမှန်" ရပါသည်။ ဟာဂျီ မဖြစ်မီက ရေးသော ကျမ်းစာ ဖြစ်သည့်အတွက် "ကိုမှန်" ဟု ရေးထားပါသည်။

## (၁၃) ကုန်သည်တော် ခေါင်းမင်း ဦးနွဲ့နှင့် သား ဦးစံခြူ အကြောင်း

ဦးနွဲ့ကား အမရပူရမြို့ ပုဂံမင်း လက်ထက်တော် အခါမှစ၍ မင်းတုန်းမင်းတရားကြီး လက်ထက်တော် အခါတိုင် ကုန်သည်တော် ခေါင်းမင်းတည်း။ ကုန်သည်တော် ခေါင်းမင်း ဆိုသည်မှာ အခြား ကုန်သည်တို့က ကုန်များကို စာရင်းနှင့်တကွ ဦးနွဲ့ထံသို့ ပို့ရ၏။ ဦးနွဲ့ကမှ တစ်ဆင့် နန်းတွင်းသို့ ဆက်သွင်းရ၏။ နန်းတော်ကား မြို့ကြီး တစ်မြို့ ဖြစ်ပါသည်။ မင်းသမီး၊ မင်းသား၊ ဝန်များ၊ အမတ်များ နေထိုင်သော မြို့တစ်မြို့ ဖြစ်ပါသည်။ ၎င်း နန်းတော်တွင်းမှ မင်းသမီး၊ မင်းသားများသည် ဈေးသို့လာ၍ လိုသော ပစ္စည်းများကို ဝယ်ရိုးထုံးစံ မရှိ။ ကုန်သည်တော်နှင့် ကုန်သည်တော် ခေါင်းတို့ကိုသာ လိုသော ပစ္စည်းများကို မှာ၍ သုံးကြသည်။

အမရပူရမြို့ ပုဂံမင်း လက်ထက်တော် အခါမှစ၍ ဦးစံခြူသည် ၎င်း၏ အဖေ ဦးနွဲ့နှင့် နန်းတော်တွင်းသို့ ကုန်များပို့သွင်းသောအခါ ရံဖန်ရံခါ လိုက်ပါသွားလေ၏။

နန်းတွင်းသူ နန်းတွင်းသား တို့ကလည်း ကလေးငယ် ဦးစံခြူအား အလွန်ချစ်ခင်ကြ၏။

အဘယ့်ကြောင့် ဆိုသော် ဦးစံခြူသည် အပြောအဆို လိမ္မာပါးနပ်၍ ရုပ်ရည် အလွန်လှပသော ကလေး တစ်

ယောက် ဖြစ်သောကြောင့်ပင်။ နောင် ကြီးပြင်းလာသော အခါ အဖ ဦးနွဲ့ကဲ့သို့ ကုန်သည်တော် အဝယ်တော်ရာထူး ရရှိ၏။

ဦးစံခြို မှာ မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး တို့က အလွန် သဒ္ဓါယုံကြည်သဖြင့် နန်းတော်တွင်းသို့ အချိန် မရွေး ဝင်နိုင် ထွက်နိုင်လေ၏။

မန္တလေးမြို့သို့ ပြောင်းရွှေ့လာသောအခါ မင်းတုန်းမင်း တရားကြီးက ကိုန်းရိုးတန်းခေါ် နန္ဒမူရပ်တွင် မြေနေရာ ပေး၏။ ၎င်း မြေနေရာကား– ၂၆ ဘီလမ်း နန်းတော်ကို မျက်နှာမူ၍ ၇၆ လမ်းနှင့် ၇၇ လမ်းကြားတွင် ဖြစ်ပါသည်။

၎င်းနေရာတွင် ဦးစံခြို ကွယ်လွန် အနိစ္စရောက်ပါသည်။

ဦးစံခြို၏ အဆက်အနွယ်တို့မှာ သား ဟာဂျီ ဦးမောင် ကြီး၊ ၎င်း၏သား ဦးမှတ်၊ ဦးမှတ်မှာ အဘက်ဘက်မှ ပညာ ဗဟုသုတနှင့် ပြည့်စုံသော သူတစ်ယောက် ဖြစ်ပါသည်။

သူတော်ကောင်းတစ်ယောက်ဖြစ်ပါသည်။ ကျွန်တော်၏ ဆရာ ဖြစ်ပါသည်။ ၎င်းထံမှ ကျွန်တော် ဗဟုသုတ မြောက် မြားစွာ ရပါသည်။

## (၁၄) ကာဘူလ်မော်လဝီကြီး အကြောင်း

ကာဘူလ် မော်လဝီကြီးသည် မင်းတုန်း မင်းတရားကြီး လက်ထက်တော် အခါတွင် အာဖဂန် နစ္စတန်ပြည် (ပထန်ပြည်) ကာဘူလ်မြို့တော်မှ လာသည့်အတွက် ကာဘူလ်မော်လဝီကြီးဟု ခေါ်ကြလေ၏။ တစ်နေ့သ၌ မင်းတုန်းမင်းတရားကြီးက မိုးဆု တောင်းခိုင်းသဖြင့် ရွှေတော်သို့ ရောက်ဖူးသည့်ပြင် ရွှေထီး၊ ရွှေဖလား၊ ရွှေကွမ်းအစ်၊ တုမရှိရာဇာ အုပ်များနှင့် ငွေများပါ ဆုချီးမြှင့်တော် မူသည်။

ဘုရင် မင်းမြတ်က ပေးထားသော ရွှေထီးကို သွားလေရာ နောက်မှ ထီးမိုး၍ လိုက်ရသော ထီးတော်မိုးမှာ ''ကိုဘာဘူ'' ဖြစ်ပါသည်။

ကာဘူလ်မော်လဝီကြီးသည် တိုင်းရင်းသူ မြန်မာမွတ်စလင် အမျိုးသမီး တစ်ဦးနှင့် သင့်မြတ်၍ ယခု ထက်တိုင် ၎င်း၏ မြေးများ ရှိကြပါသည်။

ကာဘူလ် မော်လဝီကြီးသည် အာဖ်ဂန် နစ္စတန်ပြည် (ပထန်ပြည်) ကာဘူလ်မြို့တော်မှ မင်းတုန်း မင်းတရားကြီး လက်ထက် မန္တလေးမြို့သို့ ရောက်ချိန်ကစ၍ အင်္ဂလိပ်မင်း လက်ထက်တိုင် ကျော်ကြားသူ တစ်ယောက် ဖြစ်ပါသည်။ ဘာကျော်ကြားပါ သနည်းဟု ဆိုသော် သိက္ခာ သမာဓိနှင့်

ပြည့်စုံသည်က တစ်ကြောင်း၊ တရားတော်နှင့်အညီ ကိုယ်ကျင့်သီလတရားနှင့် ပြည့်စုံသည်က တစ်ကြောင်း၊ မိမိ ဘာသာအလျောက် ကျမ်းဂန်များကိုတတ်မြောက်သည်။စတစ်ကြောင်းစသော အကြောင်းများကြောင့် ကျော်ကြား၍ လူတိုင်းရှိသေကြလေ၏။

မန္တလေးမြို့ ၂၅ လမ်း မဂ်လာ ဗလီအနီးတွင် နေတိုင်ပြီးဂုဏ်နေရာတွင် ကွယ်လွန်အနိစ္စ ရောက်ပါသည်။ ကာဘွလ်မော်လဝီ ကြီးသည် နိုင်ငံခြားသားပင် ဖြစ်လင့်ကစားမင်းတုန်းမင်းတရားကြီး ရှေ့တော် ရောက်ဖူးသည့် အတွက်ဤစာအုပ်တွင် ရေးသား ထည့်သွင်းလိုက်ရပါသည်။

ကာဘွလ်မော်လဝီကြီး မိုးဆုတောင်းစဉ်က ဆရာကြီးဦးလူကလေး ပါရှိကြောင်းကို ဖဲ့ရှေဘိုမြို့အနောက် ကံသာကုန်းရွာ မြန်မာမှတ်စလင် ပညာရှင်မော်လဝီဆရာသိ ပြုစုစီရင်ရေးသားသော "အစ္စလာမ်သာသနာ ကမ္ဘာ၏ မေဥ်ကွန်းတော်" စာအုပ်နိဒါန်းတွင် အောက်ပါအတိုင်း ရေးသားထားမှုပါသည်။

"ရွှေဘိုဒိစတြိတ် ကန့်ဘလူမြို့နယ် ဘူးကြီးရွာ အသက်၈၀ ရှယ်ရှိခတ္တိတ် အေမန် သာသနာတော် ရှေ့ဆောင်မြန်မာမှတ်စလင်ဆရာကြီး ဦးလူကလေးကိုယ်တိုင်မိုးဆုတောင်း

သော အခါတွင် အသင့်ရှိ၍ ရင်းသခင်ကြီး၏ ပြောဆိုချက် အတိုင်း အမှန် ရေးထည့်လိုက်ပေ၏။"

ရင်းဆရာကြီး ဦးလူကလေး ရွှေဘိုမြို့သို့ လာသောအခါ တိုင်း ကျွန်တော်၏အိမ်တွင် တည်းခိုပါသည်။ ကျွန်တော်နှင့် ရင်းနှီး ခင်မင်ပါသည်။

(၁၅) ဦးစိုး ခရုသင်းနှစ်လုံး ယူဆောင်လာသည့်အကြောင်း

သက္ကရာဇ် ၁၂၇၃ ခု၊ ကဆုန်လအတွင်း ကျွန်တော်မျိုး ဦးစိုးသည် အိန္ဒိယနိုင်ငံ မူဆလီဒါပတ်မြို့မှ လက်ယာ ခရုသင်း နှစ်လုံးကို မန္တလေးမြို့ မင်းတုန်းမင်း တရားကြီးထံ ဆောင်ယူ လာလေ၏။ ထိုအခါ ခရုသင်းနှစ်လုံးကို ထူးမြတ်သော ပတ္တမြားကျောက်များကို ကြိုယူသကဲ့သို့ ကြိုယူလေ၏။

ထူးမြတ်သော ပတ္တမြား ကျောက်များကို ကြိုယူသကဲ့သို့ ဆိုသည်မှာ မင်းတုန်းမင်းတရားကြီး လက်ထက် မိုးကုတ် ကျပ်ပြင်ကသဲရွာမှလှော်ကားတင်ကြီး လှော်ကားတင်ကလေး အမည်ရှိသော ပတ္တမြားကျောက်တို့ကို လာရောက် ဆက်သ သောအခါ၊ ယခုကဲ့သို့ အကြို အဆို အတီး အကတို့ဖြင့် အလှန်စည်ကားစွာ ကြိုဆိုခဲ့ခြင်းပင် ဖြစ်ပါသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ စာမျက်နှာ ၃၁၉ တွင် အောက်ပါအတိုင်း ပါရှိလေ၏။

"သက္ကရာဇ် ၁၂၂၇ ခုနှ ကဆုန်လ၊ အိန္ဒိယနိုင်ငံ မူဆလီဒါပတ်မြို့မှ လက်ယာခရုသင်း နှစ်လုံးကို ပသီကုလားကျွန်တော်မျိုး ငစိုး ဆောင်ယူ လာရောက်ရာ တူးမြဘ်သော ပတ္တမြားကျောက်တို့ကို ကြိုယူသကဲ့သို့ ကြိုယူဆက်သွင်းရ၏။"

## (၁၉) အဝယ်တော်ရှာစားမင်းဦးရွှေငုံအကြောင်း

ရှာစားမင်း ဦးရွှေငုံ ဆိုသူမှာ နန်းတော်အတွင်းမှ အလိုရှိသော ပရဆေးပစ္စည်း လတ်လတ်ဆတ်ဆတ် ပစ္စည်း အမျိုးမျိုး တို့ကို ဆက်သွင်းရသောကြောင့် နန်းတော်သူ နန်းတော်သားတို့က အလွန်ယုံကြည်ကြလေ၏။ ပရဆေးပစ္စည်း တို့ကို ရန်ကုန်တွင် မရှိပါက ဘင်္ဂလားမြို့ခေါ် ကလကတ္တားမြို့သို့ သွားပြီး ဝယ်ယူဆက်သရလေ၏။

အလိုရှိသော ပရဆေးပစ္စည်းများကို ဘုရင့်သမားတော်များ ဝယ်၍မရလျှင် ဦးရွှေငုံအား မှာပါက မရမရှိ ရအောင် ရှာ၍ ဝယ်ယူလာခဲ့လေ၏။

ပရဆေးမှာ ဇဗ ပါးသော ဝေဒနာရှင်တို့ အဘက်နှင့် အင်္ဂါရတ်ဖိုထိုးဆရာတို့အတွက် အရေးကြီးဆုံးသော ပစ္စည်းများ ဖြစ်သောကြောင့် ဦးရွှေငုံကိုရှာစားပေးတော်မူလေ၏။ ရှာစားမင်း ဦးရွှေငုံသည် မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါတွင် ပရဆေး အဝယ်တော် အမှုထမ်း

ဖြစ်ပါသည်။ အင်္ဂလိပ်မင်း လက်ထက်တွင် လေသင်ဓုန်းခတ်၍ ကွယ်လွန်အနိစ္စ ရောက်ပါသည်။

၄

အနိစ္စရောက်ပုံမှာ— တစ်နေ့သ၌ တောင်ဘလူရပ်တွင် ကိုးလုံးကြွယ်ဝသူ တစ်ယောက်က မဏ္ဍပ်ထိုးလျက် မိတ်ဆွေသင်္ဂဟတို့ကို ဖိတ်မန္တကပြုပြီး ဒန်ပေါက်ထမင်းစား ဖိတ်ရာ ရွှာစားမင်း ဦးရွှေငုံလည်း ပါပါသည်။ ဟာဂျီသင်လည်း ပါပါသည်။ မဏ္ဍပ်ထဲတွင် လူ လေးငါးယောက် ထိုင်၍ ဒန်ပေါက်ထမင်းပွဲ ရှေ့ရောက်၍ စားမည်အပြုတွင် ရွာစားမင်း ဦးရွှေငုံသည် လေသင်ဓုန်းခပ်၍ ခွေလဲသွားလေ၏။ ထိုအခါ မဏ္ဍပ်တစ်ခုလုံးသည် "ရွာစားမင်း ဦးရွှေငုံ လေသင်ဓုန်း ခတ်လို့"ဟု အုံးအုံး ကြွက်ကြွက်ဆူဆူညံညံ ဖြစ်နေစဉ်၊ အနီးရှိ လူ လေးငါးယောက်က ပွေ့ချီပြီး ၎င်း၏ အိမ်သို့ ပို့ကြရာ မဏ္ဍပ်အထွက်တွင် အနိစ္စရောက်လေ၏။

အထက်ပါ အကြောင်းအရာ တို့ကို ဟာဂျီသင်က ကျွန်တော့်အား ပြောပြခြင်း ဖြစ်ပါသည်။

ဟာဂျီသင် ဆိုသူမှာ ၎င်းတောင်ဘလူရပ် တောင်ဘလူလီတွင် ဂေါပကလူကြီး ဖြစ်ပါသည်။ မန္တလေးမြို့ ဇေဗဘီလမ်း၊ အရှေ့ကုန်းရိုးရပ် ကန်ထရိုက်တာကြီး ဦးမောင်ကလေး၏ ညီအရင်း ကန်ထရိုက်တာ ဆရာ ဦးတင်ပု၏ ယောက္ခမ ဖြစ်ပါသည်။

## (၁၇) ရေတွင်းဒကာ ဦးတုတ်ကြီး အကြောင်း

ရေတွင်းဒကာ ဦးတုတ်ကြီးမှာ ချမ်းသာ ကြွယ်ဝသူ တစ်ယောက် ဖြစ်၍၊ လှူမှု ပေးကမ်း စွန့်ကြဲမှု၌ အလွန်ရက်ရောသူ တစ်ယောက် ဖြစ်လေ၏။ အမရပူရမြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့လာသောအခါ ရေတွင်းများကို ကုသိုလ်ဖြစ် တူး၍ လှူသောကြောင့် (ရေတွင်းဒကာ ဦးတုတ်ကြီး) ဟု ခေါ်ဝေါ်ကြလေ၏။ ၎င်း၏ အဆက်အနွယ် များမှာ ယခုတိုင် ရှိကြပါသည်။

## (၁၈) မြင်းတပ်ဗိုလ် ဗိုလ်စု၊ အဖေ မြင်းတပ် ဗိုလ်ဝလီခံနှင့် ဘိုး မြင်းတပ်ဗိုလ်တို့ အကြောင်း

မြင်းတပ်ဗိုလ် ဗိုလ်စု ဆိုသူမှာ မြင်းတပ်ဗိုလ် ဝလီခံ၏ တစ်ဦးတည်းသော သားဖြစ်ပါသည်။ ၎င်း၏ အဖေ မြင်းတပ်တွင် ဒုတိယဗိုလ် ဖြစ်ပါသည်။

ဗိုလ်စု၏ အဘိုးမှာ ဘကြီးတော် စစ်ကိုင်းမင်း လက်ထက်တော် အခါတွင် "စိန္တသီရိဟရတ်" ဘွဲ့ရ ပထမယွန်းကြီး မြည် (Indo China သို့ သံငယ်အဖြစ်နှင့် စေလွှတ်သဖြင့် သွားရလေ၏။ (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ စာမျက်နှာ ၃၄၉ ကို ရှုပါ။)

ဒုတိယဘွဲ့မှာ ''ခံစပ်ဗိုလ် နေမျိုးဂုဏ္ဏရတ်'' ဘွဲ့ ပေး၍ ချီးမြှင့်ထားရ၏။ နောက်ယွန်းကြီးပြည် ခေါ် (Indo China) ပြည်သို့ ပြန်လွှတ် လေ၏။

ဘကြီးတော် စစ်ကိုင်းမင်း မင်းသားဘဝတွင် ဆင်ကစားတော်မူရာတွင် ဘကြီးတော်၏ အသက်ကို ခံစပ်ဗိုလ်က ကယ်ဖူးခဲ့၏။ ခံစပ်ဗိုလ်၏ မှတ်စလင်အမည်မှာ အပွဒူလ်ကရင်ခံတည်း။ ပထန် လူမျိုး ဖြစ်ပါသည်။ လူအများက ခံစပ်ဗိုလ် ဟူ၍ အဖျားဆွတ် ခေါ်ကြလေ၏။

ကယ်ရသည်မှာ ဤသို့တည်း။ ခံစပ်ဗိုလ်ခေါ် အပွဒူလ် ကရင်ခံ အသက် ၂၀-ရှယ်ခန့်က ပထန်ပြည်မှ အမရပူရမြို့တော်သို့ ရောက်လာ၏။ ထိုသို့ ရောက်လာစဉ် ယခုအခါ ညနေတိုင်း စိတ်ဝင်စားစွာ ဘောလုံးပွဲကို လူအများသွားရောက် ကြည့်ကြသကဲ့သို့ အမရပူရမြို့တော်နှင့် ပတ်ဝန်းကျင်မှ လူထုသည် ဆင်ကစားပွဲသို့ နေ့စဉ် သွားရောက် ကြည့်ရှုကြ၏။

အဝေးအရပ်မှ လူတို့သည် ထမင်းထုပ်နှင့် လာ၍ ကြည့်ကြသောဟူ၏။ ထိုနေ့ကား ဘကြီးတော် စစ်ကိုင်းမင်းသား ဆင်ကစားသော နေ့တည်း။ ရင်းနေ့တွင် အပွဒူလ်ကရင်ခံလည်း ဆင် ကစားပွဲ သွားကြည့်သော နေ့ပင်တည်း။

စစ်ကိုင်းမင်းသားသည် ဆင်ကို အမျိုးမျိုး ကစားလေရာ ဆင်က တအားထိုး လိုက်လေ၏။ သို့သော် မင်းသားသည်

လှိမ့်လိုက်သည့် အတွက် မထိုးမိပေ။ တစ်တောင်ခန့်သာ ကွာလေ၏။ နောက်ထပ် နောက်ဆုတ်၍ ထိုးမည့် အပြုတွင် ဆင်ကစား လာကြည့်သော သူများထဲမှ "ခံစပ်ဗိုလ် နေမျိုးသီရိ ရာဇ ဂုဏ်ရတ်" ဘွဲ့ရမည့် အပ္ပဒူလ်ကရင်ခံက သူယူလာသော လှံနှင့် တိုင်နှစ်လုံးခြားမှ ဝင်၍ ဆင်နှာမောင်းကို တအားထိုးလိုက်၏။ ဆင်ကြီးလည်း ဝူးဝဲ ဝူးဝဲနှင့် နောက်ပြန် ပြေးလေ၏။ ထိုအခါ ဘကြီးတော် စစ်ကိုင်းမင်းသားမှာ အသက်မှ လွတ်သွားလေ၏။

ဆင်ပွဲ ပြီးသောအခါ ခံစပ်ကို ခေါ်တော်မူပြီး ဆုလာဘ်များစွာပေး၍ အဆောင်တော်ကိုင် အမှုတော်ကို ထမ်းရွက်စေပြီး ရာထူး အမျိုးမျိုး၊ ဘွဲ့ထူး အမျိုးမျိုးတို့ကို တိုးမြှင့်ပေးတော် မူလေ၏။ တိုးမြှင့် ပေးလောက်အောင်လည်း ခံစပ်ဗိုလ်မှာ သူရသတ္တိနှင့် ပြည့်စုံ၏။ စစ်ရေး စစ်ရာ ကျွမ်းကျင်၏။ ဘုရင့် အမိန့်တော်ကို သစ္စာရှိစွာနှင့် ဦးထိပ်ထက်တင် ရွက်ဆောင်၏။

ရေမှူး ပန်းဝါ အရပ်တွင် အင်္ဂလိပ်တို့နှင့် ဆိုင်ပြိုင် တိုက်ခိုက်ရာ၊ အင်္ဂလိပ်တို့စစ်ရှုံးလေ၏။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ စာမျက်နှာ ၃၇၉ တွင် အောက်ပါအတိုင်း ပါရှိလေ၏။

"ခံစပ်ဗိုလ် နေမျိုးဂုဏ္ဏာရတ်" တို့ကို မြင်းစီးရေ တစ်ရာကျော်နှင့် ရှေ့တီးဖြန့်ကာ စစ်လျင်ကစား စေပြီးမှ" ဟု ပါရှိလေ

၏။ မဟာဗန္ဓုလာတပ်မှာ အင်္ဂလိပ်တို့နှင့် တိုက်ခိုက်ရ၏။ အင်္ဂလိပ်တို့ မရှုမလှ ရှုံးကြလေ၏။ နောက် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ စာမျက်နှာ ၉၅ တွင် "တပ်ပြင်ကလည်း မြင်းစီး သူရဲတို့ လှံ ရှည် အဲမောင်းစွဲကိုင်လျက် မြင်းတပ်ဗိုလ် နေမျိုးဂုဏ္ဏရက်နှင့် မြင်းစီး ခုနစ်ဆယ်ကျော် မြင်းရေးကစားစေသည်။

အင်္ဂလိပ် စစ်သည် ရဲမက်၊ ဗိုလ်မှူး၊ တပ်မှူး တို့လည်း ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ရဲမက်တော်၊ ဗိုလ်မှူး၊ တပ်မှူးတို့ကို ကြည့်ရှုလျက် တပ်တော် ခိုင်လုံလှသည်နှင့် တပ်ရင်းသို့ မချဉ်း မကပ်ဝံ့ ၊ အဝေးကသာ ဆုတ်ခွာ ရံနေကြ၏။ နောက် ဗိုလ်မှူးဝန်ကြီး သတိုး သုဓမ္မ မဟာဗန္ဓုလသည် ဦးစီးနောက်ပံ့ ဆင်ခြေဖုံး လှံကိုင် အစုနှင့် စိန်တင် ဆင် တစ်ဆယ်ကျော်၊ မြင်းနှင့် မြင်းစီး သူရဲ ခုနစ်ဆယ်ကျော် တို့ကို ဆည့်ဝန်ထောက် နေမျိုး ဉဒိန်ကျော်စွာကို အုပ်ချုပ်စေပြီးလျှင် အင်္ဂလိပ်စစ်သည် ရဲမက်အားကြီးရာ အပြင်းလွှတ် ၊ တိုက်ခိုက်စေသည်တွင် အင်္ဂလိပ် စစ်သည် အပေါင်းတို့ တပ်လုံး သိမ့်သိမ့်လှုပ်သော ဟူ၏။

ယင်းတွင် အင်္ဂလိပ်စစ်သည် နှစ်ဆယ်ကျော် သေသည်။ (ခနဲဖြူမြို့၌ မဟာဗန္ဓုလတပ်မှ ဤကဲ့သို့ပင် အင်္ဂလိပ် တို့နှင့် မြင်းတပ်ဗိုလ် နေမျိုးဂုဏ္ဏရက် မြင်းစီး ခုနစ်ဆယ်ကျော်နှင့် တိုက်ရ၏။

ထို့နောက် ယွန်းကြီးပြည် Indo China) သို့ သံမှူးအဖြစ်နှင့် လွှတ်လေ၏။ ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး

ဒုတိယတွဲ စာမျက်နှာ (၄၇၉) တွင် အောက်ပါအတိုင်း ပါရှိလေ၏။

"သတ္တုရာဇ် တစ်ထောင့်တစ်ရာ ရှစ်ဆယ့်လေးခု၊ ယွန်းကြီးမင်းသို့ ပေးရန် လက်ဆောင်တော်များနှင့် အမှုထမ်း နေမျိုးသီရိရာဇ ဂုဏ္ဏရတ်၊ နေမျိုးသီရိကျော်စွာ၊ သိဒ္ဓိနော်ရထာ၊ သီရိစန္ဒနော်ရထာ၊ ဂုဏ္ဏသီရိနော်ရထာတို့ သံဘက်ခန့်စေလွှတ်သည်။"

ဘကြီးတော် စစ်ကိုင်းမင်းက အလွန်ကြီးသော ရာထူးနှင့် ဘွဲ့ထူးကို ပေးတော်မူ၏။ သံမှူး ဆိုသည်မှာ အလွန် အရေးကြီးသော သူတည်း။

ထို့နောက် ပုဂံမင်း လက်ထက် "ခံစပ်ဗိုလ် နေမျိုးသီရိရာဇ ဂုဏ္ဏရတ်" သည် ၉၆ ပါး ဝေဒနာနှင့် ကွယ်လွန် အနိစ္စရောက်သောအခါ၊ သားအကြီးဆုံး ဝလီခံကို မြင်းတပ်ဗိုလ် ခန့်လေ၏။ နောက် မင်းတုန်းမင်းတရားကြီး လက်ထက် မင်းတုန်းမင်းတရားကြီးက ဝလီခံ၏သား ဗိုလ်စုကိုလည်း အဖ ဝလီခံ၏ မြင်းတပ်တွင် ဒုတိယဗိုလ်ခန့်လေ၏ ဗိုလ်စုကား အဖေဝလီခံကဲ့သို့ ဘိုး ခံစပ်ဗိုလ်တို့ ကဲ့သို့ စစ်ရေး စစ်ရာ အလွန်ကျွမ်းကျင်နားလည်၏။ ဂေါ်လီကစား ဂေါ်လီရိုက် ကောင်းလှ၏။ မြှောက်သီးလိုမှ့်ထိုး၊ ငှက်ဥပျောပင်စိုက် ရေအိုးတင် ခေါးခုတ်တို့တွင် အဖေနှင့် ဘိုးများကဲ့သို့ ကောင်းလှ၏။

(ရှောက်သီးလိုမ့်ထိုး ဆိုသည်မှာ မြင်းအပြေး စီးလာသော အခါ ရှေ့မှ ရှောက်သီး လိမ့်ပစ်လိုက်လေ၏။ ထိုအခါ လှံနှင့် မလွတ်အောင် ထိုးရ၏။ ငှက်ပျောပင်စိုက် ရေအိုးတင် ဆိုသည်မှာ ငှက်ပျောပင် စိုက်ပြီး အပေါ်က ရေအိုးတွင် ရေအပြည့် ထည့်ထားလျက် အဝေးက အပြေးစီးလာပြီး ငှက်ပျောဘုံးကို ဘယ်ပြန် ညာပြန် ခုတ်လေသော်လည်း ရေအိုးထဲက ရေမဖိတ်၊ ရေအိုးမကျ၊ ခုတ်မှန်းမသိ၊ မြင်းကား ပြေးလျက်ပင်၊ ဤကဲ့သို့ အစွမ်းသတ္တိနှင့် ပြည့်စုံကြလေ၏။ အဝေးရောက် မင်းက ၎င်း နှင့် ဝလီခံ အလွန် ခင်မင်သည်ဟု ဆို၏။ အထက်ပါ အတိုင်း ရှောက်သီးလိမ့်ထိုးနှင့် ငှက်ပျောပင်စိုက် ရေအိုးတင် ဓားခုတ် တို့ကို ၎င်း မြင်ဖူးကြောင်း ပြောပါသည်။

ကျွန်တော်နှင့် ဗိုလ်ဘသာတို့သည် ဝလီခံ၏ မြေးအရင်း ရွှေဘိုမြို့ မင်းရပ်တွင် နေထိုင်သော အထည်ကုန်သည် ဟာဂျီ ဦးမောင်ကြီးထံ သွား၍ အဖေ ဗိုလ်စုအကြောင်း၊ ဘိုးအေ ဝလီခံ အကြောင်းနှင့် ဘေးအေ ခံစပ်ဗိုလ်တို့ အကြောင်းများ ကို မေးမြန်းကြ၏။

ဗိုလ်ဘသာ မေး ။ "ရှေးက မြင်းဇက်ကြိုး၊ ခြေနင်းကွင်း နှင့် ကုံးနှီးများ ကျန်ရစ်ပါသလား"

ဟာဂျီ ဦးမောင်ကြီး ဖြေ။ ။ "ယခင်က မန္တလေး၌ အဖေ၊ အဘိုးတို့ ရှိစဉ် အခါက ၎င်း ပစ္စည်းများ ရှိပါသည်။ နောင် ဟိုပြောင်း သည်ပြောင်းနှင့် ပျောက်ပျက်ပါသည်"

ဗိုလ်ဘသာက ဆက်လက်၍ "အခြားဘာ ပစ္စည်းများ ကျန်ရစ် သေးသလဲ" ဟု မေးရာ၊ အစဉ်အဆက် သိမ်းထား သော ၎င်း၏ ဘေးအေ ခံစပ်ဗိုလ် ယွန်းကြီးပြည် (Indo China) သို့ သွားသောအခါက ယူ၍သွားသော ဘေးအေ အမြဲ သုံးဆောင်သည့် ကြေးအိုးလေး တစ်လုံးကို ထုတ်ယူလာ လေ၏။

၎င်း ကြေးအိုးလေးကား ဘာအိုးနှင့် ပုံတူ၏။ အရွယ်တူ ၏။ ပုံမှာ ဇက်ရှည်ပြီး အဝကျဉ်း၏။ အရောင်မှာ ရွှေကဲ့သို့ ဝါဝင်းနေ၏။ ပထန်ပြည်မှ ယူလာဟန် တူ၏။ ထိုအခါ ဗိုလ်ဘသာက ကြေးအိုးလေး ပေးပါရန် တောင်း၏။ ဟာဂျီ ဦးမောင်ကြီးက "ဗိုလ်ကြီး ဘာလုပ်ဖို့တုန်း" ဟု မေး၏။

ထိုအခါ ဗိုလ်ဘသာက မိမိမှာ ရှေးဟောင်းပစ္စည်းများကို စုဆောင်းသူ တစ်ယောက် ဖြစ်ကြောင်း၊ အထူးသဖြင့် စစ်ဗိုလ် များ၊ ဝန်ကြီးများနှင့် အမတ်ကြီးများ အသုံးအဆောင် ပစ္စည်း များကို ပို၍ လေးစားစွာနှင့် စုဆောင်းလိုကြောင်း ပြောပြ လေ၏။

ဟာဂျီ ဦးမောင်ကြီးကလည်း ၎င်း၏ ဘေးအေ ခံစပ်ဗိုလ် ကိုင်သော ပစ္စည်းဖြစ်၍ မပေးနိုင်ကြောင်း တောင်းပန်၏။ ဘေးအေ ပစ္စည်းဆိုလျှင် ၎င်း ကြေးအိုးလေး တစ်လုံးသာ ကျန်ရစ်သဖြင့် အမြတ်တနိုး သိမ်း၍ ထားရကြောင်း ပြောပြ လေ၏။

ထိုအခါ ဗိုလ်ဘသာကလည်း အတန်တန် တောင်း၏။ ကျွန်တော်ကလည်း ဝင်ပြော၏။ နှစ်ယောက်စလုံး ပြောမှ ပေးလေ၏။ သို့အခါ ဗိုလ်ဘသာက ဟာဂျီ ဦးမောင်ကြီးမှာ ခံစပ်ဗိုလ် ဝလီခံတို့ အဆက်အနွယ်ဖြစ်၍ ခေါင်းပုံ ရိုက်ပါရစေဟု ခွင့်တောင်းလေသော် ဟာဂျီ ဦးမောင်ကြီးက အစ္စလာမ် ဘာသာတရားအရ ဓာတ်ပုံရိုက်သည်မှာ အလွန် အပြစ်ကြီးကြောင်း၊ ဓာတ်ပုံမရိုက်ရန် တရားက တလွန် လေးနက်စွာ တားမြစ်ကြောင်း၊ ထို့ကြောင့် သည်းခံစေ လိုကြောင်းနှင့် တောင်းပန်လေ၏။

"ဟာဂျီ ဦးမောင်ကြီးကား အရပ်မြင့်မြင့် အသားဖြူဖြူ မျက်လုံးကောင်း၊ မျက်ခုံးကောင်း ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း မုတ်ဆိတ်ဝိုင်းကြီးနှင့် ဖြစ်၏။

၎င်း၏အဖေ ဗိုလ်စုဘိုးအေ ဝလီခံတို့ကား ၎င်းထက်ချော၍ ၎င်းထက် လှသေး၏ဟု မြင်ဖူးသူတိုင်းက ပြောကြလေ၏။ ၎င်းတို့မှာ မင်းတုန်းမင်းတရားကြီး လက်ဆက်တော် အခါနှင့် သားတော် သီပေါမင်း လက်ထက်တော် အခါတွင် ဆံပင်ရှည် နားပေါက်ပါကြောင်း ပြောပြကြ၏။

ဆံပင်မှာ ဖနှောင့်ထိရှည်သောဟူ၏၊ ပုဆိုးတောင်ရှည် ခေါင်းပေါင်းဝတ်ဆင်ကြ၏။ ဝလီခံရပ်ကွက်မြင်းတပ်သားများနှင့် အတူတကွ နေထိုင်၍ အမှုတော် ထမ်းကြ၏။

သီပေါမင်း ပါတော်မူပြီးသည့်နောက် အရှေ့ကုန်းရှိးရပ်တွင် နေထိုင်လေ၏၊ ထို့နောက်ရွှေကျီးမြင့်ဘုရားမြောက်ဘက်အထွက် ၂၃ လမ်းတွင် နေထိုင်လေ၏။ သီပေါမင်း ပါတော်မူပြီးသည့်နောက် သားအဖ နှစ်ဦး မြင်းပွဲစား လုပ်ကိုင် စားသောက် နေထိုင်ကြလေ၏။

ထိုအခါ အင်္ဂလိပ်စစ်ဗိုလ်များက သားအဖနှစ်ယောက်စလုံးအား မြင်းတပ်တွင် အမှုထမ်းရန် မကြာခဏ လာရောက်တိုက်တွန်းကြ၏။ အမှုထမ်းလျှင် အခြားဗိုလ်များထက် လခမိုပေးမည့်အကြောင်း ပြောလေသော် ဝလီခံဗိုလ်တို့ သားအဖက မိမိတို့၌ မြန်မာမင်းများ၏ထမင်းသည် လည်ချောင်းထဲက မကျသေးကြောင်း၊ မြန်မာဘုရင်က လွဲလျှင် အခြားမည်သည့်ဘုရင့်လက်အောက်တွင်မှ အမှုမထမ်းနိုင်ကြောင်း၊ သစ္စာမဖောက်နိုင်ကြောင်း စသည်ဖြင့် ပြောလွှတ်လိုက်ကြလေ၏။ ဝလီခံတို့ သားအဖကား အလွန်တည်ကြည်ကြ၏။ အကျင့်သိက္ခာ သမာဓိနှင့် ပြည့်စုံကြ၏။ စစ်ဝတ်စစ်စားဝတ်၍ သံခမောက် ဆောင်းထားလျှင် အလွန် ကြည့်ကောင်း၏။ ကျင်စွယ်မွေးခေါ် နှုတ်ခမ်းမွေးကလည်း အလွန်ကောင်း၏။

အင်္ဂလိပ် လက်ထက်တွင် ရှေးကအရှိန်နှင့် လူတိုင်းကြောက်ကြရ၏၊ ရိုးရိုး လူကောင်းများသာမက မြန်မာမွတ်စလင်ထဲမှ ပေါရိသာဒ အရှုးကပင် အလွန်ကြောက်လေ၏။

ရွှေကြီးမြင့်ဘုရားမြောက်ဘက် ၈၄ လမ်းနှင့် ၁၁ လမ်း ထောင့်လမ်း အနောက်ဘက်တွင် ပေါ်ရိသာဒ အရှူး တစ်ယောက်ရှိ၏။ ၎င်းအရူးကား လူများကို ခဏ ခဏ လိုက်ရိုက်၏။ လူတိုင်း ကြောက်ကြရ၏။

ပေါ်ရိသာဒဆေးထိုးထား၍ အမြင့်ကိုးတောင်ခန့် ခုန်နိုင် ၏။ တုတ်၊ ဓားပြီး၏။ တစ်ခါတစ်ရံ ငှက်ကြီးတောင် ဓားကြီး ကိုဆွဲ၍ "ဘယ်သူ့ကို ဘာထင်တယ်ကွ၊ ဘယ်သူ ငါ့ရှေ့ကို လာခဲ့စမ်း၊ လာလျှင် ဟောဒီလို ထိုးလိုက်မယ်၊ ဟောဒီလို ပိုင်းလိုက်မယ်"ဟု ဓားကြိမ်းကြိမ်း၍ လေးခင်းပြနေသော အခါ တစ်ရပ်လုံး လမ်းသွား လမ်းလာမှစ၍ တိတ်ဆိတ်နေ ကြ၏။ ထိုအခါ၎င်း၏အိမ်သားများက နောက်ဖေးဝင်းပေါက် မှ ထွက်၍ ဝလီခံဗိုလ်ထံလာပြီး အောက်ပါအတိုင်း ပြောလေ ၏။

"ဗိုလ်မင်းဘုရား–သည် ဓားကြီးတဝင့်ဝင့်နှင့် လေးခင်း ပြနေပါသည်ဘုရား၊ ဗိုလ်မင်းလာ ဆုံးမမှ ရပါမည်ဘုရား၊ အမြန်ကြွပါဘုရား"ဟု လာပြောသောအခါ ဝလီခံ ဗိုလ်မင်း သည် ထ၍လိုက်ပြီး အနားရောက်သောအခါ "ဟဲ့–ငါ့ ကြည့်စမ်း ငါဘယ်သူလဲ သိရဲ့လား၊ အရပ်ထဲ နင်ဘာဆူနေတာ တုန်း"ဟု ကြိမ်းလေသော်၊–က "မောင်မကြည့်ဝံ့ပါဘူး ဘုရား၊ ဗိုလ်မင်းမှန်း သိပါသည် ဘုရား၊ ကြောက်ပါပြီ ဘုရား"ဆိုလျက် ဓားကို ချ၍ ဒူးထောက် ရှိခိုးလေ၏။

အထက်ပါအကြောင်းအရာတို့ကို ရွှေဘိုမြို့ ဈေးတန်းလွှမ်းနေ စက်ဘီးကုန်သည်ဦးမှန်ကြီးနှင့် ဟာဂျီ ဦးမောင်ကြီး တို့က ပြောပြသည့်အတွက် သတိရ အကြောင်းတိုက်ဆိုင်သဖြင့် ထည့်သွင်း ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဝလီခံ၏ အဖေ ခံစပ်ဗိုလ် နေမျိုးသီရိဂုဏ္ဏရတ်၏ မွတ်စလင် အမည်မှာ အပ္ပဒူလ်ကရင်ခံဖြစ်ပြီး ၎င်းမှာ ပထန်လူမျိုး ဖြစ်သည့်အတွက် ခံစပ်ဗိုလ် ဟူ၍ အဖျားဆွတ်၍ ခေါ်ကြ၏။

၎င်း၏ သား ဝလီခံ၏ အမည်မှာ မွတ်စလင် အမည်ဖြစ်ပါသည်။ ဗိုလ်စု၏ မွတ်စလင် အမည်မှာ နူရ်းမာမက်ခံ ဖြစ်ပါသည်။ ဟာဂျီ ဦးမောင်ကြီး၏ အမည်မှာ မိုဟာမက်အီစမာအီလ် ဖြစ်ပါသည်။ ခံစပ်ဗိုလ် နေမျိုးသီရိရာဇ ဂုဏ္ဏရတ်သည် မွတ်စလင် တရားတော်နှင့်အညီ မိန်းမလေးယောက်ယူထား၏။ ဝလီခံမှာ ပထမ မယားကြီး ဗိုလ်ကတော်ကြီးမှ မွေးဖွားသော တစ်ဦးတည်းသော သားဖြစ်ပါသည်။

ခံစပ်ဗိုလ် ကဲ့သို့သော မြင်းတပ်ဗိုလ်၊ ဗိုလ်မြီရ်ဇာ ဆိုသူသည် အာရပ်ပြည်မှလာ၍ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် အမှုတော် ထမ်းလေ၏။ ၎င်းဗိုလ်မြီရ်ဇာလည်း အခြားမြင်းတပ်မှ ဗိုလ်တစ်ဦး ဖြစ်လေ၏။

သို့သော် ခံစပ်ဗိုလ် ကဲ့သို့ မကျော်ကြားပါ။ သားမရှိပါ။ သမီး နှစ်ယောက်ရှိရာ မမရွှေနှင့် မမငွေတို့ ဖြစ်ကြ၏။ (ရှေး

အခါက မမဝိုင်း မမငွေ ဟူသော အမည်များကို မှည့်ခေါ်လေ့ရှိ၏။) ခံစပ်ဗိုလ်၏ သားအကြီးဆုံး ဝလီခံနှင့် ဗိုလ်မြို့ရိဇာ၏ သမီး အကြီး မမရွှေ တို့ကို ထိမ်းမြား ပေးစားခဲ့၏။ ၎င်းတို့မှ ဗိုလ်စုကို မွေးဖွား၏။

ခံစပ်ဗိုလ်၏ အခြား ဗိုလ်ကတော် သုံးယောက်မှ မွေးဖွားသူတို့မှာ—

(၁) ဦးနှစ် ကျောက်ကုန်သည်၊
(၂) ဦးဘိုးမင်း ရွှေဓားဗိုလ် စစ်ဗိုလ်၊
(၃) ဦးဘိုးတူ ကုန်သည်၊
(၄) မမကြီး၊
(၅) မမလတ်၊
(၆) မမရွက်၊
(၇) မမခက်၊
(၈) မမသက်တို့ ဖြစ်ကြပါသည်။

အထက်ပါ အကြောင်းတို့ကို ဝလီခံ၏ မြေးအရင်း ဟာဂျီ ဦးမောင်ကြီးနှင့် ဦးဘိုးတူ၏ မြေးအရင်း ဒေါ်စောလှ တို့က ပြောပြကြပါသည်။

ဒေါ်စောလှမှာ ဟာဂျီ ဦးမောင်ကြီး၏ ဇနီးဖြစ်ပါသည်။ စစ္စတိုမြေ့...င် ယခုထက်တိုင် ရှိပါသည်။ ဟာဂျီ ဦးမောင်ကြီးမှာ လွန်ခဲ့သော ...၅-နှစ်လောက်က ကွယ်လွန် အနိစ္စ ရောက်ပါသည်။

"ခံစပ်ပိုလ် နေမျိုးသိရှိရာဇ ဂုဏ္ဏရတ်"၏ အဆက်အနွယ်များမှာ ရွှေဘိုမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် အခြားမြို့များတို့တွင် လေးငါးရာခန့် ရှိကြပါသည်။ ခံစပ်ပိုလ်နှင့် ပိုလ်မြို့ရိဇာတို့သည် တစ်ယောက်ကား ပထန်၊ တစ်ယောက်ကား အာရပ်ဖြစ်ပြီး၊ ရုပ်ရည်ကလည်းတူ၊ ပိုလ်အဝတ်အစား ကလည်းတူ၊ နန်းတော်တွင်း သွားအတူတူ၊ ဗလီ ဘုရားဝတ်ပြုရန် သွားအတူတူ၊ အရပ်ထဲ သာရေး နာရေး သွားအတူတူ ဖြစ်ကြလေရာ၊ နန်းတော်သူ နန်းတော်သားများက "မင်းညီနောင်" ဟု အမည်ပေးထားကြ၏။

တစ်နေ့သ၌ ကျွန်တော်နှင့် ပိုလ်ဘာသာ ရွှေဘို အနောက်လိပ်ချင်းရွာသို့ ဝလီခံတပ်မှ စစ်သားဟောင်းကြီး တစ်ယောက်ရှိသည်ဟု ကြားသိရသည့်အတွက် သွားကြ၏။ ၎င်း စစ်သားဟောင်းကြီးကား အခြားသူမဟုတ်၊ ၎င်းရွာမှ ကျောင်းထိုင်ဘုန်းကြီး ဖြစ်ပါသည်။ ပိုလ်ဘာသာက ဘုန်းကြီးကို လျှောက်ထားမေးမြန်းသည်မှာ "ကိုယ်တော် ငယ်စဉ်အခါက စစ်သားတစ်ယောက်ဟု ကြားရ၍ လာရပါသည် ဟုတ်ပါသလား ဘုရား"

ဘုန်းကြီး ဖြေ။ ။"ဟုတ်သည်၊ ဝလီခံတပ်မှ စစ်သား တစ်ယောက် ဖြစ်သည်"

သာ မေး။ ။"ဝလီခံ မြင်းတပ် ဆိုသည်မှာ မှတ်စလင်ဘာသာဝင် မြန်မာများသာ ဖြစ်ပါသည်။ ကိုယ်တော် အဘယ်ကဲ့သို့ ၎င်း ကပ်ထဲ ရောက်သွားပါသနည်း"

ဘုန်း ဖြေ။ ။"ဖလီခံ မြင်းတပ်တွင် ငါ၏ သူငယ်ချင်း
ကျောင်းနေဘက် မှတ်စလင် ဘာသာဝင်
သုံးယောက်ရှိသည်။ သို့အတွက် ငါ ၎င်း တပ်ထဲဝင်သည်။
သို့သော် ငါကလွဲလျှင် အခြား ဗုဒ္ဓဘာသာများ မရှိ"
သာ မေး။ ။"ကိုယ်တော် ထံမှ မြင်းတပ်နှင့် ပတ်သက်
သော ပစ္စည်းများ ဘာကျန်ရစ် သေးပါ
သနည်း"
ဘုန်း ဖြေ။ ။"ဘာမျှ မရှိ၊ သီပေါမင်း ပါတော်မူပြီးသည့်
နောက် သက်န်းဝတ်ပြီး ယနေ့ထက်တိုင်
သင်္ကန်းဝတ်နှင့် နေသည်"
သာ မေး။ ။"ကိုယ်တော် သူငယ်ချင်း သုံးယောက်နှင့်
တွေ့သေး သလား"
ဘုန်း ဖြေ။ ။"မန္တလေးမြို့တွင် စာသင် နေစဉ်ကတော့
ခဏ ခဏ တွေ့သည်၊ ဗိုလ်ဝလီခံနှင့် ဗိုလ်စု
တို့ထံလည်း မကြာခဏ ရောက်သည်။ ယခုတော့ မည်သူမျှ မရှိ
ကြတော့၊ မောင်စော တစ်ယောက်သာ နန်းတော်ထဲမှာ
တွေ့သည်။

ထို့နောက် ဘုန်းကြီးက ၎င်း၏ လက်တွင် ထိုးထားသော "ဝလီခံမြင်း" ဟူသော စာတမ်းကိုပြပြီး ဗိုလ်ဝလီခံနှင့် သား ဗိုလ်စုတို့ အကြောင်းကို အောက်ပါအတိုင်း ပြောပြပါသည်။

"ငါတို့ ဗိုလ်ဝလီခံကား သူရသတ္တိ ရှိ၏။ ရဲရင့်တည်ကြည် ၏။ စိတ်ရင်းကောင်း၏။ စစ်ရေး စစ်ရာ စစ်ပရိယာယ် အလွန်

ပါးနပ် လိမ္မာ၏၊ တပ်သားများ အပေါ်တွင် တရားမျှတသော စိတ် အမြဲရှိ၏။ တပ်သားတိုင်းက ချစ်ကြောက် ရိုသေ လေးစားကြ၏။ ငါတို့ တပ်က ဗိုလ်လို ဗိုလ်မရှိပါဘူးကွာ” ဟု ပြောပြီး ဘုန်းတော်ကြီးသည် သူ့ ဗိုလ်အကြောင်း ပြောနေစဉ် သတိရ လွမ်းဆွတ်သောကြောင့် ထင်၏။ မျက်ရည်များ လည်လာ၏။

ထိုအခါ ကျွန်တော်နှင့် ဗိုလ်ဘသာ တို့သည် ရှေ့သို့ ဆက် မမေးတော့ဘဲ လက်တို့၍ ပြန်ခဲ့ကြလေ၏။

## (၁၉) ဂျွမ်း အမှုထမ်း အစုရေး ဦးမြ အကြောင်း

ဦးမြ ဆိုသူမှာ ဂျွမ်းတန်းရပ်တွင် နေထိုင်ပြီး ဂျွမ်းအမှုထမ်း စာရင်းကို ကိုင်ရ၏။ နန်းတော်တွင်း ပွဲလမ်းသဘင် ရှိလျှင် ဦးမြထံ အကြောင်းကြားရ၏။ ဂျွမ်းအမှုထမ်းတို့ကား ဘုရင့် ရှေ့တော်တွင် ဂျွမ်းအမျိုးမျိုး ထိုးပြရ၏။ တိုင်တက် ပြရ၏။ ကြိုးတန်းအမျိုးမျိုး လျှောက်ပြရ၏။ (Circus) ဖြစ်ပါသည်။

တိုင်းတစ်ပါးက ဧည့်သည်တော်များလာလျှင်လည်း အတီး အကပွဲ၊ ရုပ်စုံပွဲ၊ ဂျွမ်းအမှုထမ်းများ ပြရသောပွဲများ ခင်းကျင်း ပြကြ၏။

သက္ကရာဇ် ၁၂၁၇ ခု၊ အမရပူရမြို့တော်၌ မင်းတုန်းမင်း တရားကြီး လက်ထက်တွင် ဖရား (Phayre) အမှူးပြုသော ဧည့်သည်တော်များ လာကြသောအခါ မြေနန်းပြာသာဒ် ရှေ့တွင် အတီး အကပွဲ၊ ရုပ်စုံပွဲ၊ ဂျွမ်းအမှုထမ်းတို့၏ ပွဲများကို

ခင်းကျင်းပြသ၍ ကြည့်ရှုရသည်ကို ရေးသားထားသော သံအဖွဲ့မှူး အတွင်းရေးမှူး မှတ်တမ်းကို မြဝတီ မင်းကြီး၌ ပါ၍ ကျွန်ုပ်တော် ဖတ်ဖူးပါသည်။

သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်၊ ဘိုးတော် ဦးဝိုင်းလက်ထက် ဆရာကြီး ဦးနုကို ဘိုးတော် ဦးဝိုင်းက တတိယအကြိမ် အိန္ဒိယနိုင်ငံသို့ လွှတ်သဖြင့် သွားရောက်ပြီး ပြန်လာသော အခါ ဂျမ်း အမှုထမ်းများကို ဘိုးတော် မင်းတရားကြီး ရှေ့တော်၌ ပြသရန် ခေါ်ဆောင်၍ လာ၏။ ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး ဒုတိယ အုပ် စာမျက်နှာ (၁၇၀) တွင် အောက်ပါအတိုင်း ပါရှိလေ၏''

''ကေနံ ပုဆိုးချုပ်၍ လွှတ်သောအင်္ကျီ၊ ဒုယင်တော် အဖိုး အနဂ္ဃထိုက်တန်သော စိန်၊ မြ၊ ပုလဲ၊ အထူးထူးသော ထည်မျိုး အုပ်မျိုး၊ ဂျမ်းထိုး တိုင်တက် ကြိုးတန်းလျှောက် အတီး အကကုလားပညာသည် နှစ်ဆယ်ကျော်တို့ကို အပြန်ဝယ်ယူ ခေါ် ဆောင် လာခဲ့လေ၏။

ကေနံ ပုဆိုးချုပ်၍ လွှတ်သောအင်္ကျီ ဆိုသည်မှာ အာရပ် များ ဝတ်ထားသော 'ဂျုတ်ဘာ' အင်္ကျီရှည် ဖြစ်လေ၏၊ ဂျမ်းထိုးတိုင်တက် ကြိုးတန်းလျှောက် အတီး အက ကုလား ပညာသည် နှစ်ဆယ်ကျော်တို့ အမရပူရ မြို့ဟောင်တွင် နေထိုင် သော အရပ်ကို ဂျမ်းတန်းရပ်ဟု ခေါ်ကြလေ၏။

ထို့နောက်မှ မန္တလေးမြို့သို့ ပြောင်းသောအခါ ၎င်းတို့ ပါပါလာ၍ မန္တလေးမြို့တွင်လည်း ယခုထက်တိုင် ဂျမ်းတန်း ရပ် ဂျမ်းတန်းဗလီဟု အထင်ကရ ရှိပါသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တော် အခါနှင့် သားတော် သီပေါမင်းလက်ထက်တော် အခါတွင် အမှုထမ်း သော ဂျမ်းအမှုထမ်းများသည် အမရပူရမြို့တော် ဘိုးတော် ဦးဝိုင်း နန်းစံစဉ်အခါ ဆရာကြီးဦးနု အိန္ဒိယ နိုင်ငံမှ ခေါ် လာသော ဂျမ်းအမှုထမ်းတို့၏ အဆက်အနွယ်များ ဖြစ်ကြပါ သည်။ ဦးမြကသည်း ၎င်းဂျမ်းအမှုထမ်းများထဲမှ အစုရေး ဖြစ်ပါသည်။

## (၂၀) ကျောက်ကုန်သည်ပွဲမင်း ဦးရွှေသီးအကြောင်း

ကျောက်ကုန်သည်ပွဲမင်း ဦးရွှေသီးမှာ မိုးကုတ်မြို့မှ ထွက် သော မိုးကုတ်ကျောက်များကို ဘုရင်မင်းမြတ်ဘက်တော်မှ ပွဲစားအဖြစ် ဆောင်ရွက်ရ၏။ ဂါလကတ္တားမြို့၊ ဘုံဘိုင်မြို့များ သို့ တင်ပို့ရောင်းချရန်နှင့် ၎င်းမြို့များသို့ ကိုယ်တိုင်သွား၍ ရောင်းချရန် မိုးကုတ်ကျောက်များကို ကျောက်ကုန်သည်ပွဲမင်း ဦးရွှေသီးကို အကြောင်းပြု၍ ဝယ်ယူကြရ၏။

ကာဘူလ်မော်လဝီကြီးနှင့်အတူ ိုးဆုတောင်းသောအခါ တောင်ဥယျာဉ် အတွင်းမဏ္ဍပ်၌ ပရိသတ် အများတို့တွင် ပါဝင်သူတစ်ယောက် ဖြစ်လေ၏။

စစ်ကိုင်းတိုင်း ဗလီတွင် ဂေါပကလူကြီး ဖြစ်သည့်ပြင် အလှူအတန်း၌ ရက်ရောသော သူဌေးတစ်ယောက် ဖြစ်လေ၏။ ဟာဂျီမှန်၏ တူအရင်း တော်လေ၏၊

## (၂၁) ကုလားဝန်မင်း မဟာမင်းခေါင် သီဟသူ အကြောင်း

ကုလားဝန်မင်း မဟာမင်းခေါင် သီဟသူအား မင်းတုန်းမင်း တရားကြီးနှင့်ညီတော် အိမ်ရှေ့ကနောင်မင်းတို့က အလွန်သဒ္ဒါယုံကြည်တော်မူ၏၊ ရတနာသိင်္ခခေါ် ပြည်ရွှေဘိုမြို့မှနေ၍ သက္ကရာဇ် ၁၂၁၄ ခု၊ အင်္ဂလိပ် ကုလားဗိုလ်တို့ရှိရာ ပြည်မြို့သို့ ကုလားဝန်မဟာမင်းခေါင် သီဟသူနှင့် အမြောက်ဝန် မင်းလှသီရိ မင်းထင်တို့ကို နှစ်တိုင်းနှစ်ပြည် မဟာမိတ် ဖြစ်စေလိုကြောင်း လွှတ်၍ စကားပြောဆိုစေခဲ့၏။

နောက်တစ်ဖန် ထိုသက္ကရာဇ် နှောင်းတန်ခူးလပြည့်ကျော် တစ်ဆယ့်လေးရက်နေ့တွင်လည်း အခြားဝန်ကြီး. အမတ်များနှင့် အတူ ကုလားဝန်မင်း မဟာမင်းခေါင် သီဟသူတို့အား နယ်နိမိတ် ကျောက်တိုင်အတွက် စကားပြောဆိုရန် လွှတ်ပြန်လေ၏။

(ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၁၅၀ နှင့် ၁၅၁ ကို ရှုပါ။)

ကုလားဝန်မင်းကြီးကား စစ်ဘက်တွင်လည်း အလွန် ကျွမ်းကျင်လိမ္မာသဖြင့် ယယ်ရှယ်စဉ်အခါက စစ်ဗိုလ်အဖြစ်

နှင့် အမှုထမ်းခဲ့ဖူးလေ၏။ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသော သူတစ်ယောက် ဖြစ်လေ၏။

ကုလားဝန်ကြီးတွင် သားတစ်ယောက်မှ မရှိပါ၊ သမီးများသာ ရှိကြသဖြင့် သက်ရွယ်ကြီးသောအခါ အမှုတော်ကို မထမ်းဆောင်နိုင်သည့်အတွက် မင်းတုန်းမင်း တရားကြီးက ၎င်း၏ သားမက် ဦးဒွန်းခေါ် ဦးနေထွန်းအား "မင်းလှမင်းထင်ရာဇာ" ဘွဲ့ အမည်နှင့် ကုလားဝန် ရာထူးကို ပေး၍ ဆက်လက်အမှုထမ်းရွက်စေသည်။

ကုလားဝန်မင်း မဟာမင်းခေါင် သီဟသူနှင့် ဝန်ကတော်တို့ကား အလှူအတန်း အကျွေးအမွေး၌ အလွန်ရက်ရောစွန့်ကြဲလေ့ရှိ၏။ မန္တလေးမြို့ရှိ မေ်ာလဝီခေါ် သာသနာ့ရှေ့ဆောင်တို့ကိုပင့်၍ မင်္ဂလာဆိုးပြီးလျှင် သာသနာ့ရှေ့ဆောင် မော်လဝီ တစ်ပါးလျှင် ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ မိတ်ဆယ်ကိုက်၊ ထီး၊ ဖိနပ်၊ လုံချည်၊ တဘက်တို့ကို မကြာခဏ လှူဒါန်းလေ၏၊ ထို့ပြင် တောင်ဆင်ကျုံးဗလီ တည်သောအခါ ကုလားဝန်မင်း မဟာမင်းခေါင် သီဟသူက ငွေအများဆုံး ပါဝင်လှူဒါန်းလေ၏။

အထက်ပါ အကြောင်းတို့ကို ကုလားဝန်မင်းကြီး၏ အဆက်အနွယ် နာနီကြီးခေါ် ဒေါ်ကြီးကပြောပြ၍ သိရှိရပါသည်။

(အကြောင်းအရာ နံပါတ် ၄၁ တွင် သားမက် "မင်းလှမင်းထင် ရာဇာ" ဘွဲ့ရ ကုလားဝန်မင်း "ဦးဒွန်းခေါ် ဦးနေထွန်း" အကြောင်းလည်း ပါပါသည်။)

## (၂၂) ရွှေဓားဗိုလ် ဦးဘိုးမင်းအကြောင်း

ရွှေဓားဗိုလ် ဦးဘိုးမင်းမှာ ဘုရင့်ရွှေဓားတပ်တွင် ဗိုလ်ဖြစ်ပါသည်။ "ခံစပ်ဗိုလ် နေမျိုးသိဒ္ဓိရာဇဂုဏ္ဏရက်"၏ ဒုတိယသား ဖြစ်သည့်ပြင် ဝလီခံဗိုလ်နှင့် အဖေတူ အမေကွဲ ညီတော်ပါသည်။ မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါမင်းလက်ထက်တော် အခါတွင် အမှုတော် ထမ်းရွက်သူဖြစ်သည့်အတွက် နန်းတော်သူ နန်းတော်သားတိုင်း သိကျွမ်း ခင်မင်ကြ၏။

၎င်းမှာ အသားညိုညို၊ တုတ်တုတ် ခန့်ခန့်၊ နှုတ်ခမ်းမွေးကောင်းကောင်း၊ အရပ် ထောင်ထောင်မောင်းမောင်း၊ စစ်ဗိုလ်အင်္ဂလိပ်နှင့် ညီလေ၏။ မြန်မာ မှုတ်စလင်ပီဗီ ဘုရင်မင်းမြတ်တို့၏ သစ္စာတော်ကို ဦးထိပ်ရွက်တင် စောင့်သိရှိသေလေးစားလေ၏။ ၎င်း၏သားအကြီးမှာအင်္ဂလိပ်မင်းလက်ထက် မန္တလေးမြို့ ကျောက်သွေးတန်း လမ်းလယ်ဘုရား အနီးတွင် နေထိုင်သော ရှစ်ကွက်အုပ် မြို့မသူကြီး ဦးခင်ဖြစ်ပါသည်။ ဦးခင်၏သားမှာ ကျောက်သွေးတန်းရင်နေ စက်ဘီးကုန်သည် ဦးခန့် ဖြစ်ပါသည်။

အထက်ပါအကြောင်းများကို ရွှေဘိုမြို့ မင်းရပ်နေ ဝလီခံဗိုလ်ကြီး၏ မြေးအရင်း ဟာဂျီဦးမောင်ကြီး၏ ဇနီး ဒေါ်စောလှက ပြောပြ၍ သိရှိရသမျှ ရေးသား ဖော်ပြလိုက်ပါသည်။

ဒေါ်စောလှမှာ "ခံစပ်ဗိုလ်နေမျိုးသီရိရာဇဂုဏ္ဏရတ်"၏ သား ဦးဘိုးတူ၏ မြေးဖြစ်ပါသည်။ ဝလီခံဗိုလ်ကြီးနှင့် ဦးဘိုးတူမှာ အဖေတူ အမေကွဲ ညီအစ်ကို တော်ပါသည်။

(၂၇) ''ရန်ကုန်မြို့ မြန်မာပြည်လုံးဆိုင်ရာ ဗမကဌာနချုပ်တွင် အထွေထွေအတွင်းရေးမှူး၊ ယခု ပြည်သူ့လွှတ်တော် အမတ် ဆရာချယ် အထွေထွေရွေးကောက်ရေးကော်မရှင်အဖွဲ့ ၁၉၇၉ ခုနှစ်က ပြုစုစီရင် ရေးသားခဲ့သော မြန်မာ မွတ်စလင် တို့၏ရှေးဟောင်းအတ္ထုပ္ပတ္တိ စာအုပ် စာမျက်နှာ ၇၄ မှ ၇၆ ထိကောက်နှုတ်ဖော်ပြချက်''

## မြေထူးမြို့မွတ်စလင် အမှုထမ်းများ

ရွှေဘိုဒိစတြိတ် ကန့်ဘလူစာတိုက်၊ ခါးတောက်ရင်းရွာ အသက် ၈၅ နှစ်အရွယ် ဗလီဒကာ ဦးဘိုးနီထံမှ ရသော မှတ်စုများ။ (၁) မင်းကြီးသီလဝ၊ ၎င်း၏သား မင်းကြီး သီလဟာတ်၊ ၎င်း၏သား မင်းငနှမျိုး ဂုဏ္ဏရယ်၊ ၎င်း၏သား မြေးထူးမြို့ဝန် မင်းနေမျိုး +မယားဝန်ကတော် ဒေါ်ဦး၊ ၎င်းတို့၏သား ဝန်မင်း ဦးမြတ်ထွန်း+ ဝန်ကတော် ဒေါ်ပတေး၊ ၎င်း၏သား အစီရင်ခံမင်း နရကျော်ခေါင် (နာမည်မှာ ဦးရွှေသာ) + အစီရင်ခံကတော် ဒေါ်တုတ်၊ ၎င်း၏သား ဗလီဒကာ ဦးဘိုးနီ ဖြစ်ပါသည်။ (၂) ဗလီဒကာ ဦးမှော်၏ အစ်ကို နာမည်မှာ ဦးရွှေမောင်၊ ဘွဲ့မှာ မင်းရဲဆင်၊ မယား ဒေါ်မွန်၊ ၎င်း၏ညီ အစီရင်ခံ ဦးဘိုး၊ အစီရင်ခံ ကတော်

ဒေါ်ချုံဖြစ်ပါသည်။ (၃) ဗလီအမ ဒေါ်အုံ၏ အမိ ဒေါ်ဂျုန်း၊ ၎င်း၏လင် ဦးမို၊ ၎င်း၏အဖ ဝန်မင်း ဦးမြတ်သာ ဒွန်းအောင်တို့ ဖြစ်ပါသည်။ (၄) ကသည်းပြည်(ထိုင်းနိုင်ငံ) တိုက်ရာတွင် "မင်းနေမျိုးဂုဏ္ဏရတ်" တိုက်ခိုက်အောင်မြင်၍ ကသည် လူမျိုး ၁၀ အိမ်ထောင် ကံကျေးအဖြစ်နှင့် ခေါ်ယူခဲ့ပြီးလျှင် မြေထူးမြို့ အနောက်ဘက် အုန်းပင်ခြံ၌ ၎င်းတို့ ထားကြောင်း (ကံကျေးအဖြစ်ဆိုသည်မှာ ခိုင်းစေရန် ကျွန်အဖြစ်နှင့် ခေါ်လာခြင်းဖြစ်၏။)

မင်းတုန်းမင်းတရားကြီးလက်ထက် ဗိုလ်လိန်း၊ ၎င်း၏သား အတ္တပတ်မြင်းဝန်၊ (သီပေါမင်းလက်ထက်) ဦးချုံ၊ ၎င်းမြို့ နယ် အစိရင်ခံဦးခုန်၊ ဝါးရုံဖုတ်ရွာသား မြေထူးမြို့သား ဦးချစ်ဖွယ်၊ စစ်ကဲခုံတော်မင်း၊ နာခံမင်း၊ ၎င်းကို တမူးခန်း ပတ်သို့ လွှတ်လိုက်ကြောင်း စစ်ကဲနှင့် ခုံတော်မင်းအဖြစ်မှာ မင်းတုန်းမင်း လက်ထက်မှာဖြစ်၍၊ နာခံမင်းမှာ သီပေါမင်း လက်ထက်တွင် ဖြစ်ကြောင်း။

မြေထူးမြို့သားဦးအစ်၊ အစိရင်ခံ မင်းတုန်းမင်းလက်ထက် ဦးကြင်ဥ၊ မြေထူးမြို့ဝန် ချင်မြစ်ကျင်းရွာသား၊ ၎င်း၏သား သေနတ်စာရေး ဦးလှိုင်၊ ဝန်မင်း ဦးကြင်ဥ၏ညီ ဦးထွန်းဦး၊ မြေထူးမြို့ဝန် ကျီကုန်းရွာသား အဂ္ဂလိပ်မင်း လက်ထက် မြို့အုပ်မင်း ဦးကြီး၊ သွေးသောက်ကြီး မြေထူးမြို့သား၊ ၎င်း၏ သား သွေးသောက်ကြီး ဦးကျော့၊ ၎င်း၏သား ဦးရန်ရှင်း၊

အစိုးရင်ခံ ဦးဖိုး၊ သေနတ်စာရေးမြေထူး၊ ၎င်း၏သားကြီး သေနတ်စာရေး ဦးထိန်း၊ ၎င်း၏ညီ သွေးသောက်ကြီး ဦးယိန်း (ယခုဆားကုန်းအာရုံ ကျောင်းအုပ် ဆရာပု၏ အဘ၊ ၎င်းဆရာပု၏သား ယခု မန္တလေး ယူနီဗာစီတီ ကောလိပ်ကျောင်း၊ ကျောင်းဆရာ ဆရာဒီ (ဘိလပ်ပြန် P. H. D. ဒီဂရီဘွဲ့ရ) ၎င်း၏ယောက်ဖ အစိုးရင်ခံ ဦးနီ၊ ကင်းပိုလ် ဦးစံလှ၊ မှော်တော်ရွာ ပိုလ်တံကွမ်းခန်းပိုလ်၊ ဘုတ်တောရွာကင်းပိုလ် ဦးဖန်၊ မြောင်းငယ်ရွာသား မင်းဗန္ဓု နာမည် ဘးရိပ်၊ သေနတ်စာရေး စစ်ကဲ မင်းထုန်းမင်းလက်ထက် တပ်မှူးပိုလ်ဦးကျော်တောင်၊ ဝက်တိုးရွာ တပ်မှူး ပိုလ်ဦးထွန်း၊ ဖျောက်ဆိပ်ပင်ကုန်းရွာ ၎င်း၏အဘ တပ်မင်း ဦးဟာရှန်၊ တပ်မှူးဦးထယ် မြောင်းငယ်ရွာသား၊ သေနတ်စာရေး ဦးအို (ဦးထွန်း၏အဘ)၊ ဦးကိုး ဝန်စာရေးကျီကုန်း ရွာ အင်္ဂလိပ်မင်းလက်ထက် ရာဇဝတ်အုပ်မင်း ကော၊အိုင်၊အိမ်ချုပ် ဘွဲ့ရသည်။ ဦးဘိုးမြ သေနတ်စာရေး ကျီကုန်းရွာသား ဖော်ပြ ပြီးသော ဦးကြင်ဥ၏သား မောင်မောင်စော လယ်တွင်း ကိုးခရိုင်တွင် ဆန်စာရေး၊ ကျီကုန်းရွာ ဦးအုပ်ခန်း၊ ဦးအုပ် ဂါ ခုံတော်မင်းများ၊ ကျီကုန်းရွာ ဦးကျော်မင်း ဝန်စာရေး ပင်စိန်းခင်းရွာ မင်းရဲလှကျော်သူ၊ စစ်ကဲနာခံတော်မင်း ဝက် တိုးရွာ (ဘိုးတော်ဦးဝိုင်းလက်ထက် မဏိပူရ အာသန် ကသည်း ပြည်များ နိုင်ငံခဲ့သည့်အခါ လက်ရုံးရည်နှင့် အမှုတော်ကို ထမ်းရွက်ခဲ့ကြောင်း) ၎င်း၏သား ဦးနား ပိုလ်မှူး ဝက်တိုး ရွာ၊ ဦးပေါ်လွန်း သွေးသောက်ကြီး ညောင်ပင်ဆိပ်ရွာသား

ဦးသာကျော် ဝန်စာရေး၊ မင်းသိင်္ဂါခုံတော်မင်းကျောက်တိုင် (ဦးအုပ်ခန်း၊ ဒေါ်အုပ်ဂါတို့၏ အဘ)

သက္ကရာဇ် ၁၂၁၄ ခု၊ မင်းတုန်းမင်း တရားကြီးနှင့် ညီတော် ကနောင်မင်းတို့ ရွှေဘိုမြို့သို့ ရောက်သောအခါ မြို့ဝန်ဗိုလ်လိလိန်းသည် မြေထူးမြို့နယ်မှ တပ်သားများ စု၍ အမှုတော် ထမ်းလေ၏။ နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံသောသူ တစ်ယောက် ဖြစ်သည့်အတွက် ရင်းသား ဦးချုံကို အီတလီနိုင်ငံနှင့်ပြင်သစ်နိုင်ငံတို့သို့ ပညာတော်သင် လူကိုးဆယ် ကျော် လွှတ်ရာ ဦးချုံပါ ပါဝင်လေ၏။ မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့က သားတော်တူတော်များကဲ့သို့ အခွင့်အရေးပေးတော်မူလေ၏။ ဦးချုံမှာလည်း လူတော်လူကောင်း တစ်ယောက် ဖြစ်လေ၏။

## (၂၄) အသုံးတော်ခံ အဝယ်တော် ဦးအုန်းပွင့်အကြောင်း

ဦးအုန်းပွင့်မှာ မင်းတုန်းမင်းတရားကြီး လက်ထက်တော်မှ စ၍ သားတော်သီပေါမင်း လက်ထက်တော် အခါတိုင်း ငါးပိအမျိုးမျိုး၊ ငါးခြောက်အမျိုးမျိုး၊ ပုစွန်ခြောက် အမျိုးမျိုး တို့ကို နန်းတော်သူ နန်းတော်သားများ စားသောက်ရန် အတွက် ရန်ကုန်မြို့မှ ဝယ်၍ ဘုရင့်ထံသွင်းရသော အသုံးတော်ခံ အဝယ်တော်တစ်ဦး ဖြစ်လေ၏။

ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တို့ကို သယ်ယူရန် မင်းတရားကြီးက ဦးအုန်းပွင့်ကို သင်္ဘောငယ်တစ်စင်းပေးထား

လေ၏၊ ဝင်းသူတော်နှင့် ခေါက်ထိုးခေါက်ပြန် သယ်၍ နန်းတော်ဘွင်းသို့ သွင်းလေ၏။

အဝယ်တော် ဦးအုန်းပွင့်ကား ဥစ္စာဓနံ ချမ်းသာကြွယ်ဝသူ တစ်ယောက် ဖြစ်သည့်ပြင် သိက္ခာသမာဓိနှင့် ပြည့်စုံသော လူကြီးလူကောင်းတစ်ယောက် ဖြစ်လေ၏။ ကုသိုလ်ကောင်းမှု လည်း များစွာပြုခဲ့ပေ၏။

မင်းတုန်းမင်း တရားကြီးနှင့် သားတော် သီပေါမင်း လက်ထက်တော် အခါတွင် ၈၁ လမ်းနှင့် စီလမ်းထောင့်၏ အရှေ့ဘက် မြောက်မျက်နှာမှုနေရာတွင် ဦးအုန်းပွင့် နေထိုင်ပါသည်။ မင်းတုန်းမင်းတရားကြီးကပေးသောနေရာ ဖြစ်ပါသည်။

သားသမီးများမှာ စစ်ကိုင်းမြို့နေ ဒေါ်ရာ၊ မောင်-ငင်း စစ်ကိုင်းမြို့နေ ဟာဂျီ ဦးကောက်ရ၊ ညီ=ပင်စင် အငြိမ်းစား မြို့အုပ်မင်း ဦးမူစာ ဖြစ်ပါသည်၊ ဦးမူစာသည် ယခုအခါ မန္တလေးမြို့ စီလမ်းတွင် နေထိုင်ပါသည်။

စစ်ကိုင်းမြို့ ဈေးအနီး ရွှေဟသာစတိုးပိုင်ရှင် ဦးဘာတင်မှာ ဒေါ်ရာ၏သား၊ အသုံးတော်ခံ အဝယ်တော် ဦးအုန်းပွင့်၏ မြေးအရင်း ဖြစ်ပါသည်။ ဦးအုန်းပွင့်သည် စစ်ကိုင်းမြို့တွင် သားသမီးများနှင့်အတူ ကွယ်လွန်အနိစ္စ ရောက်ပါသည်။

## (၂၅) ကျောက်ကုန်သည် ဦးနှစ်အကြောင်း

ကျောက်ကုန်သည် ဦးနှစ်မှာ မင်းတုန်းမင်းတရားကြီး လက်ထက် မိုးကုတ် ကျောက်အမျိုးမျိုးတို့ကိုဝယ်၍ ကလကတ္တား ဘုံဘိုင်မြို့များသို့ သွားရောက်ရောင်းချသော ကျောက်ကုန်သည်တစ်ဦး ဖြစ်လေ၏။

ထိုအခါက မန္တလေးမြို့တော်မှ ကလကတ္တား ဘုံဘိုင်မြို့များသို့ သွားရောက် ရောင်းချသော ကျောက်ကုန်သည် မြောက်မြားစွာ ရှိကြလေ၏။

အချို့သောသူတို့သည် ကလကတ္တားမြို့တွင် နေထိုင်၍ ကျောက်အရောင်းအဝယ် ပြုလုပ်ကြလေသည်။ မန္တလေးမြို့တွင် တစ်ထောင်တန်သောကျောက်ကို ကလကတ္တားမြို့တွင် နှစ်ထောင့်ငါးရာ သုံးထောင်ရသောဟူ၏။

ဦးနှစ်သည် "ခံစပ်ဗိုလ် နေမျိုးသီရိရာဇဂုဏ္ဏရတ်"၏သား ဖြစ်ပါသည်။ နောက်သားတစ်ယောက်က အသုံးတော်ခံ ငွေးဘိုးတူ ဖြစ်ပါသည်။ အသုံးတော်ခံဆိုသည်မှာ ဘုရင်မင်းမြတ် အလိုရှိသော ပစ္စည်းတို့ကို ဝယ်၍ ဆက်သွင်းရသောကြောင့် အသုံးတော်ခံဟု ခေါ်၏။

ဥပမာ အထည်အလိပ်များ ဆက်သွင်းရသော သူကိုလည်း အသုံးတော်ခံ၊ စိန်၊ ရွှေ၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်

မှ စ၍ ပရဆေးအမျိုးမျိုးနှင့် အခြားနန်းတော် အိမ်တော်မှ အလိုရှိသော ပစ္စည်းတိုက်ကို သွင်းရသော သူတို့ကိုလည်း အသုံးတော်ခံဟု ခေါ်ကြလေ၏။

## (၂၆) အသုံးတော်ခံ မမစီအကြောင်း

အသုံးတော်ခံ မမစီကို မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး (စကြာဒေဝီ)တို့က အလွန် သဒ္ဒါယုံကြည်တော်မူကြ၏။

နန်းတော်တွင်း မိဖုရားများ၊ သမီးတော် သားတော်များ ဝတ်ဆင်ရန် စိန်လက်ကောက်၊ စိန်နားကပ်၊ စိန်ကြယ်သီး၊ စိန်လက်စွပ်၊ စိန်လည်ကပ်၊ စိန်ဆံထိုး၊ စိန်ဘီးမှစ၍ စိန်နှင့် ပတ်သက်သော ပစ္စည်းအမျိုးမျိုးနှင့် မိုးကုတ်ကျောက်အမျိုးမျိုး တို့ကိုပန်းတိမ်တော်များနှင့် အထည်ပြုလုပ်၍ ဆက်သွင်းရ၏။

ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာ၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့လေ၏။ နန်းတော်ကျုံး၏ အနောက်ဘက် နန်းတော်ကို မျက်နှာမူနေသော ၂၃ လမ်းနှင့် ၂၄ လမ်းကြား တစ်နေရာ၊ ၂၀ လမ်းနှင့် ၈၃ လမ်းထောင့် အရှေ့ဘက် မျက်နှာမူနေသော မြောက်ဘက်တစ်နေရာ၊ ၈၃ လမ်း သေတ္တာတန်း မြောက်ဖျားတစ်နေရာ၊ မြေသုံးနေရာကို မင်းတရားကြီးနှင့် စကြာဒေဝီ မိဖုရားကြီးတို့က ပေးတော်မူ၏။

တစ်နေ့သ၌ စကြာဒေဝီ မိဖုရားကြီးက "ဟဲ့ မိစီ၊ နင် ခဏခဏ နန်းတော်ထဲလာနေထာ နောက်တစ်ခေါက် နင်လာလျှင် နင့်သမီးတွေကို ကြည့်ရအောင်ခေါ်ခဲ့"ဟု မှာလိုက်လေ၏။ နောက်မမစီ နန်းတော်တွင်းသို့ သွားသောအခါ ၎င်း၏သမီးများဖြစ်သော ဒေါ်ရွှေနှင့် ဒေါ်ပုတို့ကို ခေါ်သွားလေ၏။ ရှေ့တော်သို့ ရောက်သောအခါ ကလေးများမှာ မရောက်ဘူး မမြင်ဘူးသည့်အတွက်ကြောင့် ကြောက်လန့်၍ ငိုကြလေသော် မိဖုရားကြီးက "ဟဲ့မိစီ နင့်သမီးတွေကို ချော့ပါဟဲ့၊ ချော့ပါဟဲ့"ဟု မိန့်တော်မူသောအခါ ချော့၍မရ၊ တိုး၍သာ ငိုတော့သဖြင့် "ဟဲ့မိစီ နင့်ကလေးတွေ မြန်မြန်ပို့ချေ၊ နောက်မှ နင်ပြန်လာခဲ့"ဟု မိန့်တော်မူလေ၏။

မမစီအား မိဖုရားခေါင်ကြီး (စကြာဒေဝီ)မှ စ၍ အခြားမိဖုရားများ၊ သမီးတော်များက အလွန်ချစ်ခင်ကြ၏။ ၎င်းတို့၏ အသုံးအဆောင်များ အနည်းငယ် ဟောင်းနွမ်းလျှင် မမစီကို ပေးလိုက်၏။ ၎င်းပစ္စည်းများမှာ အချိတ်ထဘီများနှင့် ထိုင်၍ကြည့်သော ကျောက်မှန်ကြီး ဖြစ်၏။

၎င်းကျောက်မှန်ကြီးမှာ အောက်က သစ်သားခုံပေါ်စကျင်ကျောက်ချော ခင်းထားပြီး ဘေးနှစ်ဖက်က ပွတ်လုံးကြောင်လိမ်တိုင် နှစ်တိုင်ဖြင့် ဖြစ်လျက် အနံ နှစ်ပေ အလျားနှစ်ပေခွဲခန့် ရှိ၏။ မှန်တင်ခုံနှင့် မှန်သုံးချပ်ရှိ၏။ အဝတ်ထည့်သော ဂုံးသေတ္တာခေါ် သေတ္တာမှာ လေးလုံးရှိ၏။

သေတ္တာမှာ အဖုံးနှင့် တေးတွင် ဇာတ်တန်းများ ရေးထားသည့်ပြင် အတွင်းသစ်စေး၊ အပြင်သစ်စေး သုတ်ထားသဖြင့် ပိုးမွှားမဝင်နိုင်ပါ။ ရေလုံပါသည်၊ ထို့ပြင် အမြင့်တစ်ပေခွဲ၊ အဝတစ်ပေခန့်ရှိ ကြေးဖလားကြီးတစ်လုံး၊ ဆေးကဇာတ်ဘန်းနှင့် အခြားနန်းသုံးပစ္စည်းများလည်း ရှိ၏။

၎င်းပစ္စည်းများကို မိဖုရားများနှင့် မင်းသမီးများက မမစီကို ပေးသဖြင့် ကျွန်တော်ကိုယ်တိုင် အသုံးပြုခဲ့ရပါသည်။ ၎င်းနန်းသုံးပစ္စည်းများအကြောင်းကို ဗိုလ်ဘသာအားစပြောပြသဖြင့် လာကြည့်ပါသည်။

၎င်းပစ္စည်းများမှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်က ရွှေဘိုမြို့ကို ဗုံးကြဲသောအခါတွင် မီးထဲသို့ ပါသွားသဖြင့် နမြောမဆုံး ဖြစ်ရပါသည်၊ ကျွန်တော်၏ ယောက္ခမ ဒေါ်မိမှာ မမစီ၏ မြေးအရင်း ဒေါ်ရွှေ၏သမီး ဖြစ်ပါသည်။ မေမြို့နေ ဟာဂျီ ဦးကာစင်မှာ ဒေါ်မိ၏ မောင်အရင်း ဖြစ်ပါသည်။ ယခု လက်ရှိ မြူနီစပါယ်လူကြီး ဦးဘသိန်းမှာ ဦးကာစင်၏ မြေးအရင်း ဖြစ်ပါသည်။

မမစီ၏ ညီမရင်းမှာ မမဖီဖြစ်ပါသည်။ မမဖီ၏ မြေးအရင်းမှာ ပညာရေးဝန်ကြီး အင်္ဂမ်းစား ရန်ကုန် ယူနီဘာစီတီကျောင်းတွင် ကျောင်းဆရာကြီး လုပ်ခဲ့သူ ဆရာကြီး ဦးကာဖြစ်ပါသည်။

## (၂၇) ကျောက်ကုန်သည် ဦးယောအကြောင်း

ဦးယောမှာ မင်းတုန်းမင်းတရား လက်ထက် မိုးကုတ်ကျောက်များကို ကလကတ္တား၊ ဘုံဘိုင်မြို့များသို့ ကိုယ်တိုင်သွားရောက် ရောင်းချသူ ကျောက်ကုန်သည် တစ်ယောက်ဖြစ်ပါသည်။

တစ်ခါတရံ ခြောက်လ တစ်နှစ်ခန့်ကြာပြီး ကလကတ္တားမြို့ ကိုလိုတူလ္လာလမ်း ကျောက်ကုန်သည် ခလီဖွာ ဟာဂျီဦးဘိုးမြတိုက်တွင် တည်းခို၍ ကျောက်အရောင်းအဝယ် လုပ်လေ၏။ ၎င်းတိုက်တွင် မန္တလေးမြို့မှ အခြား ကျောက်ကုန်သည် တို့လည်း များစွာရှိကြ၏။ ဦးယောသည် ကတ္တီပါဖိနပ်၊ ယောပုဆိုးတောင်ရှည်၊ သားမွေးရင်ဖုံးအင်္ကျီကို ဝတ်ဆင်ပြီး၊ သျှောင်ထုံးကြီးနှင့် ကျင်ခတ်ပိုးပဝါ ပေါင်းလျက် အသားဖြူသူ ဖြစ်လေ၏။

လည်ပင်းတွင် ဆေးနီအင်းကွက်များ ထိုးထား၏။ အထက်ပါ အဝတ်အစားအတိုင်း အမြဲဝတ်ဆင်၏။ အင်္ဂါရုပ်ကောင်း လူချော လူလှတည်း။

ကိုလိုတူလ္လာလမ်းတောင်တက် ဇက္ကာဒီယာလမ်း၊ ဇက္ကာဒီယာဗလီသို့ ဘုရားဝတ်ပြုရန် သွားသောအခါ ကုလားများက ဦးယောကိုကြည့်ပြီး "ကာဖိရ်...ကာဖိရ်"ဟု တီးတိုးပြောကြ

၏။ (ကာဖီရ်၏ အဓိပ္ပာယ်မှာ ဘာသာခြားဟူ၍ ဖြစ်ပါသည်။)

သို့သော် ဦးယောဘ ဘုရားဝတ်မပြုမီ မျက်နှာ၊ နှာခေါင်း၊ ပါးစပ်၊ ခြေ၊ လက်တို့ကို ဆေးကြောသန့်ရှင်းစဉ် ကြည့်ကြလေသော် ဌာန်ကရိုဏ်းကျသည့်ကို မြင်တွေ့ရသည့်အတွက် ဘာမှ မပြောကြပါ။ အကယ်၍ ဌာန်ကရိုဏ်း မကျလျှင် မောင်းထုတ်ကြလိမ့်မည်သာ ဖြစ်လေသည်။

(ဤသို့ တရားနားလည်ရခြင်းမှာ ၃၅ ခန်း ကျမ်းရှင် ဆရာကြီး ဦးနု၏ ကျေးဇူးပင်တည်း။)

နောက်ဘုရားဝတ်ပြုသောအခါ ရှေ့မှ မော်လဝီခေါ် သာသနာ့ရှေ့ဆောင်က ဘုရားဝတ်တက်စာ မှားလေသော် နောက်မှ ဦးယောဘက အမှားကို ထောက်လေ၏။

ဝတ်တက်မှုဆင်းသောအခါ ကုလားများ ဝိုင်းလာကြပြီး "ခင်ဗျား ဘယ်နိုင်ငံကလဲ" ဟု မေးကြ၏။ ဦးယောဘက မြန်မာပြည်က မြန်မာလူမျိုးဖြစ်ကြောင်း၊ မြန်မာပြည်တွင် မိမိထက် စာတတ်သူတွေ မြောက်မြားစွာရှိကြောင်း ပြောပြသောအခါ အံ့အားသင့်နေကြ၏။ ဦးယောဘကား ဆရာကြီး ဦးနုရေးသော ကျမ်းနှင့် ဟာဂျီမှန်ရေးသာ ကျမ်းတို့ကို အာဂုံဆောင်နိုင်သော ဟူ၏။

ကျောက်ရောင်း၍ များစွာအမြတ်ရသော အလှည့်တွင် ငွေမူးစေ အသေးများကို ဝ ူးဆ ာ်ဖိုး၊ တစ်ရာဖိုးလဲ၍

ဓါဒါကြက်ဗုဒ္ဓေါ် လေးဘီးရထားပေါ်တွင် နောက်ကထိုင်ပြီး ယောပုဆိုးတွင် ပိုက်ဆံများထည့်လျက်အပေါက်ဖောက် ခါနေသောအခါ နောက်မှကုလားများ ဝိုင်း၍ လိုက်ကောက်ကြရ၏။

ဤကဲ့သို့ ကျောက်ရောင်း၍ အမြတ်များများ ရသော အလှည့်တိုင်း ငွေမူးစေ့များ ကြဲလေ၏၊ ကလကတ္တားမြို့မှ ကုလားများက "ဗရမာရာဂျာ...ဗရမာရာဂျာ" ဟု အော်ပြီး နောက်မှလိုက် ကောက်ကြလေ၏။ (ဗာရမာရာဂျာ၏အဓိပ္ပာယ်မှာ မြန်မာပြည်မှမင်း ဟူ၍လည်း ရ၏၊ သူဌေးဟူ၍လည်း ရ၏။)

အိန္ဒိယနိုင်ငံ၌ကား ချမ်းသာသော သူဌေးများလည်း ရှိ၏။ အလွန် ဆင်းရဲသော ဆင်းရဲသူ ဆင်းရဲသား များလည်း မြောက်မြားစွာ ရှိကြ၏။ ဆင်းရဲသောသူက များ၏။ မမျှတပါ။ မိုက်ဆံအလွန်ရှား၏။ သို့အတွက် ဦးယောက ငွေမူးစေ့ များကြဲသောအခါ "ဗရမာရာဂျာ" ဟု အော်၍ နောက်မှ ဝိုင်းအုံပြီး လိုက်ကောက်ကြခြင်း ဖြစ်၏။ ဦးယောကား မြန်မာပြည်အတွက် ဂုဏ်ယူဖွယ်ကောင်းသောသူ တစ်ယောက် ဖြစ်ပါသည်။

(၂၈) မုန့်တော်ခေါင်းမင်းဦးရွှက်အကြောင်း

မုန့်တော်ခေါင်းမင်းဦးရွှက်မှာကျွန်တော်၏သားအေအရင်း ဖြစ်ပါသည်။ ဦးရွှက်၏သား လူပျိုတော် ဦးထွန်းမောင်မှာ

ကျွန်တော့်အမေ၏အဖေ၊ ကျွန်တော့်ဘိုးအေအရင်း ဖြစ်ပါသည်။

မုန့်ကော်ခေါင်းမင်း ဦးရွက်သည် မင်းတုန်းမင်းတရားကြီး လက်ထက်နှင့် သားတော်သီပေါမင်း လက်ထက်တော် အခါတွင် မုန့်တော်ခေါင်း အမှုတော်ကို ထမ်းရ၏။ မုန့်တော်ခေါင်းမင်း အလုပ်မှာ ဆယ့်နှစ်ထွေ မုန့်အမျိုးမျိုး တို့ကို တပည့်များက လည်းကောင်း၊ အခြားဖိုတောင် လေးဦးက လည်းကောင်း ကျွန်တော်၏ဘေးအေ ဦးရွက်ထံသို့ ပို့ရ၏။

၎င်းမုန့်များကို စုပေါင်း၍ နန်းတော်သို့ ပို့သွင်းရ၏။ ဖိုလေးဖိုတွင် တစ်ဖိုလျှင် အလုပ်သမား နှစ်ဆယ် အစိတ်သာ ရှိ၏။ ဦးရွက်၏ ဖိုတွင်ကား တစ်ရာကျော်ခန့် ရှိ၏။ ထို့ကြောင့် ဘေးအေဦးရွက်ကို မုန့်တော်ခေါင်းမင်းဟု ခေါ်ကြလေ၏။

ကြော်လှော်ရန်နှင့် မုန့်လုပ်ရန်အတွက် မင်းတုန်းမင်း တရားကြီးက အင်းဘဲရပ်ကွက် တစ်ရပ်လုံးကို ပေးထား၏။ နန်းတော်သို့ သွင်းရသော မုန့်များမှာ မုန့်ဆယ့်နှစ်မျိုးရှိ၏။ ၎င်းကို ဆယ့်နှစ်ထွေမုန့်ဟု ခေါ်ကြ၏။

ထိုဆယ့်နှစ်ထွေမုန့်၏ အမည်များကို ကျွန်တော့်ဘွားအေများ ရှိစဉ်အခါက မကြာခဏ ပြောပါသည်။ သို့သော် အမှုမဲ့ အမှတ်မဲ့ နေခဲ့သည့်အတွက် ရေးမှတ်မထားလိုက်မိပါ။

ရှင်းမုန့်များမှာ ယခုအခါ ပလိန်းကိတ်၊ ချီဇာကိတ်များကဲ့သို့ ဂျုံမှုန့်၊ ထောပတ်၊ သကြား၊ နွားနို့၊ မလိုင်၊ အုန်းသီး၊ သပျက်သီး၊ ဗာဒန်နှင်းရည် တို့ဖြင့် လုပ်ကြောင်းကို ဘွားအေ များက ပြောပြသဖြင့် သိရပါသည်။

အလွန်အရသာနှင့် ပြည့်စုံကြောင်း ပြောပြကြပါသည်။ ရှင်းမုန့်များကို ဘုရင်နှင့် မိဖုရားများ၊ ကိုယ်လုပ်တော် များ၊ အပျိုတော် လူပျိုတော်များ၊ သားတော် သမီးတော်၊ မြေးတော်များ၊ ဗိုလ်ကြီး၊ ဝန်ကြီး၊ အမတ်ကြီး၊ အတွင်း ဝန်များ ထမင်းစားပြီး လက်ဖက်ရည်အဖြန်နှင့် စားသောက် ကြ၏။ ထို့ပြင် နယုန်လ စာပြန်ပွဲတော်နှင့် ဝါတွင်းလေးလ တွင် သံဃာတော်များ ဘုဉ်းပေးရန် ဒန်ပေါက်ဆွမ်း၊ အုန်းဆွမ်း၊ ထောပတ်ဆွမ်းများကိုပါ ချက်ပြုတ်၍ နန်းတော် တွင်းသို့ သွင်းရလေ၏။ တစ်ခါတရံ ငွေတိုက်တော်မှ ငွေထုတ် လျှင် အနည်းဆုံး လေးငါးထောင် ထုတ်ရ၏။ ငွေများကို မိန်းမ သုံးလေးယောက်ရွက်၍ သယ်ရကြောင်း ဘွားစာက ပြောပြပါသည်။

ကျွန်တော်၏ဘေးအေ ဦးရွက်ကား မင်းတုန်းမင်းတရား ကြီးနှင့် ညီတော် ကနောင်မင်းတို့ အမရပူရ မြို့တော်မှ ရွှေဘို မြို့သို့ ထွက်သွားသောအခါ နောက်တော်ပါဖြစ်သည့်အတွက် အခြားသူများထက် အခွင့်အရေး ပေးလေ၏။ ထိုသို့ အခွင့် အရေး ပေးသောကြောင့် လူတိုင်း ရှိသေလေးစားကြ၏။

ဦးရွက်ကလည်း အလွန်တည်ကြည် ဖြောင့်မတ်ပြီး စိတ်သဘောထား ဖြူစင်ရိုးသား၏။ ရုပ်ရည်မှာ သန့်သန့်ပြန့်ပြန့် လူချောလူလှ။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မျက်လုံးကောင်း၊ မျက်ခုံးကောင်း၊ ဆံပင်ရှည်၊ ပဝါပေါင်း၊ ပုဆိုးတောင်ရှည်၊ နားပေါက်ကြီးနှင့် ထိုးကွင်းဘောင်းဘီစွပ် ထိုးထားသည့်ပြင် လည်ပင်းတွင် ဆေးနီအင်းကွက်များ ထိုး ထား ကြောင်း ဘေးအေ၏သမီး ဘွားစာနှင့် မြင်ဖူးသူတိုင်းက ပြောပြကြပါသည်။

ဦးရွက်၏ အဆက်အနွယ်မှာ ဤသို့တည်း။ ရွှေဘို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ပဉ္စမသားတော် အမရပူရ ပထမ မြို့တည်နန်းတည် ဘိုးဝေတော် ဦးဝိုင်းလက်ထက် "သူဌေး ဦးအောင်ပုနှင့် သူဌေးကတော် မမင်းသူ" တို့တွင် သမီးနှစ်ယောက်ရှိ၏။ ပထမသမီးမှာ မမရွှေ၊ ဒုတိယ သမီးမှာ မမငွေ၊ ပထမသမီး မမရွှေမှ (၁) ဦးဘိုး၊ (၂) ဦးရွက်၊ (၃) ဦးရစ်ဟူ၍ သားသုံးယောက် မွေးဖွားရာတွင် ဒုတိယ သား ဦးရွက်သည် ကျွန်တော်၏ ဘေးအေအရင်း ဖြစ်ပါသည်။ သူဌေးဦးအောင်ဘုအား ဘိုးတော်ဦးဝိုင်းက သူဌေးများ၏ အဆောင်အရွက် အစီးအနင်း ပေးသည့်ပြင် ရွှေထီးဆောင်း၍ ဆင်စီးရ၏။

ဦးဘိုး၊ ဦးရွက်နှင့် ဦးရစ်တို့ ညီအစ်ကိုသုံးယောက် လူလားမြောက်သောအခါ ဘိုးအေ့ "သူဌေးမင်း ဦးအောင်ပု၊

သူဌေးကတော် မမမင်းသူ”တို့ ကွယ်လွန် အနိစ္စ ရောက်သည့် ပြင် မိဘများပါ မရှိကြတော့သဖြင့် ညီအစ်ကို သုံးယောက်မှာ တက်သေးအင်းဘေး တက်သေးရွာတွင် ဆင်းဆင်းရဲရဲနှင့် နေရ ပြီး ဦးဘိုးနှင့် ဦးရစ်မှာ ဆန်မှုန့် အငှားထောင်းရ၏။ တစ်ယောက်ကထောင်းလျှင် တစ်ယောက်က မှုန့်ညက်ဒိုင်းဆင့် ရ၏။

ညီအငယ် ဦးရစ်မှာ ထမင်းချက်ရ၏၊ (ဘိုးဘေဘွားအေ လက်ထက် သူဌေးဘွဲ့ရပြီး မြေးများလက်ထက်မှာ ဆင်းရဲ ဒုက္ခ ရောက်ကြလေ၏။ ဩော် ပစ္စည်းဆိုသည်မှာ သခ်ါရ ပါတကား။) နောင်မင်းတုန်းမင်းကြီး နန်းတက်သောအခါ ပစ္စည်းဥစ္စာ ရွှေငွေ ကြွယ်ဝချမ်းသာကြလေ၏။

ဦးရွက်၏ သားသမီးတို့ကား (၁) ဘွားဖီ၊ (၂) ဘွားနီ (ဘွားနီမှာ သက္ကရာဇ် ၁၂၁၄ ခု၊ ရွှေဘိုမြို့ အနောက်ဈေး ရပ်တွင် နှစ်လအရွယ်တွင် ကွယ်လွန်အနိစ္စ ရောက်လေ၏။) (၃) ဘွားစီ၊ (၄) ဘွားစာ၊ (၅) ဦးထွန်းအောင် (စစ်ကိုင်း ခေါက်ဆွဲဆိုင်ရှင် ဦးကိုကြီး၏အဖေ)၊ (၆) ဦးထွန်း မောင် (ကျွန်မတော့် ဘိုးအေ) (၇) ဘွားလုံး (ကျွန်တော့် အမေမှာ ဦးထွန်းမောင်၏ ဒုတိယသမီး ဖြစ်ပါသည်။ ကျွန်တော့် ဘွားအေ ဟာဂျီမ ဒေါ်ချစ်မှာ အသက် (၉၀) ကျော် ယခုအသက်နှင့် ရှိပါသည်။)

တစ်နေ့သ၌ မင်းတုန်းမင်းတရားကြီးသည် ရှင့်ဖျက်၍ ကိုယ်တော်တိုင် မြို့လှည့်ပြီး စနည်းနာသောအခါ စစ်ကိုင်း

တန်းရပ်ရှိ ကျွန်တော် ဘေးအေ ဦးရွှက်၏ အိမ်ရှေ့သို့ ရောက်လေသော် မဏ္ဍပ်တွင် လူအများမော်လွှတ် ဖတ်နေကြသည်ကို တွေ့သောအခါ အတန်ကြာရပ်၍ နားထောင်ပြီး အလွန်သဘောကျသဖြင့် နံနက်ညီလာခံတွင် ဝန်ကြီးများကို ဤသို့ မေးလေ၏။ ''ဝန်ကြီးများ လောကဌ် သတ္တဝါတို့တွင် ဘယ်သတ္တဝါ၏ အသံသည် အကျယ်ဆုံးလဲ''ဟု မေးလေသော် ဝန်ကြီးများက''ဆင်အော်သံကျယ်ပါသည်ဘုရားကျားဟိန်းသံကျယ်ပါသည်ဘုရား''ဟု မိမိတို့သိသမျှ အသီးသီး သံတော်ဦးတင်ကြလေ၏။

မင်းတုန်းမင်း တရားကြီးက ''မောင်မင်းတို့ သံတော်ဦးတင်တာ အကုန်မှားသည်၊ ပနေ့ညက ငါကိုယ်တော် မြို့စနည်းနာထွက်ရာ စစ်ကိုင်းတန်းရပ် မှုန့်တော်ခေါင်း ငရွှက်အိမ်ရှေ့ရောက်တော့ မှတ်ဆိတ်ဖားဖားနှင့် ပသီလေးယောက် မျက်နှာချင်းဆိုင် ထိုင်အော်ကြ၊ မတ်တပ်ရပ်အော်ကြတာကို တွေ့ခဲ့ရတယ်။ လောကမှာ အဲဒီအသံ အကျယ်ဆုံးပဲ''ဟု မိန့်တော်မူလေ၏။

(မော်လွှတ်အခိပ္ပာယ်မှာ တမန်တော် မိုဟာမက်သခင်ဖွားတော်မူခန်းကို အာရ်ဗီဘာသာနှင့် ရေးထားခြင်း ဖြစ်ပါသည်။

ဝင်းအာရ်ဗီစာကို ရှေးလူကြီးများက မြန်မာလို ဘာသာပြန်ပြီး အော်၍ဖတ်ရွတ်ကြ၏။ အစမှာ ''အောင်လာ့အောင်လာ့ရာဟေမြိန်=လူလူ့ လူလူ့ လာလေပြီ''ဟူ၍

အာရှဇီ ဘာသာကို မြန်မာလို အဓိပ္ပာယ် လက်ခံစပ်၍ အပုဒ်ပေါင်းများစွာ နားကွဲလုမတတ် သံကုန်ဟစ်ပြီး စိတ်ပါ ကိုယ်ပါ အော်ဆိုကြ၏။

ထို့ပြင် ဘွဲ့ရဇာနီမော်လွတ်၊ အဂ္ဂဒါမော်လွတ် တို့ကို လည်း ရွတ်ဆိုကြ၏။ အဘွားမှာ "ဝေဇယန္တာအသွား" တောင်လိမ့်သံ၊ တောင်ဆင်းသံ၊ ရွှေဘိုပုံကြီးသံ၊ လှေတော်သံ ဟူ၍လည်း ဆိုကြ၏။

မော်လွတ်ဖတ်ဆိုသည်မှာ လူလေးယောက်က သံကုန်ဟစ် တိုင်ပြီး အများက သံကုန်ဟစ်၍ နောက်က လိုက်ဖတ်ကြခြင်း ဖြစ်လေ၏။ ရှေးအခါက မဏ္ဍပ်ကြီးစွာထိုးပြီး ပရိသတ် ကိုးရာ တစ်ထောင် ဖတ်ဆိုကြ၏။)

ဘေးအေး မုန့်တော်ခေါင်းမင်း ဦးရှက်ကား အကျေး အမွေး ဝါသနာပါပြီး မကြာခဏ လှူတန်း ပေးကမ်းစွန့်ကြဲ လေ့ရှိသည့်ပြင် သူတစ်ပါးကို သနားဘတ်၏။ အင်္ဂလိပ်မင်း လက်ထက် အသက်၈၀ ကျော်ရှယ် ၌ ကွယ်လွန်အနိစ္စ ရောက် ပါသည်။

• မန္တလေးမြို့ အုတ်သျှစ်ကုန်းသင်္ချိုင်းတော်အတွင်းအနောက် နား၌ သင်္ဂြိုဟ်မြှုပ်နှံပါသည်။ သင်္ချိုင်းခေါင်းရင်းမှ ကျမ်းည်း ကျောက်တိုင်တွင် "မိုဟာမက်ဟာရှင်ခေါ် မုန့်တော်ခေါင်း

မင်း ဦးရွက်ဟူ၍ လည်းကောင်း၊ ဘေးမှ သင်္ချိုင်း ကျောက်တိုင်တွင် ''မုန့်တော်ခေါင်းမင်း ကတော် - အရိုးမြေ'' ဟူ၍လည်းကောင်း ရေးသားထားပါသည်။ မုန့်တော်ခေါင်းမင်း ဦးရွက်သည် မြင့်မြတ်သော အင်းဝပညာရှိခေါ် မြို့ပညာရှိ အမျိုးအနွယ်မှ ဆင်းသက်ပါသည်။

ဘေးအေဦးရွက်၏ သင်္ချိုင်း လက်ဝဲဘက်တွင် ''ကုန်းရိုးတန်းရပ် ဟာဂျီဘိုး''ဟူ၍ အစ်ကိုဦးဘိုး၏ ကျောက်တိုင်ဟုမှည့်း ရှိပါသည်။

ကျွန်တော်သည် ရာဇဝင်ပါမောက္ခ ရွှေပြည်ဆရာ ဦးဘတင်နှင့် ခင်မင်ပါသည်။ ဆရာ့ထံ မကြာခဏ ရောက်ပါသည်။ ဆရာက ပြောသည်မှာ စကြာမင်း ရေချစဉ် အခါက ဘေးအေဦးရွက်မြင်ရကြောင်းကို ဆရာ၏ အဖေက မကြာခဏ ပြောကြောင်း၊ ဆရာ၏ အဖေက ၎င်းကို တစ်ဆင့်ပြော၍ သိရကြောင်းနှင့် ပြောပြပါသည်။

မုန့်တော်ခေါင်းမင်း ဦးရွက်၏ တတိယသမီး ဘွားစိမ့်မွေးသော ဦးစိန်ကာ ဆိုသူ တစ်ယောက် ရှိပါသေးသည်။ ၎င်းသည် ဝါသနာအလျောက် ရွှေးသီချင်းကြီး။ သီချင်းခံ ၁၈ ပုဒ်ခန့် ရ၏။ ထိုအကြောင်းကို ရွှေပြည်ဆရာ ဦးဘတင်ကို ပြောပြသောအခါ ဆရာက ခေါ်ခဲ့ရန် ခဏ ခဏမှာ၏။

တစ်နေ့ ခေါ်သွားသောအခါ ဆရာ့သားကတီး၍ ဦးစိန်ကာက သီချင်းကြီး သီချင်းခံများကို ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသား ဆိုလေ၏။ သီချင်းဆို၍ပြီးသောအခါ ဘိုးအေဦးရွက်နှင့်အတူ သကြန်တစ်နေ့တွင် သီပေါမင်းထံ သကြန်ထမင်း သွားပို့ရကြောင်း ပြောပြပါသည်။

သကြန်ထမင်းဆိုသည်မှာ တမင်းနှင့်ရေဖျော်ပြီး တာအိုးစလေးတွင် အည့်၍ သွားပို့ရကြောင်း၊ ၎င်းထမင်းကို သီပေါမင်းက စားတော်ခေါ်ကြောင်း၊ ထိုအခါ ဘိုးအေဦးရွက်က ၎င်းအား လက်ဆွဲ၍ နန်းတော်ဘွင်း ဘုရင့်ရှေ့တော်ရောက် ခေါ်သွားကြောင်း၊ သူသည် ထိုအခါက အသက်ကိုးနှစ်ရှိကြောင်း၊ သူကောင်းကောင်း မှတ်မိကြောင်း စသည်ဖြင့် ဆရာနှင့် ကျွန်တော့အား ပြောပြလေ၏။

ဆရာ့ထံ ခေါ်သွားပြီးနောက် တစ်လအကြာ ၉၆ ပါး ဝေဒနာနှင့် ဦးစိန်ကာ ကွယ်လွန်ရနိုဗ္ဗ ရောက်လေ၏။ ၎င်းဦးစိန်ကာမှာ နားပေါက်ကြီးနှင့် ထိုးကွင်းဘောင်းဘီ စွပ်ထိုးထားပါသည်။

## (၉) အသုံးတော်ခံ ရွှေဘိုမလိခကာ ဆရာမှတ်ခေါ် စရက်အဟာမက်အကြောင်း

အသုံးတော်ခံ ဆရာမှတ်ခေါ် စရက်အာဟာမတ်မှာ ကျွန်တော်၏ အဖေဘက်မှ ဘိုးအေအရင်း ဖြစ်ပါသည်။

ကျွန်တော့်ဘိုးအေသည် သီရိလင်္ကာ ကိုလံဘိုမြို့၏အနောက် တောင် ဂလ္လ မြို့ ဇာတိ ဂလ္လမြို့သား ဖြစ်ပါသည်။ ၎င်းမြို့သည် အင်္ဂလိပ်တို့ သီရိလင်္ကာကို မသိမ်းပိုက်မီက အကြီးဆုံး မြို့တော် ဖြစ်ပါသည်။

သက္ကရာဇ် ၁၂၃၇ ခု၊ တန်ဆောင်မုန်းလအတွင်း "ကင်းဝန် မင်းကြီး သတိုးမင်းကြီး မဟာမင်းလှ စည်သူ"ကို မှင်းတုန်းမင်း တရားကြီးက သီရိလင်္ကာသို့ စေလွှတ်ရာ ဂလ္လမြို့သို့ ဆိုက်ရောက်လေသော် အတီးအကာ အကြိုအဆိုတို့ဖြင့် ကြိုးကျယ်ခမ်းနားစွာ ကြိုဆိုကြလေ၏။

ထိုအကြိုပွဲတော်ကို မြင်သောအခါ ကျွန်တော်၏ ဘိုးအေသည် မြန်မာနိုင်ငံသို့ အရောင်းအဝယ်လုပ်ရန် အလွန်လာချင်လေ၏။ ထို့ကြောင့် သီရိလင်္ကာမှ ရဟန်းတော်များ မြန်မာနိုင်ငံသို့ ကြွမည်ဆိုသည်ကို တင်ကြိုသိထားသည့်အတိုင်း ရဟန်းများထံသွားပြီး ကိုယ်တော်တို့ မြန်မာနိုင်ငံ ကြွသွားလျှင် မိမိပါ လိုက်ပါမည့်အကြောင်း တင်ကြိုလျှောက်ထားလေ၏။

သို့သော် ရဟန်းများ ကြွသွားသောအခါ အကြောင်းမညီညွတ်သည့်အတွက် ကျွန်တော့်ဘိုးအေ မလိုက်ဖြစ်ပါ။

ထို့နောက် သက္ကရာဇ် ၁၂၃၉ ခုနှစ်တွင် မန္တလေးမြို့သို့ ရောက်လာ၏။ ပထမကြွသွားသော သီရိလင်္ကာ ရဟန်းတော်

များကို မင်းတုန်းမင်းတရားကြီးက တိုက်တော်တွင်း ကျောင်းဆောက်ပြီး ကိုးကွယ်လေ၏။

ဇင်းကျောင်းတိုက်သို့ ကျွန်တော့်ဘိုးအေသည် သီရိလင်္ကာမှ မိတ်ဆွေဖြစ်သည့်အတွက်ရဟန်းတော်များထံ နေ့စဉ်သွား၍ စကားပြောပါသည်။ စကားမှာ သက္ကတရိုက်နှင့် ပါဠိစကားဖြစ်ပါသည်။ ကျွန်တော့်ဘိုးအေသည် နန်းတော်တွင်းတွင် နေ၍ နံ့သာဆီ ရေမွေးတို့ကို ဘုရင့်ထံတော်သို့ သွင်းရသောအသုံးတော်ခံ ဖြစ်ပါသည်။

ကျွန်တော်၏ အဖေကို နန်းမြို့တွင်းတွင် မွေးဖွားပါသည်။ ကျွန်တော့်ဘိုးအေတွင် သားခုနစ်ယောက် ရှိပါသည်။ ဇင်းခုနစ်ယောက်အနက်တွင် ကျွန်တော်၏ အဖေမှာ ဒုတိယသားဖြစ်ပါသည်။

အမည်မှာ ဟာဂျီဦးစမန်အင် ဖြစ်ပါသည်။ ယခု လွတ်လပ်ရေးရမှ မန္တလေးသို့ ပြောင်းလာကြပါသည်။ မန္တလေးမှ လူအများက "ရွှေဘိုဟာဂျီ"ဟု ခေါ်ကြပါသည်။ ကျွန်တော့်ဘိုးအေ အဆက်အနွယ်မှာ မိုဟာမက်သခင်၏ အဆက်အနွယ်ဖြစ်ပါသည်။ အာရပ်များသည် သီရိလင်္ကာကို နှစ်ပေါင်းများစွာ စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့ကြလေ၏။

Longman's Geographical Series For India Bk 2 စာမျက်နှာ ၂၀၀ သီရိလင်္ကာ အကြောင်းတွင် အောက်ပါအတိုင်း ပါရှိလေ၏။

"Tamils and Moormeu (Desendants of Arabs) are the most numerous."

ကျွန်တော်၏ ဘိုးအေ အမည်မှာ စရဏ်အဟာမတ် ဖြစ်ပါသည်။ သီရိလင်္ကာမှ သီရိလင်္ကာသားလည်းဖြစ် သီရိလင်္ကာ ရဟန်းတော်များနှင့်လည်း အကျွမ်းဝင် တစ်မြို့တည်းသားဖြစ်သဖြင့် လူတိုင်းက လေးစားရိုသေကြပြီး အချို့က သီရိလင်္ကာ ဆရာကြီး ဟူ၍ ခေါ်ကြပါသည်။

သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၈ ရက်နေ့၊ သီပေါမင်း ပါတော်မူပြီးနောက် ကျွန်တော့်ဘိုးအေ ဘွားအေတို့သည် နန်းတော်တွင်းမှ ထွက်ခဲ့ရလေသော် ဘိုးအေက ကျွန်တော့်ဘကြီးကို လက်ဆွဲလျက် ကျွန်တော့်ဘွားအေက ကျွန်တော့်အဖေ ခြောက်လသားကို ရင်ခွင်ပိုက်၍ ထွက်ခဲ့ကြပါသည်။ ယူနိုင်သမျှ အဝတ်အစားနှင့် ထမင်းအိုး ဟင်းအိုးများကို ကုလီအထမ်းသမား နှစ်ယောက်အား ပခုံးထမ်း၊ ထမ်းပိုးနှင့် ထမ်းစေ၍ ဂေါ်ဝိန်ဆိပ်သို့ လာကြလေသော် ပိုက်ကျုံးဆိပ်သို့ရောက်သောအခါ ဗိုလ်ချုပ်ကြီး ဦးရွှေပြင်နှင့် တွေ့လေ၏။

ဦးရွှေပြင်က "ဆရာမှတ် ဘယ်လဲဟု" မေးရာ ရန်ကုန် သွားမလို့"ဟု ပြန်လည်ဖြေကြားလေ၏။ ဦးရွှေပြင်က "ဒီလို အချိန်အခါမှာ ဘယ်မှာ သဘော်ရှိမလဲ၊ ကျွန်တော် ရွှေဘို

မြို့ကို သွားမလို့ လိုက်ခဲ့ပါ”ဟု ခေါ်သဖြင့် လှေနှင့် ဆန်လာကြရာ၊ ကျောက်မြောင်းမှတစ်ဆင့် ရွှေဘိုမြို့သို့ ရောက်လေ၏။

ကျွန်တော့်ဘိုးအေမှာ အသက် ၇၅ နှစ်တွင် ရွှေဘိုမြို့၌ ကွယ်လွန်အနိစ္စ ရောက်ပါသည်။ သက္ကရာဇ် ၁၂၄၇ ခုတွင် ရွှေဘို-မြို့မဗလီကို ကျွန်တော့်ဘိုးအေ ဆောက်လုပ်လှူဒါန်းထားခဲ့၏။

ဂျပန်ဗုံးကြဲ၍ ဗလီပျက်စီးသွားသောအခါ ဂျပန် ကန်ထရိုက်တာ N.A.Khan က ကျွန်တော့်အဖေထံ ခွင့်တောင်းပြီး ပြန်ဆောက်၏။ထို့ပြင် ထန်းကုန်းရွာဗလီကို ကျွန်တော့်အဖေ ဆောက်လုပ်လှူဒါန်းခဲ့၏။ ဗလီ ဆောက်သောလက်သမားဆရာ ဦးဘင်မှာ ယခုထက်တိုင် အသက်နှင့်ရှိသေး၏။

(၄၀) မင်းတုန်းမင်းတရားကြီးက ကျောက်ကုန်သည် အဝယ်တော် ဟာဂျီဦးရွှေပေါ်ကို မက္ကာမြို့သို့ ကုသိုလ်တော် ဇရပ်တော်ကြီးကို ဆောက်လုပ်ရန် လွှတ်တော်မူခြင်း အကြောင်း

ကျောက်ကုန်သည် ဟာဂျီ ဦးရွှေပေါ်မှာ မင်းတုန်းမင်းတရားကြီး လက်ထက် မိုးကုတ်ကျောက်များကို မက္ကာမြို့သို့ သွားရောက်ရောင်းချသော ကျောက်ကုန်သည်တစ်ဦးဖြစ်သည့်ပြင် မက္ကာမြို့တွင် ခြောက်လ၊ တစ်နှစ်နေထိုင်၍ ရောင်းဝယ်သဖြင့် အာရပ်စကားနှင့် စာကို သွက်လက်စွာ ပြောတတ်၊ ဆိုတတ်၊ ရေးတတ်၊ မှတ်တတ်သောသူ တစ်ယောက်ဖြစ်လေ၏။

မြန်မာမွတ်စလင် သူကောင်း အဆက်အနွယ်ထဲမှ ထင်ရှားကျော်ကြားခဲ့သည့် ကုန်သည်ကြီး တစ်ဦးဖြစ်၍၊ ကျောက်အရောင်းအဝယ်ကို မန္တလေးမြို့တွင် အကြီးအကျယ် ရောင်းဝယ်ဖောက်ကားခဲ့သူ တစ်ယောက် ဖြစ်ပါသည်။ မြင့်မြတ်သောအင်းဝပသီခေါ် မြို့ပသီ အဆက်အနွယ်မှ ဆင်းသက်သည့်ပြင် ဆွေကြီးမျိုးကြီး ဩဇာတိက္ကမကြီးသူ တစ်ယောက်ဖြစ်၍ စာပေပညာ ဘာသာကျမ်းကာ ဗဟုသုတနှင့် ပြည့်စုံသော လူကြီးလူကောင်း တစ်ဦးလည်း ဖြစ်ပါသည်။ ထို့ပြင် ဘာသာတော်မြတ်နှင့် ညီညွတ်စွာ ဆောက်တည်ကျင့်ကြံ နေထိုင်သောပုဂ္ဂိုလ်ကြီး တစ်ဦးလည်းဖြစ်၍ မြန်မာမွတ်စလင် များတွင် စံနမူနာ ယူရသူ တစ်ဦးဖြစ်၍ အားလုံးက ကြည်ညိုလေးမြတ်ယုံပုံထားခြင်းကို ခံရပေ၏။

မင်းတုန်းမင်းတရားကြီးသည် မြန်မာပြည်မှ မြန်မာ မွတ်စလင်များ ဟဂျ်သွားလျှင် မျက်နှာမငယ်ရအောင် တည်းခိုရန်ကုသိုလ်တော် ဇရပ်တော်ကြီး ဆောက်လုပ် လှူဒါန်းလိုသောစေတနာ ပေါ်ပေါက်လာသဖြင့် ညီလာခံသဘင်မှ မန္တလေးမြို့တော်တွင် နေ့လကြာရှည် နေထိုင်ခဲ့ကြဖူးသူ ကျောက်ကုန်သည်များ ဖြစ်ကြသော ဟာဂျီဦးရွှေပေါ်နှင့် ခလီဖာသခင်ဟာဂျီ ဦးဘိုးမြတို့ နှစ်ဦးကို ဇရပ်တော်ကြီး ဆောက်လုပ်စေရန် ငွေများထုတ်ပေး လှူအပ်တော်မူလေ၏။ မင်းတုန်းမင်းတရားကြီးက ယုံကြည်လှူအပ်သည့်အလျောက် ရိုးသားဖြောင့်မတ် မှန်ကန်စွာ ဆောက်လုပ်ခဲ့ကြလေ၏။ ၎င်းဇရပ်ကြီးကို

ယခုထက်တိုင် မက္ကာမြို့တွင် မားမားမတ်မတ်ကြီး ရှေးမြန်မာတို့၏ဦးစွန်း ''ဒေါင်းရုပ်ကြီး''နှင့်တကွ တွေ့မြင်ကြရပါသည်။ ယခုတိုင် မြန်မာပြည်မှ ဟာဂျီများ ၎င်းဇရပ်တော်ကြီးတွင် တည်းခိုကြပါသည်။

၎င်းဇရပ်ကြီး၏ပုံကို ကမ္ဘာ့အလင်း မဂ္ဂဇင်းနှင့် သတင်းစာများတွင်လည်း မကြာခဏ တွေ့မြင်ရပါသည်။ ဤဇရပ်ကြီးနှင့် ပတ်သက်၍ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတတိယအုပ် စာမျက်နှာ ၄၄၀ တွင် ''တူရကီနိုင်ငံ မက္ကာမြို့ရှိ ပသီလူမျိုးတို့ ကိုးကွယ်သည့် ပသီကျောင်းကြီးအနီး စေတုဒိသာ တည်းခိုရန် ဆောက်လုပ်တော်မူသည့် ဇရပ်တော်ကြီး'' ဟူ၍ ပါရှိ၏။ ၎င်းကုသိုလ်တော် ဇရပ်တော်ကြီးမှာ ရှေ့မျက်နှာစာ လေးခန်း၊ နောက်အရှည် တစ်ဆယ့်နှစ်ခန်း နှစ်ထပ်တိုက်ကြီး ဖြစ်ပါသည်။ ထိုအခါက အာရေဗီးယားပြည်မှာ တူရကီပိုင် ဖြစ်ပါသည်။

၎င်းဟာဂျီ ဦးရွှေပေါ်၏ မြေးအရင်းမှာ မန္တလေးမြို့ စီလမ်းမြောက် ဈောင်ပင်ဈေးရပ်တွင် နေထိုင်လျက် ရှိသော အုံ့စိုးရလေလံခေါင်း အသက်ကိုးဆယ်ခန့် Mohamed Noor မိုဟာမွဒ်နူးရ်ဖြစ်၍ ဟာဂျီ ဦးရွှေပေါ်၏ သမီးအရင်းမှ မွေးသော မြေးအရင်းဖြစ်ပါသည်။ ၎င်းနူးရ်အဘိုးကြီး၏ သားများမှာ (၁) ဂ၃-လမ်း၊ စစ်ကိုင်းတန်းရပ်နေ သစ်စက်ပိုင် သမာဓိမြို့ဝန်မင်း ဦးလှပေါ်၊ (၂) အမှတ်—၃၊ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဘသော် B.A.M.R.S.L (၃) ဟာဂျီဦးမာမွတ်နှင့် အခြားသားများ ရှိပါသည်။ ၎င်း

ပုဂ္ဂိုလ်တို့မှာ မင်းတုန်းမင်းတရားကြီးက မက္ကာမြို့တော်သို့ ဇရပ်တော်ကြီး လှူဒါန်းဆောက်လုပ်ရန် ငွေနှင့်တကွ လွှဲအပ်တော်မူသော ''ဟာဂျီ ဦးရွှေပေါ်''၏ မြစ်အရင်းများ ဖြစ်ကြပါသည်။

မကြာသေးမီက ပန်းသေးဗလီတွင် အထက်ပါ မိုဟမ္မဒ်နူးရ်ခေါ် ဦးရွှေပေါ်၏ မြေးအရင်းနှင့် တွေ့သဖြင့်၊ ၎င်း၏ဘိုးအေ အဝယ်တော် ကျောက်ကုန်သည် 'ဟာဂျီဦးရွှေပေါ်' ၏ အကြောင်းကို မေးကြည့်ရာ မက္ကာမြို့တော်သို့ သုံးခေါက်ရောက်ဖူးကြောင်း၊ ပထမ အခေါက်မှာ မင်းတုန်းမင်း တရားကြီးက ဇရပ်တော်ကြီး အဆောက်မခိုင်းမီ အလျင် 'ဟဂ်ျ' ပြုရန်သွားပြီး မက္ကာမြို့တွင် နေ့ရှည်လများ ရောင်းဝယ် နေထိုင်၍ မန္တလေးမြို့သို့ ပြန်လာကြောင်း။

ဒုတိယ အခေါက်မှာ မင်းတုန်းမင်း တရားကြီးက ကုသိုလ်တော် ဇရပ်တော်ကြီး ဆောက်လုပ်ရန် ၎င်း၏ ဘိုးအေနှင့် အခြားတစ်ယောက်ကို လွှတ်သဖြင့် သွား၍ ဆောက်လုပ်ရကြောင်း 'ဟဂ်ျ' ပါရကြောင်း။

တတိယ အခေါက်မှာ 'ဟဂ်ျ' သွားကြောင်း၊ ပေါင်းသုံးခေါက် 'ဟဂ်ျ' သုံးခါရကြောင်း၊ ဘိုးအေ၏ အမည်မှာ 'ဟာဂျီ အပ္ပဒူလ်ကရင်' တစ်မည်၊ 'ဟာဂျီဦးရွှေပေါ်' ဟူ၍လည်း ခေါ်ကြောင်း၊ အမေဘက်က ဘိုးအေ အံရင်းတော်ကြောင်းများကို ပြောပါသည်။

## (၃၂) မင်းတုန်းမင်းတရားကြီးက 'ကျော်သင်ဂုဏ္ဏရတ်ဘွဲ့ရ' အဝယ်တော် ခလီဖွာသခင် ဟာဂျီဦးဘိုးမြကိုပါ မက္ကာမြို့သို့ ကုသိုလ်တော် ဇရပ်ကြီး ဆောက်လုပ်ရန် လွှတ်တော်မူခြင်း အကြောင်း

မင်းတုန်းမင်းတရားကြီးက ကျော်သင်ဂုဏ္ဏရတ်ဘွဲ့ရ အဝယ်တော် ခလီဖွာသခင် ဟာဂျီဦး ဘိုးမြကိုပါ ဟာဂျီ ဦးရွှေပေါ နှင့် အတူ မက္ကာမြို့သို့ ဇရပ်တော်ကြီး ဆောက်လုပ်ရန် လွှတ်တော်မူလေ၏။ ဟာဂျီဦးရွှေပေါနှင့် ခလီဖွာသခင် ဟာဂျီ ဦးဘိုးမြတို့သည် ကုသိုလ်တော်ဇရပ်ကြီး မဆောက်မီ အလျင်က မက္ကာမြို့သို့ သွားရောက် နေထိုင်ဖူးကြ၍ အာရပ်စကားနှင့် စာကို ကောင်းစွာ ရေးနိုင်၊ ဖတ်နိုင်၊ ပြောဆိုနိုင်ကြလေ၏။ ထို့ပြင် ခလီဖွာသခင် ဟာဂျီဦးဘိုးမြသည် မက္ကာမြို့တော်မှ မိုဟာမ္မဒ်သခင်၏ အနွယ်တော် တစ်ပါးထံမှ ခေလာဖတ် ပေးအပ်ခြင်း ခံရသော ခလီဖွာသခင် ဖြစ်ပါသည်။ (ခလီဖွာ၏ အဓိပ္ပာယ်မှာ ကိုယ်စားလှယ် လွှဲအပ်ခြင်းဟု ရပါသည်။)

မင်းတုန်းမင်းတရားကြီးသည် အဝယ်တော် ခလီဖွာသခင် ဟာဂျီ ဦးဘိုးမြနှင့် ဟာဂျီ ဦးရွှေပေါတို့အား ကုသိုလ်တော် ဇရပ်ကြီး ဆောက်လုပ်လှူဒါန်းရန် ညီလာခံသဘင်မှ ဆုံးဖြတ်ပြီး စေလွှတ်ခြင်း ဖြစ်လေသည်။ သို့အတွက် ရွှေဘိုခရိုင်၊ ကန်သာကုန်းရွာ မြန်မာမွတ်စလင် ပညာရှင် မော်လဝီ ဆရာသီ ပြုစုစီရင် ရေးသားသော "အစ္စလမ်သာသနာ့ ကမ္ဘာ၏ မော်ကွန်းတော်" စာမျက်နှာ ၁၆ တွင်—

မဇ္ဈိမပြည်မက္ကာ၊ မြတ်ဗေဒါပင်မဟာတွင်၊ တာဝရအစုစဉ်ထုံးတွင်ရစ်စေဟု အသုံးစရိတ်တွေ အလုံအလောက်နှင့် အစုံမြောက်ဖို့ ညီလာခံသဘင်က၊ အဝယ်တော်ခလီဖှာသခင် ဟာဂျီဦးဘိုးမြနှင့်၊ ဟာဂျီ ဦးရွှေပေါ်တို့ကို၊မိန့်၍စလွှတ်ပြီး၊ လစ်လာတိုက်ဇရပ် အဆောင်အောက်တည်ရာ၊ ဆောင်စေကြောင်းရယ်နှင့်၊ ခေတ်ဟောင်းမှာ၊ ထင်ရှားစေဟု၊ ဒေါင်းအလံ၊ တံဆိပ်လူ၍၊ အရေးယူအခွင့်သာခဲ့ကြောင်း၊ ယခုတိုင်၊ မက္ကာမြို့တွင်၊ အခါ ထိုအမှတ်ရာဇာဘုရင်ကို၊ သတိရစေဖို့၊ ဗရမာရှိဘတ်အမည်နှင့် တည်ရှိလေသည်'' (ရိုဘတ်မှာ အာရပ်ဘာသာစကားဖြစ်၍ အဓိပ္ပာယ်မှာ ဇရပ်ဟု ရပါသည်။)ဟူ၍ ရေးသားထားပါသည်။

ထို့ပြင် မြေထူးမြို့ ဗလီထိုင်မော်လဝီဆရာ ဦးရွှေတောင် ပြုစုစီရင် ရေးသားသော 'ရှကျုဘုလ်အိမ်ကျမ်း' စာမျက်နှာ ၁၅၉ တွင် အောက်ပါအတိုင်း ပါရှိလေ၏၊

''မြန်မာဘုရင် မင်းတုန်းမင်း၏ စရိုက်အလုံအလောက်နှင့် ခလီဖှာသခင်ကို မက္ကာမြို့သို့ လစ်သာတိုက် တည်ဆောက်စေရန် စေလွှတ်လိုက်၍ မက္ကာမြို့မှာ မင်းတုန်းမင်း အမိန့်တော်နှင့် ဒေါင်းတံဆိပ် ခတ်မှတ်တည်ရန် သွားသည့်အခါ စီကုံးသော လင်္ကာ

''ဂျမ္ဗူဒီပါ စကြဝဠာတွင်၊
ကြော်ငြာထွန်းတောက်၊ နတ်ဘုံပေါက်သို့
အံ့လောက်ဖွယ်ရာ ပြည်မက္ကာတွင်၊
အိဘရာဟင်နဗျီ၊ စတည်အဦး၊

နေ့တာကြူး၍ ကွန့်မြူးပိုင်ဒါ၊
ယာအောက်လာ၏ နေရာတော်မြတ်၊
ရွှေမြေရပ်၌ စိုက်လပ်ကွန်းစည်၊
စတုပင်တည့်။
စိန်စင် မြသား ပတ္တမြားပုလဲ၊
ထုတ်လျောက်စဲ့မှာ နီလာအစစ်၊
ရွှေကြိုးရစ်ဆိုင်း ပတ်ဝိုင်းချင်ႏ ္း၊
မိုးကြိုးငွေသား ပတ္တမြားပြာသာဒ်၊
အထပ်ထပ်မှာ ရစ်ပတ်မှန်ကင်း၊
စိန်တုရင်တည့်၊
ဝင်းဝင်းလျှံဖျာ ထက်အာကာ၌၊
နီလာစိန်ဖူး ထူးထက်ငှက်မနား၊
ထွတ်ဖျား၊ ပတ္တမြားရှင်၊
မီးအသွင်သို့၊ ကြယ်စင်နေလ၊
ခဝပ်ကြ၏။
မြန်မာ့ဘာသာ ကျောင်းတော်ဇောကဝန်း
အလှန်တင့်ဘယ် မြေချက်ဝယ်၌၊
ပတ်လည်ခတာင်စည် ခဝပ်ဆင်လျက်၊
မွေးရှင်ကဒိုး ဘုံမြေသို့သွင်၊
မိုးကြိုးငွေသား ကျောက်ဆပ်သားကို၊
ခင်းထားစီခြယ် သွယ်ဝယ်တံတိုင်း၊
ပတ်ဝိုင်းဆီးကာ ဘိုင်တွလ္လာရှုရစ်၊
မြသားဖြစ်၏။

တည်လစ်တံခါး ရွှေသားစိန်ရှက်။
ဂူတွင်း ရှက်၍ ဖန်စက်ပဒေသာ၊
ပတ္တမြားမီးအိမ် ဝင်းဝင်းထိန်သည်၊
မွှေးသိမ်သာစွ အခေါင်တည်း။
မွှေးသိမ်ဂူဏ်နေ မှောက်ဖြိုးဝေသည်။
ရွှေမြေမက္ကာ ကျွန်းစကြာကို၊
စေတနာသည့်နှုန်း မန်းရွှေဦးက၊
မောင်မယ်မတို့ ထူးကြစဝပ်၊
မြတ်ထက်မြတ်ကို စိစပ်ရွေးငွေ၊
အားသယ်ပေး၍ မျိုးဆွေအစွလာမ်၊
နိုင်ငံအဝှမ်း ကုညီဝန်းပါ၊
ဒိုအာစလမ် ကြိမ်ဖန်ဆင့်စွာ၊
ကြေငြာသတင်း အခင်းခုသစ်၊
အကျိုးဖြစ်အောင် ရည်ဆောင်တိုက်အိမ်။
မြကုသိန်ဟု သွားလိမ့်ဟာဂျီ၊
တည်းခိုရာ ဆောက်လုပ်ပါသည်၊
လစ်လာတိုက်အိမ် မွှေးသိမ်နေရာ၊
ပြည်မက္ကာတွ ကုသိုလ်ပင်ကို။
ဆွဲင်စိုက်မည် ခလီဖွာသခင်၊
"ကျော်ထင်ဂုဏ်ရတ်" နေမြေရပ်ကို၊
ကြွမည်ဆိုလျှင် ကြည့်လင်စေတနာ၊
တကာ တကာမ မြို့ရွှေဝမှာ၊
စိတ်ချကြည်ဖြူ ဤအလှူသည်။

နိုင်းတူမရ ကြီးစွာအကျိုး၊
ခေါင်ထိပ်မိုးသည် ကန်ခိုးထင်ပေါ်၊
ကွန်းလုံးကျော်လိမ့် နိုးဆော်ကြည်ဖြူ၊
လူကြနည်းများ အင်အားအလိုက်၊
ကိုသိုလ်တိုက်မှာ ပါဝင်သည့်သူ၊
ဤအလှူကြောင့် နောင်မှုကရာမတ်၊
ချန်ဝခက်မှာ ရှမ္ဘာအပ်မှူး။
ချွတ်မည်ဦးစွာ သင်းသို့ပါလိမ့်
စံရုံဗိမာန် နန်းပျံ့ခုနစ်ဆယ်၊
ရဝယ်သိုအပ် အရှင်မြတ်ကို၊
စစ်ချွဒါဦးတင် ဖူးမြင်တကူ၊
ပြစ်မျိုးပလိမ့် မောင်မယ်နှစ်ခဖော်၊
ရှင်ပျော်စံမြန်း၊ ဂျူတ်တန်ကျွန်း၊
မိန့်ကျွန်းကျမ်းလာ ယာအောက်လာထံ၊
ဆုယူပန်သည် ကေန်ရမည့် အကျိုးတည်း။

## ခက်ဆက်အဓိပ္ပာယ်

၁။ အိဗရာဟင်နဗီ=တမန်တော်အိဗရာဟိမ်၊
၂။ ကွန့်မြူးပိုင်ဒါ=ကွန့်မြူးခြင်း—ဖြစ်ပေါ်ခြင်း၊
၃။ ယာအောင်လာ၏=မွေးမြူ ဖန်ဆင်းတော်မူသော အရှင်၏။
၄။ ဘိုင်တုလ္လာရှရစ်=အရှင်၏ အိမ်တော်မြတ်
၅။ ထူးကြစဝပ်=ထူးခြားသောကုသိုလ်၊

၆။ ဒိုအာစလမ်=ကောင်ခြင်းမင်္ဂလာနှင့်ဆုမွန်၊
၇။ လစ်ဟာတိုက်အိမ်=စေတနာ ဖြူစင်စွာ အများ အတွက် ဆောက်လုပ် လှူဒါန်းသော တိုက်အိမ်။
၈။ ခေါ်ဖွာသာခင်=တရား ဘာဝနာ အားထုတ်ရန် အတွက် ကိုယ်စားလှယ် လွှဲအပ်ခြင်း ခံရသော ခေါင်းဆောင်သခင်၊
၉။ နောင်မူကရာမတ်=နောင်ကမ္ဘာ ပျက်မည့်နေ့တွင်
၁၀။ ချိန်ဝခ်မှာ=အချိန်ကျရောက်သည့်အခါ။
၁၁။ ရှဖွာအပ်မူး=ချွတ်ကယ်ခြင်းပြုသည့် ပုဂ္ဂိုလ်၊
၁၂။ စစ်ဂျဒါဦးတင်=ကိုယ်၏ အစိတ်အပိုင်း ခုနစ်ခု တို့နှင့်တကွ ဦးခေါင်းမြေသို့ချ၍ ခဝပ်ခြင်း၊
၁၃။ ဂျန္နတ်တန်ကျန်း=သုခဘုံ။

ထို့ပြင် ၁၅-၉-၅၀ နေ့ထုတ် ဗ၊ မ၊ က အသံသတင်းစာ တွင် ''မက္ကာသွား ဟာဂျီများ''(ရေးသူ ရွှေတို ဦးဘဦး)ဟူ၍ အောက်ပါဆောင်းပါးကို ကျွန်တော် ရေးသားပေးပို့ဖော်ပြ ခဲ့လေ၏။

''ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှိ အစ္စလာမ် ဘာသာ ဝင်တတ်ကုန်နိုင်သူ အပေါင်းတို့သည် နှစ်စဉ် နှစ်တိုင်း ဟာဂျီ ပြုကြရန်အတွက် အာရပ်နိုင်ငံရှိ မက္ကာမြို့သို့ အခက်အခဲတား ဒုက္ခများကြားမှပင် သွားရောက်လျက် ရှိကြသည်။''

အစ္စလာမ် တရားတော်၏ညွှန်ကြားချက်ဖြစ်သော အခြေခံ မဏ္ဍိုင် ကျင့်ဝတ်ကြီး ငါးပါးတွင် အပါအဝင်ဖြစ်သည့် ဟာဂျီ ပြုခြင်းကို အစ္စလာမ်ဘာသာဝင် တတ်ကုန်နိုင်သူတိုင်း ပြုလုပ်

ရစမြဲဖြစ်လေသည်။ အခက်အခဲများတို့ကိုမှ မထောက်ထားဘဲ သွားနိုင်ရန် ကြိုးစားကြပေသည်။

ထိုသို့ ဟဂ်ျပြုသွားနိုင်ရန် မြန်မာနိုင်ငံလုံး ဆိုင်ရာ မြန်မာမွတ်စလင် ကွန်ဂရက် ဌာနချုပ်သည် လွန်ခဲ့သော နှစ်မှစ၍ နိုင်ငံတော် အရပ်ရပ်မှ ဟဂ်ျပြုသွားလိုသော ဟာဂျီလောင်းများအား အတတ်နိုင်ဆုံး ကူညီပေးနိုင်ရန် ဘာသာရေးအခွင့်အရေးဆိုင်ရာ ဆပ်ကော်မတီတစ်ခု ဖွဲ့စည်းကာ ဆောင်ရွက်ပေးလျက် ရှိနေသည်ကို တွေ့ရပေသည်။

ယခုနှစ်တွင်လည်း နိုင်ငံတော် အရပ်ရပ်မှ ဟဂ်ျပြုသွားလိုသူ အမြောက်အမြားသည် ရန်ကုန်မြို့သို့ ရောက်ရှိနေကြပြီဖြစ်ရာ ဗ၊ မ၊ က ဌာနချုပ်၏ အကူအညီများဖြင့် သွားနိုင်ကြတော့မည် ဖြစ်ပေသည်။ နိုင်ငံတော် အစိုးရကလည်း နိုင်ငံကူးလက်မှတ်များ၊ ငွေများ ဆောင်ယူသွားနိုင်ခွင့်များ၊ လဲလှယ်ရေးကိစ္စများ စသည်တို့ကို အကူအညီပေးလျက် ရှိပေးသည်။

(ပထမတန်း ခရီးသွား ဟာဂျီလောင်း တစ်ဦးအား ငွေ ခုနှင်ထောင် ယူသွားရန်နှင့် သာမန်ခရီးသွား ဟာဂျီလောင်း တစ်ဦးအား ငွေ ၄၀၀ဝိ ယူသွားရန် ခွင့်ပြုထားခဲ့လေသည်။)
(၁၉၅၀ ခုနှစ်က အထက်ပါအတိုင်း ငွေယူသွားရန် ခွင့်ပြုလေ၏။) ဤကဲ့သို့ ဟဂ်ျပြုသွားသူများ ရှေးအခါက ရှိခဲ့ကြောင်း မှတ်တမ်းများကို တွေ့ရှိရပေသည်။

၎င်းမှတ်တမ်းများတွင် ရင်္ဂနာသိမ် ရွှေဘိုမြို့ကို ပထမ မြို့တည် နန်းတည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ပဥ္စမ သားတော် အမရပူရ ပထမ မြို့တည် နန်းတည် ဘိုးတော်ဦးဝိုင်းလက်ထက်က အမရပူရမြို့မှ ဦးအိုမ္ကာ မြို့သို့ ဟာဂျီပြု သွားရောက်ခဲ့လေ၏။

ထိုအခါက မက္ကာသွား ဟာဂျီတို့သည် အမရပူရ မြို့မှ လှေစီးပြီး ဆင်ဖြူကျွန်း စလင်းမြို့များသို့သွား၍ ရခိုင်ရိုးမ တောင်ကို ကျော်ပြီး ရခိုင်ပြည်မှ ပင်လယ်ကို ရွက်လှေနှင့် ကူး၍ စစ်တကောင်း ကလကတ္တားမြို့မှ ဘုံဘိုင်၊ ဂျစ်ဒါသို့ စသည်ဖြင့် သွားကြရလေသည်။

အိန္ဒိယသို့ လှေနှင့်သွားခဲ့ကြောင်းကို ဆရာကြီး ဦးနု၏ ခရီးသွား နေ့စဉ် မှတ်တမ်းတွင် ရေးသားခဲ့ကြောင်း တွေ့ရှိ ရပါသည်။

ဘိုးတော်ဦးဝိုင်း၏ မြေးတော် ဘကြီးတော် စစ်ကိုင်း မင်းလက်ထက်တော်အခါတွင်အစ္စလာမ်ဘာသာဝင်ငွေကြေး တတ်နိုင်သူ အမြောက်အမြား ဟာဂျီပြုရန် သွားကြသည်ဟု အဆိုရှိသည် ၎င်းအခါက မင်းတုန်းမင်းတရားကြီးက မက္ကာမြို့တွင် မြန်မာပြည်မှ မြန်မာမွတ်စလင်များ ဟာဂျီသွားကြသောအခါ တည်းခိုရန် ဇရပ်တော်ကြီး ဆောက်လုပ်ရန် ညီလာခံသဘင်မှ ဆုံးဖြတ်စေ၍ အငယ်တော် ခေါ်ဖွာသခင် ဟာဂျီ ဦးဘိုးမြ နှင့် ဟာဂျီ ဦးရွှေပေါ်တို့ကို မင်းတုန်းမင်း တရားကြီးက စေလွှတ်တော် မူခဲ့ကြောင်းကို စာရေးဆရာ ဆရာသီက မော်ကွန်းတမ်းမှည်း ထိုးခဲ့လေသည်။

"မဏ္ဍိမပြည် မက္ကာမြတ် ဗောဓိမဟာပင်တွင် တာဝရ အစဉ်ထုံးတင်ရစ်စေဟု အသုံးစရိတ်တွေ အလုံအလောက်နှင့် အစုံမြောက်ဖို့ ညီလာခံသဘင်က အဝယ် ခလီဖွာသခင်ဟာဂျီ ဦးဘိုးမြနှင့် ဟာဂျီ ဦးရွှေပေါ်တို့ကို မိန့်စေလွှတ်ပြီး လစ်လာတိုက်ဇရပ်အဆောင် ဆောက်စေရာ အောင်ကြောင်း ရယ်နှင့် ခေါ်ဟောင်းမှာ ထင်ရှားစေဟု ဒေါ်ပါးအလံ တံဆိပ်ထု၍ အရေးယူ အခွင့်သာခဲ့ကြောင်း ယခုတိုင် မက္ကာမြို့တွင်းအခါ ထိုအမှတ်ရာဇာဘုရင်ကို သတိရစေဖို့၊ ဘရမာ ရှိဘတ်အမည်နှင့် တည်ရှိလေသည်။"

ထို့ပြင် ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၄၄၀ ၌ မင်းတုန်းမင်းတရားကြီး၏ သံဝစ္ဆရ အလှူတော် စာရင်းတွင် "တူရကီနိုင်ငံ မက္ကာမြို့ရှိ ပသီလူမျိုးတို့ ကိုးကွယ်သည့် ပသီကျောင်းကြီးအနီး စတုဒိသာ တည်းခိုရန် အုတ်ဇရပ်တော်ကြီး ဆောက်လုပ် လှူဒါန်းတော် မူပါသည်ဟု ပါရှိလေ၏" (ထိုအခါက အာရေဗီးယား နိုင်ငံကို တူရကီက ပိုင်ပါသည်။)

သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် မန္တလေးမြို့မှ ဟာဂျီ ဦးဘိုးအို၊ ဟာဂျီ ဦးဘိုးရစ်နှင့် ဟာဂျီ ဦးမောင်ကြီးတို့ ခေါင်းဆောင်၍ ဟာဂျီပေါင်း ၇၀ ကျော် ဟဂ်ျပြုသွားခဲ့ကြသည်ဟု သိရှိရလေသည်။ သီပေါမင်း ပါတော်မူပြီးသည့်နောက် ယခုအထက်ကိုင် နှစ်စဉ်နှစ်ဦးတိုင်း သွားရောက် ဟဂ်ျပြုလျက်ပင် ရှိကြလေသည်"ဟု ဆောင်းပါးတွင် ရေးသား ပါရှိလေသည်။

သက္ကရာဇ် ၁၂၄၄-ခု၊ ဟာဂျီ ရှစ်ဆယ်ကျော် မန္တလေးမြို့ဘော်မှ သွားသည့်အထဲမှ ထိုအခါက အသက် ၂ နှစ်ရှယ်သာ ရှိသေးသူ ဒေါ်စီ (မန္တလေးမြို့ ဈေးချိုတော်တိုက်တန်း အလည်ကုန်သည်ကြီး ဟာဂျီဦးစမန်အင် ဘရားသားတို့၏အဒေါ် အရင်းမှာ ယခုထက်တိုင် ရှိပါသည်။) နောက်တစ်ဦးကား ထိုအခါက အသက် ဆယ်နှစ်ရှိသူ စစ်ကိုင်းတန်းနေ ဟာဂျီ ဦးဘအိုဖြစ်၍ ယခုထက်တိုင် ရှိပါ၏။

ခလီဖှာသခင် ဟာဂျီ ဦးဘိုးမြမှာ ကုသိုလ်တော် ဇရပ်တော်ကြီး ဆောက်လုပ်ပြီးသည့်နောက် မက္ကာမြို့မှ မန္တလေးမြို့သို့ ပြန်လာခဲ့ပြီး မန္တလေးမြို့တွင် အမြဲ နေထိုင်လေ၏။ မင်းတုန်းမင်းတရားကြီး နတ်ပြည် စံတော်မူပြီးသည့်နောက် ကလကတ္တားမြို့သို့ ၎င်း၏ညီ ဦးစံသူနှင့်တကွ တစ်အိမ်လုံးပြောင်းရွှေ့သွားကြလေ၏။ သီပေါမင်း ပါတော်မူပြီး ဆယ်နှစ်လောက်အရ ကျောက်အရောင်းအဝယ် မဖြစ်သဖြင့် (ကလကတ္တား၊ ဘုံဘိုင်ကလူများ၊ မန္တလေး မိုးကုတ်သို့လာ၍ ကျောက်ဝယ်ကြသဖြင့် မြန်မာပြည်က လူများ ကလကတ္တားတွင် အလုပ်မဖြစ်) မြန်မာပြည်သို့ ပြန်လာပြီး ရန်ကုန်မြို့တွင် နေထိုင်လေ၏။

ရန်ကုန်မြို့တွင် ကွယ်လွန်အနိစ္စ ရောက်လေ၏။ ၎င်း၏သားသမီး အဆက်အနွယ်များမှာ ယခုထက်တိုင် ရန်ကုန်မြို့တွင် ရှိကြပါသည်။

**၎င်း၏ တူ**အရင်းကား မန္တလေးမြို့တွင် လူတိုင်းလိုလိုသိကြသော ကွယ်လွန်သူ ရွှေနေစာရေးကြီး ဦးအိုင်နှ**တ်**

ဖြစ်ပါသည်။ ငယ်စဉ်အခါက ၎င်း၏ဦးလေး ခလီဖွာသခင် ဟာဂျီ ဦးဘိုးမြနှင့် ကလကတ္တားမြို့တွင် လိုက်နေပြီး၊ 'အာရဗီ' ဖာရစီ၊ အူရဒူနှင့် အင်္ဂလိပ်စာများကို ကလကတ္တားမြို့တွင် သင်ကြားခဲ့လေ၏။ အထက်ပါ အကြောင်းအရာများကို ခလီဖွာသခင် ဟာဂျီဦးဘိုးမြ၏ တူအရင်း ဦးအိုင်နွတ်နှင့် ကျွန်တော်၏ ဆရာအရင်း ဦးမွတ်တို့က ပြောပြပါသည်။

ဟာဂျီ ဦးရွှေပေါ်နှင့် ခလီဖွာသခင် 'ကျော်ထင်ဂုဏ်ရတ်' ဘွဲ့ရ ဟာဂျီဦးဘိုးမြတို့အား မင်းတုန်းမင်းတရားကြီး ဆောက်လုပ် လှူဒါန်းသော ဇရပ်တော်ကြီးကို မက္ကာမြို့ ရုံးတော်တွင် မှတ်ပုံတင် Registered ပြုလုပ်ခဲ့ကြလေ၏။ ထိုသို့ မှတ်ပုံတင် အာရဗီ စာချုပ်ကို မန္တလေးမြို့ ၂၂-လမ်းနေ ဟာဂျီးဦးအုန်းမောင်က ခေတ်ပုံရိုက်၍ ကူးခဲ့ပါသည်။ ၎င်းစာချုပ်ခေတ်ပုံကို ဟာဂျီဦးအုန်းမောင်ထံမှ ရထားပါသည်။ ဟာဂျီ ဦးအုန်းမောင် ဆိုသူမှာ မက္ကာမြို့သို့ နှစ်စဉ်နှစ်တိုင်းလိုလို ဟဂျ်ရောက်သည့်ပြင် မက္ကာမြို့တွင် နှစ်ရှည်လများနေထိုင်ခဲ့သူတစ်ယောက် ဖြစ်ပါသည်။

၎င်းစာချုပ်၏ ကောက်နုတ်ချက်အရ အာရဗီ ဘာသာ စာနှင့် ကားဘေးတွင် အမိပ္ပာယ်ပါ အတိုင်းတည်း။

(၃၃) အဝယ်တော် ဦး ဘိုးညွန့်အကြောင်း

အဝယ်တော် ဦးဘိုးညွန့်မှာ မင်းတုန်းမင်းတရားကြီး လက်ထက် နန်းတော် အိမ်တော်များအတွက် ကလကတ္တား တို့ဘိုင် မြို့များသို့သွား၍ အဖိုးတန်သော၊ ပိုး၊ ဖဲ၊ ကတ္တီပါ၊ ခါသာ

အုပ်၊ ပိတ်အုပ်၊ ကြွေပန်းကန်၊ ဖန်ဘူး၊ ဖန်ခွက် အမျိုးမျိုးနှင့် အခြား နန်းသုံးပစ္စည်းအမျိုးမျိုးတို့ကိုပါ ဝယ်ယူဆက်သွင်းရသော သူတစ်ယောက် ဖြစ်ပါသည်။ မြန်မာမွတ်စလင်များတွင် ဆွေကြီးမျိုးကြီး သြဇာ တိက္ကမကြီးသူ တစ်ယောက် ဖြစ်၍ အင်းဝပသီခေါ် မြို့ပသီမှ ဆင်းသက်ပါသည်။ အလှူအတန်း ပေးကမ်းစွန့်ကြဲခြင်း ပြုလေ့ရှိ၏။ (အင်းဝပသီခေါ် မြို့ပသီမှာ အာရပ်မှ ဆင်းသက်ပါသည်။) ကျွန်တော်၏ဘေးအေး မှန်တော်ခေါင်းမင်း၏ဇနီး ပုန္နတော်ခေါင်းမင်းကတော် အရီးမြနှင့် မောင်နှမအရင်း တော်ပါသည်၊ အဝယ်တော် ဦးဘိုးညွန့်၏သမီးအရင်းမှာ မန္တလေးမြို့ ၈၃-လမ်း၊ စစ်ကိုင်းတန်းရပ်နေ စိန်ကုန်သည် အရီးသန့် ဖြစ်ပါသည်။

## (၃၄) ဆင်ဖြူမရှင် အပျိုတော် မခင်လေးအကြောင်း

ဆင်ဖြူမရှင်၏ အပျိုတော် မခင်လေးမှာ ဆင်ဖြူမရှင်၏ သဒ္ဒါယုံကြည်မှုကို ခံယူရရှိသော အပျိုတော် ဖြစ်လေ၏။ ဆင်ဖြူမရှင်ကား နန်းမတော် မယ်နု၏ သမီးအရင်း ဖြစ်သည့်ပြင် မင်းတုန်းမင်းတရားကြီးက သက္ကရာဇ် ၁၂၁၄ ခုနှစ်၌ ရွှေဘိုမြို့တွင် "သီရိ တိလောက မဟာ ရတနာ ဒေဝီ" အမည်နှင့် အလယ်နန်း နန်းတင်တော်မူလေသည်။

သီပေါမင်းပါတော်မူပြီးသည့်နောက် ဆယ်နှစ်ခန့်အကြာ ဆင်ဖြူမရှင် မိဖုရား ရန်ကုန်မြို့တွင် နတ်ရွာ စံသောအခါ မန္တလေးမြို့သို့ ယူဆောင်လာပြီး နန်းမြို့တောင်ကျော်မိုးတံခါး

အနီး တောင်ဘက် ၇၅ လမ်းနှင့် ၇၆ လမ်းကြား ညောင်ရွှေ စော်ဘွားကြီး ဝင်းအတွင်းတွင် ဗျာပနာကို တစ်လခန့်ပြင်ဆင် ထားလျက် ပွဲလမ်းသဘင် ဘျင်းပရော ရာမဇာတ်ပွဲနှင့်၊ ရုပ်သေး ပွဲနှင့် အခြား ပွဲလမ်းသဘင်များ ကြီးကျယ်စွာ ကျင်းပ ပြုလုပ် လေ၏။

စာပြောဆရာ မောင်မောင်ဦးက တစ်လလုံး ဇာတ်ကြီး ဆယ်ဘွဲ၊ ငါးရာ့ငါးဆယ် နိပါတ်တို့ကို ဟောပြောလေ၏။

ထိုအခါ အပျိုတော် မခင်လေးသည် အသက် ၇၅ နှစ် ရှိပါပြီ။ မိဖုရား ဆင်ဖြူမရှင်၏ အလောင်းအနီးသို့ နံနက်တိုင်း သွား၍ ဖွဲ့နွဲ့ငိုသည်ကို ကုန်းရိုးတန်းမှ လူတိုင်း မြင်ကြရပါ သည်။ အပျိုတော် မခင်လေး၏ ခင်ပွန်း စရက်ပေါတာမှာ အာရပ် မိုဟာမတ် သခင်အနွယ်တော် ဖြစ်ပါသည်။

စရက်''ပေါတာ''ဆိုသောအမည်မှာ မင်းတုန်းမင်းတရား ကြီးက မှည့်သော အမည် ဖြစ်သည်ဟု ဆရာ ဟာဂျီ နွတ်က ပြောပါသည်။ စရက်ပေါတာနှင့် အပျိုတော် မခင်လေးကို မင်းတုန်းမင်းတရားကြီး ပေးစားကြောင်းကို ပြောပါသည်။ ၎င်းတို့နှစ်ဦးမှ မွေးဖွားသော သမီး၏သား (မြေး) မှာမူ အတ္တာစီယာဇာဝေယာ အသင်းမှ ခလီဖ္ဖာဟာဂျီ ဦးဝါတစ် ဖြစ်ပါသည်။

အတ္တာစီယာဇာဝေယာဆိုသည်မှာ တရားဘာဝနာ အား ထုတ်ရသော အသင်းတစ်သင်း၏ အမည်ဖြစ်ပါသည်။

ခလီဖွာ ဟာဂျီ ဦးဝါဟစ်မှာ ဦးမြစ်၏ သားဖြစ်ပြီး၊ ဇနီးမှာ ဦးချစ်၏သမီး (ကန့်ထရိုက်တာကြီး ဦးမောင်ကလေး၊ ဦးတင်ပုတို့၏ အစ်မအကြီးဆုံး) ဖြစ်ပါသည်။ ၎င်း၏ သားသမီး မြေးများမှာ မြောက်မြားစွာ ရှိကြပါသည်။

## (၄၅) လူပျိုတော် ဦးထွန်းမောင် အကြောင်း

လူပျိုတော် ဦးထွန်းမောင်မှာ ကျွန်တော်၏ အမေ့ဘက်မှ ဘိုးအေအရင်း ဖြစ်ပါသည်။ မက္ခရာမင်းသားထံတွင် လူပျိုတော် ဖြစ်ပါသည်။ ဤကဲ့သို့ အခြားမင်းသားတို့ထံတွင်လည်း မြန်မာ မှတ်စလင် လူပျိုတော်များစွာ ရှိကြပါသည်။ ကျွန်တော့် ဘိုးအေ ဦးထွန်းမောင်မှာ မက္ခရာမင်းသားကြီးထံတွင် နောက်ပိုင်း၌ 'အကြီးတော်' ခန့်အပ်ခြင်းခံရပါသည်။ အကြီးတော်ဆိုသည်မှာ လူပျိုတော်တို့၏ အကြီးအကဲခေါင်း ဖြစ်ပါသည်။

ကျွန်တော်၏ ဘိုးအေသည် လူချောလူလှဖြစ်သည်ဟု မြင်ဖူးသူတိုင်းက ပြောကြပါသည်။ ရံဖန်ရံခါ ဘုရင့်ရှေ့တော်၌ မြန်မာမှတ်စလင် လူပျိုတော်များစုပြီး 'တာဘွဘ်ပွဲ' ကကြရ၏။ တစ်ခါတရံ ဘုရားပွဲတော်သို့ ဘုရင်နှင့်မိဖုရား မြန်းကြွသောအခါ နောက်တော်မှလိုက်၍ ကကြရ၏။ သီပေါမင်းနှင့် စုဖုရားလတ်တို့ အနောက်ဘက်ကမ်း ဝေဠုဘုရားပွဲသို့ မြန်းကြွသောအခါ ကျွန်တော့် ဘိုးအေ ဦးထွန်းမောင်နှင့် မြန်မာ မှတ်စလင် လူပျိုတော်များသည် သီဆို၍ ကကြရ၏။ ၎င်းတို့သီဆို

ခဲ့သောသီချင်းကိုကျွန်တော် ဘွားအေ(ဦးထွန်းမောင်၏ဇနီး) ထံ သွားရှာမေးရာ သတိရမှတ်မိသလောက် ဆိုပြလေ၏။

ဒင်းသီချင်းမှာ 'ကကြစို့ နေဘ်၊ လှပျိုတော်ဒေဝီနှင့်၊ ကေရီ မြည်းတော်ကြီးမှာ ငြီးဖြေဖို့အပါး တောင်ညာနန်းက မှန်း ရွှေပြည်၊ မြန်းကြွလှည့်လည် ယွန်းတဲ့ဘုရား'' ဟူ၍ ဖြစ်ပြီး ထိုသီချင်းကိုဆို၍ ကစဉ်အခါတွင် လူပျိုတော်များ ဝတ်ကြ သော အဝတ်များမှာ ရွှေကျင်ခတ်ဘောင်းဘီ၊ အချိတ် ပုဆိုးတောင်ရှည်နှင့် ခေါင်းပေါင်းဖြူ ဖော့လုံးပေါင်းကြ သည်ဟု ပြောပြပါသည်။

ဘွားအေက ဘိုးအေဆိုပြသည်မှာ နှစ်ပေါင်းမြောက်မြား စွာ ရှိခဲ့သဖြင့် မိမိလည်း ကောင်းကောင်းမရတော့ကြောင်း၊ ဘိုးအေ ဆိုပြစဉ်အခါက တစ်ပုဒ်လုံး အစအဆုံးဆိုပြကြောင်း၊ လူပျိုတော်တစ်ရာလျှင် မြန်မာ မှတ်စလင် ၇၅ ယောက် ပါ ကြောင်းနှင့် ပြောပြပါသည်။ ကျွန်တော် ဘွားအေကြီးမှာ ယခု အသက် ကိုးဆယ်ကျော် ရှိပါပြီ။ မကြာခဏသွားမေးရာ မေ့ကုန်ပြီဟု ပြောပြပါသည်။ မကြာမီကမှ သတိရသလောက် ဆိုပြသဖြင့် ကူးခဲ့ရပါသည်။ သို့သော် အစဉ်အတိုင်းမဟုတ်ပါ။

အထက်ပါတာဘွတ်ပွဲအကကို ကျွန်တော် မိန်းမ၏ဘိုးအေ ဟာဂျီ ဦးရှိစွတ် ယခုစဉ် အသက် ၁၈ နှစ်ခန့်က သီပေါမင်း ရွှေတော်တွင် ကပြခဲ့ရကြောင်း ပြောပြပြီး သိုင်းကွက် နင်း လျက် ကပြသည်ကို မြင်ဖူးပါ၏။ ဒင်းသီချင်းမှာ အလွန် ကောင်း၍ အဓိပ္ပာယ် ရသနှင့်ပြည့်စုံပြီး အဆီအနှစ်ပါပါ

သည် သိုင်းကွက်နင်း၍ ကသည့်အကမှာလည်း အလွန်ကြည့်ကောင်းသည်။

ထို့ပြင် ကျွန်တော့် ယောက်ဖမောင်စိန်ကြီး၏အဖေဟောဂျီ ဦးရီနွတ်ကလည်း သူငယ်စဉ်အခါက လူပျိုတော်ဖြစ်ကြောင်း၊ ဘုရင့်ရှေ့တော်တွင် တာဘွတ်ပွဲ ကရကြောင်းပြောပြပါသည်။ (တာဘွတ်ဆိုသည်မှာ သီချင်းဆို၍ သိုင်းကွက်နင်း ကရသော အက ဖြစ်ပါသည်။

(၃၁) ငွေတိုက်အရာရှိ ဦးခင် အကြောင်း

ငွေတိုက်အရာရှိ ဦးခင်မှာ "မေ့ဏ္ဍကမဟာသာလ"ဘွဲ့ရ ဘုကြွယ်မင်း ဦးစံပျော်၏ သားအကြီးဆုံးဖြစ်၍ သီပေါမင်း လက်ထက် ငွေတိုက်တော်အရာရှိဖြစ်ပါသည်။ ဘုရင်မင်းမြတ်က အလွန်ယုံကြည်စိတ်ချသဖြင့် ငွေတိုက်အရာရှိ ခန့်ထားပါသည်။

ခန့်ထားသည့်အလျောက် အလုပ်ကို ရှိသေလေးစားစွာဖြင့် လုပ်ကိုင်အမှုတော် ထမ်းဆောင်လေ၏။ ငွေတိုက်အရာရှိဦးခင်မှာ ကျွန်တော်၏ဘေးအေ မုန့်တော်ခေါင်းမင်း ဦးရွက်၏ စတုတ္ထ သမီး ဘွားစာ၏ခင်ပွန်း ဖြစ်ပါသည်။ ဦးခင်သည် ဘွားစာနှင့် အကြောင်းမပါမီက ရုံတော်ကြီးရပ် ကုလားဝန်မင်းဝင်းခေါ် ဆင်ကျုံးဗလီဝင်း၌ နေထိုင်ပါသည်။ နံနက်တိုင်း နန်းတော်တွင်းသို့ အလုပ်သွားသောအခါ တောင်ကျော်မိုးတံခါး (ယခုအခေါ် မင်္ဂလာတံခါး)မှ မသွားဘဲ စစ်ကိုင်းတန်းရပ်ရှိ ဦးရွက်အိမ်ရှေ့မှ လှည့်၍ နန်းမြို့အနောက်မျက်နှာ စည်ရှည်တံခါးမှ ဝင်လေ၏။

အဘယ့်ကြောင့် ဤကဲ့သို့ ခရီးရှည်သွားရသနည်းဆိုသော် မုန့်တော်ခေါင်းမင်း ဦးရွက်စတုတ္ထသမီးဘွားစာကိုမမြင်မနေနိုင် အလွန် မေတ္တာသက်ဝင် ချစ်ခင်သဖြင့် ခရီးရှည်လှည့်၍ နန်းတော်သို့ ဝင်ခြင်းဖြစ်လေ၏။ ဘွားစာကလည်း အသက် နှစ်ဆယ်ခန့်ရှိ၍ အလွန်ချော အလွန်လှ၊ အပြစ်ဆိုဖွယ်ရာမရှိ၊ အပြောအဆိုတွင်လည်းအလွန်ပါးနပ်လိမ္မာယဉ်ကျေးလေ၏။ သို့အတွက် ဦးခင်သည် နီးရာတံခါးကမဝင်ဘဲ ဝေးရာကလှည့် လာသည်ကို ဘွားစာကသိသဖြင့် တစ်နေ့သ၌ ဘွားစာက ဦးခင်ကို အောက်ပါအတိုင်း လှမ်းခေါ်လေ၏။

'မောင်မောင် ဘုရား၊ မုန့်စား လက်ဖက်ရည် သောက်ရအောင် ကြွပါဘုရား၊ ကြွပါဘုရား' ဟုခေါ်၍အိမ်မှအစေခံများအား မုန့်အမျိုးမျိုး၊ လက်ဖက်သုပ်၊ ချင်းသုပ်၊ လက်ဖက်ရည် အဖန်များကို ယူခိုင်းပြီး ''စားပါဘုရား၊ စားပါဘုရား ဒီမုန့်က ယနေ့လုပ်သည့်မုန့်ပါ၊ ဒီမုန့်က ယမန်နေ့ကလုပ်သည့် မုန့်ပါ'' ဟုပြောကာ ကျွေးမွေးလေ၏။ ဦးခင်က ဘေးနားမှ လူလစ်သည့်အခါတွင် လူပျိုစကားပြောမည်ဟု စလိုက်လျှင် ဘွားစာက ထသွား၏။

ဤကဲ့သို့ နှစ်ခါသုံးခါကြုံနေသဖြင့် တစ်နေ့တွင် စာတစ် စောင်ပေးပြီး မလာဘဲနေလေ၏။ ပေးသည့်စာမှာ ''အဝေးကနေခေါ်၊ နီးပြန်လျှင် မသိလေ ့င့် ချိုးလိမ္မာကြီး၊ချိုးလိမ္မာ လှောင်အိမ်လွတ် လောကွတ်နှင့်ပြီး'' ဟူ၍ ဖြစ်လေ၏။ (ငွေ တိုက်အရာရှိ ဦးခင်သည် ထိုစဉ်က အရာရှိမဟုတ်၊ သာမန်

ငွေတိုက်စာရေးကြီးသာ ဖြစ်ပါသည်။ နောက်မှ ငွေတိုက် အရာရှိ ဖြစ်ပါသည်၊)

နောက်များမကြာမီ ၎င်း၏အဖေ သူကြွယ်မင်း ဦးစံပျော်၊ ကုလားဝန်မင်း ဦးဒွန်းနှင့် အခြား လူကြီး လူကောင်းများက ဘုရားစာအား လာရောက် ကြောင်းလမ်းပြီး ပွဲကြီး လမ်းကြီး ခင်းလျက် မင်္ဂလာဆောင်လေ၏။

ငွေတိုက်အရာရှိဦးခင်မှာ အင်္ဂလိပ်မင်းလက်ထက်ရှစ်ကွက် အုပ်နှင့် အမြတ်တော်သူကြီး ဖြစ်ပါသည်။ ဘုရားစာမှာ နန်းတော်ထဲမှ မိဖုရားများ၊ ဘုရင့်သမီးတော်များ၊ (မင်းသမီးများ) ဝန်ကတော်များနှင့် ပလ္လင်ချစ်ခင် အကျွမ်းဝင် လေ၏။ ထီးသုံးနန်းသုံး အပြောအဆိုတွင် စံယူလောက်အောင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်လေ၏။ ၎င်းဘုရားစာမှာ သားသမီး တစ်ယောက်မှ မရှိပါ။ သို့အတွက် ရွှေဘိုမြို့ ကျွန်တော်တို့ထံတွင် လာရောက် နေထိုင်ပါသည်။ အသက် ၇၀ ကျော်တွင် လွန်ခဲ့သော ၂ နှစ်လောက်က ကွယ်လွန် အနိစ္စ ရောက်ပါသည်။

ဘုရားစာထဲမှ လက်ရေးစာအုပ်များ ကျွန်တော် အမွေ ရလိုက်ပါသည်။ ၎င်းစာအုပ်များမှာ ငွေတိုက်အရာရှိ ဦးခင် ကိုယ်တိုင် မှတ်သား ရေးသားထားသော ရာဇဝင်များ၊ တာသာရေးကျမ်းများ၊ ကဗျာလင်္ကာများ ဖြစ်ပါသည်။

(၁၇) အပျိုတော် မမသန့် အကြောင်း

အပျိုတော် မမသန့်မှာ သီပေါမင်း၏ မိဖုရားခေါင်ကြီး စုဖုရားလတ်၏ အပျိုတော် ဖြစ်ပါသည်၊ မိဖုရားကြီးက

အလွန်ချစ်ခင် သဒ္ဒါယုံကြည်သော အမျိုးတော် ဖြစ်လေ၏။ လွန်ခဲ့သော ငါးနှစ်ခန့်က ကျွန်တော်သည်ဘွားသန့်ထံသွား၍ ရှေးအကြောင်း ရာဇဝင်တို့ကိုမေးရာ အဘွားကြီးမှာ ကောင်းစွာ မေးမရတော့ပါ။ အော်၍မေးမှ ကြားပါတော့သည်။ ထို့နောက် အဘွားကြီးက ပြောသည်မှာ ၎င်းကို မိဖုရားကြီး စုဘုရားလတ်က အလွန်ချစ်ခင်ကြောင်း၊ မိဖုရားကြီးကို အစဉ် သဟိုရကြောင်း၊ ယခုလို ပါတော်မူသွားရာ အလွန်လွမ်းဆွတ် ဝမ်းနည်းကြောင်း ပြော၍ ငိုလေ၏၊

ထို့ပြင် မိဖုရားကြီးက ထဘီနှင့် အခြားပစ္စည်းများ ပေးထားခဲ့ကြောင်း၊ ယခုသော် ထဘီတစ်ထည်သာ ရှိတော့ကြောင်း၊ အခြားပစ္စည်းများမှာ နှစ်ရှည်လများ ကြာခဲ့ပြီဖြစ်သဖြင့် မရှိတော့ကြောင်း ပြောပြပြီး မှန်ဘီရိုထဲတွင် အမြတ်တနိုး သိမ်းထားသည့် မိဖုရားကြီးက ပေးခဲ့သော ထဘီကို ထုတ်ပြရင်း မျက်ရည်များ တစ်ဖန် ကျလာပြန်လေ၏။

ထို့နောက် ခင်းခမ်းမင်းနားမှစ၍ရာဇဝင်များကို စိတ်ပါလက်ပါ ပြောပြီး၊ ကျွန်တော့်ကို "မင်းမလာနဲ့ သွားတော့" ဟု ငေါက်လွှတ်၏။ ထိုအခါ ကျွန်တော်က အံ့အားသင့်ပြီး "အဘယ်ကြောင့် မလာရမှာလဲ၊ ဘာအပြစ်ရှိပါသလဲ" ဟု မေးရာ အခြားအကြောင်းကြောင့် မဟုတ်ကြောင်း၊ မိမိသည် နန်းတွင်းအကြောင်းနှင့် ရာဇဝင်များကို အလွန် ပြောချင်ကြောင်း၊ နားထောင်မည့်သူကို အလွန်သဘောကျကြောင်း၊ သို့သော် ယခင်ကမလာဘဲ ယခုမှ လာသည့်အတွက် ဤကဲ့သို့

ပြောမိကြောင်း၊ စိတ်မဆိုးစေလိုကြောင်းနှင့် ပြောပြီး အောက်ပါအတိုင်း တစ်ဖန် ပြောပြလေ၏။

မိမိအဖေမှာ အသုံးတော်ခံ အဝယ်တော် ဦးဘိုးညွန့် ဖြစ်ကြောင်း နန်းတော်အိမ်တော်မှ လိုသော ပစ္စည်းများနှင့် ပိုး–ဖဲ–ကတ္တီပါများကို ကလကတ္တား ဘုံဘိုင်မြို့များသို့သွား၍ ဝယ်ယူ ဆက်သွင်းရကြောင်း၊ လူပျိုတော် ကိုထွန်းမောင်နှင့် (ကျွန်တော်၏ဘိုးအေ)နှင့် မိမိမှာ မောင်နှမ တစ်ဝမ်းကွဲ တော်ကြောင်း၊ ယခု အသက် ၉၆ နှစ် ရှိပြီ ဖြစ်ကြောင်း၊ သက္ကရာဇ် ၁၂၂၀–ခုနှစ်တွင် မွေးဖွားကြောင်း ပြောပြလေ၏။ ကျွန်တော့ ကို ၎င်းထံ ခဏခဏလာရန် မှာလေ၏။ ၎င်းထံမှ စကားမေးမြန်း ပြောဆိုပြီး တစ်လလောက် အကြာတွင် အဘွားကြီးလည်း ကွယ်လွန်အနိစ္စ ရောက်လေ၏။

အပျိုတော် မမသန့်ခေါ် စိန်ကုန်သည် မမသန့်မှာ သီပေါမင်းပါတော်မူပြီးသည့်နောက် အင်္ဂလိပ်မင်းလက်ထက်တွင် စိန်အရောင်းအဝယ် အကြီးအကျယ် လုပ်သဖြင့် စစ်ကိုင်း တန်းရပ် စိန်ကုန်သည် အရီးသန့်ဆိုလျှင် လူတိုင်းလိုလို သိကြပါသည်။

မကြာမီက ၎င်း၏မြေး ခင်မမနှင့် ဈေးချိုထဲတွင် တွေ့သဖြင့် မိဖုရား စုဘုရားလတ်၏ ထဘီ ရှိသေးသလားဟု မေးရာ ရှိကြောင်း ကြည့်လိုသူများရှိက အချိန်မရွေး လာရောက် ကြည့်နိုင်ကြောင်း ပြောပြပါသည်။

## (၃၇) စာတော်ဖတ် ဦးဘိုးလှအကြောင်း

"စာတော်ဖတ် ဦးဘိုးလှမှာ "မေဏ္ဍကမဟာသာလ" ဘွဲ့ရ သူကြွယ်မင်း ဦးစံပျော်၏ သားဖြစ်၍ ငွေတိုက်အရာရှိ ဦးခင်၏ညီ ဖြစ်ပါသည်။

ဘုရင့်ရွှေတော်တွင် စာဖတ်ရသူ ဖြစ်သည့်အတွက် စာတော်ဖတ် ဦးဘိုးလှဟု ခေါ်တွင်လေ၏။ ထို့ပြင် "မင်းလှ မင်းထင်ရာဇာ" ဘွဲ့ရ ကုလားဝန်မင်း ဦးဒွန်း၏ သားမက် ဖြစ်၍ ရှေ့နေ ဦးဘကြည်၏ အဖေ ဖြစ်ပါသည်။

သီပေါမင်း ပါတော်မူပြီးသည့်နောက် ရှေ့နေစာမေးပွဲ ဝင်ရောက်ဖြေဆိုရာအောင်မြင်သဖြင့် နောက်ပိုင်းတွင် ရှေ့နေ ဦးဘိုးလှဟူ၍လည်း ခေါ်ကြလေ၏။

ရုံတော်ကြီးရပ် ကုလားဝန်မင်းစင်း အတွင်းရှိ ဦးဘကြည်၏ အိမ်တွင် အဖေ စာတော်ဖတ် ဦးဘိုးလှ၏ ဓာတ်ပုံ ချိတ်ဆွဲထားသည်ကို မြင်သဖြင့် ကျွန်တော်က ၎င်းဓာတ်ပုံကို မြန်မာမွတ်စလင် ရာဇဝင်အုပ်တွင် ကူးပြီး ထည့်လိုပါ၍ ခဏငှားရန် ပြောရာ အချိန်မရွေး ငှားမည်ဟု ဦးဘကြည်က ပြောပါသည်။

ဦးဘိုးလှ၏ ဓာတ်ပုံတွင် သားမွေးအင်္ကျီ ဝတ်ဆင်ပြီး ပုဆိုးတောင်ရှည်၊ သျှောင်ထုံး၊ ခေါင်းပေါင်း၊ နားပေါက်ကြီး နှင့် ရိုက်ထားပါသည်။ ရှေးမြန်မာမွတ်စလင်များ၏ အဝတ် အတိုင်း ရိုက်ထားပါသည်။ အလွန်ချော၊ အလွန်လှ၍ ကျက်သရေနှင့် ပြည့်စုံသော သူတစ်ယောက် ဖြစ်ပါသည်။

ဦးဘကြည်သည် ဂျပန်မဝင်မီက ရွှေဘိုမြို့တွင် ငါးနှစ် ခန့် နေထိုင်သွားပါသည်။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးပါသည်။

## (၃၈) အသုံးတော်ခံ ဗလီအမ စိန်မမချို အကြောင်း

အသုံးတော်ခံဗလီအမ စိန်မမချိုမှာ နန်းတော်အိမ်တော်မှ စိန်ဘီး၊ စိန်လက်ကောက်၊ စိန်ဘယက်၊ စိန်လက်စွပ်၊ စိန်နားကပ်၊စိန်ကြယ်သီး စသည့် စိန်နှင့် ပတ်သက်သမျှ စိန်ထည် အမျိုးမျိုးတို့ကို ပန်းတိမ်တော်များနှင့် အကွင်းအချိ အထည် ပြုလုပ်၍ သွင်းရသော စိန်အသုံးတော်ခံ ဖြစ်ပါသည်။

မင်းမိဖုရားများ၏ အလွန် သဒ္ဓါ ယုံကြည်ခြင်း ခံရသည့် ပြင် မြှောက်စားခြင်းပါခံရလေ၏။ မန္တလေးမြို့ ၈၃ လမ်းနှင့် ၂၃ လမ်းထောင့်ရှိ ကျောက်ဗလီကြီးနှင့် အရှေ့ဘက်အားမှ ကပ်လျက် ရှိသော ကျောက်ဖြင့် ဆောက်လုပ်ထားသော စာသင်ကျောင်းတို့ကို စိန်မမချို တစ်ဦးတည်း ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

အရောင်းအဝယ် အလှူအတန်းၡ၌ မြန်မာမွတ်စလင် အမျိုး သမီးထဲတွင် စံနမူနာ ယူလောက်သည့် အမျိုးသမီး တစ် ယောက် ဖြစ်လေသည်။ မန္တလေးမြို့ ၂၆ ဘီလမ်း ယခု ဘဏ် ဆောက်နေသော ရိုးတိုက်ဟောင်း နေရာသည် သီပေါမင်း လက်ထက်က စိန်မမချို နေထိုင်သောနေရာ ဖြစ်ပါသည်။

သားသမီးများမှာ (၁) ဦးဘ၊ (၂) ဦးစလေမန်၊ (၃) စိန်ကုန်သည် မမကြီး၊ (၄) ဦးမူစာ၊ (၅) ဦးကျော်၊ (၆) ဦးသော်တို့ ဖြစ်ကြပါသည်။

မန္တလေးခရိုင် ဖုံဆပလ ဥက္ကဋ္ဌဟောင်း ဦးဘကြွယ်သည် စိန်ကုန်သည် မမကြီး၏ သား၊ စိန်မမချို၏ မြေးအရင်းဖြစ်ပါသည်။ စိန်မမချိုမှာ ကြာသပတေးနေ့တိုင်း လူမျိုးမရွေး ဘာသာမရွေး ဆင်းရဲသူ ဆင်းရဲသားများကို ဆန်တစ်အိတ်ကုန်အောင် လှူဒါန်း ပေးကမ်း ဝေငှလေ၏။

(၃၉) နေမျိုးမင်းထင်ရာဇာဘွဲ့ရ အသုံးစာရေး ဦးကင်းအကြောင်း

နေမျိုးမင်းထင် ရာဇာ ဘွဲ့ရ အသုံးစာရေး ဦးကင်းမှာ ကျွန်တော်၏ ဘေးအေ မုန့်တော်ခေါင်းမှင်း ဦးရွက်၏ ဇနီး၊ ကျွန်တော့် ဘေးမ အရီးမြ၏ မောင်အရင်း ဖြစ်ပါသည်။ အဖေးရောက် မင်းနှင့်လည်း ခင်မင် ရင်နှီးသည့်ပြင် ဦးကင်းအကြောင်းကို အဝေးရောက်မင်းက ခဏခဏ ပြောပါသည်၊

သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ သီပေါမင်းနှင့် မိဖုရား ပါတော်မူသွားသော အခါ နန်းတော်တွင်း၌ ဆူကြ ပူကြ ပြေးကြ လွှားကြ ဖြစ်နေစဉ် နန်းတော်အဆောင်ဆောင် အတွင်းတွင် မေ့၍ ကျန်ရစ်သော ကျ၍ ကျန်ရစ်သော မယူနိုင်၍ ထားခဲ့ရသော ရွှေဖလား၊ ရွှေကွမ်းအစ်၊ စိန်နားတောင်း၊ စိန်လက်စွပ်မှ စ၍ စိန်ထည် ရွှေထည် မြောက်မြားစွာတို့ကို ဦးကင်းသည် တစ်ခုစီ လိုက်ကောက်ပြီး ဘီး အစ်တစ်ခု တွင် ထည့်၍ စောင်ကြီး တစ်ထည်နှင့် ထုပ်ကာထမ်း၍ နေဝင်ရီသ ရော အချိန်၌ သီပေါမင်းထံ လိုက်ပို့၏။

ဂေါဝိန်ဆိပ်သို့ ရောက်သောအခါ သင်္ဘောကုန်းဘောင် အနီးမှ မျက်နှာဖြူ စစ်ဗိုလ်တစ်ယောက်က ရှင်းကိုယ်တိုင် ပေးလိုက်မည်ဟု ပြောပြီး ယူထားလိုက်၏။ ထိုအချိန်အခါက လူထုသည် သီပေါမင်း မကြာမီ ပြန်လာလိမ့်မည်ဟု ထင်နေကြ၏။

အထက်ပါ အကြောင်းကား ဦးကင်း ရှီးသားဖြောင့်မတ် ကြောင်း၊ ဘုရင်နှင့် မိဖုရား အပေါ် သစ္စာရှိကြောင်းနှင့် မလိမ်မကောက်ကြောင်း ထည့်၍ ရေးရခြင်းဖြစ်ပါသည်။

စိန် ရွှေ ဘီးအစ်ကြီးနှင့် အပြည့်ဆိုလျှင် သိန်းပေါင်း မြောက်မြားစွာ တန်ဖိုးရှိလေ၏။ ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၃၇ တွင် ဘွဲ့ ငယ်မည်နှင့် ရာထူး စာ ရင်း ၌ "နေမျိုး မင်းထင်ရာဇာ" မောင်ကင်း အသုံးစာရေးဟု ပါရှိပါသည်။

## (၄၀) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယ အုပ်တွင် မြန်မာမှတ်စလင်တို့၏ ဘွဲ့ငယ်မည်နှင့် ရာထူးစာရင်း ပါသူတို့၏ အကြောင်း

အောက်ပါ ဘွဲ့ငယ်မည်နှင့် ရာထူးစာရင်း ပါသူများ၏ အ ကြောင်း အ ရာ များ မှာ အဝေးရော က်မင်းနှင့် ခင်မင် ရင်းနှီးသော မြန်မာမှတ်စလင်များ ဖြစ်သည့်အတွက် ၎င်း ပုဂ္ဂိုလ်များ၏ အကြောင်းကို အဝေးရောက်မင်း၏ ပြောပြ ချက်အရ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယ အုပ်တွင် မှတ်သားစား၍ ယခု ရေးသား ဖော်ပြလိုက်ပါ သည်။

"မင်းထင်ရာဇာ" ဘွဲ့ရ အသည် စာရေးကြီး ဦးတာသည် သီပေါမင်း လက်ထက်တွင် စာရေးကြီး တစ်ယောက် ဖြစ်ပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတတိယအုပ် စာမျက်နှာ ၇၃၇ တွင် "မင်းထင်ရာဇာ" မောင်တာ အသည် စာရေးဟု ပါရှိပါသည်။

"နေမျိုးသီဟ ကျော်ထင်ဘွဲ့ရ အမိန့်တော်ရေး ဦးပန်းညို သည် သီပေါမင်းလက်ထက် ဘုရင်၏ အမိန့်တော်ကို ရေးမှတ် ရသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင် တော်ကြီး တတိယအုပ် စာမျက်နှာ ၇၂ တွင် 'နေမျိုးသီဟ ကျော်ထင်' မောင်ပန်းညို အမိန့်တော်ရေးဟု ပါရှိပါသည်။

"မင်းလှ မင်းထင်သူရိန်" ဘွဲ့ရ ဦးအုန်းမှာ အနောက်ပြင် ထောင်မှူး ဖြစ်ပါသည်။ မင်းတုန်းမင်းတရားကြီး လက်ထက် တော်အခါတွင် အိမ်တော်ရှေ့ဘုရား အနောက်ဘက်၌နေသည် ဟု ပြောပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၄၃ တွင် "မင်းလှမင်းထင်သူရိန်" ဦးအုန်း အနောက်ပြင် ထောင်မှူးဟု ပါရှိပါသည်။

ထို့ပြင် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယ အုပ် စာမျက်နှာ ၇၄၇ တွင် မာမက် အိဗာရာဟင်-အပ္ပဒူလီရာဟ မန် အမိန့်တော်ရများဟု ပါရှိလေ၏။ ('မဟာမင်းကျော်သီဟ မင်းထင် ဘွဲ့ရ ဦးဘိုးရစ်မှာ သီပေါမင်း လက်ထက် တပယ် မြို့စားဖြစ်ပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၄၀ တွင် "မဟာမင်းကျော်သီဟ မင်းထင်' မောင်ရစ် တပယ်မြို့စားဟု ပါရှိလေ၏။

"မဟာမင်းလှမင်းထင်ရာဇာ"ဘွဲ့ရ ဦးနော်ခန့်မှာ သီပေါမင်းလက်ထက် ကလေးတိန့်ညင် ရာဇဂြိုဟ်မြို့ဝန် ဖြစ်ပါသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၅၃ တွင် "မဟာမင်းလှမင်းထင်ရာဇာ"မောင်နော်ခန့် ကလေးတိန့်ညင် ရာဇဂြိုဟ်မြို့ဝန်ဟု ပါရှိပါသည်။

"မဟာမင်းခေါင်ကျော်ထင်"ဘွဲ့ရ ဦးပြားမှာ သီပေါမင်းလက်ထက် စစ်ကိုင်းမြို့ဝန် ဖြစ်ပါသည်။ အခေါ်ရောက်မင်းနှင့် ခင်မင်သူဖြစ်ပါသည်။အလွန်သဘောကောင်းပြီး အပြောအဆိုယဉ်ကျေး သိမ်မွေ့ကြောင်း ပြောပြပါသည်။ ၎င်း၏ အနေအထားမှာ အရပ်ပုပု၊ အသားညိုညို၊ ပထမကောင်းစားကုလားမျိုး သေနတ်စာရေးကြီး၊ နောက် ရာထူး တစ်ဆင့် တစ်ဆင့် တက်ပြီး စစ်ကိုင်း မြို့ဝန်အထိ တိုးတက် ခန့်ထားခြင်း ခံရကြောင်း ပြောပြပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၅၅တွင် "မဟာ မင်းခေါင်ကျော်ထင်"မောင်ပြား စစ်ကိုင်းမြို့ဝန်ဟု ပါရှိပါသည်။

(၄၁) "မင်းလှမင်းထင်ရာဇာ" ဘွဲ့ရ ကုလားဝန်မင်း ဦးဒွန်းခေါ် ဦးနေဒွန်း အကြောင်း

"မင်းလှမင်းထင်ရာဇာ"ဘွဲ့ရ ကုလားဝန်မင်း ဦးဒွန်းမှာ သီပေါမင်းလက်ထက် ဝန်မင်း ဖြစ်ပါသည်။ မ…ဘုန်းမင်းတရားကြီးလက်ထက် ကုလားဝန်မင်း "မဟာမင်းခေါင်သီဟသူ"၏သားမက်ဖြစ်သည့်ပြင် သီပေါမင်းလက်ထက်"ဓမ္မာယမဟာသာလ"ဘွဲ့ရ သူကြွယ်မင်း ဦးစံပျော်နှင့် ခမည်း ခမက်တော်ကြပါသည်။ ကုလားဝန်မင်း ဦးဒွန်းသည် သီပေါမင်း၏

အလွန်ယုံကြည် သဒ္ဓါခြင်းကိုခံရသည့်ပြင် ဝန်တို့၏အစီးအနင်း အဆောင်အရွက်လည်း ပေးသနားတော်မူလေ၏။ ဆင်စီးခွင့် ရွှေထီးနှစ်လက် ဆောင်းခွင့်ရ၏။

ထို့ပြင် ဆင်ကျုံးဗလီကြီး၏ ဂေါပကလူကြီး ဖြစ်၍ ဗလီ အတွက် လစဉ် ကုန်ကျစရိတ်များကို ဝန်မင်းက အများဆုံး လှူဒါန်းလေ၏။ မှတ်စလင်တရားတော်အတိုင်း တစ်နေ့ ငါး ကြိမ် ဘုရားဝတ်ပြုပြီး တရားဘာဝနာ အားထုတ်သောသူတစ် ယောက် ဖြစ်သည့်ပြင်၊ ရွှေဘိုသား ဆရာကြီး ဦးနေရေး ၃၅ ခန်းကျမ်းနှင့် ဟာကျီမုန်ရေး မြတ်ဆုရ လက်ာကျမ်းတို့မှ ကျင့် ရန် ကြဉ်ရန်များနှင့်အညီ နေထိုင် ဆောက်တည်ပြီး ၎င်းကျမ်း တို့မှ များစွာသော အခန်းအပိုဒ်တို့ကို အလွတ်ရသော ဟူ၏။

ရွှေနေ ဦးဘကြည်၏ (အမေအဖေ) ဘိုးအေအရင်း ဖြစ် ပါသည်။ (အကြောင်းအရာ နံပါတ် ၂၁ တွင် ၎င်း၏ယောက္ခမ ကုလားဝန်မင်းကြီး အကြောင်း ဖတ်ပါလေ။) ကုန်းဘောင် ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယအုပ် စာမျက်နှာ ၇၄၉ တွင် "မင်းလှမင်းထင်ရာဇာ" မောင်နေထွန်း ကုလားဝန်ဟု ပါရှိလေ၏။

(၄၂) "မေဏ္ဍကမဟာသာလ" ဘွဲ့ရ သူကြွယ်မင်း ဦးစံပျော်အကြောင်း

"မေဏ္ဍက မဟာသာလ" ဘွဲ့ရ သူကြွယ်မင်း ဦးစံပျော်မှာ ပစ္စည်းဥစ္စာ အလွန်ကြွယ်ဝ ချမ်းသာသဖြင့် ဘုရင်မင်းမြတ်က သူကြွယ်ဘွဲ့ကို ပေးတော်မူ၏။ ကျွန်တော်၏ ဘေးအေမှန်တော် ခေါင်းမင်း ဦးရွက်၏စတုတ္ထသမီး(ကျွန်တော့်ဘိုးအေ၏အစ်မ)

ဘွားစာနှင့်ဦးစံပျော်၏သား ငွေကိုက်အရာရှိ ဦးခင်လက်ဆက်ထားသဖြင့် ဦးစံပျော်နှင့်ဦးရှက်မှာ ခမည်းခမက် တော်ကြပါသည်။ကျွန်တော့်ထံတွင် သူကြွယ်မင်း ဦးစံပျော်လက်ရေးနှင့်ရေးထားခဲ့သော စာအုပ်များကို ဦးခင်၏ဇနီး ဘွားစာမှ တစ်ဆင့်ရရှိထားပါသည်။ ၎င်းစာအုပ်များမှာ(၁)ဘိုးတော်ဦးဝိုင်းကိုရွှေဘိုသား ဆရာကြီးဦးနုက အနောက်ဘက်ကမ်းမင်းကွန်းအနီး ကြက်ထောင့်အရပ်တွင် မှတ်စလင်ဘာသာ အကြောင်းပထမပိုင်း သံဒေါ်ဦးတင်လှသာကျမ်းနှင့် ဒုတိယပိုင်း အမရပူရနန်းတော်ထဲတွင် သံတော်ဦးတင်လှသာကျမ်း (၂)ကင်းဝန်မင်းကြီး လန်ဒန်သွား နေ့စဉ်မှတ်တမ်း (သုံးခေါက်သွား၏။ နှစ်ခေါက်သာ စာအုပ်ရိုက်ပြီးရှိ၏။)နှင့် (၃) မှတ်စလင်ဘာသာရေးကျမ်း၊ (၄)ဆေးကျမ်း၊ (၅) ရာဇဝင်ကျမ်းများ ဖြစ်ပါသည်။ ဘွားစာသည်ရွှေဘိုမြို့၌ ကျွန်တော်တို့ထံတွင် နေထိုင်ပါသည်။ သားသမီး မရှိပါ။)

သူကြွယ်မင်း ဦးစံပျော်သား၏သားသမီးများမှာ (၁)ငွေကိုက်အရာရှိဦးခင်၊ (၂)စာတော်ဖတ်ဦးဘိုးလှ၊ (၃)ရှစ်ဆက်အုပ် ဦးတာစင် (၄) ပင်စင်အငြိမ်းစား ဟာဂျီဘောက်တို့ ဖြစ်ကြပါသည်။ရွှေနေ ဦးဘကြည်မှာစာတော်ဖတ် ဦးဘိုးလှ ၏ သားသူကြွယ်မင်း ဦးစံပျော်၏မြေးအရင်းဖြစ်ပါသည်။ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၆၁တွင် ''မေဏ္ဍာအမ မဟာသာလ'' မောင်စံပျော် သူကြွယ်ဟုပါသည်။

## (၄၃) "မဟာသီရိသုခသေဋ္ဌ အနာထပိဏ်"ဘွဲ့ရ သူဌေးမင်း ဦးစိန်အကြောင်း

"မဟာသီရိသုခသေဋ္ဌ အနာထပိဏ်" ဘွဲ့ရ သူဌေးမင်း ဦးစိန်မှာ သီပေါမင်းလက်ထက်တွင် အလွန်ကြွယ်ဝ ချမ်းသာသော သူဌေးကြီး တစ်ယောက် ဖြစ်ပါသည်။ မိမိဘာသာ အလျောက်မြန်မာမှတ်စလင်ရွာများတွင်ဗလီများဆောက်လုပ်လှူဒါန်းခဲ့လေ၏။ သူဌေးများ၏ အစီးအနင်းအဆောင်အရွက်များကို ဘုရင်မင်းမြတ်က ပေးတော်မူလေ၏။ သီပေါမင်း လက်ထက်တော်အခါက မန္တလေးမြို့ ၂၄ လမ်း သူဌေးတန်းရပ်တွင် နေထိုင်လေ၏။ ထို့ပြင် မန္တလေးမြို့ ၂၇ လမ်းရှိ အရပ်လူကြီး ဦးမြမှာ သူဌေးမင်း ဦးစိန်၏ မြေးအရင်း ဖြစ်ပါသည်။ မန္တလေးမြို့ ၈၃ လမ်း တိုက်တန်းရပ်တွင် သူဌေးမင်း ဦးစိန်၏ အဆက်အနွယ် မြောက်မြားစွာ ရှိကြပါသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၆၁ တွင် "မဟာသီရိသုခသေဋ္ဌ အနာထပိဏ်" မောင်စိန် သူဌေးဟု ပါရှိပါသည်။

## (၄၄) "မဟာသုဝဏ္ဏ သေဋ္ဌ" ဘွဲ့ရ သူဌေးမင်း ဦးမောင်ကြီး (ဦးအီဆပ်) အကြောင်း

"မဟာသုဝဏ္ဏ သေဋ္ဌ"ဘွဲ့ရ သူဌေးမင်း ဦးမောင်ကြီး (ဦးအီဆပ်) မှာ သီပေါမင်း လက်ထက်၌ အလွန် ကြွယ်ဝ ချမ်းသာသဖြင့် သူဌေးဘွဲ့ကို ဘုရင်မင်းမြတ်က ပေးတော်မူ၏။ မန္တလေးမြို့တွင် ဂုဏ်သရေရှိ လူကြီးလူကောင်းဖြစ်သည့်

ပြင် အလှူအတန်း၌ အလွန်ရက်ရောစွာ ပေးကမ်းစွန့်ကြဲလေ့ ရှိ၏။

မွတ်စလင် တရားတော်အရ တစ်နေ့ငါးကြိမ် ဘုရားဝတ်ပြု ပြီးတရားဘာဝနာများကိုအားထုတ်သူတစ်ယောက်ဖြစ်လေ၏

မန္တလေးမြို့ ၄ လမ်း ၁၂ ဌေးတန်းရပ်ရှိ သူဌေးတန်း ဗလီ ကို ၎င်းတစ်ဦးတည်း ဆောက်လုပ် လှူဒါန်းခဲ့လေ၏။

သီပေါမင်း လက်ထက်တော်အခါတွင် မန္တလေးမြို့ ၂၄ လမ်းသူဌေးတန်းရပ်၌နေထိုင်လေ၏။သူဌေးမင်းဦးမောင်ကြီး ၏ အဆက်အနွယ်မှာ ၎င်း၏မြေးအရင်း ဗလီတကာ ဦးဘိုး ညွန့် ဖြစ်ပါသည်။ အမိန့်တော်ရမင်း ဦးအောင်ဘမှာ သူဌေး မင်း၏ မြစ်အရင်း ဖြစ်ပါသည်။

ကုန်းဘောင်ဆက် မှဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၆၁ တွင် "မဟာသုဝဏ္ဏသေဋ္ဌ" မောင်ကြီး သူဌေးဟု ပါရှိပါသည်။

## (၄၅) "မဟာဘောဂမနသေဋ္ဌသီရိရာဇာ"ဘွဲ့ရ သူဌေးမင်း ဦးရန်အောင်အကြောင်း

"မဟာ ဘောဂမန သေဋ္ဌ သီရိရာဇာ"ဘွဲ့ရ သူဌေးမင်း ဦးရန်အောင်မှာ ရွှေငွေပစ္စည်း ဥစ္စာဓနများစွာ ကြွယ်ဝချမ်း သာသည့်အတွက် ဘုရင်မင်းမြတ်က သူဌေးဘွဲ့ ပေးလေ၏။ ကျောင်းကန်ဇရပ်တို့ကိုများစွာဆောက်လုပ်လှူဒါန်းခဲ့လေ၏။

သူဌေးမင်းဦးရန်အောင်၏သမီးကြီးခင်မြကြီး၏ခင်ပွန်းမှာ ဆိုင်းတန်းဗလီတကာ ပတ္တမြားကျောက်ကုန်သည် ဦးညိမ်းဖြစ်

ပါသည်။ ၎င်းဗလီတကာဦးညိမ်း-ဒေါ်ခင်မြကြီးတို့၏သားမှာ ဗလီတကာ ဦးဘအေးဖြစ်ပါသည်။ ၎င်းဗလီတကာ ဦးဘအေး၏ သားမှာ ဗလီတကာ မောင်ကျော်ငွေးခေါ် မောင်ဘိုင်ကြီး ဖြစ်ပါသည်။ ဗလီတကာမောင်ကျော်ငွေးခေါ် မောင်ဘိုင်ကြီးမှာ ကျွန်တော်၏ သမီးကြီး မညို၏ ခင်ပွန်း ဖြစ်ပါသည်။

**တိုက်တန်းရပ်နေ ပွဲစားကြီး ဦးခန့်မှာ** သူဌေးမင်း ဦးရန်အောင်၏ သားမက်အငယ်ဖြစ်ပါသည်။သီပေါမင်းလက်ထက်တော်အခါတွင် သူဌေးမင်းဦးရန်အောင်သည်မန္တလေးမြို့ ၂၄ လမ်း၊ သူဌေးတန်းရပ်တွင် နေထိုင်ပါသည်။ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၆၁ တွင် "မဟာဘောဂဓနသေဋ္ဌသီရိရာဇာ" မောင်ရန်အောင် သူဌေးဟု ပါရှိပါသည်။

(၄၆) ကျောက်ရဲမြို့စား အကောက်ဝန် အခွန်ဝန် လောကမှီမောင်လှ တော်အုပ် မဟာဘောဂဓန သီရိဇေယျ ကုလားဝန်မင်း မူလ အိမ်ထောင်နှင့် အကြောင်း

အမေရိကမြို့တွင် ရွှေဘိုမင်း စိုးစံလျက်နေတော်မူစဉ် အိန္ဒိယနိုင်ငံ၊ စူရတ်မှ အမရပူရမြို့သို့ ကုန်သွယ်ရေးအတွက် ညီအစ်ကိုလေးယောက်လာ ရောက်ကြ၏။၎င်းတို့မှာ(၁)မူလ္လာဟာရှင်၊ (၂) မူလ္လာကာစင် (၃) မူလ္လာအိဗြာဟင်နှင့် (၄) မူလ္လာမံာမက်ခေါ် မင်းလှအောင်မောင်တို့ဖြစ်ကြလေ၏။ ၎င်းတို့ ညီအစ်ကိုလေးယောက်တို့သည် ရွှေဘိုမင်း ထံတော်သို့ ပိုး၊ ဖဲ၊ ကတ္တီပါနှင့် နန်းသုံးပစ္စည်း အမျိုးမျိုးတို့ကို ဆက်သွင်းရသော အသုံးတော်ခံများ ဖြစ်ကြသည်၏။ ထိုသို့ မြန်မာဘုရင်

ရွှေဘိုခင်းထဲ မိမိ၏တာဝန်စတ္တရားများကို တာဝန်သိသိနှင့် မိရိစွာ အမှုထမ်းဆောင်ခဲ့ရာ မူလ္လာအိဘရာဟင်မှာ အခြွေးညီအစ်ကိုများနှင့်မတူ၊ တစ်မူခြားကာ မိမိအလုပ်ဝတ္တရားများကို ပိုမိုတတ်ကျွမ်းနားလည်သဖြင့် နောင်အခါ၌ အဘောက်ဝန်၊ အခွန်ဝန်ရာထူးကို ဆက်လက်ချီးမြှင့်ခြင်း ခံခဲ့ရလေ၏။

မူလ္လာအိဘရာဟင်မှာ ဒေါ်ငွေးဆိုသူ မြန်မာအမျိုးသမီးတစ်ဦးနှင့် ထိမ်းမြားလက်ဆက် အိမ်ထောင်ဖက်ကာ သားရတနာလေးဦး ထွန်းကားခဲ့လေ၏။ ၎င်းတို့မှာ (၁) မူလ္လာအိဗ္ဗမန်အင်၊ (၂) မူလ္လာဟိုစိန်ခေါ် မောင်မောင်ကြီး၊ (၃) မူလ္လာမာမွတ်ခေါ် မောင်မောင်လေး၊ (၄) မူလ္လာအာရစ်ဖ်တို့ဖြစ်ကြပါသည်။ မူလ္လာအိဗ္ဗမန်အင်မှာ သက္ကရာဇ် ၁၁၀၁-ခု၊ အမရပူရမြို့ ရွှေဘိုမင်း လက်ထက်တော် အခါတွင် မွေးဖွားလေ၏။

ခမည်းတော် ရွှေဘိုမင်း နောက်သားတော်များ ဖြစ်ကြသော ပုဂံမင်းနှင့် မင်းတုန်းမင်း လက်ထက်တော် အခါတွင် မူလ္လာအိဘရာဟင်အား ဆက်လက်၍ အမှုတော် ထမ်းရွက်စေ၏။ မူလ္လာအိဘရာဟင်မှာ မင်းတုန်းမင်းတရားကြီး ရွှေတော်သို့ အခစားဝင်ရာတွင် မိမိ သားငယ် မူလ္လာအိဗ္ဗမန်အင်ကိုလည်း မကြာခဏ ခေါ်ဆောင်သွားလေ့ရှိ၏။ မူလ္လာအိဘရာဟင်သည် မန္တလေးမြို့၊ ၈၃ လမ်း၊ ၃၂ တစ်ဘေးဆိုင်အရှေ့ဘက်မျက်နှာချင်းဆိုင်တွင် မူလ္လာဝန်မင်းဝင်းကြီးကိုရင်းကိုယ်တိုင်ဆောက်လုပ် နေထိုင်ခဲ့လေ၏။ ယခုအခါ ပျက်စီးယိုယွင်းနေ၍ ကြော၊ ဘီ ပိုတိုစတိုးက ငှားကာ၊ ထားပေါင်းများ ထားသည်ကို

တွေ့ရှိရပေသည်)မူလ္လာအီဘာရာဟင်မှာမင်းတုန်းမင်းတရားကြီး ထံတော်တွင် သစ္စာရှိစွာနှင့် မိမိ အလုပ်ဝတ္တရားများကို ထမ်းဆောင်နေစဉ် အသက်၆၄-နှစ်တွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်လေ၏။

ထိုအခါ မင်းတုန်းမင်းတရားကြီးက ဖခင် သေဆုံးသဖြင့် သားမူလ္လာအီစမန်အင်ကို ဆက်လက်၍ အမှုတော် ထမ်းရွက်စေ၏။ မူလ္လာအီစမန်အင်သည် အလုပ်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သဖြင့် များစွာနှစ်သက်တော်မူ၍ ဝန်ခန့်ပြီး သူဌေးတို့၏ အစီးအနင်းအဆောင်အရွက်နှင့် မဟာဘောဂမနရာဇာဟူသော ဘွဲ့နှင့်တကွ သူကောင်းပြုတော်မူလေ၏။

ထို့နောက်မူလ္လာအီစမန်အင်သည် ဘီဘီကြီးခေါ် မြန်မာမှက်စလင် အမျိုးသမီးတစ်ယောက်နှင့် လက်ထပ် ထိမ်းမြားလေ၏။ မူလ္လာအီစမန်အင်၏ သားသမီးများမှာ (၁) ဘီလပ်မောင်မောင်၊ (၂) ခင်ခလေးကြီး၊ (၃) မောင်မောင်ဘ၊ (၄) နိုင်ငံရေးခေါင်းဆောင်ဒေါက်တာဝိုင်အိုင်မူလ္လာခေါ် မောင်မောင်အေး၊ (၅) ရေနံချောင်း ခင်လေးငယ်၊ (၆) မူလ္လာဦးအလီခေါ် မောင်မောင်လတ်၊ (၇) မူလ္လာကာစင်ခေါ် မောင်မောင်နှင့် အခြားသမီးများလည်း ရှိကြပါသည်။

မောင်မောင်လတ်မှာ မြန်မာအနုပညာဖြစ်သော စောင်းကောက်ကြီးကို ပိုင်နိုင်စွာ တီးတတ် ဆိုတတ်သည့်ပြင် "ဂီတဝိသောဓနီကျမ်း"ကို ပုံထမဦးစွာပြုစုစီရင် ရေးသား ရိုက်နှိပ်ထားခဲ့၏။ ၎င်းစောင်းကောက်အတီးနှင့် အဆိုတွင် သူမတူအောင် တတ်သောဟူ၏။ အင်္ဂလိပ်မင်းလက်ထက် ရန်ကုန်မြို့ရှိ

ဂီတကျောင်းတွင် ကျောင်းဆရာကြီး ဖြစ်ပါသည်။ မူလွှာ ဦးအလီခေါ် မောင်မောင်လတ်၏ ဆရာကား မင်းတုန်းမင်း တရားကြီးထံတွင် သီချင်းကြီး၊ သီချင်းခံ့ အမျိုးမျိုးတို့ကို တီးဆိုရသော "ဂန္ဓာဒေဝ" ဘွဲ့ရ ဆရာကြီး ဖြစ်လေ၏။

၎င်းဆရာကြီးသည် သီပေါမင်း ပါတော်မူပြီးသည့်နောက် အနောက်ဘက်ချောင်တွင် သက်နှင်းဝတ်နှင့် နေလေ၏။ (ယခု အခါ ရေဒီယိုမှ "ပြည်မြို့ဦးအလီ" တီးဆိုသော ဓာတ်ပြား သီချင်းများဟု မကြာခဏဖွင့်သော ဦးအလီသည် ပြည်မြို့မှ ဦးအလီပင် ဖြစ်ပါသည်။)

မူလွှာအိစမန်အင်သည် မင်းတုန်းမင်းတရားကြီးလက်ထက် တော်အခါ တာဝန်ဟူသမျှကို တစ်ခုမကျန် ကျေပွန်အောင် ထမ်းဆောင်လာခဲ့၏။ မင်းတရားကြီးသည်သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် ကောင်းမှုတော်ပွဲ၊စဲစဲဆိတ်ငြိမ်၊ စည်းစိမ်ယူပြီး ဇမ္ဗူငြိမ်းသော် မင်းကြီး ဇနကနန္ဒတိုကဲ့သို့ ဇမ္ဗူပြည်ကြီးကို ငြိမ်းငွေ့တော်မူသဖြင့် နတ်ပြည်စံသွေးတော် မူလေ၏။

ထိုအခါ သားတော်မှာရ်အောင် စေတီတော် ဒါယကာ သီပေါမင်း ထီးနန်း စိုးစံတော်မူလေ၏။ ထိုအခါတွင်လည်း မူလွှာအိစမန်အင်ကို အခွန်ဝန် အကောက်ဝန် ရာထူးကို ဆက်လက်ပေးသနားတော် မူလေ၏။

သက္ကရာဇ် ၁၂၄၃ ခုနှစ်တွင် နိုင်ငံတော်အတွင်း ကုန်ဈေး နှုန်းများတက်၍ ဆင်းရဲသား ကျောမွဲ လူတန်းစားတို့ အဘိ ငကြွ ရောက်မည့်အရေးကို မင်းတုန်းမင်းကြီး မြော်တွေးကာ အောက်ပါ စာချွန်တော် တစ်ခုကို ထုတ်ပြန်လေ၏။

''ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ရေမြေအရှင် ဘဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက် စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီး သက္ကရာဇ် ၁၂၄၃ ခုဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၆ နေ့ အရပ်ရပ် မြို့ကျေးရွာများက ထွက်ရှိသည့် ရှာကုန်များကို ဆင်းရဲသားကုန်သည်တို့ နိုင်ငံတော်အဘွင်း အလိုရှိရာ ဝယ်ယူ ကူးသန်းကြစေ။ အောက်မြို့ကျေးရွာများသို့ ထုတ်ယူရောင်းချရန် ရှာကုန်များကို ဆင်းရဲသား ကုန်သည်တို့ မနှောင့်ယှက်စေရ၊ မြို့ရွာ ဈေးပေါက်ရာ အခကောက်ဝန် ''မဟာဇေယျဘရနရာဇာ''က ဝယ်ယူပြီးလျှင် အကွဲအပြားမရှိ ထုတ်ရောင်းချစေဟု ဖော်ပြထားလေ၏။

(၎င်းစာချွန်တော်ကို ယခုထက်တိုင် ဝန်မင်း၏ အဆက်အနွယ်တို့ သိမ်းထားလေ၏၊)

မင်းတရားကြီးသည် ဆင်းရဲသား ကုန်သည်တို့ နာကြည်းမည်ကို စိုးရိမ်ကြောင့်ကြသဖြင့် ဈေးနှုန်းပေါက်ရာ ရောင်းချရန် အမိန့်တော် စာချွန်ကို ထုတ်တော်မူလေ၏။ ဤနေရာ၌ မင်းတရားကြီး၏ မြင့်မြတ်သော စေတနာနှင့် အမြော်အမြင်ကြီးမားပုံမှာ ထင်ရှားလှပါပေသည်။

သီပေါမင်းတရားကြီးက မူလ္လာအိမ္မန်အင်၏ အရည်အချင်း [illegible]ကိုင်ရည်ကို များစွာမှ နှစ်သက်တော်မူရာ ဘွဲ့ထူးများဖြင့် သူကောင်းပြုခြင်း ခံရပုံများကို သက္ကရာဇ် ၁၂၄၄ ခုနှစ် မင်းတုန်းမင်းတရားကြီးက ပေးပို့သော ''စာချွန်တော်''တွင် အောက်ပါအတိုင်း ပါရှိလေ၏။

"ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ရေမြေ အရှင် သဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက် စကြာ သခင်အရှင် ဘဝရှင် မင်းတရားကြီးဘုရား သက္ကရာဇ် ၁၂၄၄ ခု၊ သီတင်းကျွတ် လဆန်း ၁၃ ရက်၊ ၁ နေ့ ကျောက်ရဲမြို့ကို အခွန်ဝန် အကောက်ဝန် လောကပိမာန် မလှုတော်အုပ် "မဟာဘောဂသိရိနေရာဇာ" ကိုဝ်မြို့စား သနားတော်မူသည်။ အခွန်အတုတ်ကိုဝ်ရှေ့ အရိုးဝ်အစဉ် ရှိသည့်အတိုင်း မှန်အောင်စစ်ကြော၍ စားမြို့ရွာကို ဖြစ် အောင် ပြုစုသည့် အလာကိုလည်း မစသိမ်းပိုက်ပဲ" ဟူ၍ ဖော်ပြ ထားပေရာ မူလ္လာအိဗမန်အာ-မှာ ဘွဲ့ သိမ်း အမည် အရည် အချင်းနှင့်တကွ ကျောက်ရဲမြို့ကိုပါ အပိုင်စား ပေးသနား တော်မူခြင်း ခံရလေသည်။

ကျောက်ရဲမြို့မှာ ရေနံချောင်းမြို့၏ အထက် ၇ မိုင်ခန့် အကွာတွင် တည်ရှိ၍ မြန်မာမင်းလက်ထက်က ရေနံထွက် ၏။ အင်္ဂလိပ်လက်ထက်တွင် သဘောဆိပ်မြို့ ဖြစ်လေ၏။ ထို့ပြင် မြို့ရွာနိုင်ငံ ဖြစ်အောင် ပြုစုသည့် အလာကိုလည်း မစသိမ်းပိုက်" ဟူ၍ ဖော်ပြထားပေရာ မိမိ နိုင်ငံတော်သူ နိုင်ငံသားများ၏ ပေါ် မည်မျှ သက်ညှာတရား ရှိထားပုံ တို့ကို ကွက်ကွက်ကွင်းကွင်း ထင်းလင်းစေခဲ့ပေသည်။

မူလ္လာအိဗမန်အင်မှာ မင်းတရားကြီးနှင့်တကွ မိဖုရား ခေါင်ကြီးတို့က များစွာမှပင် သဒ္ဓါယုံကြည်တော်မူသဖြင့် ရွှေနန်းတော်တွင်းသို့ အချိန်ကာလမရွေး ဝင်နိုင်ထွက်နိုင်ခွင့် ကို ပေးသနားတော်မူသည့်ပြင် "မင်းလှုစည်သူ" ဘွဲ့ကို

လည်းကောင်း၊ ရွှေထီးနှစ်လက်၊ ရွှေနဖူးစည်း၊ ရွှေစလွယ်နှင့် ဓေါမျှားကို လည်းကောင်း၊ သနားတော်မူပြန်သည်။

ထို့ပြင် ဝန်တို၏ အစီးအနင်းတို့နှင့်သာက ရွှေနန်းတော်သို့ ဝင်ရောက်ခစားရာဝယ် ဘေးမှ အခြွေအရံ လေးဦးတို့ လိုက်ပါရကြောင်းနှင့် မှတ်သားရသည်။ နောင်သောအခါ နန်းမြို့ တော်သို့ ဆင်းစီး၍ ဝင်ခွင့်ရလေ၏။ ဤကား မူလ္လာ အီစမန်အင်သည် မိမိ အရှင်သခင်၏ သစ္စာတော်ကို စောင့်သိ ရှိသေသော မြန်မာမှတ်စလင် တစ်ဦး ဖြစ်သောကြောင့် မင်းတရားကြီးက ရာထူးအဆင့်ဆင့် တိုးမြှင့်ပေးသနားတော်မူခြင်း ဖြစ်လေ၏။

သက္ကရာဇ် ၁၂၃၅ ခု၊ မင်းတုန်းမင်း တရားကြီး လက်ထက် အီရန်ပြည် ( Iran ) မှ အီရန်ကောင်စစ်ဝန်များ ရောက်ရှိလာရာ မူလ္လာအီစမန်အင်သည် ထိုသံတို့အား မိမိအိမ်၌ တည်းခိုစေပြီးလျှင် မင်းတရားကြီးထံတော်သို့ အခစားဝင်စေသည်။ အီရန်ပြည်မှ ကောင်စစ်ဝန်များ ရွှေတော်တွင် ခစားသောအခါ မင်းတုန်းမင်းတရားကြီးက "မောင်မင်းတို့ တိုင်းပြည်နှင့် မက္ကာမြို့ နီးသလား" ဟု မေးတော်မူလေ၏။

မူလ္လာအီစမန်အင်မှာ အာရ်ဗီ (အာရေဗီယစာစကား) ပါရ်စီ(ပါရှင်းဘာသာစာစကား) အူရ်ဒူ (အိန္ဒိယစာစကား) အင်္ဂလိပ်စာများနှင့် မြန်မာမှု၊ မြန်မာစာပေတို့ကို ကျွမ်းကျင်ဟတ်မြောက်ခြင်းကြောင့် အီရန်တို့ သံတော်ဦး စာင်ချက်များကို မြန်မာစကားဖြင့်ဘာသာပြန်၍ သံတော်ဦးတင်လေ၏။

မူလ္လာအီစမန်အင်မှာ မိမိဘာသာတရားကိုလည်း လေးစားသူတစ်ဦး ဖြစ်ခြင်းကြောင့် မော်လမြိုင်မြို့၌ ဗလီကြီး တစ်လုံးနှင့် သင်္ချိုင်းမြေ တစ်ခု၊ (မွတ်စလင် သက္ကရာဇ် ၁၃၀၈-ခု) မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် ယခု မန္တလေးမြို့၌ ထင်ပေါ်ကျော်ကြားလူသိများလျက် ရှိပေသော စူလ္လတီဗလီကြီးကို ၎င်းတစ်ဦးတည်း ငွေဖြင့် ဆောက်လုပ် လှူဒါန်းခဲ့လေ၏။ ၎င်းဗလီမြေနေရာသည် ဩဘာရုံ ယီဖွင့်ခဲ့သော နေရာဖြစ်ပါသည်။ ၎င်းမြေနေရာကိုဝယ်၍ ဗလီဆောက်ပါသည်။ ထိုဗလီ၌ သုံးစွဲရန် စရိတ်စကများကိုလည်း မည်သူ တစ်ဦးတစ်ယောက်ထံမှ လက်ဖြန့်တောင်းခံခြင်း အလျဉ်းမရှိစေရအောင် ၂၆-ဘီ လမ်း၊ ကားတစ်ဆေးဆိုင်နှင့် မျက်နှာချင်းဆိုင်၊ စစ်မဖြစ်မီက နေရှင်နယ် ဆေးတိုက်နေရာနှင့် ၎င်းနေရာ၏ အနောက်ဘက်ကပ်လျက် ယခု မြို့မကုန်စုံဆိုင် အဆောက်အအုံမြေနေရာကိုပါ စူလ္လတီဗလီပိုင်အဖြစ် လှူဒါန်းခဲ့လေ၏။ ထို့ကြောင့် မူလ္လာအီစမန်အင်သည် စူလ္လတီဗလီကြီး၏ တစ်ဦးတည်းသော ဗလီတကာ ဖြစ်ပါသည်။

ထို့ပြင် သက္ကရာဇ် ၁၂၄၅-ခုနှစ်တွင် အတွင်းဝန် မြို့သစ်စား 'မင်းကြီးမဟာဇေယသင်္ကြံ' အမည်ရှိသော အဖွဲ့တစ်ဖွဲ့သည် ဥရောပတိုက်သို့ စက်မှုလက်မှု လုပ်ငန်းများကို လေ့လာရန် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရင်းနှီးချစ်ကြည်၍ ငြိမ်းချမ်းရေးရရှိရန် သွားရောက်ခဲ့လေသည်။ အတွင်းဝန် မြို့သစ်မြို့စား မင်းကြီးမဟာဇေယ သင်္ကြံ ရွှေမြို့တော်သို့ ပြန်လည် ရောက်ရှိ၍ အနောက်နိုင်ငံများတွင် မည်ရွေ့မည်မျှ တိုးတက်နေကြောင်း

များကို သိတော်ဦးတင်ရာ၊ ထိုစက်မှုလက်မှု အတတ်များကို လေ့လာရန် မူလ္လာအာ ဓိစမန်အင်၏ သားအကြီးဆုံး လက်ဖက်ရည်တော်ရာထူး၌ ထမ်းဆောင်နေသော ဘိလပ် မောင်မောင် အား နိုင်ငံခြားသို့ ပညာတော်သင်အဖြစ် စေလွှတ်ခဲ့ပေသည်။ ယနေ့ လူတိုင်းပါးစပ်၌ ရေပန်းစားလျက်ရှိသော 'ပညာတော် သင်'မှာ ထိုအချိန်နှင့် အထက် အိမ်ရှေ့ ကနေ့ောင်မင်းလက်ထက် ကပင် ရှိခဲ့လေသည်။

ထို့ပြင် မူလ္လာအာ ဓိစမန်အင်မှာ ရေနံချောင်းတွင် ရေနံတွင်း တစ်ရာကျော်ခန့် ပိုင်ဆိုင်ခဲ့သည့်ပြင် ကျောက်ဆည်ခရိုင်တွင် တစ်နှစ် နှစ်သီးစား လယ်ကေပေါင်း ငါးရာကိုလည်း ပိုင်လေ ၏။ ယခု ရောဝတီရုံး လုပ်ထားသော နေရာကို လည်းကောင်း၊ စျေးချိုတော် မြောက်ဘက် တိုက်တန်းကြီးနေရာကို လည်း ကောင်း မူလ္လာအာ ဓိစမန်အင်အား ဘုရင်မင်းမြတ်က အပိုင်စား ပေးသနားတော်မူလေ၏။ သက္ကရာဇ် ၁၂၄၇–ခု၊ တန်ဆောင် မုန်းလဆုတ် ဂ–ရက်နေ့တွင် နယ်ချဲ့အစိုးရတို့သည် မြန်မာဘုရင် မိဖုရားနှင့်တကွ တစ်နိုင်ငံလုံးကိုပါ သိမ်းပိုက်လေတော့သည်။ ထိုအခါ မူလ္လာအာ ဓိစမန်အင်မှာ မိမိ၏အရှင်သခင် ပါတော်မူ သွားသည့်အတွက် ငမ်းနည်းပူဆွေး ဗျာပါဒထွေးလျက်ငိုကြွေး လေ၏။

ဤကဲ့သို့ သီပေါမင်း ပါတော်မူလေသော် ပြည်တွင်း၌ ပါးအစည်းပြေသကဲ့သို့ အစိတ်စိတ်မွှာမွှာ ကွဲပြား၍ မင်းမဲ့ တိုင်းပြည်တို့တွင် တွေ့လေ့တွေ့ထ ရှိသည့်အတိုင်း မညီမညွတ် ပရမ်းမတာ ဖြစ်ရတော့သည်။ ထို့ကြောင့် နိုင်ငံတော်တွင်း၌

သူခိုးဓားပြ လက်နက်ကိုင် လူဆိုးသူဆိုးတို့ ထကြွသောင်းကျန်း ကြသဖြင့် မူလ္လာအာဇိမန်အင်မှာ မန်ကျည်းပင်ဇရပ်ရှိ ယခု ၂၆ လမ်း၊ ကာတစ်တိုက်ဆစ်ဝိုက် သူဌေးသူကြွယ်ဆင်းရဲသား များကိုပါ ၎င်း၏ဝင်းအတွင်းသို့ ခေါ်ယူပြီး သကာလ၊ ၎င်း၏ ဆွေမျိုးညာတိများနှင့် ၎င်းကိုယ်တိုင် သစ္စာရှိစွာဖြင့်မင်းတရား ကြီး ပေးအပ်ထားခဲ့သော လက်နက်များနှင့် ထိုလူတို့၏အသက် အိုးအိမ် စည်းစိမ်တို့ကို ရင်ကို မြေကတုတ်လုပ်ကာ ကာကွယ် ပေးခဲ့လေ၏။ ထို့နောက် အင်္ဂလိပ် အစိုးရမင်းတို့ အုပ်ချုပ် မင်းလုပ်သောအခါ အမှုတော်ကို ဆက်လက် ထမ်းဆောင်ရန် အဖန်ဖန် ပြောဆိုသော်လည်း၊ မိမိအရှင်သခင်၏ သစ္စာတော် ကို ဖောက်ဖျက်လေ့ မရှိသော မြန်မာမွတ်စလင်ဖာစ်ဦး ပီသစွာ အမှုတော်ကို မထမ်းဆောင်ခဲ့ပေ။ ဤကဲ့သို့ မင်းတုန်းမင်း တရားကြီးနှင့် သီးပေါမင်းတရားတို့က ရာထူးဌာနန္တရ အမျိုးမျိုးနှင့် သူကောင်း ပြုတော်မူခြင်းများကို ခံခဲ့ရသော မူလ္လာအာဇိမန်၏ သမိုင်းခြေရင်း ကျောက်စာ ကမ္ပည်းတွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

"မူလ္လာအာဇိဘာရာဟင်၏ သား မူလ္လာအာဇိမန်အင်သည် အဖရှိစဉ်ကပင် မင်းတရားကြီး (မင်းတုန်းမင်းတရားကြီး) လက်ထက်တော်၌ သူဌေးဘွဲ့ အမိးသနင်း အဆောင်အရွက် 'မဟာဘောဂမနဆာဇာ' ဘွဲ့နှင့်တကွ သူကောင်း ပြုတော် မူသည်၊ နောက်သား မန်အောင် ရတနာ စေတီတော် ဒါယကာ သီပေါဘုရင် လက်ထက်တော်တွင် အခွန်ဝန်၊ အကောက်ဝန်၊ လောကဗိမာန် လျှော်တော်အုပ်၊ ကျောက်ရဲ

မြို့စား-မင်းလှစည်သူ ဘွဲ့အမည်အရည်နှင့် သူကောင်းပြု တော်မူသည်၊ နောက်မြန်မာနိုင်ငံကို အရှင် အင်္ဂလိပ်အစိုးရ မင်းတို့ သိမ်းပိုက်အုပ်စိုးဘော်မူရာ၊ လူကြီးလူကောင်း မှန် သည့်အတိုင်း ခံဘဟာဒူးဟူသော ဘွဲ့ကို ပေးသနားတော်မူ၍၊ မင်း သုံးဆက်တိုင် ရာထူး ဌာနန္တရ အချီးမျိုးတို့ကို သူ ကောင်းပြုခြင်းများကို ခံစံရသော မူလ္လာအာဗ်စမန်အင်သည် သက္ကရာဇ် ၁၂၀၃—ခု၊ ဒုတိယ ဝါဆိုလဆန်း ၁၁ ရက်၊ တနင်္ဂနွေဖွား အသက် ၆၆-နှစ်၊ သက္ကရာဇ် ၁၂၆၇—ခု၊ နတ်တော်လဆန်း ၂-ရက်၊ တနင်္လာနေ့ နံနက်ငါးနာရီ အချိန်တွင် ကသွာအေလာဟီ ရှိသည့်အတိုင်း အရှင်မြတ် အမိန့်တော်ကို ခံရလေသည်”။

၎င်း ကျောက်စာကို ဝန်မင်း မူလ္လာအာဗ်စမန်အင် တစ်ဦး တည်း ဆောက်လုပ် လှူဒါန်းခဲ့သော စူလ္လတီ ဗလီဝင်းအတွင်း၌ ယခုထက်တိုင် တွေ့ရှိနိုင်ပေသည်။ အထက်ပါအကြောင်းအချို့ တို့ကို ဝန်မင်း မူလ္လာအဗ်စမန်အင်၏ သား မူလ္လာကာစင် ခေါ် ဦးမောင်မောင်၏ ပြောပြချက်အရ ရေးသား ဖော်ပြလိုက်ရ ပါသည်။ မူလ္လာ၏ အဓိပ္ပါယ်မှာ သာသနာ့ရှေ့ဆောင် ဆရာဟု ရပါသည်။

### (၄၇) သီပေါမင်းနှင့် မိဖုရား ရှေ့တော်တွင် စစ်ကြီး ခင်းကျင်းပြသရာ မြန်မာ့ပွတ်စလင် အမှုထမ်း စစ်တပ်များ ပါဝင်ခြင်း အကြောင်း

သက္ကရာဇ် ၁၂၄၁—ခု၊ သီတင်းကျွတ်လ ကုန်းကြောင်း၊ ရေကြောင်း စစ်သည် အမှုထမ်းတို့အနက် ရွှေစက်တော်မြတ်

အောက်တွင်လစဉ် လစာငွေ ပေးသနားတော်မြတ် ခံစေ၍ အိမ်ထောင်စုံတက်နေထမ်းရွက်ရှိသည့် အမြဲတမ်း ရဲမက်တော် လူ ၂၄၀၀၀ ကျော်မှာ အထက်ချုပ်ပြီး စစ်ဝတ် တန်ဆာ များကို ဝတ်ဆင်စေ၍ ရှေ့တော်သို တပ်စဉ်အတိုင်း စီ၍ ခင်းကျင်းသွင်းပြစေအမိန့်တော်မြတ်အရ တပ်ကြီး ခင်းကျင်း သွင်း ပြရာ တပ်ပေါင်းစုံ များစွာတို့တွင် မြန်မာ မှတ်စလင် တပ်တို့ကား ရွေးလက် သေနတ်ပိုလ် "မင်းထင်သိဒ္ဓိရာဇာ" (ငယ်မည် ဦးခေါင် နှင့် ရွေးလက်ယာ အစု သေနတ်စွဲ သူရဲ ၃၃၉ တစ်တပ်၊ ကင်းတားသေနတ်ပိုလ် မင်းလှမင်းထင် ကျော်သူ (ငယ်မည်ဦးစံလှ နှင့် ကင်းတားအစု သေနတ်စွဲသူရဲ ၃၇၅ တစ်တပ်။ ဇကြာအမြောက် ပိုလ်ဟာရှင်နှင့် အမြောက် အမှုထမ်းလူ ၁၁၃ တစ်တပ်၊ မင်္ဂလာ အမြောက် ပိုလ် ကျေယ်နှင့် အမှုထမ်းလူ ၁၁၃ တစ်တပ်၊ မင်္ဂလာအာ မြောက် ဆူးလေကုန်း ပိုလ်မောင်နှင့် အမှုထမ်းလူ ၁၁၃ တစ်တပ်၊ မင်္ဂလာအမြောက်ဘုံးအိုး ပိုလ်ရှေ့က်နှင့် အမှုထမ်း လူ ၂၂၃ တစ်တပ်၊ ပိုလ်မှူး ပိုလ်ချုပ် စစ်ကဲတို့မှာ အသနား တော်မြတ်ခံရသည့် မျဉ်းမောက်တို့ကိုဆင်ယင်၍ ဆင်စီးလျက် ကျန်အရာရှိတို့မှာ စစ်ဝတ် သက္ကလပ်အင်္ကျီ ဝတ်ဆင်၍ မြင်း စီးလျက် အသီးသီး ကြီးကြပ် အုပ်ကွပ်စေပြီးလျှင် စစ်သည် ရဲမက်တော်တို့မှာ စစ်ဝတ်သက္ကလပ်အင်္ကျီ၊ ဘောင်းဘီးမောက် တို့ ဆင်ယင်လျက် ရင်ပေါင်တန်း လေးယောက်စီ တညီ တညွတ်တည်း စီစဉ်၍ အောင်စည်အောင်မောင်းတို့ဖြင့် အသံ မစဲ ရဲတံခွန် အောင်လံစိုက်ကျင်းပစေ၍ရွှေနန်းတော်ကြီးတောင်

နန်းတော်သို့ အရှင်ဘဝရှင်မင်း တရားကြီးဘုရား အရှင်နန်းမတော် မိဖုရားခေါင်ကြီးနှင့်တကွ ထွက်စံတော်မူရာ ရှေ့တော်သို့တပ်စဉ်အတိုင်းသွင်းပြုပြီးလျှင် ရွှေနန်းတော်ကြီးအနောက်တံခါးကလျှောက်၍ ရွှေမြို့တော်ကြီးအနောက်မျက်နှာ စည်ရှည်တံခါးတော်က ထွက်ပြီးလျှင် ရွှေမြို့တော်ကြီး လေးမျက်နှာကျုံးထိပ် လမ်းမတော်အတိုင်း လှည့်လည်၍ စည်ရှည်တံခါးတော်က တစ်ဖန်ဝင်စေပြီးမှ တပ်မတော်များကို ရုပ်သိမ်းရသည်။

ထိုအခါရွှေမြို့တော်ကြီး ပတ်လည်နှင့်ခရီးတာသုံးထောင်ခန့်ကို တပ်ဦးတော် လှည့်လည်၍ စည်ရှည်တံခါးတော်သို့ ဝင်ရောက်စဉ် မြို့တွင်းက ထွက်လာသေဝ နောက်ဆုံးတပ်နှင့် ဆက်မိလေ၏။

စုစုတပ်ပေါင်းငါးဆယ့်ခုနစ်တပ်၊ စစ်သည်သူရဲပေါင်း နှစ်သောင်းလေးထောင့်ခြောက်ရာ ကိုးဆယ့်ခြောက်ယောက် ရှိပါသည်။ (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲအုပ် စာမျက်နှာ ၅၁ မှ ၅၂၃ ထိ ရှုပါ။) ဤအရေအတွက်မှာ ကိုးနဝင်းကိုက်ဖြစ်သည်။ ဤစာအုပ် အကြောင်းအရာ နံပါတ် ၉ တွင် ပါသည့်အတိုင်း မန္တလေးမြို့တော်ကြီး တည်ခဲ့သော အခါကလည်း ကိုးနဝင်းနှင့်ပင် ဖြစ်၍ ပြကွက်ပေါင်း တစ်ရာ့လေးဆယ့်လေးကွက်ဖြစ်သည် မြင် နန်းမြို့တော်ရာ ပြကွက် သုံးဆယ့်ခြောက်ကွက်ကို နုတ်၍ ကျန်ပြကွက်ပေါင်း တစ်ရာ့ရှစ်ကွက်မှာ မင်း၊ မိဖုရား၊ အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မှူးတော်၊ မတ်တော်

သူဌေး သူကြွယ်၊ အမှုထမ်း ဆင်းရဲသား ကျွန်တော်မျိုးတို့ နေထိုင်ရန် ဖြစ်သည်။

မန္တလေးမြို့တော်ကြီးကို ကိုးနဝင်းနှင့် တည်ပုံမှာ အကွက် ပေါင်း ၁၄၄ ပေါင်းလျှင် ၉ ရ၏။ နန်းမြို့တော်ရာ ပြကွက် ပေါင်း ၃၆ ပေါင်းလျှင် ၉ [illegible]။ ကျွန် ၁၀၈ ကွက်ကို ပေါင်းလျှင် ၉ ရ၏။

ထိုနည်းအတူ ရွှေနန်းတော်တွင် စင်ကြီး ခင်းကျင်း ပြသရာ စစ်သည် တပ်သားပေါင်း ၂၄၉၉၆ ကို ပေါင်းလိုက်လျှင် လည်း ၉ ရ၏။ သို့အတွက် အချို့တပ်များ မပါ။ ပါရှိသည့် စစ်သည်တပ်သား အကုန်မဟုတ်ပါ။

ရွှေလက်ယာ သေနတ်ပိုလ် "မင်းဘင်သိင်္ခရာဇာ" (အမည် ဦးခေါင်) ရွှေလက်ယာ အစု သေနတ်စွဲ သူရဲသုံးရာရှစ်ဆယ့် ကိုး တစ်တပ် ပါရှိလေ၏။ ကျွန်တော်နှင့် ဗိုလ်ဘသာ ရွှေဘိုခရိုင် ထန်းတပင် ဘုရားကြီးရွာရှိ ရွှေလက်ယာတပ်မှ စစ်ဗိုလ်ကြီးများ နှင့် စစ်သားကြီးများထံ သွားတွေ့၍ ကျွန်တော်တို့ မသိသည် များကို မေးမြန်း စုံစမ်းပြီး ဓာတ်ပုံရိုက်သောအခါ လက်ယာ နံချွန်တော် အမှတ်မှာ လက်ယာနံချွန်တွင် ခြင်္သေ့ရုပ် ရွှေလက် ယာဟု စာလုံးဆာရှိနှင့် ဆေးထိုးသည်ကို တွေ့ရ၏။ လက်ယာ လက်ဖျံမိုးတွင်လည်း ထိုးထားပါသည်။ ၎င်း ခြင်္သေ့စာရုံကို "ဗိုလ်ဦးအေး" ကိုယ်မှ ဓာတ်ပုံရိုက်ယူခဲ့ကြ၏။ ၎င်းဓာတ်ပုံမှာ ဗိုလ်ဘသာထံ ပါသွားလေ၏။

သက္ကရာဇ် ၁၂၂၀ ခု၊ မြင်ကွန်းစားနှင့် မြင်းခုံတိုင် စား တို့သည် ဘဒွေးတော် အိမ်ရှေ့ ကနောင်မင်းကို လုပ်ကြံပြီး

အောက်မြစ်စဉ်သို့ စုန်သွားရာ တောင်ဘက် ကိုးခရိုင် စီရင်စုမြို့ ကျေးရွာနေ လူတို့ကိုခွခန့်စည်းကြပ်ရန် မင်းတုန်းမင်းတရားကြီး က ရွှေးလက်ယာ သေနတ်တပ်ကို အမိန့်တော်နှင့် လွှတ်လေ၏။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာ မျက်နှာ ၃၃၂ တွင် အောက်ပါအတိုင်း ပါလေ၏။

''ရွှေးလက်ယာ သေနတ်ဗိုလ်ကို တောင်ဘက် ကိုးခရိုင်အုပ်ခန့်တော်မူပြီးလျှင် တောင်ဘက် ကိုးခရိုင် စီရင်စုမြို့ ကျေးရွာနေ လူတို့ကိုခွခန့်စည်းကြပ်ရမည့်အမိန့်တော်နှင့်ထွက်သွားကြရ၏''

ထို့ပြင် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတတိယ အုပ်မှာ စာမျက်နှာ ၅၆၂ တွင် အရှေ့မှ မငြိမ်သက်သည့် အတွက် တပ်မကောင်းများ ချီတက် တိုက်ခိုက်စေခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပါရှိလေ၏။

''ရွှေးလက်ယာ သေနတ်ဗိုလ် မင်းခေါင်သူရိန်နှင့်အမှုထမ်း ငါးရာ'' ပါရှိလေ၏။ ထို့ပြင် စာမျက်နှာ ၅၁၈ တွင် တစ်ဖန် ရွှေးလက်ယာ အကြောင်းတို့ကို တွေ့ရပါသည်။ ထို့နောက် စာမျက်နှာ ၆၅၂ တွင်လည်း တွေ့မြင်ဖတ်ရှုရပါသည်။ ထို့နောက် စာမျက်နှာ ၇၁၃ ၌၊ သက္ကရာဇ် ၁၂၄၇ ခုတွင် အင်္ဂလိပ်နှင့်တိုက်ရန် ရွှေးလက်ယာ အမှုထမ်း လူ ၃၉၅ အင်းဝမြို့မှအသင့်စောင့်နေရ၏။ ရွှေးလက်ယာမှစစ်ဟိန်းသံကို ဘူးကြီးရွာမှ ရေးကူးလာရာ ဗိုလ်ဘာသာထံတွင် ပါသွားလေ ၏။



မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါမင်းလက်ထ
ရွေးလက်ျာတပ်မှ
ဗိုလ်မင်း ဦးပြောင်း
အသက်(၈၅)နှစ်
(သက္ကရာဇ် ၁၃၀၀–ပြည့်နှစ်၊ ရွှေဘိုခရိုင် ဘူးကြီးရွာတွင်
ရိုက်ကူးပါသည်)

ကင်းတားသေနတ်ပိုလိ "မင်းလှမင်းထင်ကျော်သူ" ကင်းတား အစုသေနတ်စွဲ သူရဲ ၃၃၅ တို့သည် ရွှေတော်တွင် စစ်ကြီးခင်းပြသောအခါ၊ စစ်ထွက်သွားခါနီးနှင့် ရန်သူနှင့် တွေ့သောအခါ အောက်ပါစစ်ဟိန်းများတို့ကို ဆိုကြရ၏။ ဤသို့ ဆိုခြင်းအားဖြင့် ဇာတိသွေး ဇာတိမာန် မနေနိုင်မကွာ ထကြွလာပေတော့၏။

(၁) ကင်းတားကုလားပျိုမကျော်လားဟော — အမော်ထားတဲ့ လူဂုဏ်ခေပ-မယုံလျှင်သေရော့ သုခြေမြလက်တီး-ပြောလိုက်ကွဲအပြီး။

(၂) ကျွဲပါးစောင်းတီး တို့နားငြီး နီးရင်ဖရောင်း၊ ဝေးသံချောင်း၊ အရေးကောင်းမှ ဝိန်းဒေါင်းလာ- မရေမရာ သုတ်ပျာဖွဲ့လို၊ ဆွဲခလောက်လေးလုံးခြူ၊ မောင်းကိုတူလို မြည်နိုင်ရိုးလား၊ ဟောသေနတ်တစ်လက် လျှပ်တပြက်၊ တို့ အသည်းက စိန့်ရွဲထောင်၊ လေးကျွန်းရန်အောင်စိုးတဲ့အစို့။

(၃) တုလို့တောင်ယောင်မစမ်းနဲ့ ကိုယ်ကြမ်း စိတ်ကြမ်း၊ မှုထမ်းတော်၊ ငါဟဲ့....ကြိမ်းက တစ်သိန်းပေါ် ဂလိန်းဂလော် အော်ခါပြေးရ၊ ကင်းတားကုလားပျို နှစ်ကိုယ်သွေး အရေးရှိတိုင်းပေါ်။

(၄) တုလို့ထောင် ခေါင်းကိုဖြတ်ချ၊ အောင်ရာရွှေးလို့ တို့ထစ်ဘော့။ ရွှေဗျာဒိတ်ရ ဘုန်းရိပ်ခို၊ ဇမ္ဗူရန်ပျိုငါတကား ဟဲ့၊ ယောကျ်ားပီသွ့ ဤမြေပြင်၊ ဗျူဟာသေနင် အခေါင်ချုပ် လို၊ အခါပေါ် ရန်ခလုပ် ချိုးနှုတ်တော့မည်။

(၅) ရွှေခြသေ့မှူမှတ်ဆေးတော်၊ မြေပေါ် ရေပေါ် တော်ဇော်လွှတ်၊ ပွဲတိုင်းကျွတ်ဘဲ့ ဂုဏ်တံခွန်၊ ဘဝဂ်မိုးစွန် ဆွတ်ချည့်မဆိုင်း။

(၆) အောင်လံကိုချိန်၊ တာဝတိံသာဘုံဖျားက နှံ့ဘနိုင်ရဲ့ လား။

(၇) ရန်သူပုန်မျိုး၊ ဖြုံမစိုးဇက်ကို ကိုင်ချိုး၊ ဓားနှင့် မိုးထိုးချည့်၊ ဖြတ်ချည့်၊ သတ်ချည့်၊ နော်၊ ရဲခေါင်၊ ရဲကျော်၊ ရဲဖွဲ့မှုထမ်း။

(၈) ရာနန်းပိုင်ကျွန် မှုထမ်းတွင် လူလွန်မို့၊ ထူတံခွန် နေလိုထွန်း၊ လေးကျွန်းတိဘွား။

အထက်ပါ စစ်ဟိုန်းသံကို ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၊ မော်တော်ရွာ ကင်းတားကုလားပျို တပ်မှစစ်သားဟောင်းကြီး အမည် "ဦးပေါ်" အဘအမည် "ဦးမိဝ" ဘုရင်နှင့် မိဖုရား ရွှေတော်နှင့် စစ်ထွက်ကာနီးတွင် ဆိုခဲ့ရကြောင်း ပြောပြပြီး ကျွန်တော့်ကို ဆိုပြ၏။ ၎င်းဦးပေါ်နှင့် ကျွန်တော် ၂၀၊ ၆၊ ၃၉ နေ့က မော်တော်ရွာ ဗလီထဲ တွေ့ပါသည်။ 'ဦးပေါ်' သည် ဗလီတံခါးကြားမှ ဝါးရင်းတုတ် တစ်ချောင်းကို သေနတ်ကဲ့သို့ကိုင်၍ အထက်ပါအတိုင်း "စစ်ဟိုန်းသံ" ဆိုပြီး စင်တိုက်ညှော် ဟန်နှင့် စစ်ရေးပြရာ အလွန် ကြည့်ကောင်း လှသည်။ ရှင်ရှင်ပင်ရိုက်ထားရန် ကောင်းပါသည်။ ၎င်း ဦးပေါ်၏ လက်ယာဘက် လက်ဖျံမိုးတွင် ခြင်္သေ့ရုပ် "ကင်း တားကုလားပျို" ဟူသော စာရိန်နှင့် ထိုးထားသည်ကို တွေ့မြင် ရပါသည်။

အမရပူရမြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့လာပြီး၊ မင်းတုန်းမင်းတရားကြီး လက်ထက်အောင်အခါမှစ၍ သားတော် သီပေါမင်း တရား လက်ထက် အခါတိုင် ယခုအခါ မင်္ဂလာ တံခါးခေါ် ကျော်မိုးတံခါး တောင်ဘက်လျှောက် လမ်းအရှေ့ဘက်တွင် "ကင်းတား" တပ်သားများကို နေရာချပေးထား၏။ လမ်းအနောက်ဘက်တွင် "ကုလားပျို" တပ်သားများကိုနေရာချထားပေး၏။ ၎င်းတပ်ကို "ကင်းတားကုလားပျို" တပ်ဟုခေါ်၏။

သက္ကရာဇ် ၁၀၇၁-ခု၊ အင်းဝမြို့တော်စံနေမင်းလက်ထက်က စ၍ "ကင်းတားကုလားပျို" တပ်ကို ဖွဲ့စည်းထားခဲ့၏။ အထက်ပါ ရွှေလက်ယာတပ်မှ စစ်ဗိုလ်နှင့် စစ်သားတို့၏ အဆက်အနွယ်များ၊ ကင်းတားတပ်မှ စစ်ဗိုလ်နှင့် စစ်သားတို့၏ အဆက်အနွယ်များနှင့် ဆွေမျိုးတို့သည် ရွှေဘိုခရိုင်အတွင်း မြန်မာ မွတ်စလင်ရွာပေါင်း ၄၀ ကျော်တို့၌ နေထိုင်ကြပါသည်။ ထို့ပြင် ကုလားပျိုတပ်မှ စစ်ဗိုလ်နှင့် စစ်သားတို့၏ အဆက်အနွယ်များ ဆွေမျိုးများတို့သည်လည်း ရမည်းသင်း ခရိုင်တွင် ယင်းတော်ရွာမှစ၍ ရွာပေါင်းများစွာတွင် နေထိုင်လျက် ရှိကြပါသည်။

အင်္ဂလိပ်မင်း လက်ထက်သို့ ရောက်သောအခါ ယခုနေကြသော ကုလားပျိုရပ် နေရာသို့ ပြောင်းရွှေ့ နေထိုင်စေ၏။ ကင်းတားတပ်သားများမှာ ရွှေဘိုမြို့မြောက်မြေထူးမြို့မှ အမှုထမ်းများ ဖြစ်ကြပါသည်။ ကုလားပျို တပ်သားများမှာရမည်း

သင်း ယင်းတော်မှ တပ်သားများ ဖြစ်ကြပါသည်။ ကင်းတား နှင့် ကုလားပျိုတို့သည် ဆွေမျိုးအရင်းများ ဖြစ်ကြပါသည်။

ဘုရင်မင်းမြတ်တို့က "ကင်းတားကုလားပျို" တပ်သား များကို စစ်တိုက်ကောင်းသည့်အတွက် အရေးရှိက ရင်မြေ ကတုတ်လုပ်ပြီး ရန်သူများကို နှိမ်နင်းကြသောကြောင့် နန်း တော်အနီး တံခါးပေါက်တွင် နေရာချပေးထားလေ၏။

ထို့ပြင်အရှေ့ကမင်္ဂြိမ်မသက်သည့်အတွက်တပ်တော်အများ လွှတ်ရာတွင် ကင်းတား"ဗိုလ် မင်းလှမင်းထင်ကျော်သူ- ဦးစံလှ" သေနတ်ထိခိုက် သေဆုံးကြောင်း ကြေးနန်း ရောက် သည်ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာမျက် နှာ ၆၁၄ တွင် ပါရှိလေ၏။

ထို့နောက် ဗန်းမော်မှ မငြိမ်မသက်သဖြင့် ကင်းတားဗိုလ် "မင်းရဲကျော်ခေါင်" ကင်းတားအမှုထမ်း လူ လေးရာ တစ်တပ် သွားရောက် နှိမ်နင်းတိုက်ခိုက်ရကြောင်း ကုန်းဘောင် ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၆၅၀ တွင် ပါရှိလေ၏။

ထို့နောက် သက္ကရာဇ် ၁ ၄၇ ခုနှစ်၌ အင်္ဂလိပ်နှင့် တိုက် ခိုက်ရန် ကင်းတားဗိုလ်နှင့် တပ်သားများကို ဗိုလ်ချုပ် ဦးချို (မြန်မာမှတ်စလင်) တပ်နှင့်အတူ တောင်တွင်းကြီးသို့ စစ်ချီ ထွက်ရ၏။

(၎င်းကင်းတားတပ်တွင် မှော်တော်ရွာမှ ဦးပေါ်ပါလေ ၏။) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တ တိယအုပ်

စာမျက်နှာ ၇၀၉ တွင် ကင်းတားဗိုလ်မင်းလှမင်းထင်ကျော်သူ နှင့် ကင်းတားမျိုး အမှုထမ်း လူ ၃၁၅ ဟု ပါရှိလေ၏။

ထိုသို့ ဘုရင်မင်းမြတ်နှင့် မိဖုရား ရွှေတော်တွင် စစ်ကြီး ခင်းပြသောအခါ မြန်မာမှတ်စလင် အမြောက်တပ်လေးတပ် ပါရှိလေ၏။ ၎င်းတပ်များမှာ (၁) စကြာ အမြောက်ဗိုလ် ဗိုလ်မင်း ဦးဟာရှင်တပ်။ ( ) မင်္ဂလာ အမြောက်ဗိုလ်- ဗိုလ်မင်း ဦးကျယ်တပ်၊ (၃) မင်္ဂလာအမြောက် ဆူးလေ ကုန်းဗိုလ်—ဗိုလ်မင်း ဦးမောင်တပ်၊ (၄) မင်္ဂလာအမြောက် ဘုံးအိုးဗိုလ်—ဗိုလ်မင်း ဦးရောက်တပ် ဟူ၍ အမြောက်တပ် လေးတပ် ဖြစ်၏။ ၎င်းအမြောက်တပ် လေးတပ်မှ အမြောက် တပ်သား အချို့သည် သက္ကရာဇ် ၁၂၄၇ ခု၊ မင်းလှ ခံတပ် တွင် အင်္ဂလိပ်တို့နှင့် ဆိုင်ပြိုင် တိုက်ခိုက်ရ၏။ မင်းလှခံတပ် သည် နယ်ခြားကျောက်တိုင် ခံတပ်ဖြစ်၍ တပ်ပေါင်းစုံ စုပြီး အင်္ဂလိပ်ကို တိုက်ခိုက်ရ၏။ ကျန် တပ်ပေါင်းစုံတပ်များမှာ တောင်ငူခြောင်း၊ တောင်တွင်းခြောင်းနှင့် ရေဝတီ မြစ် ကြောင်း ရေလမ်း အဆင့်ဆင့် မြို့များမှ တိုက်ခိုက်ရန်အသင့် စောင့်နေကြရ၏။ သို့သော် မင်းလှခံတပ်က လွဲလျှင် မတိုက် ခိုက်ရပါ။ အမြောက် လေးတပ်မှ စစ်ဗိုလ်နှင့် စစ်သားတို့၏ အဆက်နွယ်များနှင့် ဆွေမျိုးများတို့သည် မန္တလေးခရိုင် ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင်တွင်းရှိ ရွာပေါင်း မြောက်မြားစွာတွင် နေထိုင်ကြပါသည်။

၎င်းစစ်ကြီး ခင်းကျင်းပြသရာတွင် (၁) စကြာအမြောက် ဗိုလ် ဗိုလ်မင်း ဦးဟာရှင်နှင့် အမြောက်အမှုထမ်း လူ ၁၁၃

ပါရှိလေ၏။ ၎င်းဗိုလ်မင်းဦးဟာရှင်တပ်သည် ဗန်းမော်မြို့မှ ဆူပူသောင်းကျန်းသဖြင့် ကြေးအမြောက်တပ်နှင့် သွားရောက်နှိမ်နင်းရကြောင်း၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၅၆၀ နှင့် ၅၆၁ တွင် အောက်ပါအတိုင်း ပါရှိလေ၏။ "အမြောက်အမှုထမ်း လူငါးဆယ်နှင့် ကုည်ဝ လေးလက်မရှိသကြေးတင်အမြောက် ငါးလုံးပါတစ်တပ်" ဟူ၍ ဖြစ်သည်။

သီပေါမင်း ပါတော်မူပြီးသည့်နောက် ဗိုလ်မင်း ဦးဟာရှင်သည် အရှေ့အမြောက်တန်းကြီးမှ ၈၂ လမ်းသို့ ပြောင်းရွှေ့နေထိုင်လေ၏။ ၎င်းဗိုလ်မင်း ဦးဟာရှင် နေထိုင်သောနေရာကား ၂၆ ဘီလမ်းနှင့် ၈၂ လမ်း အရှေ့တောင်ထောင့်တိုက်၏ တောင်ဘက်နေရာ ဖြစ်ပါသည်။ ၎င်းနေရာတွင် ဗိုလ်မင်း ဦးဟာရှင် ကွယ်လွန် အနိစ္စ ရောက်ပါသည်။ အမြောက်တန်းတွင် ၎င်း၏ မြေးနှင့် မြစ်များ ရှိကြပါသည်။

မန္တလေးမြို့ ဥသျှစ်ကုန်းသချိုင်းတော်ဝင်းအတွင်း အလယ်တွင် ဗိုလ်မင်း ဦးဟာရှင်အား သဂြိုဟ်၍ ကမ္ပည်းကျောက်စာနှင့် အောက်ပါအတိုင်း ရေးသားထား၏။

၎င်းစာကမ္ပည်းတွင် "ဟင်ဂျရီတော် ၁၃၃၂ ခု(မွတ်စလင်သက္ကရာဇ်) ပုဂ္ဂံမင်းတရားကြီး လက်ထက်တော်မှ သီပေါမင်းမြတ် လက်ထက်တော်တိုင် မင်းသုံးဆက်မြောက် သူကောင်းတော်ပြု ခံရသော အမြောက်ဗိုလ်မင်း ဦးဟာရှင်သည် ၁၁၉၄-ခု၊ နတ်တော်လဆန်း ၇ ရက် ကြာသပတေးနေ့ ဘွား အသက် ၈၂ နှစ် ရှယ်သူ ၁၂၇၅ ခု၊ နှောင်းတန်ခူး

လဆန်း ၁၅ ရက် ကြာသပတေးနေ့တွင် ခိုဒါ အရှင်မြတ် အမိန့်တော် ကျရောက်ခံယူသည်” ဟူ၍ ဖြစ်ပါသည်။ ဗိုလ်မင်း ဦးဟာရှင်မှာ သားမရှိပါ၊ သမီးနှစ်ယောက်သာ ရှိရာ ဒေါ်မေနှင့် ဒေါ်တုတ်ဟု ခေါ်ပါသည်။

၎င်း စကြာ အမြောက်တပ်မှ ဗိုလ်မင်းဦးဟာရှင် လက်အောက်ဗိုလ်မှာ ဗိုလ်စိန် ဖြစ်ပါသည်။ မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းတရားလက်ထက် ဗိုလ်စိန်ဟူ၍ အလွန်နာမည်ကြီးသည့်ပြင် လူတိုင်းလိုလို ကြောက်ကြရ၏။ အင်္ဂလိပ်မင်း လက်ထက် မကာ ဟဂျ်သွားခဲ့သဖြင့် ဟာဂျီစိန်ဟူ၍ လူတိုင်း ရိုသေကြောက်ရွံ့ကြရ၏။ သြဇာတိက္ကမ ရှိ၏။ သူဆင်းရဲ ကျောမွဲတို့ကို စွန့်ကြဲပေးကမ်းလေ့ရှိ၏။ အရောင်းအဝယ်ကောင်း၍ စီးပွားချမ်းသာ တိုးတက်သဖြင့် အမြောက်တန်း ဗလီကြီးကို တစ်ဦးတည်း ဆောက်လုပ် လှူဒါန်းခဲ့သည့်ပြင် မိမိဘာသာအလျောက် စာသင်ကျောင်းကြီး၊ ဇရပ်များနှင့် ဗလီ အဆောက်အအုံများစွာတို့ကို ဆောက်လုပ် လှူဒါန်းခဲ့လေ၏။

ကျောင်းကြီးကို ၈၂ လမ်း အရှေ့ဘက်၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားရှိ ဝင်းကြီးကိုဝယ်၍ ကျောင်းဆောက် လှူဒါန်းခဲ့လေ၏။ ကျွန်တော် ငယ်စဉ်အခါက ၎င်းကျောင်းကြီးတွင် စာသင်ခဲ့ပါသည်။ မြန်မာမွတ်စလင် အမျိုးသားများထဲ၌ အလှူအတန်းနှင့် အရောင်းအဝယ်တွင် စံနမူနာ တင်လောက်သော အမျိုးသားတစ်ယောက် ဖြစ်လေ၏။

အင်္ဂလိပ်လက်ထက် ကျွန်တော့်ဘိုးအော် ဆရာမှတ်နှင့် ဟာဂျီစိန်တို့သည် အရောင်းအဝယ်နှင့် ပတ်သက်ပြီး အလွန် ရင်းနှီးခင်မင်ကြပါသည်။ ဟာဂျီစိန်နှင့် ဟာဂျီမ ဒေါ်မေတို့ တွင် သားသမီး တစ်ယောက်မှ မရှိပါ။ ကျွန်တော့်ဘိုးအော ဆရာမှတ်တွင် သားခုနစ်ယောက် ရှိပါသည်။ သို့အတွက် သား တစ်ယောက်ပေးပါဆိုပြီး ကျွန်တော့်အဖေကို မွေးစားပါ သည်။ ကျွန်တော့်အဖေမှာ မဖျော်သည့်အပြင် ခြောက်လ ခန့်နေပြီး ရွှေဘိုမြို့သို့ ပြန်လာ၏။ ကျွန်တော်၏ အဖေကို တူ အရင်းများထက် ပိုမိုချစ်ခင်၏။

(၂) မင်္ဂလာအမြောက်ဗိုလ်– ဗိုလ်မင်း ဦးကျယ်သည် သက္ကရာဇ် ၁၂၄၇-ခု၊ မင်းလှခံတပ်တွင် အင်္ဂလိပ်နှင့် ဆိုင်ပြိုင် တိုက်ခိုက်ရ၏။ ၎င်းတပ်မှ တပ်မှူး ဦးဘိုးကာ၊ သေသောက် ကြီး ဦးလူကလေးနှင့် ၎င်း၏ညီတို့ အင်္ဂလိပ်နှင့် ဆိုင်ပြိုင် တိုက် ခိုက်ရကြောင်း၊ ဦးဘိုးကာက ကျွန်တော့်ကို ပြောပြပါ သည်။

ကျွန်တော်နှင့် တပ်မှူးဦးဘိုးကာမှာ အလွန် ခင်မင် ရင်းနှီး ချစ်ခင်ကြပါသည်။ ပြင်ဦးလွင် ကြက် ဗလီထဲတွင် တစ်နေ့လုံးထိုင်၍ စကားပြောကြပါသည်။ မင်းလှခံတပ်တွင် အင်္ဂလိပ်နှင့် တိုက်ခိုက်ရသည့်အကြောင်း ပြောပြပြီး "စစ် ဟိန်းသံ" ကိုလည်း အောက်ပါအတိုင်း ရွတ်ဆိုပြပါသည်။ ၎င်းမှာ "ခုတ်လိုက် ပိုင်းခဲ့ ရန်သူပုန်၊ သည်းစိုတူစိုအာဥုန်စားလို့ ကုပ်ကိုဝါးတဲ့ နတ်ကုမ္ဘန် အာဠာဝကန် တို့မဟုတ်လား" ဟူ၍ ဖြစ်ပါသည်။



မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါမင်းလက်ထက်

ရွှေးလက်ျာတပ်မှ

တပ်မှူး ဦးပေါ်ရှင်

အသက်(၉၂)နှစ်

(သက္ကရာဇ် ၁၃၀၀–ပြည့်နှစ်၊ ရွှေဘိုခရိုင် ဘူးကြီးရွာတွင်

ရိုက်ကူးပါသည်)

အသက်ငယ်စဉ်အခါက တစ်ပုဒ်လုံး ရပါသည်။ ယခု အသက်ကြီးသည်က တစ်ကြောင်း၊ မဆိုသည်မှာ ကြာပြီ ဖြစ်သည်က တစ်ကြောင်းကြောင့် မေ့နေကြောင်း ပြောပြပါသည်။ ဦးဘိုးကာမှာ ပြင်ဦးလွင် ၆ ကွက်ကွင် နေထိုင်ပါသည်။ ၎င်း၏ ဇနီးများက မွေးထားသော သားသမီးများမှာ လေးငါးဆယ်ခန့် ရှိပါသည်။ ၎င်းတို့တွင် ကွယ်လွန်သူ ကန်တရိုက်တာကြီး ဦးအုတ်စမန်နှင့် ပြည်သူ့လွှတ်တော် အမတ်ဟောင်း ဦးသန်းညွန့်တို့မှာ ကျန်တော်နှင့် အလွန် ရင်းနှီး ခင်မင်ကြပါသည်။ ဦးဘိုးကာ က ကျွန်တော့်အား နောင်တွင် ပြင်ဦးလွင်သို့ လာကိုင်း ၎င်းနှင့်မတွေ့ဘဲ မပြန်ရန် လက်ဆွဲပြီး ပြောပါသည်။

ထို့ပြင် အင်္ဂလိပ်နှင့်တိုက်ရသောအခါက ခါးတွင်သေနတ် မှန်ကြောင်းပြောပြီး ခါးမှ အနာရွတ်ကို အင်္ကျီလှန်၍ ပြပါသည်။ လက်မှ ''မင်္ဂလာအမြောက်'' ဟူသော တာတမ်းကို လည်း ပြပါသည်။ အင်္ဂလိပ်မင်းလက်ထက် မက္ကာမြို့သို့ ''ဟာဂျီ'' သွားခဲ့လေသည်။ ဟာဂျီ ဦးဘိုးကာဆိုလျှင် ပြင်ဦးလွင်တွင် လူတိုင်း သိကြပါသည်။

မြို့မျက်နှာဖုံး လူကြီးလူကောင်းတစ်ယောက် ဖြစ်ပြီး လူတိုင်း ရိုသေလေးစားကြပါသည်။ ၎င်းဟာဂျီ ဦးဘိုးကာ သည် လွန်ခဲ့သော သုံးနှစ်ခန့်က ကွယ်လွန်အနိစ္စ ရောက်ပါသည်။ ပြင်ဦးလွင် ၆ ကွက်ရပ် တစ်ရပ်လုံးလိုလိုပင် ဟာဂျီ ဦးဘိုးကာ၏ သား၊ မြေး၊ မြစ်နှင့် ဆွေမျိုးများ ဖြစ်ကြပါသည်။

နောက်ပိုင်းတွင် ဦးဘိုးကာ အင်္ဂလိပ်နှင့်ဆိုင်ပြိုင် တိုက်ခိုက ရသည့် အကြောင်းကို ရေးသား ဖော်ပြပါမည်။

(၃) မင်္ဂလာအမြောက် ဆူးလေကုန်း-ဗိုလ်- ဗိုလ်မင်း ဦးမောင်တပ်နှင့် မင်္ဂလာ အမြောက် ဘုံးအိုးဗိုလ်-ဗိုလ်မင်း ဦးရောက်တို့သည် သက္ကရာဇ် ၁၂၄၇ ခုတွင်၊ အင်္ဂလိပ်နှင့် တိုက်ရန် မြင်းခြံမြို့မှ တပ်သားအချို့နှင့် အသင့်စောင့်၍ နေ ရလေ၏။ ၎င်းမင်္ဂလာအမြောက် ဆူးလေကုန်းဗိုလ်-ဗိုလ်မင်း ဦးမောင်တပ်မှ ဗိုလ်မင်းဦးမောင် အောက်ဗိုလ်မှာ ဗိုလ်ဦးနှစ် ဖြစ်ပါသည်။ ၎င်းမင်္ဂလာအမြောက် ဆူးလေကုန်းတပ်မှ ဗိုလ် မင်းနှင့် တပ်သားများ၏ လက်တွင် "မင်္ဂလာအမြောက် ဆူးလေကုန်း" ဟုစာတမ်းထိုးထားပါသည်။ဗိုလ်မင်းဦးမောင် နှင့် ဗိုလ်ဦးနှစ်၏ အဆက်အနွယ်များမှာ အမြောက်တန်းကြီး ဆူးလေကုန်းရပ်နှင့်ဆူးလေကုန်းရွာတွင် မြောက်မြားစွာ ရှိကြ ပါသည်။

(၄) မင်္ဂလာအမြောက် ဘုံးအိုးဗိုလ်-ဗိုလ်မင်း ဦးရောက် မှာ ဘုံးအိုးရွာဇာတိ ဖြစ်ပါသည်။ ၎င်းဗိုလ်နှင့် တပ်သား များ၏ လက်တွင် "မင်္ဂလာအမြောက်ဘုံးအိုး" ဟု စာတမ်း ထိုးထားပါသည်။ အမြောက်တပ် လေးတပ်မှ ဗိုလ်နှင့် တပ် သားများ၏ လက်တွင် ကိုယ့်တပ်အမည်ကို စာတမ်းထိုးထား ကြပါသည်။

၎င်းမင်္ဂလာအမြောက် ဘုံးအိုးဗိုလ် ဦးရောက်တပ်မှ သွေး သောက်ကြီး စိုးလူကလေး ဆိုသူမှာ မန္တလေးမြို့နှင့် အထက် မြန်မာပြည်မှ မြန်မာမှတ်စလင် လောက၌ လူသိအများဆုံး

ဖြစ်သော မန္တလေးမြို့ ၈၃ လမ်းနေ ဟာဂျီ ဦးချမ်းသာ၏ ဘိုးအေအရင်း ဖြစ်ပါသည်။ သေွးသောက်ကြီး ဦးလူကလေးနှင့် ညီတို့သည် မင်းလှခံတပ်တွင် အင်္ဂလိပ်တို့နှင့် ဆိုင်ပြိုင်တိုက်ခိုက်ရလေ၏။ ဦးလူကလေးမှာ စစ်ရေးစစ်ရာ အလွန်နားလည် ကျွမ်းကျင်ပြီး သူရသတ္တိနှင့် ပြည့်စုံ၏။ သြဇာအာဏာရှိသဖြင့် လူတိုင်းလိုလိုကြောက်ကြ၏။ "သွေးသောက်ကြီး ဦးလူကလေး" ဟူ၍ လူသိများပြီး ကျော်ဇောလေ၏။

ရဝိုးသွေးသောက်ကြီး ဦးလူကလေး၏အဆက်အနွယ်များမှာ မန္တလေးမြို့ အေလမ်း၊ အမြောက်တန်းကြီးနှင့် ဘုံးအုံးရွာတွင် များစွာ ရှိကြပါသည်။ မြန်မာပြည်တွင် မြန်မာပြည်တွင် မြန်မာမွတ်စလင်များ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်၍ နေထိုင်ကြသော ရွာသားများ မြောက်မြားစွာ ရှိကြပါသည်။ ၎င်းမြန်မာ မွတ်စလင်များမှာ အောက်ပါ ခရိုင်များ အတွင်းတွင် ရှိကြပါသည်။

၎င်းတို့မှာ ရွှေဘိုခရိုင်၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ စစ်ကိုင်းခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ပြည်ခရိုင်၊ ပျဉ်းမနားခရိုင်၊ မအူပင် ခရိုင်နှင့် ဟံသာဝတီ ခရိုင် အတွင်းတွင် ရှိကြပါသည်။

ထို့ပြင် မော်လမြိုင်၊ ရေးမြိတ်ထားဝယ်၊ တနင်္သာရီ ခရိုင် တို့တွင်လည်း ရှိကြပါသည်။

## (၄၈) သက္ကရာဇ် ၁၂၄၇ ခု၊ အင်္ဂလိပ်တို့နှင့် မြန်မာမှတ်စလင် အမြောက်တပ်များ မင်းလှခံတပ်တွင် တိုက်ခိုက်ခြင်း အကြောင်း

သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့ စစ်သုံးသင်္ဘောကြောင်း အစောင့်အရှောက် စေလွှတ်ရန် ရန်ကုန်သည်ကား အောက်မြစ်စဉ် ရေကြောင်းတစ်ဌာန။ တောင်တန်းကြီးကြောင်း တစ်ဌာနနှင့် တောင်ငူကြောင်း တစ်ဌာန ဖြစ်၍ ထိုသုံးဌာနအနက် အောက်မြစ်စဉ် ရေကြောင်းဌာနမှာ လက်ဝဲဝင်းတော်မှူး မင်းကြီး သီရိမဟာ ဇေယျ ကျော်ထင်ကို ဗိုလ်ချုပ်ခန့်လျက် တပ်ပေါင်းစုံတို့ အောက်မြစ်စဉ်ကြောင်း ရှိစေ၍ မင်းလှခံမြို့မှ စောင့်ရ၏။

ထိုသို့ စောင့်နေစဉ် မင်းလှခံမြို့၊ ခွေးကြောင်းခံ မြို့များကို အင်္ဂလိပ် စစ်သည်တော်များက ကြည်းအား ရေအား ချီတက်၍ စစ်သင်္ဘောနှစ်ဘက်ညှပ်လျက် ပုံးအမြောက် သေနတ်လက်နက်များနှင့် ပစ်ခတ်တိုက်ခိုက်ကြ၍ မြည်လုံးအုံလေ့သင်းဗိုလ်၊ ရွှေကြီးလေ့သင်းဗိုလ်တို့ကသည်း အမြောက်လက်နက်များနှင့် မီးပေါက်မိုးရွာ၏။

သို့ ခုခံတိုက်ခိုက်သဖြင့် အင်္ဂလိပ် ကြည်းကြောင်းတပ်များ မတက်နိုင်သဲ တန့်၍နေပြီးနောက် အထိအခိုက် အရှုံးအနာခံ၍ မြို့ခြေရောက် ချဉ်းကပ်လာသည်တွင် စစ်သည်ဗိုလ်ခြေ အင်အားချင်း မမျှသောကြောင့်၊ မြန်မာရဲမက်တော် ခုနစ်ရာ အမြောက်လုံးရေ ၃၅ နှင့်တကွ မင်းလှခံမြို့ကို အင်္ဂလိပ်

စစ်ဗိုလ်ကြီးက ရလေသည့်ပြင် ငွေကြောင်းခံ မြို့ကိုလည်း အင်္ဂလိပ် စစ်ဗိုလ်တို့က ရလေ၏။

(ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၁၂ ကို ရှုပါ။) ထိုသို့ မင်းလှခံတပ်မြို့တွင် အင်္ဂလိပ်တို့နှင့် တိုက်ခိုက်ရသည့် အကြောင်းကို ပါဝင် တိုက်ခိုက်ရသူ မင်္ဂလာ အမြောက်တပ်မှ "တပ်မှူး ဦးဘိုးကာ" က အောက်ပါအတိုင်း ပြောပြပါသည်။

"ကျွန်တော်တို့တပ်နှင့် အင်္ဂလိပ်တပ်တို့ မင်းလှခံမြို့တွင် ဆိုင်ပြိုင်တိုက်ခိုက်ကြသောအခါ ပထမ အင်္ဂလိပ် တပ်တို့က သင်္ဘောများစွာနှင့် ရေကြောင်းမှ ဆန်တက်လာ ကြ၏။ ကျွန်တော်တို့ မင်းလှခံမြို့ကလည်း အမြောက်သက်နက်များ၊ သေနတ်၊ ဓားလှံ၊ လက်နက်များစွာ စာပ်သား မြောက် များစွာနှင့် အသင့်စောင့်နေကြရာ ရန်သူ သင်္ဘောတပ်မှ မင်းလှခံမြို့ကို အဝေးမှနေ၍ အမြောက်နှင့်စပစ်၏။ ကျွန်တော် တို့ တပ်ပေါင်းစုံမှ ဗိုလ်ချုပ် "ဗိုလ်ကျား" က အနားရောက်မှ ပြန်လှန်ပစ်ခတ် တိုက်ခိုက်ရန် အမိန့်ပေးထား၏။

ကျွန်တော်တို့ အမြောက်ကား၊ အထက်အောက်ချိန်၍ရ၏။ ဘေးဝဲယာ လှည့်ချိန်၍ မရ။ ရန်သူသင်္ဘောများ တက်အလာ တွင် အမြောက်ပြောင်းနှင့် နီးပြီး တည့်သောအခါ ကျွန် တော်က တပ်မှူးဖြစ်သည့်အတွက် ပစ်ရန် အမိန့်ပေးရ၏။ ထိုသို့ အမိန့်ပေးသောအခါ အမြောက်နားကပ်လျက် နားကို ဂွမ်း မဆို့ဘဲ အမိန့်ပေးသဖြင့် ယခုထက်တိုင် နားအနည်းငယ် ထိုင်းနေပါသည်။ ထိုသို့ အဆက်မပြတ် အပြန်အလှန် ပစ်ခတ်

ကြသည်တွင် ရန်သူ သင်္ဘော သုံးစင်း၏ အပေါက်ကြီးများ ပေါက်သွားလေရာ အခြားသင်္ဘောများက တွဲ၍ သင်္ဘော အားလုံး တစ်တိုင်ခွဲခန့် အောက်သို့ စုန်သွားပြီး၊ သင်္ဘော စင်းရေ တစ်ဝက်မှာ ရေတပ်သားများကို ကုန်းတပ်ပို့လျက် ခံတပ်ကို ဦးတည်၍ ချီတက်လာကြလေ၏။ ရေတပ်မှသင်္ဘော များလည်း ခံတပ်သို့ ဦးတည်ပြီး ချီတက်လာပြန်လေ၏။ စစ် နှစ်ဘက်ညှပ်၍ တိုက်ကြ၏။ ထိုအခါ ဗိုလ်ချုပ် ဗိုလ်ကျားက အနားရောက်လျှင် ၎င်း အမိန့်ပေးမှ တိုက်ခိုက်ရန် နောက် ထပ် မိန့်ကြားပြန်၏။ ဗိုလ်ချုပ်က ခံတပ်ပေါ်မှ မှန်ပြောင်း နှင့် ကြည့်နေစဉ် အနားကပ်၍ ခံတပ်ပေါ်သို့ ရန်သူ ဗိုလ်တစ် ယောက် တက်လာသည်တွင် အကာအကွယ်ယူပြီး ထွက်၍ ဓားနှင့် ခုတ်ချလိုက်ရာ၊ ရုပ်သေး ကြိုးပြတ်သကဲ့သို့ ပုံကျသွား လေ၏။

နောက်တစ်ယောက် တက်လာပြန်ရာ ဗိုလ်ချုပ်ကြီး ဗိုလ် ကျား၏ ယောက်ဖ ဒုဗိုလ်ချုပ် ဗိုလ်ကောက် ခုတ်ချလိုက်ပြန် လေ၏။ ထိုသို့ ရန်သူဗိုလ် သေး ငါးဦး ကျမှ ရေတပ်နှင့် ကုန်း တပ်ပါ အသေအပျောက် အရှုံအနာခံလျက် မြို့ကိုဝိုင်းပြီး တက်ကြလေ၏။

တက်လာသော ရန်သူများကို ကျွန်တော်တို့ ဘက်ကလည်း အမြောက် သေနတ် ဓားလှံ များနှင့် ခုခံပစ်ခတ် ထိုးခုတ်ကြ လေ၏။ ခံတပ်ပေါ်သို့ တက်လာသောရန်သူများကို ကျွန်တော် ဗိုလ်ဝိုင် (ဟာဂျီစီန်)၊ သွေးသောက်ကြီး မောင်လူကလေးနှင့် ညီတို့က အခြားသူတို့ထက် ရှုပ်ရှုပ်ချွံချွံ သက်စွန့်ကြိုးပမ်း ပစ်

ခတ် ထိုးခုတ် တိုက်ခိုက်ကြလေရာ ကုလားဖြူ (ဂေါ်ရာ) မြောက်မြားစွာကျ၏။ သွေးသောက်ကြီး မောင်လူကလေး၏ ညီလည်း ၎င်းတိုက်ပွဲတွင် ကျဆုံး၏။

ရန်သူတို့ဘက်မှ တပ်သားကလည်းများ၊ လက်နက်ကလည်းကောင်း၊ မမျှတသဖြင့် ခံတပ်ဘေးတွင် ပေါက်နေသော မန်ကျည်းပင်ကြီးမှ ကိုင်းကို ယီးလေးခို၍ အောက်သို့ ခုန်ချစဉ်၊ ရန်သူက နောက်မှ သေနတ်နှင့် ပစ်လိုက်၏။ ရန်သူ၏ ကျည်စေ့သည် ကျွန်ုပ်ဖခင်တော်၏ခါးကို ထိမှန်ပါသည်။

သေနတ်မှန်သော ဒဏ်ရာနှင့်ပင် မြောက်တည့်တည့်သို့ ပြေးခဲ့ရာ ကျွန်တော်နှင့်အတူ သွေးသောက်ကြီး မောင်လူကလေးနှင့် ကျွန်တော်တို့တပ်မှ စိလှကြီးတို့လည်း ပါ,ပါသည်။

ယိုးတိုင်ကျော်ကျော်ခန့် ရောက်သောအခါ ရွာ တစ်ရွာမှ (ရွာအမည် မြောပါ၏။ ကျွန်တော်မေ့နေပါသည်။) အဘိုးကြီး အမယ်ကြီး နှစ်ဦး၏ အိမ်တွင် နားပြီး ၎င်းတို့အား စစ်တိုက်ခဲ့ကြောင်း၊ ရန်သူများကိုလည်းကျွန်တော်က ထိုးခုတ်သတ်ဖြတ်ခဲ့သဖြင့် မြောက်မြားစွာ ကျဆုံး သေကြေကြကြောင်း ရန်သူက ပစ်လိုက်သောသေနတ် ထိမှန်သဖြင့် ဒဏ်ရာရကြောင်း၊ မန္တလေးမြို့သို့ ဆက်လက် မသွားနိုင်တော့ကြောင်း၊ သို့အတွက် ဘိုးဘွားတို့အိမ်တွင် ခေတ္တ တည်းခိုလိုကြောင်း၊ အနာပျောက်လျှင် မန္တလေးသို့ ပြန်သွားမည်ဖြစ်ကြောင်း၊ ပြောလေသော် အိမ်ရှင် အဘိုးအဘွားတို့က မိမိတို့တွင် သားသမီးမရှိကြောင်း

တစ်သက်လုံး နေလိုက နေနိုင်ကြောင်း ပြောပြီး ဆေးဆရာ ခေါ်ပေးလေ၏။

လူကဒလးနှင့် စံလှကြီးတို့ က "ဘိုးကာ—မင်းတော့ သည် အနာကြောင့် သေမှာပဲ၊ ဒါကြောင့် ငါတို့ မင်းအနာ ပျောက်အောင် စောင့်နေလို့ မဖြစ်တော့ဘူး" ဟု ဆိုပြီး ကျွန် တော့်အား ပစ်၍ ထွက်သွားကြလေ၏။ ၎င်းတို့နှစ်ယောက် မန္တလေးသို့ သွားကြရာ မန္တလေးမြို့သို့ မရောက်ဘဲ ရခိုင်ရိုးမ တောင်ဆီသို့ ရောက်လေသော် ဟဖြည်းဖြည်း တောင်ကြီး နှင့် နီးလာသဖြင့် ပြန်လာကြရာ အခြားနေရာသို့ မရောက်ဘဲ ကျွန်တော် တည်းခိုနေသောရွာသို့ ပြန်ရောက်လာလေ၏။

ထိုအခါ ကျွန်တော့်မှာလည်းအနာပျောက်သဖြင့်မန္တလေး မြို့သို့ အလှန်ပြန်ချင်၏။ ၎င်းတို့နှစ်ယောက် ကျွန်တော့် ထံ ရောက်ရောက်လာပြီး ကျွနတော့် ခြေကိုကိုင်၍ "သူငယ်ချင်း မင်းကို ငါတို့ပစ်သွားလို့ ငါတို့ အမျိုးမျိုး ဒုက္ခရောက်ငဲ့ကြ ပြီ၊ သူငယ်ချင်းတို့ မည်သည် ဆင်းရဲခဲ့ကြ၊ ချမ်းသာအတူ ဆိုးတူကောင်းဘက် နေရပါတယ်။ ယခုလို မနေဘဲ ငါတို့ မင်းကို ပစ်သွားတဲ့အပြစ်မှ ခွင့်လွှတ်ပါ" ဟု တောင်းပန်ကြ ၏။

ထို့နောက် ကျွန်တော်တို့ သုံးယောက်သည် ရာဝတီမြစ် နှင့် မုန်းမဝေးလမ်းမှ မန္တလေးမြို့သို့ ခရီးဦးတည်၍ ထွက်လာ ရာ မြစ်အရှေ့ဘက်ကမ်းကူးရန် လှေတစ်စင်းမှ မတွေ့ပါ။ အဘယ်ကြောင့်ဆိုသော် စစ်ဖြစ်နေ၍ လှေတစ်စင်းမှ အကူး အသန်း မရှိခြင်း ဖြစ်ပါသည်။ သို့ဖြင့် ဆက်လာရင်း မြင်းခြံမြို့

အောက် ငါးတိုင်ခန့်ကွာ ရောက်သောအခါ ဘုန်းကြီးတစ်ပါး ကျောင်းသားနှစ်ယောက်နှင့် အရှေ့ဘက်ကမ်းသို့ ကူးမည် အပြု၊ လှေပေါ်တက်နေစဉ် တွေ့သဖြင့် ဘုန်းကြီးကို လိုက်ပါရစေဟု လျှောက်ပြီး အရှေ့ဘက်ကမ်းသို့ ကူးခဲ့ကြရလေ၏။ ကျွန်တော်တို့တွင် ပါလာသော ကွမ်းသီး တပိဿာကျော် ကျော်မှ အနည်းငယ်ချန်ပြီး အဆိုပါ ဘုန်းကြီးကို လှူခဲ့၏။ ကျွန်တော်တို့တွင် ပါလာသော ထမင်းအိုး၊ ဟင်းအိုး၊ ဆန်၊ ဆီ၊ ဆား၊ ငရုပ်၊ ကြက်သွန်နှင့် အဝတ်အစား နှစ်ထည် သုံးထည်ကို လုံချည်နှင့်ထုပ်ပြီး ဝါးရင်းတုတ်နှင့်လျှို၍ တစ်ခါယောက် တစ်ထုပ်စီ ထမ်းလာကြရာ တောလမ်း တစ်ခုတွင် ဓားပြ သုံးယောက်နှင့် တွေ့၏။ ဓားပြဘစ်ယောက်က ၁၅ တောင်လောက်အကွာမှ သေနတ် တစ်လက်နှင့် မှဆိုးထိုင် ထိုင်ပြီး ကျွန်တော်တို့ကို ချိန်ထား၏။ ကျန်နှစ်ယောက်ကား ဓားရှည်ကိုယ်စီနှင့် ကျွန်တော်တို့ကို ခြိမ်းခြောက်ပြီး အထုပ် ထဲမှ ပစ္စည်းနှင့် အစားအသောက်များကို ကြည့်နေစဉ် ကျွန် တော်တို့အချင်းချင်း မျက်ရိပ်ပြကာ ဓားပြများ၏လက်ကို တအားလွဲ၍ အသီးသီး ရိုက်ကြလေသော်၊ ၎င်းတို့လက်ထဲမှ သေနတ်နှင့်ဓားများကျပြီး အော်၍ ပြေးကြလေ၏။

သေနတ်ကို ကောက်၍ ကြည့်သောအခါ မောင်းကျိုး အပျက် ဖြစ်နေ၏။ ဓားကိုမူ ကျွန်တော်တို့ ယူလာခဲ့ကြ၏။ နှစ်ညအိပ်နှင့် မန္တလေးသို့ ရောက်ကြ၏။

သို့သော် ကျွန်တော်ကား ဆွေမျိုးများရှိသည့် တောင်မြင့် ရွာတွင် တစ်ညအိပ် နေရစ်ခဲ့၏။ မောင်ဘလေးနှင့် စံလှတို့ သည် တောင်မြင့်ရွာလမ်းဘေးရှိ ခေါက်ဆွဲဆိုင်တွင် အရက်

သောက် ခေါက်ဆွဲစားပြီးသွားကြရာ မန္တလေးမြို့ အမြောက်တန်းကြီးသို့ ရောက်သောအခါ အရပ်ထဲမှ လူအများက ၎င်းတို့၏ တူသား ညီတို့ကို အသီးသီးမေးကြရာ၊ ဥပမာ— ''ဖြေ ဘယ်မှာနေရစ်သလဲ၊ ငနီ မြင်ခဲ့ရဲ့လား''ဟု မေးကြရာ ''ငဖြူတော့ ခေါင်းပြတ်ကြီးနဲ့ သေနေတာ မြင်ခဲ့ရတယ်၊ ငနီတော့ လက်မြတ် ခြေပြတ်နဲ့ သေနေတာ မြင်ခဲ့ရတယ်''ဟု အရက်မူးမူးနှင့် အလဲလဲ အချော်ချော် ပြောလေသော် တစ်ရပ်လုံး ငိုကြွေးလေ၏။ နောက်တစ်နေ့ ကျွန်တော် အရပ်ထဲသို့ ရောက်မှ မသေကျန်ရှိကြောင်းပြောပြရလေ၏၊ နောက် ၅ ရက် အကြာတွင် ၎င်းတို့ သေပြီဟူ၍ မှတ်ယူကြသော လူအများ အရပ်ထဲသို့ ရောက်လာကြ၏။

(၄၉) ''သက္ကရာဇ် ၁၂၄၇ ခု၊ အင်္ဂလိပ်တို့နှင့် တိုက်ခိုက်ရန် မြန်မာ့မှတ်စလင်ဗိုလ်–မန္တလေးမြို့–မြို့ဝန် ဣန္ဒပတ်မြင်းဝန် ပင်လယ်မြို့စားမင်းကြီး မဟာမင်းထင်ရာဇာ ဦးချုံကို တောင်တွင်းကြီးကြောင်း ဗိုလ်ချုပ်ခန့်၍ စစ်ထွက်စေခြင်း အကြောင်း

သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့ စစ်သုံးကြောင်း အစောင့်အရှောက် စေလွှတ်ရန် ရန်ထားသည်ကား အောက်မြစ်စဉ် ရေကြောင်း တစ်ဌာန၊ တောင်တွင်းကြီးကြောင်း တစ်ဌာန၊ တောင်ငူကြောင်း တစ်ဌာန၊ ဤသုံးဌာနတွင် တောင်တွင်းကြီးကြောင်း ဌာန၌ မန္တလေးမြို့ဝန် ဣန္ဒပတိမြင်းဝန် ပင်လယ်မြို့စား မင်းကြီးမဟာမင်းထင်ရာဇာ ဦးချုံကို ဗိုလ်ချုပ်ခန့်၍ စစ်ထွက်စေ၏။ ၎င်းထင်တွင် ကင်းတား ''ဗိုလ်မင်းလှခေါင်းထင်ကျော်သူ''နှင့်

ကင်းတားအမှုထမ်း လူ ၃၁၅ အမြောက်လုံးရေနှစ်၊ စိန်လက် ရေသုံး တစ်တပ်၊ ရွှေပြည်ဗိုလ် မင်းလှမင်းထင် သမိန် သံလိုက်နှင့် ရွှေပြည်အမှုထမ်း လူတစ်ရာ၊ အမြောက်လုံးရေ တစ်၊ စိန်လက်ရေနှစ်တစ်တပ်၊ အကပ္ပတ် မြင်းအမှုထမ်း လူ ၉၉၀၊ အမြောက်လုံးရေ ၅၊ စိန်လက်ရေ ၂၀ တစ်တပ်၊ သူကောင်းထမ်းလူ ၂၀၀ တစ်တပ်၊ သည်၄တပ်တွင် ပါသည့် ရဲမက်လက်နက်ကိုင် လူ ၁၆ ၅ ကို မြို့ဝန် အကပ္ပတ် မြင်းဝန် ပင်လယ်မြို့စား မင်းကြီးမဟာမင်းထင်ရာဇာ အုပ်ချုပ်၍ သေနတ်လက်နက်၊ခဲယမ်းကိရိယာ အောင်ခြည်အောင်မောင်း အောင်လံ အပြည့်အစုံနှင့် တောင်တွင်းကြီးကြောင်း ချီတက်စေသည်။

(ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၀၉ နှင့် ၇၁၀ ကို ရှုပါ။)

(မြန်မာပြည်တွင် ပင်လယ်မြို့ ဆိုသည်မှာ ဘယ်နေရာမှာ ရှိပါသနည်းဟု ရာဇဝင်ပါမောက္ခ ရွှေပြည်ဆရာ ဦးဘတင် ကို မေးကြည့်ရာ ကျောက်ဆည်ခရိုင်အတွင်းမှာ ရှိပါသည်ဟု ဆရာက ပြောပြပါသည်၊)

ဆရာဦးဘိုးချယ် ပြုစုစီရင် ရေးသားသော "မြန်မာ မွတ်စလင်တို့၏ ရှေးဟောင်းအတ္ထုပ္ပတ္တိ" စာအုပ် စာမျက်နှာ ၇၄ တွင် မြေထူးမြို့သား မြေထူးမြို့ဝန် မင်းတုန်းမင်းတရား ကြီး လက်ထက်၊ ဗိုလ်လိန်း၊ ၎င်း၏သား အကပ္ပတ်မြင်းဝန် သီပေါမင်းလက်ထက် ဦးချုံဟု ပါရှိသေး၏။ မင်းတုန်းမင်း တရားကြီးနှင့် ကနောင်မင်းတို့က ဦးချုံ၏အဖေ ဗိုလ်လိန်းကို မြေထူးမြို့ဝန်နှင့်စစ်ဗိုလ်ခန့်၏။ နောက်မင်းတုန်းမင်းတရားကြီး

နှင့် ကနေ့ခေါင်မင်းတို့က အနောက်နိုင်ငံသို့ ပညာတော်သင် ၉၀ ကျော်လွှတ်ရာ ဦးချုံကိုလည်း စစ်ပညာနှင့် ကတ္တီပါရက်သော ပညာသင်ကြားရန် လွှတ်လေ၏။

ဦးချုံမှာ လူတော်လူကောင်းတစ်ယောက် ဖြစ်သဖြင့် ပညာတော်သင်လွှတ်ခြင်း ဖြစ်လေ၏။ ထိုသို့ပညာတော်သင် လွှတ်ရာ အီတလီပြည် မြို့တော် ရောမ (Rome) တွင် ဦးချုံမှာ မွတ်စလင်ဘာသာအားလျောက် တူရကီ ဦးထုပ်ဆောင်းပြီး ကုလားထိုင်နှင့် အလှယ်ကထိုင်၍ ဘေးနှစ်ဖက်မှ သံချက်ဝန် ဦးမြူး (နောင် "မင်းကြီးမင်းလှမဟာစည်သူ"ဘွဲ့ရ မြန်မာလူမျိုး ဘရင်ဂျီဘာသာ)နှင့် အခြားတစ်ယောက်က ဘေးနှစ်ဘက်မှ ရပ်၍ ရိုက်ထားသည့်ဓာတ်ပုံ (ဓာတ်ပုံတွင် အသက် ၂၀ ခန့်သာ ရှိကြပါသေးသည်။) လွန်ခဲ့သော ၂၇ နှစ်ခန့်က ရန်ကုန် သူရိယ မဂ္ဂဇင်းတွင် ပါ၍ ဝယ်ထားရာ ရွှေဘိုမြို့ ဘရင်ဂျီဝင်းနေ ကျောင်းဆရာ ဆရာတင်၏သား စော်ရှင် မင်းကြီးရိုး ရွှေဘတ်စာရေးကြီး ကိုဘဆက်နှင့် ကျွန်တော် စကားစပ်မိ၍ "ငင်းဦးမြူးပါသော သူရိယ မဂ္ဂဇင်းကို ခဏ ငှားပါ။ ဦးမြူးမှာ ကျွန်တော့်အမေ့ အဖေ၊ ကျွန်တော့် ဘိုးအေအရင်း ဖြစ်ပါသည်။

ကျွန်တော့် အမေက သူ့အဖေဓာတ်ပုံ ကြည့်ချင်သည်ဟု ပြောပါသည်"ဟု ဆိုကာ ငင်းစာအုပ်ကို ကျွန်တော် ထံမှ ငှားသွားရာ ယနေ့ထက်တိုင် ပြန်မရပါ။ အဘယ့်ကြောင့် ဆိုသော် ငင်း၏အမေက သူ့အဖေ (ဘိုးအေ)ဓာတ်ပုံအိမ်မှာ အမြဲ ချိတ်ထားလိုသည့်အတွက် ပြန်မပေးတော့ကြောင်းနှင့် ပြောလိုက်ကြောင်း ကိုဘဆက်က ပြောပါသည်။

ကိုဘဆက်နှင့် ကျွန်တော် ရွှေဘိုမြို့ S. P. G ကျောင်းတွင် ကျောင်းနေဘက် တစ်တန်းတည်း တစ်ခုံတည်းထိုင်၍ စာသင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်သည့်အတွက် စိတ်ဆိုးရမှာလည်း ခက်နေပြီး ရန်ကုန်မြို့ ဘုရိယ သတင်းစာတိုက်သို့ စာရေး၍ မှာသော်လည်း ငင်းမဂ္ဂဇင်းစာအုပ် ကုန်နေပြီ ဖြစ်ကြောင်း၊ မကြာမီ ပြန်ရိုက်မှ ပို့လိုက်မည် ဖြစ်ကြောင်းနှင့် စာပြန်လာ၏။ သို့သော် မရိုက်ဖြစ်ဟု ထင်ပါသည်။

ထိုသို့ ဦးချို အနောက်နိုင်ငံမှ စစ်ပညာနှင့် ကတ္တီပါရက်ပညာ သင်လာပြီးနောက်စစ်ဘက်တွင် အမှုတော်ထမ်းလေ၏။ ထို့နောက် မန္တလေးမြို့ဝန် ပေးသေ၏။ မြို့ဝန်ပေးရခြင်း အကြောင်းကား ဤသို့တည်း။

ဝန် "မင်းကြီး သီရိမဟာ မင်းလှခေါင် သူရိန်" ဦးရွှေအိုး၊ မြို့သာမြို့စားကို အောက်ပါအကြောင်းတို့ကြောင့် မြို့ဝန်မှင်း ရာထူး ချလေ၏။

"သက္ကရာဇ် ၁၂၄၃-ခု၊ တပေါင်းလပြည့်ကျော် ၁၄-ရက်နေ့၊ လက်သုံးတော်ကိုင် မြောက်ဒုဝယ်ဗိုလ် ရနောင်မြို့စားသည် ဘုရင့်နောင်ကျဲသို့ (ဘုရင့်နောင်တော်ကျဲသို့) ထင်မှတ်၍ အရပ်ရပ်လွှတ်ရုံးငါးရပ် အရာရှိတို့၏ ဩဇာအာဏာကို သော်လည်း လွှမ်းမိုး၍ ပြုလုပ်ခြင်း၊ ပြည်သူတို့ အပေါ်၌လည်း မတရားသောအမှုအရာကို ပြုလေ့ရှိခြင်း၊ ပြည်သူတို့ ရှက်တင်ကြသော မှုခင်းတရားစကားများအနက် တစ်ဘက်ကလျှောက်ထားလျှင် ဆိုင်ရာ လွှတ်ရုံးတော် ရှိလျက် အမိန့်တော်နှင့် အိမ်တော်က ခေါ်တော်မူသည်ဆို၍ ခေါ်ငင် စီရင် ပြုလုပ်ခြင်း၊ ယစ်မျိုးငါးပါး သောက်စားကျူးလွန်ခြင်း၊ လူများကိုလည်း

မိမိနေအိမ်ဝင်းအတွင်း သတ်ဖြတ်ခြင်း၊ အသွေးအသားလည်း သောက်စားခြင်း စသည်ဖြင့် ပြုလုပ်သည်ဟု ကန်ခိုးသတင်း ပျံ့နှံ့ကျော်ဇောရှိသည်နှင့် ကြောက်ရွံ့ကြရခြင်း၊ ဗြဲတိုက် လွှတ်တော်များသို့ ထုတ်ပြန်ရန် အမိန့်တော်ခွန်းများကို အလိုရှိရာ ထည့်သွင်းပြုပြင် ပြောင်းလဲခြင်း၊ အခေါင်းအသင်းများရှာနှင့် မသင့်သောအကြံကို ကြံစည်ရှိကြောင်း၊ ညီကျပင်းမြို့စား သူရဲဝန်လည်း မသင့်သောအကြံအစည်တွင် ပါဝင်သူဖြစ်ကြောင်းနှင့် ရွှေသတ္တာပါ အလွှာများစွာ ရရှိ ကြားသိတော်မူသည် ဖြစ်၍၊ အမျက်တော်ရှပြီးလျှင် မြောက်ဒဝယ်ပိုလ် ရနောင်မြို့စားညီ သူရဲဝန် ကျပင်းမြို့စားတို့ကိုငယ်မည်နှင့်အရာမှနုတ်၍ ထောင်တွင် အကျဉ်းထားရ၏။ ၎င်းတို့နှင့် အကြောင်းသင့်သူ စီးတော်မြင်းဝန် ထောင်သမန်ဘယ်စား ငဖေငယ်၊ ကောင်ဟန်ဝန်လေပ်၊ ငွေခွန်ဝန်ထုံးမှူးငငယ်၊ ဘုန်းတော်တိုး ဗိုလ်ငပေါ်ညွန့်၊ နတ်ရှင့်ရဲနိုင်ဗိုလ်ငမှန်၊ နတ်ရှင့်လူတော်ဗိုလ်ငဘိုးမောင်၊ နတ်ရှင့်တိုးဗိုလ်ငညို၊ သံတော်ဆင့်ငဖော၊ မြို့စာရေး ငကံတော်၊ အသုံးစာရေး ဗာလီ၊ ဒိုင်းစာရေးငယက်ရှည်၊ ဗြဲတိုက်သံဆင့် ငတုတ်၊ ခေင်၊ ပန်းပဲစာရေးငဘိုးအိုတို့ကို အရာမှနုတ်၍ မိုးကောင်းမြို့သို့ အကျဉ်းပို့ရ၏။ ဗန်းမော်မြို့သို့ ရောက်လျှင် စီးတော်မြင်းဝန် ထောင်သမန်လယ်စားကို ကွပ်ခဲ့လေ၏။ ခန့်ပတ်မြို့စားဝန်ကြီး အတွင်းဝန် ပုဂံမြို့စား "ရွှေမြို့တော်ဝန် မြို့သာမြို့စား" (မြို့ဝန် ဦးရွှေအိုး)တို့ကို အရာမှနုတ်သိမ်းပြီးလျှင် မိုးကောင်းမြို့သို့ အကျဉ်းပို့ထားရ၏။ (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၅၇၁ နှင့် ၅၇၂ ကို ရှုပါ။) ထိုသို့မြောက်ဒဝယ်ပိုလ် ရနောင်မြို့စား၏ ဘက်

သားဖြစ်သည့်အတွက် မန္တလေးမြို့ဝန် ဦးရွှေအိုးကို မြို့ဝန်အရာမှ
နုတ်သိမ်းပြီးလျှင် လူတော် လူကောင်း သစ္စာမဖောက် လာဘ်
မစား အမိန့်တော်ကိုဦးထိပ်ရွက်တင် ဆောင်ရွက်မည့်ဗိုလ်ချုပ်
ကြီး ဦးချိုကို မန္တလေးမြို့ဝန် ခန့်လေ၏။

အထက်ပါ တောင်သမန်လယ်စားဦးဖေယယ်ကိုမကွပ်မျက်မိ
တောင်သမန်စား ဦးဖေယယ် ရေးသားထားခဲ့သော တေးထပ်
နှင့် ဦးဖေယယ်အကြောင်းကို သက္ကရာဇ် ၁၂၇၇-ခု၊ ရန်ကုန်မြို့
အမျိုးသားပုံနှိပ်တိုက်တွင် ပုံနှိပ်သည့် တိုင်းရင်းသား ပညာဝန်
ဦးဖိုးကျား စီရင်ရေးသားသော "မြန်မာ့ဂုဏ်ရည်" ရာဇဝင်
စာအုပ် စာမျက်နှာ ၂၇ တွင် အောက်ပါအတိုင်း ပါရှိလေ
၏။

## (၁၀) သေရအံ့ဆဲဆဲတွင် ရဲရင့်တည်ကြည်စွာ လုံ့ရည်ရှိသူများ
## တောင်သမန် လယ်စား မောင်ဖေယယ်

သီပေါမင်းတရား လက်ထက်တော်တွင် တောင်သမန်
လယ်စား **မောင်ဖေယယ်**မှာ **ရာဇ**ဝတ်သင့်သည်ဆို၍ အထက်
**အညာသို့ အပို့ခံရ၏**။

ဤအမှုမှာ **သီပေါ**မင်းတရားနှင့် ဒိုင်းခင်ခင်တို့ ကိစ္စက
စသော အမှုဖြစ်သည်။ ဤအမှုနှင့်ပတ်သက်သောသူတို့ အဆက်
အနွယ်များမှာ ယခုတိုင်ရှိကြသေးသဖြင့် ယခုအတုံးအလင်မှရေး
မဖော်ပြသေးပါ။

ဤသို့ အပို့ခံရပြီးနောက် များမကြာမီ အသုံးစီရင်ခြင်း
**ခံရအံ့အံ့ဆဲဆဲ**ဟု **သိ**သောအခါ တေးထပ်တစ်ပုဒ် ရေးစပ်သွား
ခဲ့**လေသည်**။

တေးထပ်—''ချစ်ရသူခင်ခင့်ငဲ့၊ ဘဝင်မြင့်သက်ညှာ၊ ဆင်မသင့်ခက်ပါလျှင်၊ သက်သာရာမရ၊ တကယ်လို့ တိမ်းခဲ့ချော်လျှင်၊ စိမ်းနှင့်နေဘ်ဖုန်းခင်လာပ။ ။ကလာပ်စုရှုပ်ကြွင်းကိုယ်၊ ပြုတ်ယွင်းယိုကာယ။ ။ဖုတ်သင်္ဂြိုဟ်ချောပန၊ ပြာကျမှပြန်ပါ။ ။ဝဇီရာစိန်သန်လျှင်းငယ်နှင့်၊ တရှိန်ချင်းလှမ်းချင်လို့ငှာ။ ။ဝတ်နံ့ဆင်းတဲ့နန်းကိန္နရာလို၊ လျှမ်းထိန်ဝါဝေဝင်းနှင့်၊ ရွှေပယင်းငွေလက်တော်၊ ဖုန်းကိုင်လှည့်ခဲ့နေဘ်။ ။ အသုဘကမ္မဋ္ဌာန်းတော်ကို၊ ကြဋ္ဌာန်းပျော်အိုရှုလှည့်လေး''။

အဓိပ္ပာယ်အချုပ်မှာ မိမိအနိစ္စရောက်ပါက လာရောက်သင်္ဂြိုဟ်ပြီးကမ္မဋ္ဌာန်း ရှုလှည့်ပါဟုမှာကြားခဲ့လေဟန်ဖြစ်သည်။

ထို့ပြင် သက္ကရာဇ် ၁၂၂၈-ခု၊ မင်းတုန်းမင်းတရားကြီး၏သားတော်များဖြစ်ကြသော မြင်းကွန်းနှင့် မြင်းခုန်တိုင်တို့အရေးတွင် စလေဦးပုညက အခါပေးသဖြင့် ဦးပုညကို မြို့ဝန်ဦးရွှေအိုးထံ အပ်၍ထားရာ၊ သူ့မိန်းမအမျာ:တွင် အငယ်ဆုံးဝန်ကတော်တစ်ယောက်နှင့် ဦးပုညအထင်လွဲပြီး၊ ညလှံနှင့်ထိုးသတ်၍ ကပ်ကျေးဘေးကချယားပြီး သူ့ကိုယ်သူလှံနှင့်ထိုးသည်ဟု သတင်းလွှင့်လေ၏။ အချို့မှုမတ်တို့က ဦးရွှေအိုးသတ်ကြောင်း ရိပ်မိကြ၏။ သိကြ၏။တစ်နေ့သ၌ မင်းတုန်းမင်းတရားကြီးက စလေဦးပုညကို မမြင်သဖြင့် မေးတော်မူရာ၊ ဦးရွှေအိုးက လက်လွန်ကြောင်း သံတော်ဦး တင်လေသော် ''လူ ချွေးသက်လေရဲ့၊ လူ ချွေးသတ်လေရဲ့''ဟု တဖျစ်တောက်တောက်နှင့် နှုတ်ပြစ်တင်တော်မူလေ၏။

မြန်မာ့ဂုဏ်ရည် စာအုပ် စာမျက်နှာ ၂၉-တွင် ဦးပုည

မသေမီ ရေးစပ်ခဲ့သော အောက်ပါ တေးထပ်ကို ဖော်ပြထားချင်၏။

တေးထပ်-"လက္ခဏာဟန်မကျချင်တော့၊ အနန္တခက်ထွေ၊ ကံမမှုအသက်ရှည်မယ်၊ ကျမျက်ရည်ယိုဆင်း။ ။တွေးမိတိုင်း စိတ်နာတယ်၊ မအိပ်တာလေးနှစ်အလင်း။ ကာလကို ထောင်းချင်ပြီ၊ ကြောင်းအင်နှော်မရှင်း။ ကောင်းချင်သော် နှုံ့ဖျင်းလို့၊ ဒုံရင်းသို့လှည့်မယ်။ မချိလို့ ပေါ်တဲ့သွားတောင်၊ ရယ်သလား မေးကြရှာတယ်။ စကားကြောင့်တရားကွယ်တယ်၊ အလားဝယ် ကိုနိခန်းလို့၊ ဘုံနန်းမြင့်အဆောင်ဆောင်၊ကင်းရလေအောင်။ "မင်း" ဆိုသမျှ ကွင်းရှောင်မယ်၊ "ထမင်း" တောင် စားချင်ဘုလေး။"

မန္တလေးမြို့ ၈၃-လမ်း၊ လမ်း၃၅ရှေ့အောက် ၂၆ ဘီလမ်းနှင့် ၂၇ လမ်းဝင်းကို မြို့ဝန်မင်းဝင်း ဟူ၍ လည်းကောင်း၊ တိုက်တန်းဝင်း ဟူ၍လည်းကောင်း ခေါ်ကြလေ၏။ ဦးရွှေအိုးသည် စလေဦးပုညကို ဤဝင်းထဲတွင် သတ်လေ၏။

ဗိုလ်ချုပ်ကြီး ဦးချို မွေးဖွားရာ ဇာတိချက်မြုပ်ကား မြေထူးမြို့ ဖြစ်ပါသည်။ မြေထူးမြို့မှ ဝန်ကြီး၊ အမတ်ကြီး၊ စစ်ဗိုလ်များ၊ မြို့ဝန်များ၊ အသုံးတော်ခံများ၊ သူဌေးများ မြောက်မြားစွာ ထွက်ပါသည်။ ဂျမ်းဗလီ တကာကြီး အသုံးတော်ခံ ဟာဂျီ ဦးဘိုးမှာ မြေထူးမြို့မှာ ဇာတိချက်မြုပ် ဖြစ်ပါသည်။

ဦးချို၏ သမီးအရင်း ဒေါ်ခင်ခင်က မွေးသော ဦးမောင်မောင်အား "ခင်ဗျားဘိုးအေ မြို့ဝန်မင်း ဦးချို ဘယ်ဇာတိလဲ" ဟု မသိချင်ဟန်ဆောင်၍ မေးကြည့်ရာ မြေထူးမြို့ ဇာတိ ဖြစ်ကြောင်း ပြောပါသည်။ ယခုထက်တိုင် တိုက်တန်းဝင်းခေါ်

၎င်းဘိုးအေ မြို့ဝန်မင်းဝင်းကို ဦးမောင်မောင် ပိုင်ပါသည်။ မြို့ဝန်ဟောင်း ဦးရွှေအိုးကို သီပေါမင်းတရားက နောက်ပိုင်းတွင် ထောင်ကလွှတ်ပြီး မြို့ဝန်မင်း ဦးချို၏ထံ အပ်ထား၏။ ဦးချိုလက်ထဲတွင် ဖြဗ ပါး ဝေဒနာနှင့် ကွယ်လွန် အနိစ္စ ရောက်ကြောင်း ဦးမောင်မောင်က ပြောပါသည်။

ထို့ပြင် ၎င်း၏ ဘိုး အေ ဗိုလ် ချုပ် ကြီး ဦး ချို ခေတ် ပုံ အကြောင်း မေးကြည့်သောအခါ ဂျပန် ဝင်ခါနီး ပြေးရှောင်သွားရ၊ ပြောင်းရ ရွှေ့ရနှင့် ဘယ် ရောက် မှန်း မ သိ တော့ကြောင်းပြောပါသည်။ ခေတ်ပုံမှာ ၎င်း၏ဘိုးအေကအလယ်မှ ကုလားထိုင်နှင့် ထိုင်ပြီး ဘေးမှနှစ်ယောက်က မတ်တတ်ရပ်နေကြောင်း၊ ကုရကုဦးထုပ်ဆောင်းထားကြောင်း၊ အီတာလီပြည်၏ မြို့တော် ရောမမြို့တွင် ရိုက်ထားကြောင်း ပြောပါသည်၊

မင်းတုန်းမင်းတရားကြီး၏ ညီတော် အိမ်ရှေ့ကနောင်မင်းက အနောက်နိုင်ငံသို့ ပညာတော်သင်လွှတ်သည့်မှစ၍ သီပေါ မင်းတရားကိုယ်တိုင် ဗိုလ်ချုပ်ကြီးဦးချိုကို ဘွဲ့ အမျိုးမျိုး၊ ရာထူးအမျိုးမျိုး အဆင့်ဆင့် တိုးမြှင့်ချီးမြှောက်တော်မူလေ၏။

ရာထူးများမှာ (၁) အက္ကပတ် မြင်းဝန်၊ (၂) ပင်လယ် မြို့စား၊ (၃) မန္တလေးမြို့ဝန်၊ (၄) မင်းကြီးမဟာမင်းထင် ရာဇာ၊ (၅) တောင်ဟွင်းကြီးစစ်ကြောင်းမှူး ဗိုလ်ချုပ် ခန့် လေ၏။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယ အုပ် စာမျက်နှာ ၇၄၃ ဘွဲ့ငယ်မည်နှင့် ရာထူး စာရင်းတွင် "မင်းကြီး မဟာ မင်း ထင် ရာ ဇာ" ဦးချို–မြို့ဝန် အက္ကပတ် မြင်းဝန် ပင်လယ်မြို့စားဟု ပါရှိပါသည်။

သက္ကရာဇ် ၁၂၄၇ ခု၊ ဗိုလ်ချုပ်အဖြစ်နှင့် တောင်တွင်းကြီး ကြောင်း စစ်ချီထွက်ရ၏။ မင်းလှခံမြို့ ကျပြီး သည့်နောက် တောင်ငူကြောင်းချီ စစ်တပ်များနှင့် တောင်တွင်းကြီးကြောင်း ချီ ဗိုလ်ချုပ်ကြီး ဦးချို စစ်တပ်တို့ကို "အဝခံမြို့-သပြေတန်း ခံမြို့ စစ်ကိုင်းခံမြို့ သုံးဌာန အရပ်အနေ ပြုရမည်၊ လွှတ်တော် က အလျင်အမြန် သင့်ဆိုရသည်" (ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ ၇၁၂ ကိုရှုပါ။)

ထိုသို့လွှတ်တော်အမိန့်အရ တောင်တွင်းကြီးမြို့မှ ဗိုလ်ချုပ် ဦးချို စစ်တပ်နှင့်တကွ အဝခံမြို့သို့ ပြန်လာရာ အဝခံမြို့သို့ မရောက်မီ လမ်းခရီး၌ မန္တလေးမြို့သို့ ရန်သူ အင်္ဂလိပ်စစ်တပ် များ ရောက်၍ သီပေါမင်းပါတော်မူကြောင်း ကြားသိရသော အခါ နှလုံးဆို့၍ ကွယ်လွန်အနိစ္စရောက်လေ၏။

ဤသို့ ဗိုလ်ချုပ်မြို့ဝန်မင်း အနိစ္စရောက်သည့်အကြောင်းကို ရှေးက ကျွန်တော်မီသော ပုဂ္ဂိုလ်ကြီးများကလည်း ပြောပြ ပါသည်။ ၎င်း၏မြေးအရင်း ဦးမောင်မောင်ကလည်း ပြောပါ သည်။

မိမိဘုရင်ကို အတယ်မျှချစ်ကြည်လေးစားသည်ဆိုသည်မှာ ဤမြို့ဝန်မင်း ဗိုလ်ချုပ်ကြီး၏ အဖြစ်အပျက်ကို ကြည့်ခြင်းအား ဖြင့် သိနိုင်ပါ၏။ မြို့ဝန်ကြီး ဗိုလ်ချုပ်ကြီး ဦးချိုသည် ဗလီ ကျောင်းကန်ဇရပ်များစွာ လှူဒါန်းခဲ့လေ၏။ မြန်မာမွတ်ဆလင် အပေါင်းတို့က ရိုသေလေးစား ခင်မင်ကြောက်ရွံ့ ကြလေ၏။ ဦးချို မြို့ဝန်မင်းဖြစ်မှ ဝင်းအတွင်း တိုက်တန်းဗလီ ဆောက် ကြလေ၏။ သို့သော် မြို့ဝန်မင်းက ငွေများစွာ ပါဝင်လှူဒါန်း

သည့်အပြင် ဗလီမှ ဂေါပကဲလူကြီးတစ်ယောက်လည်း ဖြစ်ပါ သည်။

(၅၀) အပျိုတော် မမခင်အကြောင်း

အပျိုတော် မမခင်မှာ စုဖုရားလတ်၏ အပျိုတော် ဖြစ်ပါ သည်။ သီပေါမင်းနှင့် စုဖုရားလတ် ပါတော်မူပြီးသည့်နောက် ရတနာဂီရိမြို့တွင် သမီးတော်များ နားသမင်္ဂလာပွဲကြီးသမ်းကြီး ခင်းကျင်းသေ၏။ ထိုအခါ မန္တလေးမြို့နှင့် မြန်မာပြည်အမြို့မြို့မှ ဆွေတော်မျိုးတော်များ၊ ဝန်ကြီးဟောင်းများ၊ မှူးမတ်ဟောင်း များကို ဖိတ်ကြားလေ၏။ အဝေးရောက်မင်းကြီးလည်း ၎င်း နားသမင်္ဂလာခွဲသို့ ဖိတ်ကြား၍ လိုက်ပါသွားရပါသည်။ ၎င်းပွဲခင်းမဏ္ဍာပ်မှာ အခန်းပေါင်း ၈၀ ပတ်လည်ရှိ၍ အလွန် စည်ကားကြောင်းနှင့် အဝေးရောက်မင်းက ကျွန်တော့်ကို ပြောပြပါသည်။

ထိုပွဲသို့ စုဖုရားလတ်သည် ၎င်း၏ အပျိုတော် မမခင်ကို ဖိတ် လေ၏။ နားသမင်္ဂလာပွဲ ပြီးသောအခါ မမခင်ကို မပြန်ရန် ဆိုင်ရာသို့ အကြောင်းကြားပြီး ခေါ်ထားလိုက်၏။ သုံးနှစ်ခန့် ကြာသောအခါ မမခင်၏ မောင် ဟာဂျီမှတ် ရတနာဂီရိသို့ လိုက်သွားရာ၌ ဘုရင်နှင့်မိဖုရား ပွဲတော်တည်ရန် ပုစွန်ခြောက် နှင့် ငရုပ်သီးကြော်၊ ငါးပိကြော်၊ ဒူးရင်းသီး တို့ကို ယူသွား လေ၏။ ပုစွန်ခြောက်နှင့် ငရုပ်သီးကြော်၊ ငါးပိကြော်များကို မုန့်သေတ္တာတွင်သိပ်၍ ယူသွားလေ၏။ ရတနာဂီရိသို့ ရောက်၍ ဘုရင်နှင့်မိဖုရားတို့အား ဆက်သောအခါ အလွန် အလွန် သဘောကျသဖြင့် ''ပုစွန်ခြောက်ကြော်နှင့် ငါးပိကြော်ကို မောင်မှတ်ယူလာမှ စားရပေတော့သည်'' ဆိုပြီး အပြန် တွင်

ပိုးလုံချည်အုပ်များနှင့် ငွေများ ဆုလာဘ်အဖြစ် ပေးတော်မူလိုက်ကြောင်း ဟာဂျီမှတ်၏သမီး ဟာဂျီမ မမအေးက ကျွန်တော့်ကို ပြောပြပါ၏။ အခြားသူတို့ကလည်း ပြောပြပါသည်။ ဟာဂျီမှတ်၏ဇနီး ဒေါ်စိန်းညိုနှင့်ကျွန်တော် ယောက္ခမဒေါ်မိသည် ညီအစ်မတစ်ဝမ်းကွဲ တော်ပါသည်။ သို့အတွက်ဟာဂျီမ မမအေး ကျွန်တော့်အိမ်သို့ အလည်လာတိုင်း အထက်ပါအကြောင်းများကို မကြာခဏ ပြောပြသဖြင့် သိရှိရခြင်း ဖြစ်ပါသည်။

## (၅၁) သီပေါမင်း ပါတော်မူပြီးသည်မှ ယနေ့အထိ မြန်မာမှတ်စလင်များ၏ အကြောင်းအတိုချုပ်

ရွှေနန်းအနှစ်တစ်ရာပြည့် မြန်မာမှတ်စလင်တို့၏ အတ္ထုပ္ပတ္တိဆိုသည်မှာ သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော်၆ရက်နေ့မှ သက္ကရာဇ် ၁၃၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့ (၇၊၅၊၁၉၅၉) နေ့ထိ မန္တလေးရတနာပုံ နေပြည်တော် သတ္တဌာနနှင့်တကွ မြို့တည်ပြီးသည်မှာ မြို့သက် အနှစ်တစ်ရာတိတိ ပြည့်ခဲ့လေရာ ၎င်းအနှစ်တစ်ရာအတွင်း မြန်မာမှတ်စလင်တို့၏ အတ္ထုပ္ပတ္တိများကို ရေးသားဖော်ပြခြင်းပင် ဖြစ်ပါသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တော် အခါနှင့် သားတော်သီပေါမင်း လက်ထက်တော်အခါတွင် မြန်မာမှတ်စလင် (၁) စစ်ဗိုလ်ကြီးများ၊ (၂) အရာရှိကြီးများ၊ (၃) အနုပညာသည်များ၊ (၄) သူဌေးသူကြွယ် ကုန်သည်တော်များကို ရေးသား ဖော်ပြသကဲ့သို့ အင်္ဂလိပ်လက်ထက်နှင့် ယခုလွတ်လပ်ရေးခေတ်တွင်လည်း ဖော်ပြရန် လိုပါသည်။

အင်္ဂလိပ်မင်း လက်ထက်တွင် အုပ်ချုပ်ရေးဘက်၌ စက်ရှင်မင်းကြီး ဦးဆီဘူး၊ (ကျွန်တော်သည် ရွှေဘိုမြို့တွင် ၎င်းစက်ရှင်မင်းကြီး ဦးဆီဘူး လက်ထက်၌ အသက်ဆယ်ခေါ် ဂျူဒီလူကြီး နှစ်ကြိမ် လိုက်ခဲ့ရပါသည်။) အရေးပိုင် ဦးဘရှင်၊ အရေးပိုင် ဦးတင်ဦးနှင့် နယ်ပိုင် ဝန်ထောက်များ၊ မြို့အုပ်များ မြောက်မြားစွာ ရှိကြပါသည်။ ရာဇဝတ်ဘက်တွင်လည်း ရာဇဝတ် ဝန်ကြီးများ၊ ရာဇဝတ် ဝန်ထောက်များနှင့် ငယ်သားများ မြောက်မြားစွာ ရှိကြပါသည်။

ထို့ပြင် မြန်မာပြည် အရပ်ရပ်တွင် . M.A.B.L - B A.B.L ဝတ်လုံတော်ရ များနှင့် အောက်တန်း ရှေ့နေများပြင် M B.B.S ဆရာဝန်ကြီးများ၊ ထို့ပြင် သူဌေးသူကြွယ်များနှင့် ကုန်သည်ကြီးများ မြောက်မြားစွာ ရှိကြပါသည်။

၎င်းသူဌေးများတွင် တောင်ငူမြို့မှ K.I.H. ဘွဲ့ရ သူဌေးမင်း ဟာဂျီ ဦးဘအိုသည် သိန်းပေါင်းများစွာ ချမ်းသာသော သူဌေးကြီးတစ်ယောက် ဖြစ်ပါသည်။ ၎င်းသူဌေးကြီးသည် ဆင်းရဲသူ ဆင်းရဲသားများကို စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ မိမိဘာသာအလျောက် အာရဗီ၊ အူရဒူကျမ်းစာတို့မှ မြန်မာစာသို့ပြန်၍ ပုံနှိပ်လှူဒါန်းခဲ့လေ၏။ သိန်းချီ၍ လှူဒါန်းခဲ့လေ၏။

ထို့ပြင် ဌာနအသီးသီးတွင်မြန်မာမှတ်စာလင်များ မြောက်မြားစွာ ရှိပါသည်။

လွှင့်လင့်ရေးရပြီးခေတ် တစ်မတော်သား များ

လေတပ်ဗိုလ် ဗိုလ်ကြီးအောင်မင်း, ဗိုလ်ကြီးအောင်မင်း မှာ မိတ္ထီလာမြို့ လေတပ်မတော်တွင် လေယာဉ်ပျံမောင်း အတတ်နှင့် လေယာဉ်ပျံ စက်ပြင်ရန် ပညာ အရပ်ရပ်တို့ကို ကျောင်းသားများအား သင်ပေးရသော ဗိုလ်ကြီး ဖြစ်ပါ သည်။ အင်္ဂလန်နိုင်ငံ အမေရိကန်နိုင်ငံများသို့ လေယာဉ်ပျံ နှင့် ပတ်သက်သော အတတ်ပညာ အမျိုးမျိုးတို့ကို သွား၍ သင်ခဲ့သောသူ ဖြစ်ပါသည်။

မီးရထားလမ်းဝန်ထောက် (M.A.Aziz) အမ်အေ အဇစ်၏ ဒုတိယသား ဖြစ်၍ ထန်းကုန်းသူကြီး ဦးချို၏ မြေး အရင်း ဖြစ်ပါသည်။ လေတပ်တွင် အခြားမှတ်စလင် ဗိုလ် ကြီးများ၊ ဗိုလ်များနှင့် ယ်သားများ များစွာရှိကြပါသည်။

ရေတပ်တွင် အခြားမြန်မာ မွတ်စလင် ဗိုလ်ကြီးများ၊ ဗိုလ်များနှင့် ရေတပ်သားများ များစွာ ရှိကြပါသည်။

ကြည်းတပ်တွင်၊ ဗိုလ်မှူးတာရှင်ဘီအေ (ဂုဏ်ထူး)၊ ဒုဗိုလ် မှူးကြီး ဇင်စိုး ဘီအေ၊ ဗိုလ်မှူးအေးကြီး (ကျွန်တော်၏ တူ)၊ ရန်ကုန် ယူနီဗာစီတီ ကောလိပ်ကျောင်းမှ စစ်ထဲသို့ ဝင်ရန် လက်မှတ်ထိုးထားသော အင်ဂျင်နီယာ ကျောင်းသား များကို အင်ဂျင်နီယာနှင့်ဆိုင်ရာ ပညာသင် ပေးရသော Instructor နည်းပြဆရာမောင်အောင်သန်းသည်ကျွန်တော့် ၏သား ဖြစ်ပါသည်။ ကျွန်တော့်သားသည် (B.E) ဘီ အီး စစ်တပ်မှ ဖြစ်ပါသည်။ ကြည်းတပ်တွင် မြန်မာ မွတ်စလင် ဒုဗိုလ်မှူးကြီးများ၊ ဗိုလ်မှူးများ၊ ဗိုလ်ကြီးများ၊ အခြားဗိုလ် များနှင့် ငယ်သားများ မြောက်မြားစွာ ရှိကြပါသည်။

## ဝန်ကြီးများနှင့်အမတ်များ

ခရစ်သက္ကရာဇ် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် လူမသမာတို့ လုပ်ကြံသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ပညာရေးဝန်ကြီး ဆရာကြီး ဦးရာဇတ် (B.A) နှင့် အခြား ဝန်ကြီး ၅ ဦးပါ ကျဆုံးကြရလေ၏။ ဆရာကြီး ဦးရာဇတ် သည် မန္တလေးမြို့ အမျိုးသား အထက်တန်းကျောင်းကို တည် ထောင်၍ နှစ်ပေါင်းများစွာ ကျောင်းအုပ်ဆရာကြီး လုပ်ခဲ့သူ ဖြစ်ပါသည်။ လူတော်လူကောင်းတစ်ယောက် ဖြစ်ပါသည်။

ဦးခင်မောင်လတ် B.A.B.L. မှာတရားရေးဌာနဝန်ကြီးနှင့် ဝန်ကြီး ဦးရာရှစ် M.A မှာ သတ္တုတွင်းဌာနဝန်ကြီး၊ ယခု လက်ရှိ ပညာရေးဝန်ကြီး ဦးကာ M.A မှာ(ရန်ကုန် ယူနီဗာ စီတီ ကောလိပ်ကျောင်းဆရာကြီး) ဦးဖေခင်မှာ B.A.B.L ယခုလက်ရှိ အိဂျစ်သံအမတ်ကြီးတို့ ဖြစ်ကြပါသည်။

ဆရာကြီး ဦးကိုးချယ်မှာ ယခုလက်ရှိ လွှတ်တော်အမတ် ဒေါ်စောရွှေမှာ အမျိုးသမီးလွှတ်တော်အမတ်နှင့် ယခုလက်ရှိ အခြားမြန်မာမွတ်စလင် လွှတ်တော်အမတ်များ များစွာရှိကြ ပါသည်။

ထို့ပြင် သမာဓိမြို့ဝန်များလည်း မြောက်မြားစွာ ရှိကြ ပါသည်။

## အုပ်ချုပ်ရေးဘက်တွင်

တိုင်းမင်းကြီး ဦးဘစိန်၊ စက်ရှင်မင်းကြီး ဦးအုန်းခင်၊ အရေးပိုင် ဦးဘချင်၊ အရေးပိုင် ဦးတင်ဦးနှင့် အခြားအရေးပိုင် များ၊ နယ်ပိုင် ဝန်ထောက်များ၊ မြို့အုပ်များ၊ စာရေးစာချီများ မြောက်မြားစွာ ရှိကြပါသည်။

ရဲဘက်တွင် ရဲဝန်ကြီး ဦးမောင်ကလေး D.S.P နှင့် အခြားသော D.S.P များ၊ ရဲဝန်ကလေး ဦးဘထွန်း Dy. S.P ၊ ဝန်ကလေး ဦးသိန်းတန် Dy.S.P အခြား ရဲဝန်ကလေးများ၊ ရဲအုပ်နှင့်တိုက်ပိုင်များနှင့် ယဲသားများမြောက်မြားစွာ ရှိကြပါသည်။

## ကျောင်းဆရာများ

ရန်ကုန် ယူနီဘာစီတီ ကောလိပ်ကျောင်းတွင် ကျောင်းဆရာကြီး ပါဠိပါမောက္ခ ဦးကာစင်နှင့် အခြားဆရာများနှင့် ဆရာမများ မြောက်မြားစွာ ရှိသည်။ မန္တလေး ယူနီဘာစီတီ ကောလိပ်ကျောင်းတွင် ပါဠိဆရာ ဦးကို M.A ဆရာ ဟာဂျီ ဦးအလီ၊ အခြားဆရာနှင့်ဆရာမ ကိုးယောက်ရှိပါသည်။ထို့ပြင် အမှတ် ၃၊ အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးဘသော် B.A.M.R.S.L. အမှတ်တမ်းလျက် ရှိပါသည်။

ထို့ပြင် ဖမော်လမြိုင် ယူနီဘာစီတီ ကောလိပ်ကျောင်းနှင့် မကွေး ယူနီဘာစီတီ ကောလိပ်ကျောင်းများ တွင်လည်း ဆရာ၊ ဆရာမများ များစွာရှိကြပါသည်။

## ဂီတပညာသည်များ

ကုလားဝန်မင်း မူလ္လာအီစမန်အင်၏သား မူလ္လာဦးအလီ ခေါ် ဦးမောင်မောင်လတ်က 'ဂီတဝိသောဓနီ' ခေါ် ဂီတဘာက် ဆိုင်ရာစာအုပ်ကို ပထမဦးစွာ ပြုစုစီရင်ရေးသား ပုံနှိပ်ထုတ်ဝေ ခဲ့၏။ ဦးမောင်မောင်လတ်သည် အင်္ဂလိပ်လက်ထက် ရန်ကုန်မြို့ ဂီတကျောင်းတွင် စောင်းကောက်ဆရာကြီး ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ သူ့သီချင်းများကို နေ့တိုင်းလိုလို အသံလွှင့်ပေးသည့် ပြည်မြို့မှ အဆိုကျော် ဦးအလီ မှာလည်း ,ထင်ရှားသော မြန်မာမှုတ်စလင် အနုပညာသည် ဖြစ် ပါသည်။

## သူဌေးများ

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားအမြို့မြို့အရွာရွာတို့တွင် မြန်မာမှုတ်စလင်ထဲမှ ချမ်းသာ ကြွယ်ဝသော သူဌေးများနှင့် ကုန်သည်ကြီးများ မြောက်မြားစွာ ရှိကြပါသည်။

မသိသေးသောသူများ သိကြစေရန်နှင့် သိပြီးသောသူများ
ထပ်၍ သိကြစေရန် နန်းစံသက္ကရာဇ်
အိမ်နိမ့်စံ၊ စည်းစိမ် နံတော်။ သက္ကရာဇ်ဖြိုနှင့်
မြို့တည်သက္ကရာဇ်များ အကြောင်း။

| မြို့နှင့်မင်းတို့၏အမည် | နန်းစံ သက္ကရာဇ် | အိမ်နိမ့်စံ | စည်းစိမ် | နံတော် |
|---|---|---|---|---|
| သရေခေတ္တရာပြည်မြို့တွင် မင်းပေါင်း ၂၇ ဆက် နန်းစံခဲ့ကြလေ၏။ ဦးစွာအစမှာ | | | | |
| မဟာသမ္ဘဝ၊ ဆသုည၊ ခဏ ခြောက်နှစ်ခင်း | ၆၀ | ၂၀ | ၆ | ၂ |
| သမ္မုဒ္ဒရီခေါ်၊ သားဦးတော်၊ ကျော်လျှံ ခုနစ်နှင်း၊ ဒေါ်ဒေါ်ရသ၊ ဖြိုကိန်းရ၊ သေသနှစ်ခုကြွင်း။ သက္ကရာဇ် ၆၂၄ ကို ၆၂၂ ခု ဖြို၍ အကြွင်း ၂ ခု ထား၏။ ရင်းဖြိုသောနှစ်တွင်၊ ရင်း မင်း နတ်ပြည် စံတော်မူလေ၏၊ | ၆၁၇ | ၂၄ | ၇ | ၀ |

| မြို့နှင့်မင်းတို့၏အမည် | နန်းစံ သက္ကရာဇ် | အိမ်မဲ နှိမ့်စံ | စည်း စံမဲ | နံ ကျောင်း |
|---|---|---|---|---|
| ပုဂံပြည်တွင် မင်းပေါင်း ၅၅-ဆက် နန်းစံခဲ့လေ၏။ | | | | |
| ဦးသွားအမှော | | | | |
| သမုဒ္ဒရာဇ်၊ စောစမ္ပာနော စကောလွှင်ပြီးအင်း | ၂၉ | ၃၂ | ၄၅ | ၁ |
| ပုပ္ပားစောရဟန်း၊ မြန်စံမြန်း၊ စိမ်ဘင်ကြံတတ်မင်း။ | ၅၃၅ | ၃၅ | ၂၈ | ၅ |
| ခဆပဥ္စ၊ ရှည့်သက္က၊ ဖြိုထ နှစ်ခုကြွင်း၊ | | | | |
| သက္ကရာဇ်၅၆၂ခုကို ၅၆၄ ဖြို၍ ၂ ခု အကြွင်းထား၏။ | | | | |
| ၎င်းဖြိုသောနှစ်တွင် ၎င်း မင်းနတ်ပြည်စံတော်မူလေ၏ | | | | |
| သုမုဒ္ဒရီမင်း လက်ထက် သက္ကရာဇ် ၆၂၂ ဖြိုလေ၏။ | | | | |
| ပုပ္ပားစောရဟန်းမင်း လက်ထက လက္ကရာဇ် ၅၆ ဖြိုလေ၏။ | | | | |
| ယခု ကောဇာ သက္ကရာဇ် ၁၃၂၀ ခုနှစ် ပေါင်းသော် သာသနာတော် သက္ကရာဇ် ၂၅၀၃ ခု ရှိလေပြီ။ | | | | |

| မြို့နှင့်မင်းတို့၏အမည် | နန်းစံ သက္ကရာဇ် | အိမ် နိမ့်စံ | စည်း စိမ် | နံတော် |
|---|---|---|---|---|
| ပင်းယတွင် မင်းပေါင်း ၆ ဆက် နန်းစံခဲ့ကြလေ၏။ ဦးဖွားအစမှာ | | | | |
| တစ်စီးရှင်ခံ၊ သောသောနှံ၊ စုံညကြူလွှင်ကျင်း။ ပြည်ဝိဇယာ၊ ပင်းယမှာ၊ ရာဇာ ၆ ဆက်မင်း။ | ၆၆၀ | ၃၃ | ၂၄ | ၂ |
| စစ်ကိုင်းမြို့တွင် မင်းပေါင်း ၇ ဆက် နန်းစံခဲ့ကြ၏။ ဦးဖွားအစမှာ | | | | |
| သခ်ယာစောယွန်း၊ သည်တိုတန်း၊ အောင်လန်း ရှစ်နှစ်ခင်း။ စစ်ကိုင်းဇေယျာ၊ မြို့နန်းမှာ ရာဇာ ၇ ဆက်မင်း။ | [illegible] | ၁၄ | ၈ | ၂ |

အထက်ပါ ဇယားကွက်တွင် ပါရှိသည့် နန်းစံသက္ကရာဇ် အိမ်နိမ့်စံ၊ စည်းစိမ်၊ နံတော်တို့မှာ ရာဇဝင် ပါမောက္ခ ရွှေပြည်ဆရာဦးဘသင် ပြုစုစီရင်ရေးသား ''မြန်မာစာပေလောက ပထမတွဲ''မှ ကူးယူဖော်ပြပါသည်။

### အင်းဝမြို့တည် သက္ကရာဇ်

"ထုတ်ခွန်သအင်းဝသည်" သတိုးမင်းဖျားသည် သက္ကရာဇ် ၇၂၆-ခုနှစ်တွင် အင်းဝမြို့ကြီးကို တည်ထောင်တော် မူသဖြင့် ယခုသက္ကရာဇ် ၁၃၂၁-ခုဆိုသော် မြို့တည်ပြီးမြို့သက်မှာ ၅၉၅ နှစ်ရှိပြီ။ သတိုးမင်းဖျားမှ ဟံသာဝတီရောက်မင်းထိ မင်းပေါင်း သုံးဆယ် နန်းစံခဲ့ကြလေ၏။

### ရွှေဘိုမြို့တည် သက္ကရာဇ်

"ဥသြသြော်မည် ကုန်းဘောင်တည်" ရွှေဘို အလောင်း မင်းတရားကြီး ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၁၁၅-ခုနှစ် တွင် ရွှေဘိုမြို့ကြီးကို သတ္တဌာနနှင့်တကွ တည်ထောင်တော် မူ၏။ ၎င်းသတ္တဌာနကား-၁။ ရွှေမြို့တော်၊ ၂။ ရွှေနန်းတော်၊ ၃။ ကျုံးတော်၊ ၄။ မဟာနန္ဒာကန်တော်၊ ၅။ ဖွားတော်မူ သောနေရာတွင် ရွှေချက်သိုစေတီတော်၊ ၆။ နတ်ကွန်းတော်၊ ၇။ ပဟိုရ်စည်ထားရန် မျှော်စင်တော်တို့ဖြစ်၏။ယခုသက္ကရာဇ် ၁၃၂၁-ခုဆိုသော် ရွှေဘိုမြို့သက်ကား ၂၀၆ နှစ် ကြာရှိပြီ။ ရွှေဘိုမြို့ကြီးကားငါးမည်ရ ပြည်ရွှေဘိုမြို့တည်း။ ၎င်းအမည်တို့ ကား ၁။ ရန်ကြီးအောင်၊ ၂။ ရတနာသိခ်၊ ၃။ ကုန်းဘောင်၊ ၄။ မုဆိုးဖို၊ ၅။ ရွှေဘိုဟူ၍ တာ ၄၄၀၀ အကျယ်အဝန်း ထား၍ ခဲ့ထွင် တည်ထောင်တော်မူ၏။ သို့အတွက် ရွှေဘိုစည် တော်သံတွင် ငါးမည်ရ ရွှေဘို အမည်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆိုကြ၏။ "ရန်ကြီးအောင်၊ ကုန်းဘောင်ခ ပါလို့ ငါးမည်ရ ပြည်ရွှေဘို ဘေးရန်ကပ်ပို့ မုဆိုးဖို ရန်ပြို့တဲ့ "နာသိခ်"မှာ ဘေးတော်ဒေသ"။

## အမရပူရမြို့တည် သက္ကရာဇ်

"အင်းအိုင်လှည့်လည် အမရတည်" ရွှေဘိုအလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ပဥ္စမ သားတော် ဘိုးတော် ဦးဝိုင်းကား သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် အမရပူရမြို့ကို သတ္တဌာနနှင့်တကွ တည်ထောင်တော် မူသည်။ ၎င်းသတ္တဌာနကား-၁။ ရွှေမြို့တော်၊ ၂။ ရွှေနန်းတော်၊ ၃။ ကျုံးတော်၊ ၄။ ရွှေဂူဘော်၊ ၅။ ကျောင်းတော်၊ ၆။ ပိဋကတ်တိုက်တော်၊ ၇။ ကန်တော်တို့ဖြစ်၏။ ယခုသက္ကရာဇ် ၁၃၂၁-ခု ဆိုသော် အမရပူရမြို့သက်မှာ အနှစ် ၁၇၇ နှစ်ကြာပြီ။

## မန္တလေးမြို့တည် သက္ကရာဇ်

"အောင်ကျော်ချမ်းအေး မန္တလေးရတနာပုံတည်" ဟူ၍လည်းကောင်း၊ "ဦးကျော်ကမ္မမ်းအစ် မန္တလေးတည် သက္ကရာဇ်" ဟူ၍ လည်းကောင်း၊ အမျိုးမျိုး သက္ကရာဇ်နှင့် ကိုက်ညီအောင် စပ်ဆိုထားကြ၏။ ရွှေဘိုအလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ♦ "တီတော်" ရွှေဘိုမင်း၏ သားတော် မင်းတုန်းမင်း တရားကြီးသည် သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မန္တလေးမြို့ကြီးကို စတင် တည်ထောင်တော်မူသဖြင့် ယခု သက္ကရာဇ် ၁၃၂၁ ဆိုသော် မန္တလေးမြို့သက် အနှစ် ၁၀၀ တိတိ ရှိ၏။

မန္တလေးမြို့ကြီးကား သုံးမည်ရတည်း။ ၎င်းတို့မှာ ၁-ရတနာပုံ၊ ၂-ရတနာဘုံမ္မိ၊ ၃-မန္တလေးဟူ၍ တာ ၂၄၀၀ အကျယ်အဝန်းထား၍ တည်တော်မူ၏။

## (၅၃) ကုန်းဘောင်ဆက်ခေါ် မုဆိုး (၁၁) ဆက် တေးထပ်နှင့် အဓိပ္ပာယ်

"ဇအောင်အောင်ဇေ အမျုးမြောက်၊ ထူးသလောက်တင်မူ၊ ဦးလောက်ပ ဘုရင်တစ်ဆူ၊ ဆင်ဖြူရှင်တစ်ခန်း၊ ၊စဉ့်ကူးမင်း ကောင်းစားမှီ ဘောင်းကားညီလုတဲ့ ရေနံ့၊ ဦးဝိုင်းပ၊ ပထမ ခေါင်ပျော်၊ မြဆောင်ပေါ်ရေဖျန်း၊ အမရ ဆောင်တော်ဘွေကြွင်းမှာလ၊ ရွှေစာတမ်းမွဲပြန်။ ။ ကုန်းဘောင်ပျော်နေ စိုဝင်းပါဘိ၊ ရွှေဘိုမင်း သားမြဟ်ပုဂံ။ ။ ချမ်းအေးလို့ ပန်းမွှေးပန်သည်၊ မန္တလေးစံထောင် လက်ရိုးရယ်နှင့်၊ မင်းတုန်းမင်း သီပေါအရှင် ထီးနှင့်ပလ္လင်။ ။(၁၁) ဆက် အုပ်စိုးတင်သည် မုံဆိုးဘုရင်၊ ကြွင်းမို့လေး....စခန်းမို့လေး။"

၁။ "အောင်အောင်ဇေ အမျုးမြောက်၊ ထူးသလောက်တင်မူ"ဆိုသည်မှာ ရွှေဘိုအလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် လူတော်လူကောင်း ဖြစ်သည့်အတွက် ကမ္ဘာတည်ဦး မဟာသမ္မတမင်းကဲ့သို့ လူထုက ဘုရင် မြှောက်ကြလေသည်။

၂။ "ဦးလောက်ပ ဘုရင်တစ်ဆူ"ဆိုသည်မှာ ငယ်မည် ဦးလောက်ခေါ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ပထမသားတော် "နောင်တော်ကြီးမင်း" ရွှေဘိုမြို့၌ နန်းတက်သည်။

၃။ "ဆင်ဖြူရှင်တစ်ခန်း"ဆိုသည်မှာ ငယ်မည် မောင်ယွခေါ် အလောင်းမ းတရားကြီး ဦးအောင်ဇေယျ၏ ဒုတိယ

သားတော် ဆင်ဖြူရှင်ခေါ် "မြေထူးမင်း" ရွှေဘိုမြို့၌ နန်းတက်လေ၏။

၄။ "စဉ့်ကူးမင်းကောင်းစားမိ" ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မြေးတော် မြေထူးမင်း၏ သားတော် "စဉ့်ကူးမင်း" နန်းတက်လေ၏။

၅။ "ဘောင်းကားညီ လုတဲ့ရွှေနန်း" ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မြေးတော်၊ နောင်တော်ကြီးမင်း၏ သားတော် "ဘောင်းကား ရွာစား မောင်မောင်" နန်းတက်လေ၏။ (၇- ရက်သာ နန်းစံရလေ၏။)

၆။ "ဦးဝိုင်းပ-ပထမခေါင်ပျော်၊ မြဆောင်ပေါ် ရေဖျန်း" ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ပဟာမသားတော် "ဘိုးတော် ဦးဝိုင်းသည်" သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် အမရပူရ မြို့တည် နန်းတည်၍ မုဒ္ဒါဘိသိက် ခံတော်မူလေ၏။

၇။ "အမရဆောင်တော် မွေ့ကြဌန်းမှာလ၊ ရွှေစာတမ်းဖွဲ့ပြန်"ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏မြစ်တော် ဘိုးတော် ဦးဝိုင်း၏ မြေးတော် စစ်ကိုင်းမင်းကို ဘိုးတော် ဦးဝိုင်းက မရှိလျှင် ဘုရင်ပေးရမည်ဟု ရွှေနန်းတော် အဆောင်တော်ပေါ်တွင် မင်းပရိသယ် အစုံအညီရှေ့၌ အမိမ့်ရှေ့ အရာပေးတော်မူ၏။ ပေးသည့်အလျောက် ဘိုးတော်ဦးဝိုင်း နတ်ပြည်စံတော်မူသောအခါ စစ်ကိုင်းမင်း နန်းတက်လေ၏။

၈။ "ကုန်းဘောင်ပျော် နေလိုဝင်းပါဘိ" ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မြစ်တော်၊ ဘိုး

ယောဘ်ဦးပိုင်း၏မြေးတော် (စစ်ကိုင်းမင်း၏ ညီတော်) ကုန်းဘောင်မင်းခေါ် ရွှေဘိုမင်းသည် အလွန်ဘုန်းကြီး၍ လူတိုင်းကြောက်ကြရ၏။ မစ်ရေးစစ်ရာ၊ ရာဇပရိယာယ်၊ သူရသတ္တိနှင့်ပြည့်စုံ၏။ ၎င်းမင်းနန်းတက်လေ၏။

၉။ "ရွှေဘိုမင်း သားမြတ်ပုဂံ" ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ တီတော် ကုန်းဘောင်မင်းခေါ် ရွှေဘိုမင်း၏သားတော် ပုဂံမင်းနန်းတက်လေ၏။

၁၀။ "ချမ်းအေးလို့ ပန်းမွှေးပန်သည်၊ မန္တလေးစံထောင်လက်ရုံးရယ်နှင့်၊ မင်းတုန်းမင်း" ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏တီတော် ကုန်းဘောင်မင်းခေါ် ရွှေဘိုမင်း၏သားတော် 'မင်းတုန်းမင်းတရားကြီး' သည် ထောင်ပေါင်း များစွာသော စစ်သည်ဗိုလ်ပါ တပ်သားအပေါင်းတို့နှင့် ရွှေဘိုမြို့တွင် နန်းတက်တော်မူလေ၏။

၁၁။ "သီပေါ အရှင် ထီးနှင့် ပလ္လင်" ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ တွတ်တော်၊ ရွှေဘိုမင်း၏မြေးတော်၊ သီပေါမင်းနှင့် ခမည်းတော် မင်းတုန်းမင်းတို့ စိုးစံခဲ့ကြသော ထီးနှင့်ပလ္လင်များ ဖြစ်ခဲ့ကြ၏ဟု ဆိုလို၏။

ခမည်းတော် မင်းတုန်းမင်းတရားကြီးသည် (ဘိုးတော် ဦးဝိုင်းက မြေးတော် စစ်ကိုင်းမင်းကို ၎င်းနတ်ပြည်မစံမီ ထီးနန်းပေးတော်မူသကဲ့သို့) သားတော် သီပေါမင်းကို ထီးနန်းပေးခဲ့လေ၏။ သို့အတွက် သီပေါမင်း နန်းတက်လေ၏။

၁၂။ "ဆယ့်တစ်ဆက် အုပ်စိုး တင်သည်၊ မုဆိုးဘုရင်ကြင့်နန်းမို့ လေး၊ စခန်းမို့ လေး" ဆိုသည်မှာ ရွှေဘိုအလောင်း

မင်းတရားကြီး ဦးအောင်ဇေယျသည် သမင်၊ ဒရယ်၊ ချေ၊ ငယ်၊ စိုင်၊ ဆတ်တို့ကို လိုက်လံပစ်ခတ်ပြီး စားသောက်သော မုဆိုး မဟုတ်ပါ။

ပုဂံပြည် နရပတိစည်သူခေါ် အလောင်းစည်သူ မင်းကြီးသည် တိုင်းခန်းလှည့်လည်သောအခါ ရွှေဘိုမြို့တည်မည့် နေရာသို့ ရောက်လာစဉ်၊ ရွှေတံဇာဘုရားတည်ပြီး 'မုဆိုးငပို'ကို ဘုရားအစောင့်ထားခဲ့၏။ ထိုအခါ 'မုဆိုးငပို' တစ်ယောက်တည်းနေရာက တစ်စတစ်စ ရွာငယ်ကလေး ဖြစ်လာ၏။ ၎င်းရွာကို မုဆိုးငပို နေသည့်အတွက် 'မုဆိုးပိုရွာ'ဟု ခေါ်ကြ၏။ သက္ကရာဇ် ၁၁၁၅-ခု၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ မြို့တည်၊ နန်းတည်သောအခါ 'ရွှေဘိုမြို့'ဟု ခေါ်တွင်စေ၏။ သို့သော် ငါးမည်ရ ပြည်ရွှေဘို၏ အမည်တွင် မုဆိုးပို အမည်ပါထည့်၍ မှည့်ခေါ်တော်မူလေ၏။

(၅၄) ကုန်းဘောင်ဆက်ခေါ် မုဆိုး ၁၁ ဆက်၊ အိမ်နိမ့်စံ၊ နန်းစံနှင့် သက်တော်များ အကြောင်း

(က) အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ"

အလောင်းမင်းတရားကြီးဦးအောင်ဇေယျကား သက္ကရာဇ် ၁၀၇၆ ခု၊ တော်သလင်းလပြည့် သော်ကြာနေ့ ညဉ့် တစ်ချက်တီးကျော်တွင် ဖွားမြင်တော်မူသည်။

သက္ကရာဇ် ၁၁၂၂ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ မိုးသောက်ယံအချိန်တွင် မုတ္တမနယ် ကင်းရွာ၌ နတ်ပြည်စံတော်မူသည်။

အိမ်နိမ့်စံ ၃၇ နှစ်နှင့် ခုနစ်လ၊ စည်းစိမ်ရှင် ၈ နှစ်နှင့် ၀၄ လ၊ သက်တော် ၄၅ နှစ်နှင့် ၈ လ တွင် ယိုးဒယားပြည်

က အပြန် မြန်မာပြည်အတွင်း မုံ့ဘ္ဘမနယ် ဘင်းရွာတွင် နတ်ပြည် စံတော်မူ၏။

အလောင်းတော်ကို ရွှေဘိုမြို့တော်သို့ ဆောင်ယူလာပြီး ကြေးဝတေးမင်း-- မန္တာတ် မင်းတို့ကို သဂြိုဟ် သကဲ့သို့ ကြီးကျယ်ခမ်းနားစွာ နန်းမြို့တော် အတွင်းဝယ် မီးသဂြိုဟ်တော်မူ၏။

နံတော် သောကြာသားတည်း။ မြန်မာပြည်တွင် ကျော်ကြားသော မင်းသုံးပါးအနက် တစ်ပါး အပါအဝင် ဖြစ်၏။ ၎င်းသုံးပါးမှာ ၁။ အနော်ရထာ၊ ၂။ ဘုရင့်နောင်ကျော်ထင်၊ နော်ရထာ ၃။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ဖြစ်၏။

သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် ရတနာသိင်္ခ ကုန်းဘောင် ရွှေဘိုမြို့ကြီးကို တည်တော်မူ၏။ သက္ကရာဇ် ၁၁၁၇ ခုနှစ်တွင် ဒဂုန်ရွာကို ဤရွာမှနေပြီး "ရန်" ဟူသမျှတို့ကို "ကုန်" အောင် တိုက်ခိုက်ရှင်းလင်းမည်ဆိုပြီး "ရန်ကုန်မြို့" ဟူ၍ မြို့သစ် တည်ဆောက်တော်မူ၏။ သို့အတွက် ရန်ကုန်မြို့သည် ရွှေဘိုအလောင်းမင်း တရားကြီး ဦးအောင်ဇေယျ တည်သောမြို့ဟု အမြဲမှတ်ကြပါလေ။ ရန်ကုန်မြို့ကို၊ မြို့သစ်၊ ကျုံး၊ မြောင်းတံခါး ပြအိုး စသော မြို့၏အင်္ဂါပြည့်စုံစွာဖြင့် ခုနစ်ရက်နှင့်ပြီးအောင် တည်လုပ်တော်မူသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ အဆက်အနွယ်မှာ၊ ပုဂံပြည် ပြူစောထီးမင်းမှ အလောင်းမင်းတရားကြီးတိုင် သား၏ သားဖြင့် မပြတ်နွယ်ဆက် ဆင်းသက်ခဲ့သော ၄၇ ဆက်သော အာဒိစ္စဝံသ အသမ္ဘိန္နသာကီယ အနွယ်

တော်ဘည်း။ (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ပထမအုပ် စာမျက်နှာ ၆ ကို ရှုပါ၊)

အလေလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ခမည်းတော်မှာ သီရိမဟာ မွေရာဇာ=မင်းညိုစံ မုဆိုးပိုစားတည်း။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မိဖုရားခေါင်ကြီး ''ခင်ကောင်းစံ''မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မယ်တော်မောင်အရင်း စည်ပုတ်ကရာမြို့စား ရှေကာ တစ်ထောင်မှူး၏ သမီးတည်း။ ဆွေကြီးမျိုးကြီး သာကီဝင်မင်းမျိုးများ ဖြစ်ကြပါသည်။

အလေလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ကိုယ်အမူအရာနှင့် ပတ်သက်၍ ဖူးမြင်ရသော ကပ္ပတိန် ဘေကာ၏ မှတ်တမ်းတွင် အရပ်တော် ၅ပေ ၁၁ လက်မခန့်ရှိ၍ ကျန်းမာသော ရုပ်လက္ခဏာရှိကြောင်း၊ သန်မာ၍ တင့်တယ်ညီညွတ်သောလုံးရပ်သဏ္ဍာန်ရှိကြောင်း၊ အသားညို၍ မျက်နှာသွယ်ပြီးလျှင် ကျောက်ပေါက်မာ သက်သက်ရှိကြောင်း မျက်နှာထား တည်ကြည် မာတင်းကြောင်း၊ ရာဇဣန္ဒြေနှင့် ပြည့်စုံတော်မူကြောင်း စသည်ဖြင့် ရေးသားသားလေသည်။

(ခ) ပထမ သာ တော် နောင်တော်ကြီးမင်း

နောင်တော်ကြီးမင်းကား သက္ကရာဇ် ၁၁၂၂-ခု၊ နယုန်လပြည့်ကြော် ၉-ရက်နေ့၊ ရွှေဘိုမြို့တော်တွင် ခမည်းတော်၏ အရိုက်အရာ ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးအုပ်တော်မူ၏။ သက္ကရာဇ် ၁၀၉၆-ခု၊ ဝါခေါင်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့သို့အဝင် ညဥ့် နှစ်ချက်တီးကျော်တွင် ဖွားမြင်၏။ သက္ကရာဇ် ၁၁၂၅-ခု၊ နတ်တော် လပြည့်ကျော် ၉ ရက်၊ တနင်းလာခနေ့

တွင် နတ်ပြည်စံတော်မူလေ၏။ အိမ်နိမ့်စံ ၂၅ နှစ်နှင့် ဆယ်လ၊ စည်းစိမ်သုံးနှစ်နှင့် ခြောက်လဖြစ်၍၊ သက်တော် ၂၉ နှစ်နှင့် လေးလ၌ ရွှေဘိုမြို့တော်တွင် နတ်ပြည်စံတော်မူ၏။ ခမည်းတော် ၏ သင်္ချိုင်းဘေးနားတွင် စကြာဝတေးမင်း၊ မန္ဓာတ်မင်းတို့ကို သင်္ဂြိုဟ်သကဲ့သို့ ကြီးကျယ်ခမ်းနားစွာ မီးသင်္ဂြိုဟ်တော်မူ၏။ နံတော် အင်္ဂါသားတည်း။

သက္ကရာဇ် ၁၁၂၄-ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့တွင် စစ်ကိုင်းမြို့နန်းတော် တည်လုပ်ပြီးပြေလျှင် စစ်ကိုင်းမြို့ကို မဟာဇေယျပူရ မော်ကွန်းစိုက်ထူတော်မူ၍ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူပြီးလျှင် ရတနာသိင်္ခ နေပြည်တော်နှင့် မဟာဇေယျပူရ နေပြည်တော် နှစ်မြို့နန်းဝယ် ကူးသန်း စံတော်မူ၏။ စစ်ကိုင်းမြို့တည်ပြီးရှစ်လအရ ရွှေဘိုမြို့တော်၌ နတ်ပြည်စံတော်မူ၏။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ညီတော်အရင်း 'သတိုးသိင်္ခသူ'ကို တောင်ငူမြို့တွင် ဘုရင်ခံအဖြစ်နှင့် ထားတော်မူ၏။ အလောင်းမင်းတရားကြီး နတ်ပြည်စံလွန်လေသော်၊ တောင်ငူဘုရင်ခံ သူပုန်ထသဖြင့် နောင်တော်ကြီးမင်း ကိုယ်တော်တိုင် သွားရောက် နှိမ်နင်း တိုက်ခိုက်သောအခါတွင်မှ အောင်တော်မူခဲ့၏။

### ဒုတိယသားတော် ဆင်ဖြူရှင်မင်းခေါ် မြေဒူးမင်း

ဆင်ဖြူရှင် မင်းတရားခေါ် မြေဒူးမင်းကား သက္ကရာဇ် ၁၀၉၈ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ နံနက် လေးချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူသည်။ သက်တော် ၂၇ နှစ်နှင့် လေးလတွင် မင်းအဖြစ်သို့ ရောက်တော်မူသည်။ ၁၂ နှစ်နှင့် ခြောက်လ မင်းအဖြစ် စံတော်မူ၏။

သက်တော် ၃၉ နှစ်နှင့် ၁၀ လတွင် နတ်ပြည် စံတော်မူသည်။

ဤမင်းသည်ကား သက္ကရာဇ် ၁၁၂၀ ခု ပြာသိုလဆန်း ၁၀ ရက်နေ့တွင်၊ အင်းဝမြို့ကို ပြင်ဆင်၍ ရွှေဘိုမြို့တော်မှ အင်းဝမြို့သို့ ပြောင်းရွှေ့ စံနေတော်မူ၏။ အသက် ၁၇ နှစ်မှစ၍ ခမည်းတော် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် အတူ အပြည်ပြည်သို့ စစ်တိုက်ခဲ့လေ၏။ သို့အတွက် စစ်ရေး စစ်ရာ အလွန်နားလည် ကျွမ်းကျင်၏။ ကြောက်စိတ်ဟူ၍ မြူမျှ မရှိ၊ စိတ်လည်း အလွန်ခက်ထန်၏။

## (ဿ) မြေးတော်စဉ့်ကူးမင်း

ဆင်ဖြူရှင်မင်းခေါ် မြေထူးမင်း၏သားတော် စဉ့်ကူးမင်းသည် သက္ကရာဇ် ၁၁၁၈ ခု ကဆုန်လဆန်း ၁၂ ရက် တနင်းလာနေ့ နံနက် လေးချက်တီးကျော်တွင် ဖွားမြင်တော်မူသည်။

သက္ကရာဇ် ၁၁၃၈ ခု နယုန်လပြည့်ကျော်ကိုးရက် တနင်္ဂနွေနေ့ သက်တော် နှစ်ဆယ်နှင့် တစ်လတွင် မင်းအဖြစ်သို့ ရောက်တော်မူသည်။ မင်းအဖြစ် စံတော်မူ၍ သက်တော် ၂၅ နှင့် ကိုးလတွင် နန်းကျတော်မူသည်။

## [၄] မြေးတော်ဘောင်းကားစား မောင်မောင်

ဘောင်းကားရွာစားမောင်မောင်ကား သက္ကရာဇ် ၁၁၂၅ ခု သီတင်းကျွတ်လဆန်း ၆ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ အသက် ၁၈ နှစ်နှင့် လေးလတွင် မင်းဖြစ်၍ မင်းစည်းစိမ် ခုနစ်ရက်တွင် နန်းကျ၏။ -

## (၈) ရွှေဘို ဆလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ပဉ္စမ သားတော် ဘိုးတော် ဦး ဝိုင်း

ဘိုးတော်မင်းတရားကြီးကား သက္ကရာဇ် ၁၁၀၆-ခုတန်ခူး လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့၊ ည၃ သုံးချက်တီးကျော်တွင် ဖွားမြင်တော်မူ၏။ သက်တော် ၃၇-နှစ်၊ သက္ကရာဇ် ၁၁၄၃-ခု တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့တွင် ရတနာပူရ အင်းဝရွှေနန်းကို တက်သိမ်း စိုးစံတော်မူ၍ မင်းပြု တော်မူသည်။ အိမ်နိမ့် ၃၆ နှစ်နှင့် ဆယ်လ၊ ရွှေနန်းတော် ထက် စည်းစိမ် ၃၇ နှစ်နှင့် လေးလ ဖြစ်၍ သက်တော် ခုနှစ် ဆယ့် လေးနှစ်နှင့်နှစ်လ သက္ကရာဇ် ၁၁၈၁၊ နယုန်လဆန်း ၁၃ ရက်နေ့၊ ည လေးချက်တီးကျော်၌ လူ့ပြည်တွင် ငြိမ်းငွေ့၍ နတ်ပြည်သို့ ပြောင်းစံတော်မူသည်။ မုံဆိုး ၁၁ ဆက်တွင် ဘိုးတော် ဦးဝိုင်းကား နန်းသက် အရှည်ဆုံးမင်း ဖြစ်လေ၏။ သက္ကရာဇ် ၁၁၂၄-ခုတွင် ရွှေဘိုမြို့တော်တွင် ဘိုးတော် ဦးဝိုင်း သားအကြီးဆုံး အိမ်ရှေ့ဥပရာဇာကို ဖွားမြင်၏။ ၎င်းရွှေဘို သား အိမ်ရှေ့မင်းသည် ရခိုင်ပြည်မှ မဟာမုနိဘုရားကို သက္က ရာဇ် ၁၁၄၅-ခုနှစ်တွင် ပင့်ဆောင်ခဲ့လေ၏။ ဘိုးတော်ဦးဝိုင်း သည် အဌာရသ ၁၈-ပါးသော အတတ်တို့ကို သူမတူအောင် တတ်သောဟူ၏။ ကိုယ်အမူအရာ အနေအထားကား ဖြူဖြူ တုတ်တုတ် ဆောင်ထောင် မောင်းမောင်း ရင်ကျယ်ကျယ်နှင့် လူချောလူလှ အသားဖြူဖြူ မုတ်ဆိတ်မွေးထားရှိလေ၏။ (မုတ် ဆိတ်ထားရှိကြောင်း ရွှေကိုင်းသား အမည်ခံ ဦးသောဘိတ ဦးပဥ္စင်း စီရင်ရေးသားသော မြန်မာတို့၏ ဆင်ယင်ထုံးဖွဲ့မှု စာ အုပ်စာမျက်နှာ ၆၄ တွင်ပါရှိလေ၏။) သက္ကရာဇ် ၁၁၄၄-ခုနှစ် တွင် အမရပူရ ပထမမြို့တည် နန်းတည်မင်း ဖြစ်လေ၏။

## (ဃ) ဘကြီးတော်စစ်ကိုင်းမင်း

ဘကြီးတော် စစ်ကိုင်းမင်းကား သက္ကရာဇ် ၁၁၄၆ ခု ဝါဆိုလဆန်း ၇ ရက်၊ သောကြာနေ့သို့အဝင် ညဥ့် သုံးချက်တီး ကျော်တွင် ဖွားမြင်တော်မူ၍ သက်တော် ၂၃ နှစ်ရှစ်လနှင့် ၁၅ ရက်၊ သက္ကရာဇ် ၁၀၇၀ ပြည့် တန်ခူးလပြည့်ကျော် ၇ ရက်နေ့တွင် ဘိုးတော်မင်းတရားကြီးက အိမ်ရှေ့နှင်းအပ်တော်မူရာ အိမ်ရှေ့စည်းစိမ်တော ၁၁နှစ် တစ်လနှင့်နှစ်ရက် စံနေတော်မူပြီး ဘိုးတော်မင်းတရားကြီး နတ်ပြည်ပြောင်းစံတော်မူလျှင် သက္ကရာဇ် ၁၁၈၁ ခု၊ နယုန်လဆန်း ၁၄ ရက်၌ ရွှေဘုံရွှေနန်းကို တက်သိမ်း စံပယ်တော်မူသည်။ သက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် ညီတော် ရွှေဘိုမင်းကို နန်းလွှဲပေးတော် မူရ၏။ သက္ကရာဇ် ၁၂၀၈ ခု သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့တွင် နတ်ရွာစံတော်မူလေသည်။ ၎င်းမင်းကို ခြေးတော် စစ်ကိုင်း ်င်းဟူ၍လည်း ခေါ်ကြ ရေးကြမှတ်ကြသည်။

အဘယ်ကြောင့်ဆိုသော် ဘိုးတော်ဦးဝိုင်း၏ မြေးအရင်းဖြစ်သောကြောင့်တည်း။ ဘကြီးတော် စစ်ကိုင်းမင်း ဟူ၍လည်း ခေါ်ကြ၏။ အဘယ်ကြောင့် ဆိုသော် ရွှေဘိုမင်း၏နောင်တော်အရင်းဖြစ်၍ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် အိမ်ရှေ့ကနောင်မင်းတို့နှင့်မူ ဘကြီးတော်သဖြင့် "ဘကြီးတော်"ဟုခေါ်ကြသည်။

ဘကြီးတော်ထံတွင် အမှုထမ်းခဲ့ကြသော ဝန်ကြီး အမတ်ကြီးများက အဝေးရောက်မင်းအား ပြေခပြသည်မှာ ဘကြီး

တော် စစ်ကိုင်းမင်း၏ ကိုယ်အမူအရာ အနေအထားကား အရပ်ခပ်ပြတ်ပြတ်၊ အသားမည်းမည်း၊ ကျောက်ပေါက်မ ခပ်သက်သက်၊ မျက်နှာလုံးလုံး ဖြစ်သည်ဆို၏။ ဤအကြောင်းကို အဝေးရောက်မင်းမှတစ်ဆင့် ကျွန်တော့်ကို ပြောပြပါသည်။ ဘကြီးတော်စစ်ကိုင်းမင်းသည် အဌာရသဆိုသိပ္ပဟူသောအတတ်မျိုးတို့ကို လေ့လာတတ်ကျွမ်း သိမြင်တော်မူ၏။ ယင်းသည့် အဌာရသ သိပ္ပတို့မှ ဆင်ကြန့် မြင်းကြန့် ပန်းချီပန်းပု အတတ်မျိုးတို့ကိုမူ သူမတူအောင် တတ်မြောက်တော်မူ၏။

ဘကြီးတော် စစ်ကိုင်းမင်းနှင့် ကုန်းဘောင် ရွှေဘိုမင်းတို့ကား ဘိုးတော် ဦးဝိုင်း၏ သားတော် အကြီးဆုံး အိမ်ရှေ့မင်း၏ သားတော်များတည်း။ သို့အတွက် ၎င်းမင်းများ လက်ထက်တော် အခါတွင် ဘိုးတော်-ဘိုးတော်ဟူ၍ ခေါ်ကြရေးကြ မှတ်ကြ၏။ နောက်ပိုင်းတွင် ဘိုးတော် ဦးဝိုင်းဟု တွင်လေ၏။

ဤဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ရဟန်းပညာရှိ မှူးမတ်ပညာရှိ ပုဏ္ဏားပညာရှိများနှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦးနန်းမစနှဦးနိုင်းညှိ၍ အသင့်ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသည်။

## (၈) ညီတော်ရွှေဘိုမင်းခေါ် ကုန်းဘောင်မင်း

ရွှေဘိုမင်းခေါ် ကုန်းဘောင်မင်းကား သက္ကရာဇ် ၁၁၄၈ ခု တပေါင်းလပြည့်ကျော် ၁၀ ရက် ညဉ့် တစ်ချက်တီးကျော်တွင် ဖွားမြင်တော်မူသည်။ နံတော် ဗုဒ္ဓဟူးသားတည်း။ သက္ကရာဇ် ၁၂၀၈ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၄ ရက်နေ့ ညဉ့်တစ်ချက်တီးကျော် တစ်ပေါင်းခန့် အချိန်တွင် လူ့ပြည်ကြွ၍ နတ်ပြည်စံတော်မူလေ၏။ သက်တော် ၅၁ နှစ်နှင့် နှစ်လတွင် မင်းအဖြစ်သို့ ရောက်တော်မူလေသည်။ ကိုးနှစ်နှင့် ခြောက်လ မင်းအဖြစ် စံတော်မူ၍ သက်တော် ၆၀ နှင့် ရှစ်လတွင် နတ်ပြည်စံတော်မူလေ၏။

ဤမင်းကား ပညာရှိတို့ကို ချစ်ကြည်တော်မူ၏။ ပညာရှိတို့၏ စကားကို နာတော်မူ၏။ တည်ကြည် ရဲရင့်တော်မူ၏။ တိုင်းနေပြည်သူ ရှင်, လူ ရဟန်းတို့ကို ရွှေရင်တော်၌ ဖြစ်သော သားနှင့်မခြား ချစ်ခင်မစတော်မူ၏။ နှလုံး၊ လက်ရုံး၊ လုပ်ရည်ကြံရည်နှင့် ပြည့်စုံသူ မှူးမတ်တို့၏ အရည်အသွေးကိုလည်း သိတော်မူတတ်၏။

အမှုထမ်း ကျွန်တော်မျိုး အပေါင်းတို့ကို အရည်အလျောက် အထိုက်အလိုက် သူကောင်းပြုတော်မူ၏။ အလုံးစုံ အဋ္ဌာရသ သိပ္ပ အတတ်မျိုးတို့ကိုလည်း လေ့လာတတ်ကျွမ်း သိမြင်တော်မူ၏။ ပုဂံမင်း မင်းတုန်းမင်းနှင့် အိမ်ရှေ့ ဥပရာဇာ ကနောင်မင်းတို့သည် ကုန်းဘောင်မင်းခေါ် ရွှေဘိုမင်း၏ သားတော်များ ဖြစ်ကြလေ၏။

## (ဈ) ရွှေဘိုမင်း၏သားတော် ပုဂံမင်း

ပုဂံမင်းတရားကြီးကား သက္ကရာဇ် (၁၁၇၃)ခု ဝါဆို လဆန်း ၂ ရက် သောကြာနေ့ နှစ်ချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူ၏။ အိမ်နိမ့် ၃၅ နှစ်နှင့် လေးလ ၂၇ ရက် ဖြစ်၍ စည်းစိမ် ခြောက်နှစ် သုံးလနှင့် ၁၁ ရက်၊ သက်တော် ၄၁ နှစ်နှင့် ရှစ်လရှစ်ရက်၊ သက္ကရာဇ် ၁၂၁၄ ခု တပေါင်း လဆန်း ၁၁ ရက် ကြာသပတေးနေ့ နံနက် တစ်ချက်တီးကျော် အချိန်တွင် ရွှေဘိုရွှေနန်းထက်မှ ညီတော် မင်းတုန်းမင်းတရား ကို လွှဲပြောင်းပေးတော်မူ၏၊

သက္ကရာဇ် ၁၂၄၁ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက် နေ့တွင် ပုဂံမင်း နတ်ရွာစံတော် မူလေ၏။ စိတ်နှလုံး ရဲရင့် တည်ကြည်တော်မူ၏။ နှလုံး လက်ရုံး ထူးချွန်ရေးတို့ကိုလည်း မဆုတ်မနစ်ပြုတော်မူ၏။ မင်းတုန်းမင်းတရားကြီး နတ်ပြည် စံပြီး နောက်တစ်နှစ်မှ နတ်ရွာစံလေသည်။

## (ည) ကုန်းဘောင်မင်းဆက် ရွှေဘိုမင်း၏ သားမတော် မင်းတုန်းမင်းတရားကြီး

မင်းတုန်းမင်းတရားကြီးကား သက္ကရာဇ် ၁၁၇၆ ခု၊ ဝါဆို လပြည့်ကျော် ၄ ရက် အင်္ဂါနေ့ နေ့ နှစ်ချက်တီးကျော်တွင် ဖွားမြင်တော်မူ၏။ သက်တော် ၃၈ နှစ်၊ ခုနစ်လနှင့် ၂၃ ရက်၊ သက္ကရာဇ် ၁၂၁၄ ခု တပေါင်းလဆန်း ၁၁ ရက် ကြာသပတေးနေ့တွင် အမရပူရ ရွှေနန်းကို သိမ်းမြန်း အောင် မြင်၍ ရွှေဘိုမြို့တွင် မင်းပြုတော်မူသည်။ မင်းစည်းစိမ်မှာ

ရတနာသိမ်ရွှေဘိုမြို့ ရွှေနန်းတော်ဝယ် ရှစ်လနှင့် ၂၀ ရက်၊ အမရပူရ ရွှေနန်းတော်တွင် သုံးနှစ် ရှစ်လနှင့် ၂၂ ရက်၊ မန္တလေး ရတနာပုံ ရွှေမြို့တော်ကြီးဝယ် ၂၁နှစ် တစ်လနှင့် ၂၃ ရက်၊ အိမ်နိမ့် ၃၈ နှစ် ခုနစ်လနှင့် ၂၃ရက် ဖြစ်၍ ရွှေနန်းတက်တော်မူသည့်စည်းစိမ် ၂၅ နှစ်နှင့် ခြောက်လ ၂၅ ရက်၊ သက်တော် ၆၄ နှစ် နှစ်လနှင့် ၁၈ ရက်၊ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက် အင်္ဂါနေ့ နေ့ နှစ်ချက်တီးကျော် အချိန်တွင် လူ့ပြည်ငြီး၍ နတ်ပြည် ပြောင်းစံတော်မူ၏။

အမရပူရမြို့၌ နန်းစံစဉ် ကလေးသူငယ်များ သီဆိုသော တဘောင်ပေါ်သည့်အတိုင်း သက်တော် (၆၀) ကျော်တွင် နတ်ပြည်စံတော်မူလေ၏။ ရွှေဘိုမြို့တွင် ရာဇ ဘိသိက်ခံတော်မူ၍ မင်းအဖြစ်သို့ ယူခဲ့၏။ ညီတော် ကနောင်မင်းကိုလည်း အိမ်ရှေ့ ပေးခဲ့၏။ မန္တလေး ရတနာပုံ ပထမ မြို့တည် နန်း တည်ခဲ့၏။

သံဝစ္ဆရ အလှူတော်စာရင်းမှာ အစုစု ငွေပေါင်း ၂၂ကုဋေ ခြောက်သန်းဟူ၏။ ၎င်းအလှူစာရင်း၌ မက္ကာမြို့တော်တွင် မြန်မာ မွတ်စလင်များ တည်းခိုရန် ဆောက်လုပ်သော ဇရပ်တော်ကြီးပါ, ပါရှိလေ၏။ ပဉ္စမ သင်္ဂါယနာ တင်ခဲ့၏၊ မင်းတုန်းမင်းတရားကြီးကား အသားညို၍ မျက်နှာ မြား၍ ဝိုင်း၏။

## (စ) မင်းတုန်းမင်း ၏ သားတော် သီပေါမင်း

သီပေါမင်းတရားကား သက္ကရာဇ် ၁၂၂၀-ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂-ရက်၊ စနေနေ့ နံနက် လေးချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူ၏။ အိမ်နိမ့် ၁၉-နှစ်ကိုးလနှင့် ကိုးရက်၊ စည်းစိမ် ခုနစ်နှစ်တစ်လနှင့် ၁၇-ရက်၊သာသနာသက္ကရာဇ် (၂၄၃၉)၊ ကောဇာသက္ကရာဇ် ၁၂၄၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်၊ တနင်္ဂနွေနေ့၊ နေ့ သုံးချက်တီး အချိန်တွင် ရွှေဘုံ ရွှေနန်းထက်မှ လွှဲပြောင်းတော်မူ၍ လောကဓမ္မတာ သင်္ခါရတရား အလျောက် အင်္ဂလိပ်မင်းတို့ဆောင်ကြဉ်းရာ အိန္ဒိယနိုင်ငံသို့ လိုက်ပါတော်မူရလေ၏။ ပထမ မဒရပ်သို့ပို့ထား၏။ ထို့နောက် ရတနာဂီရိမြို့သို့ ရွှေ့ပြောင်းပို့ထား၏။ သက္ကရာဇ် ၁၂၇၈-ခု၊ သက်တော် (၅၈) နှစ်တွင် ရတနာဂီရိမြို့၌ နတ်ရွာစံတော်မူ၏။

မုဆိုး ၁၁-ဆက်တွင် ကျေးဇူးတော်ရှင် ရွှေဘိုအလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ရုပ်ပုံတော်ကို ရွှေလှော်သွင်း၍ ပထမသားတော် နှောင်တော်ကြီးမင်းမှစ၍ သီပေါမင်းတိုင် လက်စုံမိုး၍ရှိခိုးကြရ၏။ ၎င်းလက်စုံမိုး၍ ရှိခိုးရသောပါဠိကား "ဝိနဋ္ဌသာသနုက္ကာရော၊ အနုထာနံ၊ သုနံထတော၊ မံဝံသရက္ခကောယောတံ-သုမ္မရမာပကော်နမေ" ဟူ၍ ဖြစ်၏။ အထက်ပါ ပါဠိကို ရွတ်ဆိုပြီး ကျေးဇူးတော်ရှင် ရွှေဘိုအလောင်းမင်းတရားကြီး ဦးအောင်ဇေယျကို လက်စုံမိုး၍ မင်းအဆက်ဆက်တို့ ရှိခိုးကြရ၏။ အထက်ပါ ကျေးဇူးတော်ရှင် ရွှေဘိုအလောင်းမင်းတရားကို ဆယ်ဆက်သောမင်းတို့ လက်စုံ

မိုး၍ ရှိခိုးကြသောပါဠိကို ရာဇဝင်ပါမော်က္ခဆရာ မွှေ့ပြည့် ဦးဘတင်ထံမှ ရေးကူး၍ ထည့်သိုက်ရပါသည်။ ဤကဲ့သို့ မင်းအဆက်ဆက် ရှိခိုးရကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး သုံးအုပ်လုံးတွင် ပါရှိပါသည်။

ထို့ပြင် ယူနိဘာစီတီကောလိပ် ကျောင်းသုံး နေမိရကာန်စာအုပ်စာမျက်နှာ ၁၃ တွင် အောက်ပါအတိုင်း ရေးသားပါရှိလေ၏။ "နိုင်ငံအလုံး၊ ချောက်ချွားတုန်းကို၊ လက်ရုံးမီးတောက် ပွင့်ချိန်ရောက်မြို့မို့၊ မြောက်နဂါးဘို၊ မြေအုတ်ဘိုနှင့်၊ ရွှေဘိုသုံးဆူ၊ တံခွန်တူသည်တွင်၊ မတူနှန်းယောက်၊ဘုန်းရှိန်တော်မောက်ပြီးလျှင်၊ ခြောက်ကျိပ်ရှစ်ဦး၊ စစ်ရဲမှူးများနှင့် ရိုက်ကြူးအောင်စည်၊ ထန်းလုံးတပ်တည်ရှုပ်ပဲ၊ဂုဏ်ရည်မနွဲ့၊ စိုက်ထောင်ခဲ့သည့်၊ နိုင်ငံချွဲရွှေဘို၊ မြို့ရန်ဖြိုပါကို၊ ထိုထိုပြည်ထောင်ဘယ်နှယ်ပင် ထောင်သော်လည်း၊ ကုန်းဘောင်ဆိုက၊ ဦးနှိမ်လို့ချလည်၊ မြို့များမကိုင်ရှိ၊ ရွှေ့ကုန်းဘောင် ခေတ်သုံးရပ်ကုန်၊ အောင်ဘုံများမှူး၊ အောင်ဖူးညွန့်လမ်း၊ နန်းဆောက်ဆောက်၊ မဆောက်ဆောက်၊ တောင်မြောက်ဖီလာ၊ စက္ကဝါကမ်းခပ်၊ လေးရပ်ရှစ်ရပ်နှယ်မသတ်ပြိုဘူး၊ မြို့မြတ်ရွှေဘို လာပြိုဆိုလျှင်ပဲ ပြိုလေသည်ချည်း ရန်မာန်လှည်း ကမ္ဘည်းရာဝင် မြောင်လိမ့်အောင်ရွှေဘိုကဲ့ နိုင်ငံချွဲနေကြ၊ အတုမဲ့မြေ ဥပဒေကဲ့သို့ချောချောင်ငံ သည့်ရကာနံမူ ရည်မဘာန်လျက် မည်သူကထွက်မလဲ ညက်ညက်ကျွမ်းခွဲအောင် ဝါဂွမ်းမီးလောင်ဖြစ်မည်ကို"

ရွှေဘိုကုန်းဘောင် ဆယ့်တစ်ဆက်

| မင်း၏ အမည် | နံတော် | နန်းတက် သက္ကရာဇ် | အိမ်နိမ့်စံ | နန်းစံ | သက်တော် |
|---|---|---|---|---|---|
| ၁။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ | ယောကြာသား | ၁၁၁၄ ခု | ၃၈ နှစ် | ၈ နှစ် | ၄၆ နှစ် |
| ၂။ ပထမ သီဟ တော် နောင်တော်ကြီးမင်း | အင်္ဂါသား | ၁၁၂၂ ခု | ၂၆ နှစ် | ၃ နှစ် | ၂၉ နှစ် |
| ၃။ ဒုတိယ သားတော် ဆင်ဖြူရှင်ခေါ် မြေထူးမင်း | တနင်္ဂနွေသား | ၁၁၂၅ ခု | ၂၈ နှစ် | ၁၃ နှစ် | ၄၁ နှစ် |
| ၄။ မြေးတော် စဉ့်ကူးမင်း | တနင်္လာသား | ၁၁၃၈ ခု | ၂၁ နှစ် | ၅ နှစ် | ၂၆ နှစ် |
| ၅။ မြေးတော်ဘောင်ကားစား မောင်မောင် | ကြာသပတေးသား | ၁၁၄၃ ခု | ၁၉ နှစ် | ၇ နှစ် | ၁၉ နှစ် |
| ၆။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ပဉ္စမသားတော်ဘိုးတော် ဦးဝိုင်း | တနင်္လာသား | ၁၁၄၃ ခု | ၃၇ နှစ် | ၃၈ နှစ် | ၇၅ နှစ် |

| မင်း၏အမည် | နံတော် | နန်းတက်သက္ကရာဇ် | အိမ်နိမ့်စံ | နန်းစံ | သက်တော် |
|---|---|---|---|---|---|
| ၇။ ဘိုတော်ဦးဝိုင်၏မြေး တော်စစ်ကိုင်မင်းတမည် ဘကြီးတော်စစ်ကိုင်မင်း | သောကြာသား | ၁၁၈၁ ခု | ၃၅ နှစ် | ၁၈ နှစ် နန်းလွှဲလေ၏။ | ၆၃ နှစ် |
| ၈။ စစ်ကိုင်းမင်း၏ညီတော် ရွှေဘိုကုန်းဘောင်မင်း | ဗုဒ္ဓဟူးသား | ၁၁၉၉ ခု | ၅၁ နှစ် | ၉ နှစ် | ၆၁ နှစ် |
| ၉။ ရွှေဘိုကုန်းဘောင်မင်း၏သားတော် ပုဂံမင်း | သောကြာသား | ၁၂၀၈ ခု | ၃၆ နှစ် | ၆ နှစ်တွင် နန်းလွှဲလေ၏။ | ၆၈ နှစ် |
| ၁၀။ ရွှေဘိုကုန်းဘောင်မင်း၏ သားတော်မင်းတုန်းမင်း | အင်္ဂါသား | ၁၂၁၄ ခု | ၃၉ နှစ် | ၂၆ နှစ် | ၆၅ နှစ် |
| ၁၁ မင်းတုန်းမင်း၏ သားတော် သီပေါမင်း | စနေသား | ၁၂၄၀ ခု | ၂၀ နှစ် | ၇ နှစ်တွင် ပါတော်မူလေ၏။ | ၅၀ နှစ် |

မက္ကာမြို့တော်တွင် မင်းတုန်းမင်းတရားကြီးက
ဇရပ်တော်ကြီး ဆောက်လုပ် လှူဒါန်းရန် အတွက်
လွှဲအပ်ခြင်းခံရသော အောက်အမည်ပါ ဟာဂျီ သုံးဦးတို့က
ဆောက်လုပ်ပြီးစီးသောအခါ မက္ကာမြို့ ရုံးတော်
တရားဌာနတွင် မင်းတုန်းမင်းတရားကြီး ကိုယ်စား
လှူဒါန်းခဲ့ကြသည့်အမှုကြောင်း
မှတ်ပုံတင်စာချုပ်မှ ကောက်နုတ်ချက်

هذه حجة شرعية محررة فرعية صدرت
من محكمة المكة المكرمة البرهمية بين يدي نائب
مولانا فخر قضاة الاسلام
عن محكمة المكة المكرمة مؤرخه باليوم العشرين من
ذي القعدة الحرام عام ثمانين ومائتين والف ومقيدة
بالسجل المحفوظ بمكة المكرمة بالمحكمة الشرعية
الذي وقفه المرحومون الحاج خليفة احمد
ابن محمد من اهالي والحاج عبد الكريم ابن عبد الرحمن من اهالي
بلدة رانقون والحاج محمد حنيف ابن عبد الرحيم من اهالي
بلدة بمبي بطريق وكالتهم الثابتة الشرعية عن حكام
بلدة برما سابقا السلطان من ذون ابن كون بون ابن
عيشي

## အသက် အာဂုဇ ် စာချုပ်၏ အဓိပ္ပာယ်မှာ

မက္ကာမြို့ရိုးတော်တွင် ကျိစာချုပ်ကို ချုပ်ဆိုရာ၌ (မောင်လာနာ)=အစ္စလမ်တို့၏ ကာဇီ=တရားပိုင်မင်း၏ ရှေ့တော်တွင် ရေးသား ချုပ်ဆို ထုတ်ပြန်ထားခဲ့သော စာချုပ်ဖြစ်ပါသည့် အကြောင်း ရေးထားပါသည်။

မွတ်စလင်သက္ကရာဇ်=ဟစ်ဂျရီသက္ကရာဇ် ၁၂၇၀ ပြည့်နှစ် ဇလ်ကာအဒါလ ၂၀ ရက်နေ့၊ မက္ကာမြို့ရိုးတော် ရှုရာတရား ဌာနတွင် ရေစစ္စတြေ မှတ်ပုံတင်သည့်အကြောင်း ရေးထားပါသည်။

၎င်းဇရပ်တော်ကြီးကို ရန်ကုန်မြို့၊ မိုဟာမ်မက်၏သား ဟာဂျီ ခလီဖှာ အဟမက်-အပ္ပဒူလ်ရဟမန်၏သား ဟာဂျီ အပ္ပဒူလ် ကရီမ် တို့နှင့် ပုသိမ်မြို့နေ အပ္ပဒူလ်ရဟီမ်၏သား ဟာဂျီ မိုဟာမက်ဟာနီဖ်တို့က အိမ်ရှေ့မင်း၏ သားတော် ကုန်းဘောင်မင်း၊ ၎င်းကုန်းဘောင်မင်း၏ သားတော် "မင်းတုန်းမင်း"၏ တရားဝင် ကိုယ်စားလှယ် အဖြစ် ဆောက်လုပ် ဝကဖ်=ပူလှူဒါန်းသည့် အကြောင်း ရေးထားပါသည်။

ဟစ်ဂျရီသက္ကရာဇ် ၁၂၇၀-ပြည့်နှစ်တွင်ဆောက်လုပ်ပြီးစီး လှူဒါန်းခဲ့ကြသဖြင့် ယခု ဟစ်ဂျရီသက္ကရာဇ် ၁၃၇၉ ခုနှစ်နှင့် တွက်ကြည့်သော် ဇရပ်တော်ကြီး ဆောက်လုပ်ပြီးစီး လှူဒါန်းခဲ့ကြသည်မှာ နှစ်ပေါင်း ၉၉ နှစ် ကြာလေပြီ။ မင်းတုန်းမင်း တရားကြီးက ဇရပ်တော်ကြီး ဆောက်လုပ် လှူဒါန်းရန် လွှဲအပ်ခြင်းခံကြရသော ဟာဂျီသုံးဦးတို့၏အမည်မှာ (၁) မိုဟာမက်၏သား ဟာဂျီခလီဖှာအဟမတ်=ခလီဖှာသခင် ဟာဂျီဦးဘိုးမြ

(၂) အပ္ပဒူလ်ကရိမ် ဟာဂျီဦးရွှေပေါ် တို့နှင့်(၃) ပုသိမ်မြို့နေ အပ္ပဒူလ်ရဟမန်၏သား ဟာဂျီ မိုဟာမက်ဟနီဖ်တို့က ဉပရာဇာ အိမ်ရှေ့မင်းတရားကြီး၏ သားတော် ရွှေဘိုကုန်းဘောင်မင်း တရားကြီး ၎င်းရွှေဘိုကုန်းဘောင်မင်းတရားကြီး၏သားတော် "မင်းတုန်းမင်းတရားကြီး" ကိုယ်စား ဆောက်လုပ် လှူဒါန်းခဲ့ ကြလေ၏။ ဇရပ်တော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ကြသည်မှာ နှစ်ပေါင်း ၉၉ နှစ် ကြာလေပြီ။

ထိုအခါကမက္ကာမြို့သို့ခရီးသွားရသည်မှာ ယခုအချိန်အခါ ကဲ့သို့ မလွယ်ကူပါ။ ကိုးလတစ်နှစ်ကြာပါသည်။မက္ကာမြို့တော် ရောက်၍ ဇရပ်တော်ကြီး ဆောက်လုပ် ပြီးစီးသည် အထိမှာ လည်း ကိုးလတစ်နှစ်ကြာပါလိမ့်မည်။ ခရီးသွားနှင့်ဇရပ်တော် ကြီး ဆောက်လုပ်ပြီး တစ်နှစ်ခွဲကျော် နှစ်နှစ်ခန့် ကြာပါလိမ့် မည်။ မန္တလေးအရင်သို့ မပြောင်းရွှေ့မီ အမရပူရမြို့တော်မှ လွှတ်လိုက်သည်နှင့်တူ၏။ ထို့ပြင် တစ်ကြောင်းကား မန္တလေး မြို့ သတ္တဌာနနှင့်တကွ မြို့မတည်မီက လွှတ်ပါလိမ့်မည်။ ထို့ ကြောင့် ခလီဖှာသခင် ဟာဂျီ ဦးဘိုးမြနှင့် ဦးရွှေပေါ် တို့က လွယ်လွယ် ရန်ကုန်မြို့မှဟု ရေစစ္စတြီ စာချုပ်တွင် ချုပ်ဆိုခဲ့ကြ လေ၏။ အိမ်ရှေ့မင်းဆိုသည်မှာ ရွှေဘို အလောင်းမင်းတရား ကြီး ဦးအောင်ဇေယျ၏ 'မြေးတော်' ဘိုးတော်ဦး ဝိုင်း၏သား တော် အကြီးဆုံး ဖြစ်ပါသည်။

## နိဒါန်း

ကျွန်တော်သည် ရာဇဝင် ဝါသနာပါသူ၊ ရာဇဝင် လိုက်စားသူ ရာဇဝင် သုတေသီ ဖြစ်သည့်အတွက်၊ သူငယ်ချင်း မိတ်ဆွေများက ဤ ရွှေမန်း အနှစ်တစ်ရာပြည့် မြန်မာ မွတ်စလင်တို့၏ အတ္ထုပ္ပတ္တိကို ရေးသား၍ စာအုပ်ထုတ်ရန် တိုက်တွန်းကြသဖြင့် ဤကဲ့သို့ ရေးသား၍ စာအုပ်ပုံနှိပ်ထုတ်လိုက်ရခြင်း ဖြစ်ပါသည်။

မြန်မာမွတ်စလင်များသည် လွန်ခဲ့သော— ရှေးနှစ်ပေါင်းများစွာ ပုဂံခေတ်အခါမှစ၍ မင်းတုန်းမင်းတရားကြီးနှင့် သားတော်သီပေါမင်းတရားတိုင် မြန်မာမင်း အဆက်ဆက်တို့ ထံတွင် အဘက်ဘက်မှ အမှုတော် အမျိုးမျိုးကို ရာထူးကြီး ငယ် အဝဝဖြင့် မိမိတို့၏ အသက်ကို သစ်တစ်ရွက် ပန်းတစ်ပွင့် ကဲ့သို့ သဘောထားပြီး ရင်မြောက်တုတ်လုပ်လျက် ထမ်းဆောင်လာခဲ့ကြရာ ရာဇဝင်အစောင်စောင်တို့ကို ကုန်အောင် ရှာဖွေ၍ ကြည့်ပါက သစ္စာဖောက် တော်လှန်ခဲ့ကြသည်ဟူ၍ တွေ့လိမ့်မည် မဟုတ်ပါ။ ထိုသို့ သစ္စာမဖောက် တော်လှန်ခြင်း မပြုခဲ့ကြသည့် အတွက်လည်း မြန်မာ ဘုရင်မင်း အဆက်ဆက် တို့က ယုံကြည်စိတ်ချပြီး ရာထူးကြီးငယ် အဝဝတို့ကို လွှဲပုံပေးအပ်ပြီး ချီးမြှောက်တော်မူခဲ့ကြခြင်း ဖြစ်လေသည်။

သို့လျှင် မြန်မာဘုရင်မင်းမြတ် အဆက်ဆက်က ယုံကြည် လွှဲပုံ၍ ရာထူးကြီးငယ် အ၁၀၀ ပေးအပ်ခြင်း ခံခဲ့ကြရသော ရှေးနှစ်ပေါင်းများစွာ ပုဂံပြည့် ကောင်းစားစဉ် အခါမှစ၍ ရွှေဘိုကုန်းဘောင်မင်း၏ သားတော်အကြီး "ပုဂံမင်း" လက်ထက်တော် အခါတိုင် မြန်မာမှတ်စလင်များထဲမှ (၁) စစ်ဗိုလ်ကြီးများ၊ စစ်ကဲကြီးများ၊ ဗိုလ်များ၊ တပ်မှူးများ၊ စစ်သားများ၊ (၂) အရာရှိကြီးများ၊ မြို့ဝန်ကြီးများ။ မင်းမှုထမ်းများ၊ (၃) စာဆိုတော် ပညာရှိကြီးများနှင့် (၄)အသုံးတော်ခံ ကုန်သည်တော် အဝယ်တော်များ အကြောင်းကို မြန်မာမှတ်စလင် ရာဇဝင်စာအုပ် မကြာမီ ရေးသားဖော်ပြပါဦးမည် ဖြစ်ပါသည် ခင်ဗျား။

ဤစာအုပ်ကို ပြုစုစီရင်ရေးသားသူ
သီရိလင်္ကာ(သီဟိုဠ်နွယ်)ရာဇဝင်သုတေသီ
ရွှေဘိုမောင်ဘဦး
၂၇-၅-၁၉၅၉

# အမှားပြင်ဆင်ချက်

ရွှေ့မန်း နှစ်(၁၀၀)ပြည့် မြန်မာမွတ်စလင်တို့၏ အတ္ထုပ္ပတ္တိ
ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၃ | ဥဒေါင်းတောင် | ဥဒေါင်းဖောင် |
| ၆ | ချက်ပြုတ်ကေးမွေး | ချက်ပြုတ်ကျွေးမွေး |
| ၁၁ | သက္ကရာဇ် ၁ ၁၈ | သက္ကရာဇ် ၁၂၁၈ |
| ၁၂ | ဖြစ်စေသောင် | ဖြစ်စေသော် |
| ၁၄ | ၄၀ | ၁၄ |
| ၁၄ | နှစ်(၁၀၁)ပြည့် | နှစ်(၁၀၀)ပြည့် |
| ၁၆ | မော်ဝံဆရာသီ | မော်လဝီဆရာသီ |
| ၁၇ | ၇ | ၁၇ |
| ၁၇ | ရွှေ့ဘိုမြ | ရွှေဘိုမြို့ |
| ၁၉ | ဟလင်းကြီး | ဟန်လင်းကြီး |
| ၁၉ | ရဇဝင် | ရာဇဝင် |
| ၂၀ | နှစ်(၁၁၀)ပြည့် | နှစ်(၁၀၀)ပြည့် |
| ၂၂ | နှစ်(၁၀၁)ပြည့် | နှစ် ၁၀၀)ပြည့် |
| ၂၇ | အမရှေ့ဖူရမြို့ | အမရပူရမြို့ |
| ၂၈ | ရွှေ့စဝင်တင်တော်မူ၍ | ရွှေ့ဝတ်တင်တော်မူ၍ |
| ၃၀ | နှစ်(၁၀၁)ပြည့် | နှစ်(၁၀၀)ပြည့် |
| ၃၂ | ဗလီပေါင်း၄၆ လုံး | ဗလီပေါင်း ၆၄ လုံး |
| ၃၃ | သက္ကရာဇ် ၀၂၂၁ ခု | သက္ကရာဇ် ၁၂၂၁ ခု |
| ၄၁ | ၄၄ | ၄၁ |
| ၄၃ | အာရ်တီသိပ္ပံကျောင်း | အာရ်ဗီသိပ္ပံကျောင်း |
| ၄၇ | အသက် ၀ ကျော် | အသက် ၂၀ ကျော် |

# အမှားပြင်ဆင်ချက်

## ရွှေမန်း နှစ်(၁၀၀)ပြည့် မြန်မာမှတ်စလင်တို့၏ အတ္ထုပ္ပတ္တိ ပြင်ဆင်ဖတ်ရှုပါရန်

| | | |
|---|---|---|
| ၄၉ | မင်းတရာကြီး | မင်းတရားကြီး |
| ၆၆ | စေကုန်သော်ဝ်။ | စေကုန်သော် |
| ၇၄ | ရာဇဝင်သိုဒေတာသိ | ရာဇဝင်သုတေသီ |
| ၇၈ | နှစ်(၁၀၁)ပြည့် | နှစ်(၁၀၀)ပြည့် |
| ၈၀ | အာဖဂန်နစ္စတန်ပြည် | အာဖဂန်နစ္စတန်နိုင်ငံ |
| ၈၄ | ၂၆၀ ဘီလမ်း | ၂၆ ဘီလမ်း |
| ၁၂၈ | မကာမြို့သို | မက္ကာမြို့သို့ |
| ၁၃၃ | အုံလောက်စရာ ပြည်မကာတွင် | အံ့လောက်စရာ ပြည်မက္ကာတွင် |
| ၁၄၀ | မဏ္ဍိမပြည်မကာမြတ် | မဏ္ဍိမပြည်မက္ကာမြတ် |
| ၁၄၀ | သက္ကရာဇ် ၁ ၄၄ ခုနှစ်တွင် | သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် |
| ၁၅၁ | သက္ကရာဇ် ၁၂ ၀ ခုနှစ်တွင် | သက္ကရာဇ် ၁၂၂၀ ခုနှစ်တွင် |
| ၁၆၃ | သက္ကရာဇ် ၁ ၀၁ ခု | သက္ကရာဇ် ၁၂၀၁ ခု |
| ၁၆၈ | သက္ကရာဇ် ၁ ၃၅ ခု | သက္ကရာဇ် ၁၂၃၅ ခု |
| ၁၆၉ | အလျှဉ်းမရှိစေရအောင် ၆ ဘီလမ်း | အလျှဉ်းမရှိစေရအောင် ၂၆ ဘီလမ်း |
| ၁၇၄ | တတိယအုပ်စာမျက်နှာ ၅၁၈ မှ ၅ ၂ ထိ ရှုပါ၊ | တတိယအုပ်စာမျက်နှာ ၅၁၈ မှ ၅၂၂ ထိ ရှုပါ။ |